
www.burmeseclassic.com



# သင်မြတ်နိုး

## ကြားလေသွေးရင်တောင်ဝေးမှာကြောက်တယ်

ပန်း နို သိန်း ရေကြည်
2011

www.burmeseclassic.com

www.burmeseclassic.com

သင်မြတ်နိုး

# ကြားလေသွေးရင်တောင်
# ဝေးမှာကြောက်တယ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း(၁)

မေမေဆုံးပါးသွားတာနှင့် သမီးဖေဖေဆီမှာ သွားနေပါဟု မေမေရဲ့ ရောဂါဝေဒနာတွေ သည်းသည်းထန်ထန် ခံစားနေရသော အချိန်လေးမှာပင် မေမေ စိတ်ချလက်ချ လူ့လောကကြီးထဲကနေ ထွက်သွားရန် သီတဂူ ခေါင်းညိတ် ကတိပေးခဲ့ရသည်။

"အိမ်ငှားထားတာလည်း လကစေ့မပြီလေ၊ သမီး သီတဂူ တစ်ယောက်ထဲလည်း နေလို့မှ မတင့်တယ်တာပဲ မေမေ စိတ်အေးချင်တယ်။ သမီးဖေဖေရဲ့ အရိပ်မှာပဲ သွားနိုပါ"

"စိတ်ချပါ မေမေရယ် သမီးအတွက် ဘာမှ စိတ်မပူပါနဲ့၊ သမီး ဖေဖေ့ဆီသွားနေမှာပါ။ ပြီးတော့ သီတဂူက ဘယ်လို လူမျိုးနဲ့မဆို

www.burmeseclassic.com

www.burmeseclassic.com



သင့်မြတ်အောင် နေတတ်ပါတယ်"

"ဖေဖေ့ဆီသွားနေ သည်းခံပြီးနေ၊ သမီးဘဝအတွက် ကိုယ်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်တဲ့အထိပဲ သမီးသီတဂ္ဂ သည်းခံနေပါ။ သမီးသီတဂ္ဂကို မေမေ ယုံကြည်တယ်၊ ပညာဆက်သင်ဖို့လေ။ ဖေဖေ့ဆီက အမွေတွေထက် ပညာပြည့်စုံဖို့ပဲ အဓိကထားပါကွယ်"

ဖေဖေနှင့်မေမေ ချစ်သူတွေအဖြစ်ရောက်ခဲ့ကြတုန်းက ဖေဖေက ချမ်းသာကြွယ်ဝလွန်းတဲ့ သူဌေးကြီးဇနီးမောင်နှံရဲ့ တစ်ဦးတည်းသောသား။ မေမေက ဒရိုင်ဘာကြီးရဲ့ သမီးလေးပါ။ တစ်ယောက်ကို တစ်ယောက် အရမ်းချစ်ခဲ့ကြပြီး ခိုးရာလိုက်ပြေးတဲ့အထိ မခွာနိုင်မခွာရက်ဖြစ်ကာ တစ်နှစ်လောက်နေထိုင်ပြီး သမီးလေး သီတဂ္ဂကိုမွေးပြီး တစ်လသမီးအရွယ်လေးမှာပဲ မေမေရဲ့ဖေဖေ ဒရိုင်ဘာကြီးဘိုးဘိုးကိုယ်တိုင်က အရှင်သခင်ရဲ့သားလေး ဆင်းရဲဒုက္ခရောက်နေတာ မကြည့်ရက်လို့ သူဌေးကြီးလင်မယားဆီ ဖေဖေ့အား အတင်းအကြပ်ပြန်ပို့ခဲ့သည်ဟု မေမေက ပြောပြခဲ့သည်။

"မေမေ့အဖေကိုက ဖေဖေနဲ့မေမေတို့ အတူပေါင်းသင်းနေနိုင်တာကိုက အရှင်သခင်တွေအပေါ် သစ္စာဖောက်တယ်လို့ ထင်ထားတာလေ။ အဲ့ဒီတော့ မေမေ့မှာ ချက်ချင်းကိုယ်ဝန်ရှိလာလို့ ကလေးမွေးတဲ့



အထိစောင့်ပြီး သူ့ အရှင်သခင်တွေဆီ ပြန်ပို့ခဲ့တယ်"

ဘိုးဘိုးက ငါနဲ့ငါ့အလုပ်ရှင် သူဌေးတွေနဲ့ ဘယ်လိုလုပ်ပြီး ခမည်းခမက်တော်ရမှာလဲတဲ့ အရမ်းကို သစ္စာမဲ့ရာရောက်လွန်းတယ်တဲ့။ အလုပ်ရှင်တွေ ခဆိုရင် ဘယ်လောက်အထိ စိတ်သောကတွေရောက်နေရပြီလဲတဲ့။ မေမေ့ကို အလွန်အမင်း စိတ်ဆိုးဒေါသထွက်ခဲ့သောဘိုးဘိုးက သမီးလေးသီတဂ္ဂကိုမွေးပြီး တစ်လအတွင်းမှာပဲ သမီးဖေဖေ့ကို အရှင်သခင်တွေလက်ထဲ ပြန်အပ်ခဲ့တာတဲ့။ အဲ့ဒီထဲက သမီးဖေဖေနဲ့ ခွဲသွားခဲ့တာ မကြာခင်ကမှ မြန်မာပြည်မှာ စီးပွားရေးလုပ်ငန်းတွေနဲ့ အောင်မြင်တဲ့လုပ်ငန်းရှင်ကြီးဖြစ်နေတာ သိလိုက်ရတယ်တဲ့။ မေမေဆုံးသွားတဲ့အချိန်တွင် ဖေဖေ့ဆီမသွားချင်ပေမယ့် မေမေ့ကို ကတိပေးထားတဲ့အပြင် သမီးသီတဂ္ဂတစ်ယောက်ထဲလည်း ရပ်တည်နေထိုင်ဖို့ အဆင်မပြေသဖြင့် ဖေဖေ့ဆီပဲ သွားနေဖို့ ဆုံးဖြတ်လိုက်သည်။

"သမီးဖေဖေက မေမေ့ကိုလည်း အရမ်းချစ်တယ်၊ သမီးကိုလည်း အရမ်းချစ်တယ်။ သမီးလေးကို မွေးတုန်းက လက်ပေါ်ကတောင် မချခဲ့ဘူး။ မေမေကတောင် အဖြစ်သည်းလွန်းလို့ အမြင်ကတ်ရတယ်"

အခုရော ဖေဖေက သီတဂ္ဂကို ချစ်နေပါဦးမလားဟင်။ သမီးကိုသည်းသည်းလှုပ်ချစ်သော ဖခင်တစ်ယောက်က သမီးလေးရှိနေတာသိ

www.burmeseclassic.com

www.burmeseclassic.com



လျှက်နှင့် နစ်ပေါင်းများစွာ အဆက်အသွယ်မလုပ်ခဲ့တာ မေမေပြောခဲ့သလို ဖေဖေက သမီးကို ချစ်တယ်ဆိုတာ သီတဂူကတော့ လက်မခံနိုင်လောက်အောင် ဖြစ်နေသည်။

"သမီးရော ဖေဖေ့ကို တွေ့ချင်တယ် မဟုတ်လား။ တွေ့သင့်တယ်လေ။ ချောမောခန့်ညားတဲ့ ယောကျာ်းတစ်ယောက်ပဲ သမီးရယ်"

မေမေလည်း ချောမောလှပလွန်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲ။ သီတဂူ ဖေဖေ့ကိုတော့ တွေ့ချင်သည်။ သီတဂူ့ဖေဖေ ဘယ်လိုပုံစံမျိုးလည်းဆိုတာပေါ့။ ပြီးတော့လည်း သိချင်နေတာက ဖေဖေအနေနှင့် သူမကို ဘယ်လောက်အထိ ချစ်မြတ်နိုးခဲ့လဲဆိုတာပဲ။ မေမေ့ပြောသွားတာကို သီတဂူ လက်မခံချင်ပေ။ သီတဂူ့ကို ဖေဖေ နှစ်ပေါင်းများစွာ မဆက်သွယ်ခဲ့တာရယ်၊ ဒီလောက် ချမ်းသာကြွယ်ဝပြီး နာမည်ကြီး လုပ်ငန်းရှင်ကြီးက ဆင်းရဲနွမ်းပါးပြီး ပညာဆက်သင်ဖို့တောင် အခက်အခဲတွေ့နေရှာတဲ့သမီးကို မဆက်သွယ်ဘဲ တာဝန်မဲ့စွာ စွန့်ပစ်ထားတာရယ်၊ အပြစ်မဲ့စွာ စွန့်ပစ်ထားခဲ့တဲ့ ဇနီးတစ်ယောက်ကို ရက်ရက်စက်စက် ဥပက္ခာပြုနေတာရယ်က ဖေဖေ့အချစ်တွေကို သီတဂူ သံသယဝင်နေသည်။

"သီတဂူ သမီးတစ်ယောက်ထဲ လုံးဝနေလို့မရဘူးနော်၊



ဖေဖေ့ကို သွားတွေ့ပါ။ သမီးဘဝ အနာဂတ်အတွက်က ဖေဖေ့ရင်ခွင်ကို ခိုလှုံပါကွယ်"

သီတဂူ သွားတွေ့ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ ဖေဖေအလုပ်လုပ်နေတဲ့ ကုမ္ပဏီကြီးတည်ရှိရာနေရာရော၊ ဖေဖေ နေထိုင်တဲ့ ဗိုးစိန်လမ်းက ခြံကျယ်ကြီး တည်ရှိရာကိုရော သိထား၏။ မေမေက ဖေဖေ ဘယ်မှာရှိနေတယ်ဆိုတာကို သိပေမယ့် သူမကို ဖွင့်ပြောဘာဘာမပြခဲ့။ မေမေ ရောဂါဝေဒနာတွေခံစားပြီး လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မည့် နောက်ဆုံးအချိန်လေးရောက်မှ ဖွင့်ဟပြောဆိုသွားခဲ့သည်။ မေမေ့ရဲ့ တစ်လပြည့်ဆွမ်းကျွေးအလှူပြီးတော့ ဖေဖေနှင့် သွားတွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

"ဘာဖြစ်လဲ သီတဂူ့ကို လက်မခံလည်း ပြန်လှည့်သွားရုံပဲပေါ့ သီတဂူ့ဘဝကို သီတဂူ စောင့်ရှောက်နိုင်ပါတယ်။ သီတဂူက သတ္တိရှိတယ်"

သီတဂူ ကိုယ့်ကိုကိုယ်အားပေးရင်း စီးပွားရေးလုပ်ငန်းရှင်ကြီး ဖေဖေဦးငွေရှံရဲ့ ခြံကျယ်ကြီးရှေ့ကို ရောက်သွားသည်။ အပြင်မှ လှမ်းကြည့်တာလေးနှင့်ပင် တအံ့တသြဖြစ်ရလောက်အောင် လှပခန့်ညားတဲ့ တိုက်ဖြူဖြူကို သူမ တွေ့ရသည်။ အနက်ရောင်နှင့်ရွှေရောင်ရော

www.burmeseclassic.com

www.burmeseclassic.com



ယုက်ထားတဲ့ ခြံတံခါးမြင့်မြင့်ကြီးက ခြံထဲကို အပြင်မှမမြင်တွေ့နိုင်အောင် ကာရံထား၏။ သူမ ဝင်ပြီးတွေ့ရင်ကောင်းမလား။ မတွေ့ဘဲ ပြန်ထွက်သွားရင် ကောင်းမလားဟု တွေးရင် ဖေဖေက သူမအား သမီးအဖြစ် လက်ခံမှာ မဟုတ်ဘူးဆိုတဲ့ အတွေးတွေပဲ သီတဂူစိတ်တွေကို သိမ်ငယ်အားလျော့သွားစေသည်။ ဘာဖြစ်လဲ သီတဂူ တွေ့မယ်၊ ဖေဖေ့ကိုတော့ တွေ့သွားချင်နေ၏။ လက်မခံလည်း ပြန်သွားရုံပဲပေါ့၊ ဘာဖြစ်လဲ သီတဂူ တွေ့သင့်တယ်။ ကိုယ့်ဖေဖေရဲ့ မျက်နှာကိုတော့ သီတဂူ တွေ့သင့်ပါတယ်။ အရင်ကတော့ ဖေဖေ သေဆုံးသွားပြီ ထင်နေတဲ့သူမ ဖေဖေ့ကို တမ်းတမ်းတတ လွမ်းလွမ်းဆွတ်ဆွတ် တွေ့ချင်နေသည်။ အခု ဖေဖေ လူလောကကြီးထဲမှာ အသက်ထင်ရှားရှိနေတာ သိလိုက်ရတော့ ဖေဖေက တာဝန်မဲ့ပြီး သူမကို စွန့်ပစ်ထားရက်လို့တွေးမိပြီး နာနာကျည်းကျည်းလေး ခံစားရကာ ဖေဖေနဲ့မတွေ့တော့ပါဘူးလေဟု ဆုံးဖြတ်ထားခဲ့ပေမယ့် ဖေဖေ့မျက်နှာ၊ ဖေဖေ့ ဟန်ပန်အမူအရာတွေကို တွေ့မြင်ချင်သေးသည်။ သီတဂူက အမွေတွေဘာတွေ မက်မောတာမဟုတ်။ မာနကြီးကြီး မာမာကျောကျော ကောင်မလေးတစ်ယောက် ဖေဖေ့ကိုတွေ့ပြီး ပြန်မယ်။ မေမေမှာထားခဲ့သလို ဖေဖေ့အရိပ်မှာ ခိုလှုံချင်မှခိုလှုံမှာပါ။ သီတဂူ ခြံဝတွင်ရပ်ပြီး လူခေါ်ဘဲလ်ကို နှိပ်ပစ်လိုက်သည်။ ခဏကြာ



တော့ ခြံတံခါးအပေါက်သေးသေးလေးပွင့်လာပြီး လူကြီးတစ်ယောက် ထွက်လာသည်။

"မင်း ဘယ်သူလဲ . . . ဘယ်သူ့နဲ့ တွေ့ချင်လို့လဲ"

"ကျွန်မနာမည် သီတဂူပါ။ ဒီက သူဌေးကြီးဦးငွေရဲ့နဲ့ တွေ့ချင်လို့ပါ"

"သူဌေးကြီးကို တွေ့ချင်လို့ ဟုတ်လား"

"ဟုတ်ကဲ့"

"မင်းနဲ့ ဘာတော်လဲ၊ ဘာကိစ္စလဲ ဒီမှာ အလုပ်သမားလည်း မလိုပါဘူး။ မင်း . . . မင်း သူဌေးကြီးကို ပြဿနာရှာဖို့ရောက်လာတာလား။ နေ . . . နေဦး ငါ အကြောင်းကြားပေးမယ်။ မင်း နာမည်ဘယ်သူ"

"သီတဂူပါ"

"ကောင်းပြီလေ ဒီမှာပဲ ရပ်နေပါ။ သူဌေးကတော်ကြီး ဒေါ်ချစ်ချစ်သဲကို အကြောင်းကြားပေးပါ့မယ်"

"ဦးငွေရဲ့ကိုပဲ အကြောင်းကြားပေးပါ။ ကျွန်မ ပြဿနာရှာဖို့ လာတာမဟုတ်ပါဘူး။ သူဌေးကြီးနဲ့ ဆွေမျိုးနီးစပ်တော်ပါတယ်"

ခြံစောင့်ကြီးဟုထင်ရသော လူကြီးတစ်ယောက်အကြည့်တွေက သူဌေးကြီးအား ပြဿနာလာရှာပြီး ငွေညှစ်မည့်မိန်းကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟု ထင်နေပုံပင်။ မဟုတ်တဲ့အကြောင်း သီတဂူ သေသေချာချာ ရှင်းပြရသည်။ တော်တော်ကြီးကျယ်နေလိုက်တာ၊ သူ့ဌေးကြီးကိုတွေ့ရဖို့ အစောင့်တွေက စေ့စေ့စပ်စပ် စစ်ဆေးနေ၏။ သူမတော်တော်လေးကြာအောင် စောင့်နေပြီးကာမှ ခြံစောင့်ကြီး ပြန်ထွက်လာပြီး ဝင်ခွင့်ပြုသည်။

“ဝင်ပါ မမလေး။ စောစောထဲက မမလေး ဘယ်သူလည်းဆိုတာ ပွင့်ပွင့်လင်းလင်းလေးပြောရောပေါ့။ အခုတော့ မလေးမစားဆက်ဆံမိပြီ”

“ရပါတယ် ကိစ္စမရှိပါဘူး။ ဟိုလေ ဖေဖေက သီတဂူ့ကိုတွေ့မယ်တဲ့လား”

“ဟုတ်ကဲ့”

စောစောက အထင်လွဲပြီး မျက်နှာထားတင်းတင်းနှင့် မယုံသင်္ကာကြည့်နေသော ခြံစောင့်ကြီးရဲ့မျက်လုံးတွေက ရိုသေလေးစားတဲ့ အရိပ်အငွေ့တွေလွှမ်းကာ ဟုတ်ကဲ့ ဟုတ်ကဲ့ဖြစ်နေသည်။ ဖေဖေက သူမကို လက်ခံတာပဲ၊ သီတဂူ ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ခြံကြီးထဲဝင်တော့ အမလေး တော်တော်ချမ်းသာတာပဲ တွေးမိပြီး မက်မောလိုချင်တောင်းတမှုတွေတော့ မရှိပေ။ ဖေဖေ့မှာ မိသားစုရှိနေတာကိုလည်း သူမ သိထားသည်။ သူမ တိုက်ကြီးထဲ ဝင်လာခဲ့တော့ အဝမှာပင်



စိန့်တွေပြွတ်သိပ်သည်းထနေအောင် ဝတ်ဆင်ထားသော ဖြူဖြူချောချော မိန်းမကြီးက ဆီးကြိုနေ၏။ မလွှဲမရှောင်သာလို့ ဆီးကြိုရပုံနှင့် မျက်ဝန်းတွေက တင်းနေသည်။

“မင်း…သီတဂူလား”

“ဟုတ်ကဲ့”

“ငါက ဦးငွေရုံရဲ့ဇနီး ချစ်ချစ်သဲပဲ”

“ရှင်”

“မင်း အမေ သေသွားပြီလား”

ဘုရားရေ ဒေါ်ချစ်ချစ်သဲဆိုတဲ့မိန်းမကြီးက မယဉ်ကျေးလိုက်တာ၊ မေမေ့ကို သေသွားပြီလားတဲ့။ ဘယ်လိုကြီးလဲ မိတွေးပီပီဆိုတဲ့ အတွေးက သီတဂူ့အတွေးတွေထဲ ခုန်ပေါက်ဝင်ရောက်လာသည်။ သီတဂူ့ကို အမွေလုဖို့ရောက်လာတဲ့ သူလို့များထင်ပြီး မိတွေးပီပီ လင်ပါသမီးကို အမြင်မကြည်မလင် ဖြစ်နေတာလားပဲ။ သီတဂူက ဖေဖေ့ကိုပဲ တွေ့ချင်တာ၊ ဖေဖေ ဘယ်လောက်ပဲချမ်းသာပါစေ သူမက ကိုယ့်အစွမ်းအစနဲ့ရတဲ့ ပိုက်ဆံကိုပဲ တန်ဖိုးထားမိတာပါ။ သူမရှာနေမိတာက ဖေဖေပဲ၊ ဘာဖြစ်လို့ တယုတယနဲ့ နွေးနွေးထွေးထွေးထွက်ပြီး မကြိုရတာလဲဟင်။ သူမတွေ့ချင်နေတဲ့ ဖေဖေ့ကို အရိပ်အယောင်မျှပင်

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရ။ ဒေါ်ချစ်ချစ်သဲရဲ့ မျက်နှာတင်းတင်းကြီးနှင့် စကားလုံး စိမ်းစိမ်း တောက်တောက်တွေကြောင့် သူမပြန်ပြီး ထွက်သွားချင်လာသည်။

"လိုက်ခဲ့"

"ဟုတ်ကဲ့"

"ညည်းအမေသေတာနဲ့ ညည်း လာဆက်သွယ်မယ်လို့ ထင်မိသားပဲ၊ ထင်ထားတဲ့အတိုင်းပဲလေ။ ညည်းအမေက သွားခိုင်းလိုက်တာလား"

သီတဂူစိတ်တွေက မာနနှင့်ကိုယ်ကျင့်တရားကို ထိပါးလာရင် နည်းနည်းလေးမှ သည်းခံခွင့်လွှတ်တတ်သူတော့မဟုတ်။ ဒေါသကြောင့် မျက်ဝန်းလေးတွေက မာထန်စိမ်းတောက်သွားကာ ဒေါ်ချစ်ချစ်သဲကို ကြည့်ပစ်လိုက်သည်။

"ရှင်"

"ဒီကိုဆက်သွယ်ဖို့ နင့်အမေက လွှတ်လိုက်တာလားလို့ ငါ မေးနေတယ်လေ"

"ဟုတ်တယ်"

"ထင်သားပဲ"

"မေမေ မရှိတော့ရင်တော့ အရာရာမပြည့်စုံတဲ့ သမီးက



ဘယ်သူပြောပြော မပြောပြော ကိုယ့်အဖေအရိပ်ပဲ လာခိုလှုံရမယ်လေ"

သူမစိတ်တွေကို ထိန်းချုပ်ထားသည့်ကြားမှ ခပ်ဆတ်ဆတ် ပြန်ဖြေလိုက်တော့ ဒေါ်ချစ်ချစ်သဲကရှေ့မှ ခပ်ဆောင့်ဆောင့်လေး ထွက်သွားကာ အခန်းတစ်ခုထဲဝင်သွားသည်။ သူမလည်း နောက်မှ လိုက်ဝင်သွား၏။ ဝင်လိုက်ထဲက လေအေးပေးစက် အငွေ့အသက်တွေ ရိုက်ခတ်ကာ အေးစိမ့်သွားပြီး အခန်းကြီးကလည်း အဖိုးတန်ပစ္စည်းတွေ နောက်ဆုံးပေါ် အသုံးအဆောင်တွေနှင့် ပြင်ဆင်ထားသော ခမ်းနား လွန်းသည့် အိပ်ခန်းကြီးဖြစ်နေသည်။

"ဟင်"

သီတဂူ မထင်မှတ်နိုင်စွာ ဝိုးချဲလ်ပေါ်မှာထိုင်နေတဲ့ မေမေပြောထားတဲ့ ဒါသမီးဖေဖေပဲဟု ဓာတ်ပုံထဲက ဖေဖေဖြစ်နေသဖြင့် သူမ မှင်သက်မိစွာ ကြောင်ငေးကြည့်မိသွားသည်။

"သမီးသီတဂူလား . . .အမလေး ဖေဖေ့သမီးက ဒီအရွယ်တောင်ရှိနေပြီလား။ ဖေဖေ့အနားကိုလာပါဦးကွယ် သီတဂူရယ်"

ဖေဖေက သူ့ဇနီးအား မင်းထွက်သွားလို့ရပြီဟုပြောကာ သူမအား တယုတယ ကြင်ကြင်နာနာပြောဆိုသည်။

"ဖေဖေ ဖေဖေ ဟုတ်ပါတယ်နော်၊ ဖေဖေ ဦးငွေရှိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သမီးလေးရယ်၊ ဖေဖေဦးငွေရဲ့ သမီးတို့သားအမိ အပေါ် တာဝန်မကျေခဲ့တဲ့ ဖေဖေလေ"

"အို"

သူမက ပြူးကြောင်ငေးမောစွာ ရပ်ကြည့်နေလို့ ဖေဖေက ရယ်မောရင်း ဝှီးချဲလ်ကိုလှိမ့်ကာ သူမအနားရောက်လာပြီး သူမ လက်လေးအား ဆုတ်ကိုင်ဖျစ်ညှစ် ချစ်ခင်ယုယစွာ ဆီးကြိုသည်။

"သမီး သီတဂူ"

"ရှင်"

"မေမေက လွှတ်လိုက်တာလား"

"ဟုတ်ပါတယ် ဖေဖေ၊ သမီးတစ်ယောက်ထဲနေလို့ မသင့်တော်ဘူးတဲ့။ သမီးဖေဖေအရိပ်မှာ ခိုလှုံပါတဲ့။ ဖေဖေ အခုလို အသက်ထင်ရှားရှိနေတာတောင် သီတဂူသိရတာ မေမေ မကွယ်လွန်ခင်လေးကမှပါ"

"သမီးမေမေက မာနရှိတယ်၊ သူ့ဘာဖြစ်လို့ ဖေဖေ့နာမည်ဂုဏ်သတင်းတွေ ဖေဖေ ဘယ်မှာနေတယ်ဆိုတာ သိသိကြီးနဲ့ မပြောပြတာ ဖေဖေ့ကို မုန်းတီးနေလို့လေ"

"မဖြစ်နိုင်တာဘဲ"

"ဖေဖေ သိပါတယ် ဘယ်လိုမှ မလွှဲသာမရှောင်သာလို့



သမီးလေးရှေ့ရေးအတွက် ဖွင့်ပြောပြတာနေမှာပဲ"

ဦးငွေရဲ့အကြည့်တွေက နှောင်တတွေနှင့်အတူ မသေခင် သမီးကို တွေ့ဆုံလိုက်ရ၍ ပျော်ရွှင်ကျေနပ်ပီတိတွေ အပြည့်ဖုံးလွှမ်းနေသည်။ ပျော်သွားရ၏။ တကယ်ဆို မိမိလည်း သမီးလေးကို တွေ့ချင်နေတာပါ။ အရင်က အခြေအနေအရပ်ရပ်ကြောင့် သမီးလေးနှင့်ဇနီးအားစွန့်လွှတ်ထားခဲ့ရပေမယ့် မိမိ သမီးကိုရှာနေတာ ကြာပါပြီ။ သမီးမေမေမြက မာနကြီးပြီး ရှောင့်ပုန်းနေ၍ဖြစ်သည်။

"သမီး ယုံမလားဘဲ ဖေဖေ ရှာဖွေခဲ့ပါတယ်၊ သမီးနဲ့ဇနီးကို အချိန်ယူပြီး ရှာဖွေနေခဲ့ပေမယ့် သမီးမေမေက ပုန်းရှောင်နေလို့ မတွေ့ခဲ့ရဘူးလေ။ အမှန်ပါ ဖေဖေ့ရဲ့ တစ်ဦးတည်းသောသမီးလေး သီတဂူကို တွေ့ချင်နေတာပါ"

"ဖေဖေ…ဟိုလေ အခု"

"ဖေဖေ လွန်ခဲ့တဲ့သုံးလလောက်ကမှ လေဖြတ်သွားတယ်လေ၊ ဆေးခန်းမှာတစ်လတက်ရတယ်။ ဦးနှောက်ထဲ သွေးခဲသွားတာတဲ့။ ဆေးတော်တော်လေးကုလိုက်ရတယ်။ အခုတော့ ဒုက္ခိတဘဝနဲ့ ဝှီးချဲလ်ပေါ်ထိုင်နေရပြီလေ"

"ဖေဖေရယ်"

www.burmeseclassic.com

www.burmeseclassic.com



"တဖြည်းဖြည်းတော့ လမ်းလျှောက်လာနိုင်တယ်လို့ ပြောတယ် သမီး။ ဘာပဲဖြစ်ဖြစ် ဖေဖေ့ကို လာတွေ့တာ အရမ်းဝမ်းသာတယ်။ ဖေဖေ အရမ်းတွေ့ပချင်နေတာပါ"

ဖေဖေက သူမတို့သားအမိကို ရှာဖွေနေတယ်ဆိုတော့လည်း ဖေဖေ့မေတ္တာစေတနာတွေကို သူမ နားလည်လာရသည်။ ဖေဖေ့ဇနီးကတော့ သူမအား လက်ခံလိုတဲ့ဆန္ဒမရှိပုံပင် အလိုမကျတဲ့ မျက်ဝန်းအရိပ်တွေနှင့် ဟန်ဆောင်အပြုံးပင် အားနာပါးနာရှိမနေဘဲ တည်တည်ပင် ဆီးကြိုခဲ့၏။ ဖေဖေက သူ့မိသားစုအကြောင်းတွေကို ပြောပြသည်။

"ဖေဖေ့ကို လူကြီးမိဘတွေ လက်ထပ်ပေးစားတဲ့ဇနီး ချစ်ချစ်သဲနဲ့ ပါလာတဲ့ သားတစ်ယောက် သမီးတစ်ယောက်ရှိတယ်"

"ရှင်"

"ဘာဖြစ်လို့လဲ သမီး"

"ဖေဖေ့မိဘတွေက၊ မေမေနဲ့တော့ သဘောမတူဘဲ ကလေးနှစ်ယောက်အမေနဲ့မှ သဘောတူတာလား"

"သမီးမေမေက ဒရိုင်ဘာရဲ့သမီးလေ၊ ချစ်ချစ်က သူဌေးသမီး ယောကျ်ားဆုံးသွားတော့ ကလေးငယ်ငယ်လေးတွေနဲ့ ကျန်ခဲ့တာပါ။ ချစ်ချစ်က ဖေဖေ့ထက် အသက်ကြီးတယ်လေ"



မေမေ့ကို သတိရလာသည်။ အဘိုးကိုယ်တိုင်က ဖေဖေ့ကို ဆင်းရဲဒုက္ခမခံစေချင်ပေ။ သူဌေးသား မဟုတ်လား။ သစ္စာရှိသော အဘိုးက မေမေ့ကိုပဲ ဒုက္ခခံစေခဲ့သည်။ ဖေဖေသည် မေမေပြောပြသလို သီတဂူနှင့်တူလွန်းပြီး နုဖတ်ခန့်ညားချောမော၏။ သူမလည်း ဖေဖေ့ကို ပြုစုပေးဖို့ အချိန်မီလေး တွေ့ဆုံလိုက်ရ၍ ဝမ်းသာပျော်ရွှင်နေသည်။

"ချစ်ချစ်ကပါလာတဲ့ သားနဲ့သမီးကို ဖေဖေက ကိုယ့်ရင်သွေးတွေလိုပဲ သဘောထားပြီး ကျွေးမွေးစောင့်ရှောက်ထားခဲ့တာပါ။ သမီးလည်း သင့်မြတ်အောင်နေပြီး သမီးရေ့ရေးအတွက် ဖေဖေစီစဉ်ထားတာတွေ ရှိပါတယ်။ ဖေဖေ မကြာခင် စီစဉ်ပေးမယ်ကွယ်"

"သီတဂူ ဖေဖေ့ဆီက အမွေပစ္စည်းတွေ ဘာတစ်ခုမှ မလိုချင်ပါဘူးနော်။ တွေ့ချင်ရုံလေးပါ။ မျက်နှာကို မြင်ချင်ရုံလေးပါပဲ ဖေဖေရယ်။ အခုတော့ ဖေဖေ့ကိုပြုစုခွင့်ရပြီမို့ အရမ်းကျေနပ်မိပါတယ်"

"ဒီစကားကြားရတာ ဖေဖေ အရမ်းစိတ်ချမ်းသာတယ်ကွယ်၊ ဘာပဲဖြစ်ဖြစ် သမီးရသင့်ရထိုက်တာတော့ ရစေမှာပါ"

သမီးပုံစံလေးက နွမ်းဖတ်ဖတ်လေးဖြစ်နေပေမယ့် မာနမျက်ဝန်းလေးတွေနှင့် ထူးချွန်ထက်မြက်မည့် သမီးလေးဖြစ်နေ၍ ဦးငွေရဲ စိတ်အေးရသည်။ သမီးက မိမိအမွေကို ရသင့်တာပဲ။ သမီးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းပြီး မိမိမှာသီးသန့်စီစဉ်ထားတာတွေရှိသည်။ ဒရိုင်ဘာသမီးက မွေးလာတဲ့သမီးက အလွန်ချောမောလှပသူလေးဖြစ်နေတာ မိမိနှင့်တူလွန်းပြီး သန့်သန့်စင်စင်လေးဖြစ်နေတာကိုပဲ အဖိုးတန်သမီးလေး ဖြစ်နေသည်။ ချစ်ချစ်ကတော့ သမီးအပေါ်လိုလိုလားလားဆီးကြိုမှာ မဟုတ်ပေ။ ဒရိုင်ဘာသမီးကမွေးတဲ့ သွေးဆိုပြီး ခပ်နိမ့်နိမ့်ဆက်ဆံမှာကို မိမိ စိတ်ပူနေရ၏။ မိမိဒုက္ခတဖြစ်နေတာက ခက်တယ်၊ မိမိဆီလာရောက် ဆက်သွယ်လိမ့်မည်ဟု မထင်မှတ်ထားခဲ့သော သမီးလေးသီတဂူကို မိမိ ဘယ်လောက်များ တွေ့ချင်တဲ့ဆန္ဒတွေ ပြင်းပြနေခဲ့လည်း မိမိရင်ထဲမှာ ဝမ်းသာပျော်ရွှင်မှုက အတိုင်းအဆမရှိတော့ပေ။ သမီးကို နွေးထွေးစွာဆီးကြိုဖို့ ဇနီးဖြစ်သူ ချစ်ချစ်သဲအား အလေးအနက် တောင်းဆိုခဲ့သည်။

"သမီးလေးအတွက် အခန်းမပြင်ဆင်ရသေးဘူးကွယ်။ ရုတ်တရက်ကြီးဆိုတော့ ဘာမှ အဆင်သင့်မရှိဘူး။ ဖေဖေတော့ ချစ်ချစ်ကို စီစဉ်ခိုင်းထားတယ်"

"သမီးအတွက် ဘာမှအပန်းမကြီးပါနဲ့ ဖေဖေ၊ အခုလို ဖေဖေ့ဆီက နွေးထွေးတဲ့ ဆီးကြိုမှုတွေ ဖခင်မေတ္တာတွေရတာပဲ သီတဂူ ပျော်ရွှင်ကျေနပ်ပါပြီနော်"



"သမီးလေးရယ်"

ဖေဖေက လာပါဦး သမီးလေးရယ် ဖေဖေ ဖက်ထားပါရစေဟု ပြောသဖြင့် ဖေဖေ့ကို သီတဂူ ဖက်ထားမိချိန်တွင်ပဲ မိထွေးဖြစ်သူ ဒေါ်ချစ်ချစ်သဲက ဝင်ရောက်လာလေသည်။

× × × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

"သီတဂူ"

"ရှင်"

"ညည်းလေးက ဘယ်လိုပဲဖြစ်ဖြစ် ကိုကို့သမီးဖြစ်နေပါစေအေ ကိုယ့်အဆင့်ကိုတော့ကိုယ် သိပါတယ်နော်"

"ရှင်"

"ရှင်းအောင်ပြောပြထားတာပါ၊ အခုကိုကိုက ဒုက္ခိတ တစ်ယောက်ဖြစ်နေလို့ အန်တီချစ်က ညည်းလေးကို လက်ခံလိုက်တာပဲ"

ဒေါ်ချစ်ချစ်သဲက သီတဂူကို ဖေဖေ့နားကနေ လှပနူးညံ့ ... စကားလုံးတွေနှင့်ခေါ်ထုတ်လာပြီး နေရမယ့်အခန်းထဲရောက်မှ ...ကနှာ

www.burmeseclassic.com

www.burmeseclassic.com



ထားကအစ ရုတ်ခြည်းပြောင်းသွားကာ ရင်ထဲကပြောချင်နေတဲ့စကားတွေကို ရှင်းရှင်းလင်းလင်းသိသွားအောင် ပြောနေသည်။ သူမ ဘာမှ မဖြစ်ပါဘူး။ ဖေဖေ့ကိုအနားမှာနေခွင့်ရပြီး ပြုစုပေးချင်တာပါပဲ။ ကျွန်မက ရှင်တို့ကို ယှဉ်ပြိုင်ပြီး ဖေဖေဦးငွေရုံရဲ့သမီးအဖြစ် အမွေလာလုတော့မယ် မထင်ပါနဲ့။ ဝေးသေးတယ်။ ကျွန်မက ကိုယ့်အစွမ်းအစနဲ့ပဲရတဲ့ ငွေကြေးဥစ္စာတွေကိုပဲ တန်ဖိုးထားတာပါ။ ဒေါ်ချစ်ချစ်သဲကလေ သံချိုချိုလေးနှင့် သီတဂူအား သာသာနှင့်နာနာနက်နေသည်။

"ညည်းအဖေနားမှာဆက်ပြီး နေချင်တယ်ဆိုရင် အလိုက်သိသိ နေရမယ် သီတဂူ၊ ညည်းပုံစံက ကြွပ်ဆတ်ဆတ်မာကျောကျောပုံစံပဲ။ အချိုးပြင်ပါ။ ညည်းက အစေအပါးရဲ့သွေးပဲ။ ဘယ်လိုနေထိုင်ရမလဲဆိုတာ သိပါတယ်နော်"

"ဒီမှာ"

ဒေါ်ချစ်ချစ်သဲရဲ့ အစိပ်ပွါယ်မဲ့စွာ နှိမ်ချစော်ကားမှုကို သူမ သည်းမခံနိုင်တော့ဘဲ ဒီမှာဟု လေသံမာမာပြောပြီးမှ ဖေဖေ့မျက်နှာကို မြင်ယောင်လာကာ ဆတ်ခနဲ ထပစ်လိုက်မိပြီးမှ ပြန်ထိုင်ရသည်။ ဖေဖေ့ကို သနားတယ်၊ ရောဂါဝေဒနာတွေ ခံစားနေရတဲ့အချိန်ပါ။ ဖေဖေက သီတဂူတို့ သားအမိကိုအခြေအနေအရ စွန့်ခွာသွားခဲ့ရတာဖြစ်ပြီး မေမေ့



ဘက်ကလည်း အဘိုးရဲ့တားဆီးပိတ်ပင်မှုကြောင့်နှင့် မေမေကိုယ်တိုင် မာနတကြီး ရှောင်ပုန်းနေခဲ့တာကြောင့် သူမအနေနှင့် ဖေဖေ့ကို အပြစ်မတင်ရက်တော့ပေ။ ဖေဖေ့မှာ သွေးတိုးရောဂါရှိနေသည်တဲ့၊ သူမ စိတ်ကို ထိန်းချုပ်ပစ်လိုက်သည်။

"ညည်းက အရမ်းရိုင်းစိုင်းတဲ့ကောင်မလေးပဲ၊ အင်းလေ မျိုးရိုးက စကားပြောတာပဲ။ညည်း ငါပြောတဲ့စကားတွေကို မနာခံနိုင်ရင် ပြန်သွားပါ။ အခုအချိန်မှာ ညည်းအဖေက ဒုက္ခိတနော်၊ သွေးတိုးပြီး အချိန်မရွေး သေနိုင်တယ်"

သီတဂူကိုတော့ ရိုင်းစိုင်းတဲ့ကောင်မလေးတဲ့၊ သူကျတော့ နည်းနည်းလေးမှ မယဉ်ကျေးပေ။ စကားသံက အေးဆေးချိုသာနေပေမယ့် ပြောတဲ့စကားလုံးတွေက အတွင်းကြီးပြီးရိုင်းစိုင်းစော်ကားလွန်းနေသည်။ သီတဂူ သည်းခံလိုက်၏။ ဖေဖေ့ကြောင့်ပါ။ သမီးကိုတွေ့ရလို့ ဝမ်းသာပျော်ရွှင်နေတဲ့ ဖေဖေ့ကို စိတ်သောကတွေ မရောက်ရှိချင်ပေ။ သူမပင် မထင်မှတ်မိ ဖေဖေက သီတဂူ့ကို အသိအမှတ်ပြုပြီး ဆီးကြိုနေလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့ပါ။အခုတော့ ဖေဖေ့ဆီက အချစ်တွေရော၊ သမီးအဖြစ် အသိအမှတ်ပြုမှုတွေရော၊ ကြင်နာစွာထွေးပွေ့ယုယုမှုတွေရော စုပြုံရရှိလိုက်သဖြင့် ဖေဖေ့အနားမှာ အချိန်ကြာမြင့်စွာ နေထိုင်ခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရဖို့ သီတဂူ အရာအားလုံးသည်းခံ ရင်ဆိုင်ဖြတ်သန်းဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ညည်းကို အသိပေးစရာရှိတာတွေ၊ ပြောစရာရှိတာတွေတော့ ပြောပြထားရဦးမယ် သီတဂူ"

သီတဂူဆိုတဲ့ ကောင်မလေးကိုတော့ မိမိလျော့တွက်ထားလို့ မရကြောင်း တွေ့တွေ့ချင်းပဲ ဒေါ်ချစ်ချစ်သဲ သိလိုက်သည်။ ကောင်မလေးက ထက်ထက်မြက်မြက်နှင့် ခပ်သွက်သွက် ဟန်ပန်လေးရှိပြီး ရုပ်ရည်က မြင်ရသူငေးလောက်အောင် ချောမောနေတာပဲ။ ကိုကိုနှင့်တူလွန်းသည့် အသားအရေကအစ ဖြူဝင်းအိစက်နေ၏။ မိမိစိတ်ပူတာက သား အတွက်ပဲ။ အစေအပါးတစ်ယောက်ရဲ့မြေးနဲ့တော့ မိမိသားကို အနီးစပ် မခံနိုင်ပေ၊ ကြိုတင်တားဆီးရမယ်။ ဒီကောင်မလေးက မာနရှိတယ်၊ ဆတ်ဆတ်ထိမခံတဲ့ ဟာမလေးပဲ။ ကိုကိုက သူ့သမီးအတွက် ထိုက်သင့်တဲ့အမွေပေးရင်တောင် မိမိလက်ခံနိုင်ပေမယ့် သားနှင့်နီးစပ်သွားမှာကိုတော့ အကြောက်ဆုံးဖြစ်နေရ၏။ ထို့ကြောင့်ပင် ခပ်ပြတ်ပြတ်ပဲ ပြောဆိုထားဖို့ စိတ်ကူးမိသည်။ သီတဂူရဲ့ မိမိကို ရင်ဆိုင်ကြည့်တဲ့ အကြည့်တွေက ကြောက်ရွံ့တုန်လှုပ်ဟန် ကင်းမဲ့နေတာကပင် ကြောက်စရာကောင်းနေသည်။



"သီတဂူ"

"ပြောပါ"

"ညည်းလေး လိုက်နာရမယ့် အချက်တွေထဲမှာ အရေးကြီးဆုံးက ငါ့သား မိုးကောင်းကင်နဲ့ ကင်းကင်းနေဖို့ပင် . . ."

"ရှင်"

"ညည်းအဖေလိုဘဝမျိုး ငါ့သားကို အဖြစ်မခံနိုင်ဘူး ညည်းလို သွေးမစစ်တဲ့ ရင်သွေးမျိုးလည်း မွေးလာမှာ မလိုလားဘူး"

ဒေါ်ချစ်ချစ်သဲရဲ့စကားတွေက သီတဂူရဲ့မာနတွေကို စော်ကားထိပါးလာလွန်းနေ၍ သည်းမခံနိုင်စွာ ဒေါသတွေပေါက်ကွဲလွင့်စင်သွားရပြီး ခပ်မာမာပင် ရင်ဆိုင်ကြည့်ပစ်လိုက်သည်။ သူမကို မဆီမဆိုင် နှိမ်ချပြောဆိုနေတာ မိထွေးပီပီ ကိုယ်ချင်းစာစိတ်ကင်းမဲ့လွန်းသော မိန်းမကြီးအဖြစ် သူမ မုန်းတီးနာကျည်းသွားရ၏။ ရှင့်စိတ်ထဲမှာ ဘယ်လောက်များ မေတ္တာတရားတွေ ကင်းမဲ့နေလဲ မဆီမဆိုင် သူမကို အထင်သေးစွာ သူ့သားနှင့် နီးနီးစပ်စပ် မနေဖို့ သတိလာပေးနေသည်။ အရေးမပါတာဘဲ။ မဟုတ်ရင်မခံတတ်တဲ့ သူမစိတ်က ဒေါသအဖြစ် မာမာထန်ထန် ရင်ဆိုင်ပစ်လိုက်သည်။

"အဲ့ဒီအတွက် မပူပါနဲ့ အန်တီချစ်၊ သီတဂူက မိဘ[illegible]သော

www.burmeseclassic.com

www.burmeseclassic.com



တာကို အမှီပြုပြီး ဘဝင်မြင့်နေတဲ့ ယောကျာ်းတစ်ယောက်ကို ဘယ်လိုမှ အထင်မကြီးလို့ပါ"

"ဘာ . . . အော့"

"စိတ်မပူဖို့ ပြောပြတာပါ၊ ကျွန်မက ကိုယ့်အစွမ်းအစနဲ့ပဲ ချမ်းသာချင်တာ။ အန်တီချစ်သားကိုလည်း ကျွန်မနဲ့လာပြီး မပတ်သက်ဖို့ ပြောပြပေးပါ။ ကျွန်မဘက်ကတော့ လုံးဝပဲ"

"ညည်း"

"အန်တီချစ်ကို သီတဂူ နားလည်ပါတယ်၊ ဖြစ်တတ်ပါတယ် လေ။ ဒါပေမယ့်လေ ဟို . . . လူတွေအားလုံးဟာ လူ့လောကကြီးထဲ ခဏလေးရောက်လာပြီး နောက်ဆုံးတော့ သေကြရမှာပါပဲ၊ ဘဝင်တွေ မြင့်ပြီး လူလူချင်း မတူမတန်ဘူးထင်နေတော့ရော လူ့လောကကြီးထဲမှာ နှစ်တွေဘယ်လောက်အများကြီး နေရမှာမို့လို့လဲ။ အခု အန်တီချစ် စကားပြောနေနိုင်ပေမယ့် တစ်စက္ကန့်လောက်အတွင်းမှာလည်း သေသွား နိုင်ပါတယ်"

"ဟော့ . . ညည်း ပါးစပ်ကို ပိတ်ထားစမ်း၊ ကြီးကြီးကျယ်ကျယ် လူကြီးမိဘကို ကလန်ကဆန်နဲ့ . . ."

"သီတဂူက အန်တီချစ်ဒေါသတွေ ထွက်နေတုန်း မေတ္တာယျ



စိတ်တွေနဲ့ ရုတ်တရက် လဲသေသွားရင် . . ."

"သီတဂူ"

"ရှင်"

"ညည်းက လျှော့တွက်လို့မရတဲ့ ကောင်မလေးပဲ အဆင့်ကို မရှိဘူး"

"ကျွန်မအခန်းထဲကနေ ထွက်သွားပေးပါလား အန်တီချစ်"

"ဘာ . . . အော့",

"ဖေဖေက အန်တီချစ်ဘက်ကပါတဲ့ သားသမီးတွေကို ကိုယ့် သွေးသားအရင်းတွေလို ကျွေးမွေးစောင့်ရှောက်ခဲ့တယ်လို့ ပြောပါတယ်။ သီတဂူကလည်း ဖေဖေ့သမီးပါ သီတဂူ ရောက်ရောက်ချင်း ဘာမှ ရေရေရာရာမသိဘဲ နှိမ်ချစော်ကားတာမျိုးကတော့ ယဉ်ကျေးမှုမဲ့လွန်းပါ တယ်နော်"

"တိတ်တိတ်စမ်း"

သူမအား တွေ့တွေ့ချင်း နှိမ်နှိမ်ချချနှင့် ကိုယ်ကျင့်သိက္ခာကိုပါ ထိပါးပုတ်ခတ်ပြောဆိုလာသဖြင့် အမြင်ကတ်လာရသည်။ ဖေဖေ့ မျက်နှာကြောင့်ပါ။ သမီးကို မမျှောင်လင့်ဘဲတွေ့လိုက်ရသဖြင့် ဝမ်းသာ ပီတိတွေနှင့် မျှော်လင့်ချက်တွေ တောက်ပနေတဲ့ ဖေဖေ့မျက်ဝန်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



အရောင်ကင်းမဲ့ညှိုးမှိန်သွားအောင် သီတဂူ မလုပ်ချင်တာကတော့ အမှန်ပဲ ဖြစ်သည်။ ဘယ်လောက် အမြင်ကတ်စရာကောင်းလဲ အတွက်ကြီးပြီး မောက်မာစွာဆီးကြိုလိုက်တဲ့ ဒေါ်ချစ်ချစ်သဲကိုတော့ ဖေဖေ့မျက်နှာထောက်ထားပြီး သည်းခံလိုက်သည်။

"တောင်းပန်ပါတယ်"

"ငါ့သားသမီးတွေနဲ့ ညည်းအဆင့် မတူဘူးဆိုတာ မှတ်ထားပါ။ ညည်းကို လက်ခံတာ ကိုကို့ကြောင့်ပဲ၊ ကိုကိုက ရောဂါဝေဒနာသည် ဖြစ်နေလို့ပဲ"

သူမ ငြိမ်သက်နေလိုက်သည်။ သူမကလည်း ဖေဖေ့ကြောင့်ပါပဲ။ ဇတ်ဇတ်ကြဲမလေးရဲ့စိတ်ကို မေမေကသိနေ၍ သည်းခံဖို့၊ သမီးအနာဂတ်အတွက် ရပ်တည်နေနိုင်ဖို့၊ ပညာပြည့်စုံတဲ့အထိ သည်းခံနေပေးပါတဲ့။ သူမ ဆယ်တန်းမှာ ဂုဏ်ထူးတွေနဲ့ ထူးချွန်စွာအောင်မြင်ထားတော့ မေမေက ဖေဖေ့အရိပ်မှာ ခဏလေးခိုလှုံကာ ပညာဆက်သင်စေလိုသည်။

"ညည်းအမေက ညွှန်ကြားလိုက်တာမဟုတ်လား။ မိထွေးစကားကို မနာခံနဲ့လို့ . . ."

"ကျွန်မအမေက အဲ့ဒီလိုအောက်တန်းကျတဲ့ စိတ်ဓာတ်တွေ



မရှိပါဘူး။ ကျွန်မစိတ်ကိုက မဟုတ်ရင်မခံချင်တာ။ ကျွန်မဖေဖေ့အနားမှာ နေချင်ပါတယ်၊ ကျွန်မ သည်းခံပါ့မယ် ကျေနပ်ပါတယ်နော်"

"အဓိက ညည်းမပတ်သက်ရတာက ကျုပ်သား မိုးကောင်းကင်ကိုပဲ"

ဟွန်း မတန်လိုက်တာ မိုးကောင်းကင်တဲ့။ နာမည်ကိုက အပေါ်မှာ ဘယ်လိုကောင်မျိုးလဲ သီတဂူက တော်ရုံတန်ရုံယောကျ်ားကို အထင်ကြီးမယ်ထင်လား။ ရှင်ကြီးသားကို လုံးဝ အဖက်လုပ်မှာတောင် မဟုတ်ပါဘူးနော်။ ဒေါ်ချစ်ချစ်သဲ ပြန်ထွက်သွားသည်။ တွေ့တွေ့ချင်း မလိုမုန်းထားစွာ သီတဂူအား နှိမ်နှိမ်ချချပြောဆိုဆက်ဆံသင့်လား။ မိထွေးပီပီ မုန်းလိုက်တာ။ ဇတ်ဇတ်ကြဲမလေး သီတဂူ စိတ်ကို ထိန်းချုပ်စမ်း။ ဖေဖေ နေမကောင်းဘူး။ ကံဆိုးလိုက်တာ။ သီတဂူနဲ့တွေ့မှ ဖေဖေက လေဖြတ်သွားသည်။

"မိုးကောင်းကင်တဲ့၊ မိုးပေါ်ကနတ်သား ပြုတ်ကျလာရင်တောင် ကျွန်မက အဆက်အဆံလုပ်မယ် ထင်နေလား။ သီတဂူ ဘယ်လောက်အထိ မာနကြီးတယ်ဆိုတာ သိစေရမယ်"

သီတဂူတစ်ယောက်တည်း မကျေမနပ်နှင့် နှုတ်ခမ်းလေး စူထော်ကာ ရန်ထောင်ပစ်နေမိသည်။ ဒေါသဖြစ်စရာကောင်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမကြီးကို မုန်းတယ်၊ သီတဂူက အမွေလာလုမှာ မကြောက်ဘူးတဲ့။ သူ့သားနဲ့နီးစပ်မှာ စိုးရိမ်တယ်တဲ့၊ သူမလို ဒရိုင်ဘာမျိုးရိုးကို သွေးသား တော်စပ်ရမှာ ကြောက်လို့တဲ့။ မဆီမဆိုင်. . .လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို မညှာမတာစော်ကားပြောဆိုမှုအတွက် သီတဂူ နာကျည်းနေသည်။ သူမနေဖို့အခန်းကို ပြင်ဆင်ပေးတာတော့ အပြည့်အစုံဖြစ်နေ၏။ ဖေဖေ့ကြောင့် ထင်တယ်၊ အသုံးအဆောင်ပစ္စည်းတွေကအစပဲ။ မကြာခင် ဖေဖေက ဝှီးချဲလ်ဖြင့် သီတဂူ့အခန်းထဲ ဝင်လာသည်။

"ဖေဖေ"

"သမီးအခန်းကို ဖေဖေ လာကြည့်တာလေ၊ ကြိုတင် အကြောင်းမကြားတော့ သမီးနေဖို့အခန်းကို ပြည့်ပြည့်စုံစုံလေး မပြင်ဆင် လိုက်ရဘူးကွယ်"

"ဒီလောက်ဆိုလည်း သီတဂူ့အတွက်က အရမ်းပြည့်စုံနေပါပြီ ဖေဖေ"

"ဒေါ်သွယ် ဒါက ကျွန်တော့်သမီး သီတဂူပဲ၊ ကျွန်တော့် သွေးသားအစစ် တစ်ဦးတည်းသော သမီးလေးပါ။ သမီးလိုအပ်တာရှိရင်လည်း ဒေါ်သွယ့်ကို ပြောနော်။ ဒီမှာ သမီးဘာမှအားငယ်စရာ မလိုဘူး။ ဖေဖေ ဘယ်လောက်ပဲ ဒုက္ခိတဖြစ်နေပါစေ သမီးနေသင့်



နေထိုက်တဲ့နေရာပဲ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဒေါ်သွယ့်"

"ရှင်"

"ကျွန်တော့်သမီးလေးကို လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးပါဗျာ၊ လုံးဝ မညှိုးငယ်ပါစေနဲ့"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာကြီး၊ မမလေးလည်း လိုအပ်တာ ရှိရင်ပြောပါ ခိုင်းစရာရှိရင်လည်း ခိုင်းပါ"

"ဟုတ်ကဲ့"

ဖေဖေ့ဝှီးချဲလ်ကို တွန်းလာသော ဒေါ်သွယ့်ကို ဖေဖေက အပ်နေသည်။ သူမက အပြုံးလေးနှင့်ဒေါ်သွယ်အား ကြည့်မိတော့ ဒေါ်သွယ့် မျက်ဝန်းတွေက တင်းမာသယောင်ဖြစ်နေတာ သတိထားမိလိုက်သည်။ ဖေဖေ့ဇနီး ဒေါ်ချစ်ချစ်သဲဘက်က ထင်တယ်၊ ဖေဖေ့ရှေ့မှာတော့ ဟန်ဆောင်ပြီး သီတဂူ့အား တလေးတစား ဆက်ဆံနေပေမယ့် ဒေါ်သွယ့် မျက်ဝန်းတွေက မာထန်နေ၏။ ဘာကြောင့်လဲ သူမက အမွေလာလုတယ် ထင်လို့လား။ အန်တီချစ်ကပဲ ပြောထားလို့လားပင်မသိ။ ဖေဖေက သမီး လိုအပ်တာရှိရင်ပြော အားမနာနဲ့ အခုချိန်ကစပြီး ဖေဖေ့သမီး

www.burmeseclassic.com

www.burmeseclassic.com



အပေါ် တာဝန်ကျေရမယ်ပြောကာ သူမအား ပွေ့ဖက်နမ်းရှိုက်၍ ပြန်ထွက်သွားသည်။ သီတဂူကတော့ မပျော်မိ ရင်တွေလေးလံနေ၏။ တစ်တိုက်လုံးမှာရှိနေတဲ့ လူတွေအားလုံးက ဒေါ်ချစ်ချစ်သဲဘက်ကပဲ ဖြစ်နေသည်။ သူမလာနေတဲ့အတွက်ပဲ ဖေဖေ့မှာ ဝန်ထုတ်ဝန်ပိုးဖြစ်နေရပြီလား၊ သမီး ပြန်သွားမှာပါ ဖေဖေ။ခဏလေးပါပဲ၊ ဖေဖေ့ကို အခုမှ တွေ့ဆုံခဲ့ရတဲ့ သမီးအတွက် ဖေဖေ့အနားမှာ အချိန်နည်းနည်းလေးပိုပြီး နေချင်မိတာပါ။ ဝေဒနာတွေနဲ့ ဒုက္ခိတဘဝရောက်နေရတဲ့ ဖေဖေ့ကို ခဏလေးပဲတွေ့ဆုံပြီး ပြန်ထွက်သွားရမှာ ဝန်လေးနေမိ၍လည်း ဖြစ်သည်။

× × × × × × × × × × × × × × ×

# အခန်း(၃)

"မမလေး သီတဂူ"

"ရှင်"

"ဆရာကြီးက သူ့အခန်းထဲကို လာခဲ့ဖို့ ပြောခိုင်းပါတယ်"

"ဟုတ်ကဲ့"

အိမ်ဖော်ကောင်မလေး မာမာက သီတဂူ့အား တရိုတသေ ခါးလေးကိုင်းကာလာပြောနေပေမယ့်လည်း မာမာ့မျက်လုံးတွေက အလိုမကျသလို တင်းတင်းလေးဖြစ်နေသည်။ ဘယ်လိုလူတွေလဲ တစ်အိမ်လုံးကသူမကို ဘာဖြစ်လို့များ မလိုလားနေရတာလဲ။ ဖေဖေ့တိုက်မှာ အလုပ်သမားဒေါ်သွယ်နှင့် ကောင်မလေးနှစ်ယောက်ရှိလေရာ မာမာက

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါ်သွယ့်လိုပင် သီတဂူအား မလိုလားပုံနှင့် အကြည့်တွေက မာမာဆတ်ဆတ်ကြီး ဖြစ်နေသည်။ မညိုဆိုသည့် အိမ်ဖော်ကောင်မလေးကိုတော့ သူ မတွေ့ဘူးပေ။ ဒီမှာရှိနေတဲ့ အလုပ်သမားတွေအားလုံး ဒေါ်ချစ်ချစ်သဲဘက်ကဆိုတာ သေချာနေသည်၊ ဖေဖေ့အတွက် စိတ်ပူနေမိ၏။ ဒေါ်ချစ်ချစ်သဲက ဟန်ဆောင်ကောင်းလွန်းပြီး မာယာများတဲ့ မိန်းမကြီးတစ်ယောက်ပဲ ထင်တယ်။ ဖေဖေ့ကိုပင် သီတဂူ စိတ်မချသလို ဖြစ်သွားရသည်။

"မမလေး…ဆရာကြီးကတော့ အလုပခုံး ဝတ်စားပြင်ဆင်ပြီး လာခဲ့ပါတဲ့"

"ကောင်းပါပြီ"

"ဒီမှာ"

"ကိုကိုလေး မိုးကောင်းကင်က ကြောက်စရာကောင်းတယ်၊ ဝေးဝေးကနေ ရှောင်နေတာအကောင်းဆုံးပါပဲလေ"

မာမာထွက်သွားသည်။ ဒီကောင်မလေးအကြည့်တွေကို သီတဂူ လုံးဝမနှစ်သက်မိပေ။ ဒီအိမ်ကလူတွေ တစ်မျိုးပဲ သီတဂူကို မလိုလားဟန်ပြနေတာ သိသိကြီးဖြစ်၏။ ဖေဖေက သူမအား မိသားစုတွေနှင့် မိတ်ဆက်ပေးဖို့ ဖြစ်နိုင်သည်၊ ဖေဖေ့အခန်းထဲ သီတဂူ ဝင်



သွားတော့ သီတဂူ ထင်တဲ့အတိုင်းပင်။ ဖေဖေ့ဇနီးနှင့် မိသားစုဝင်တွေ ရှိနေသည်။

"သီတဂူ…လာ…သမီး၊ ဒီမှာ မိသားစုဝင်တွေနဲ့ မိတ်ဆက်ပေးမလို့"

ဒေါ်ချစ်ချစ်သဲက သီတဂူအား မျက်ထောက်နီနီနှင့် ဆတ်ခနဲကြည့်ပြီး အကြည့်ကို ပြန်လွှဲပစ်သည်။ အန်တီချစ်ဘေးနားမှာ ထိုင်နေတဲ့ သီတဂူထက် အသက်ကြီးပုံရသော အန်တီချစ်သမီးကလည်း မျက်စောင်းခဲ့ပြီးကြည့်၏။ သူတို့ သီတဂူအား လုံးဝ အမြင်မကြည်လင်ပုံပင်။ ထို အခြေနေကို ဖေဖေလည်း သိနေမှာပါပဲ။ အရေးမစိုက် သီတဂူကလည်း ခပ်တည်တည်ပဲ ဖေဖေ့အနားမှာ ကပ်၍ရပ်နေသူက အန်တီချစ်သား မိုးကောင်းကင်ဖြစ်နိုင်သည်။ သီတဂူနှင့် ရွယ်တူပဲထင်၏။ ပုံကလည်း လူမျက်စိထဲမှာ ကန့်လန့်ပုံစံနှင့် ဘာမှအထင်ကြီးစရာ မရှိပါဘူးဟု သူမ တွေးပြီး တစ်ယောက်ကိုမှ အရေးမစိုက်ဘဲ ဖေဖေ့ကိုကြည့်သည်။

"သမီးသီတဂူကို ဖေဖေ့မိသားစုနဲ့ မိတ်ဆက်ပေးမလို့ပါ၊ သူက ဖေဖေ့သမီးကြီး မိုးဒေဝီတဲ့၊ ဒါကတော့ သားငယ်မိုးကောင်းကင်လေ"

"ဟုတ်ကဲ့"

"သူကတော့အခုမှ ဖေဖေ့ဆီရောက်လာခဲ့တဲ့ ဖေဖေ့သမီး တ

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲလေ. . .သီတဂူ တဲ့"

မမိုးဒေဝီကတော့ မျက်နှာထားတင်းတင်းနဲ့ပဲ ခေါင်းညိတ်ပြသည်။ ဟိုလူ့ပဲ မိုးကောင်းကင်ဆိုလား သီတဂူ့ကို ပြုံးစစမျက်နှာပေးနှင့် ခပ်စူးစူးစိုက်စိုက်ကြည့်သည်။ သီတဂူလည်း မရယ်မပြုံးမိ။ မမိုးဒေဝီရဲ့ မျက်လုံးတွေက မလိုတမာနှင့် သူမအားမနှစ်မြို့ကြောင်း မျက်လုံး မာထန်ထန်နှင့်ကြည့်နေ၏။ သီတဂူကို အမွေလာလုတာထင်လို့လား၊ အချောင်ရတဲ့ပစ္စည်းကို သီတဂူတို့က လုံးဝ မမက်မောဘူးနော်။ ဖေဖေက မိသားစုဝင်တွေအားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် နေထိုင်ကြဖို့ပြောသည်။

"သီတဂူ့ကို မိသားစုဝင်အဖြစ် နွေးနွေးထွေးထွေးဆီးကြိုပြီး ချစ်ခင်ကြင်နာပြကြပါ ဖေဖေ့တောင်းဆိုချက်ပဲ။ ဖေဖေပြောတာ သဘောပေါက်ပါတယ်နော် ဒေဝီ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"မိုးကောင်းကင်ရော"

"ဖေဖေ့သမီးကတော့ ပုံစံကြီးပဲ၊ မမိုက်ဘူးဗျာ စိတ်ဝင်စားဖို့လည်း မကောင်းပါဘူး"

"ဘာ"



သီတဂူ ဒေါသတကြီးပေါက်ကွဲအော်ဟစ်မိသွားရာမှ ဖေဖေ့ကို အားနာသွားရကာ နှုတ်ခမ်းတွေကို အတင်းစေ့ကပ်ပိတ်ထားပစ်လိုက်ရသည်။ ဘာ တောပုံစံလည်း နင်စိတ်မဝင်စားတော့လည်း ဘာဖြစ်လဲ ပုံစံကိုက စပ်ဖြဲဖြဲနဲ့ ရုပ်ရည်ချောမောပေမယ့် စိတ်ကပုတ်လိုက်တာ။ သီတဂူကလည်း ခပ်တည်တည်ပဲ မာမာကျောကျော တုန့်ပြန်ပစ်သည်။ သူတို့တွေ အရိုင်းအစိုင်းတွေပဲ လူမှုရေးလုံးဝမရှိဟု ထင်နေမိ၏။ အခြောက်တိုက်ဘဝင်မြင့်နေကြတဲ့ လူတွေပဲ ဖေဖေ့ကြောင့်ပါ။ ဒေါ်ချစ်ချစ်သဲတို့ မိသားစုဝင်တွေနှင့် သီတဂူမျက်လုံးချင်း တိုက်ပွဲဝင်နေတာ ဖေဖေကသိနေချင်လည်း သိနေပေမယ့် မသိချင်ယောင်ဆောင်နေတာပဲ ဖြစ်နိုင်သည်။ လင်ပါသမီးအား ဖေဖေနောက်မိန်းမက လက်ခံဖို့ဆိုတာ မဖြစ်နိုင်မှန်း ဖေဖေသိမှာပါပဲ။ ဒါပေမယ့် ဖေဖေက အရေးမစိုက်ပေ။ သမီးအားအလေးအနက်နှင့် အရေးတယူရှိလွန်းသည်။

"သမီးသီတဂူမှာ ထိန်းသိမ်းစောင့်ရှောက်ပေးမယ့်သူဆိုလို့ ဖေဖေပဲရှိတော့တာမို့ ဖေဖေ တာဝန်ကျေကျေ ဖခင်ဝတ္တရားတွေနဲ့ စောင့်ရှောက်ရလိမ့်မယ်၊ ဒေဝီနဲ့ မိုးကောင်းကင် မင်းတို့လည်း နွေးနွေးထွေးထွေး ဆီးကြိုပါ။ ချစ်ချစ်ခင်ခင်ဆက်ဆံပေးပါ"

အခန်းလေးက ငြိမ်သက်တိတ်ဆိတ်နေသည်။ ဘယ်သူ့ဆီမှ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကားကို ဟုတ်ကဲ့ဟု မထောက်ခံကြ။ ဖေဖေ့မျက်နှာကတော့ တည်နေသည်။ သီတဂူကတော့ မုန်းစရာကောင်းတဲ့ မိသားစုနှင့်အချိန်အကြာကြီး နေထိုက်ဖို့ဆန္ဒမရှိပေ။ ဖေဖေ့အနားမှာ ခဏတဖြုတ် နေခွင့်ရရင်ပဲ ကျေနပ်ပါပြီ။ သီတဂူအနေနှင့် ဖေဖေဆီက ဘယ်လို အခွင့်အရေးမှယူမှာမဟုတ်လို့ စိတ်ရှင်းသည်။ ဒေါ်ချစ်ချစ်သဲက တစ်တိုက်လုံးမှာရှိနေတဲ့ လူတွေအားလုံးကိုစည်းရုံးပြီး သီတဂူအား တိုက်ခိုက်ဖို့ ကြံစည်ကြိုးစားနေတာ ဖေဖေသိမှာမဟုတ်ပါဘူး။ သီတဂူ သည်းခံရမှာပါပဲ။ မဟုတ်မခံတတ်တဲ့ သီတဂူအကျင့်စရိုက်တွေနှင့် လက်တုန့်ပြန်တတ်တဲ့အကျင့်တွေကိုတော့ ဖေဖေ့မျက်နှာနှင့် သည်းခံရမယ်။ ဖေဖေ့အနားမှာ ကြာကြာလေးနေချင်တာ မဟုတ်လား။ မမိုးဒေဝီက စိတ်မရှည်တော့သလို သီတဂူအား စိတ်မဝင်စားဟန်ဖြင့် ဖေဖေ ဒေဝီသွားစရာရှိသေးလို့ဆိုပြီး ထွက်သွားသည်။

"ချစ်ချစ်"

"ပြောပါ . . . ကိုကို"

"မင်း သားနဲ့သမီးကို ကိုယ်က သားသမီးအရင်းတွေလို စောင့်ရှောက်လာခဲ့တာနော်"

"ဟုတ်ကဲ့ပါ ကိုကို"



"ကိုကို့သမီးလေး သီတဂူကိုလည်း မင်း သမီးလေးလို စောင့်ရှောက်ပါ။ ကိုကို့သမီးလေးအပေါ် ရက်ရက်စက်စက်ဆက်ဆံကြရင်တော့ ကိုကိုလုံးဝ ခွင့်မလွှတ်ဘူးနော်"

သမီးသီတဂူကို ချစ်ချစ်တို့ မလိုလားနိုင်တာကို ဦးငွေရဲ သတိထားမိသည်။ ချစ်ချစ်က ဂုဏ်ပကာသနတွေကြားထဲမှာ မောက်မာချင်နေသူ၊ သမီးသီတဂူက ဒရိုင်ဘာမျိုးရိုးက မွေးဖွားလာတာဖြစ်၍ ချစ်ချစ်က ခပ်နှိမ်နှိမ်ပြောဆိုဆက်ဆံနေမှာကို မိမိလက်မခံနိုင်ပေ။ သီတဂူမှာ အားကိုးတွယ်တာရာ မိမိပဲရှိတော့သည်။ တစ်သက်လုံး တာဝန်မဲ့ခဲ့တာပါ။ သမီးကြီးမိုးဒေဝီရဲ့ မျက်ဝန်းတွေက မလိုလားတဲ့ အရိပ်အငွေ့တွေလွှမ်းနေ၏။ အမွေကြောင့်လား သမီးသီတဂူ ခံစားခွင့်ရှိတာပဲ။ မိမိရဲ့သမီးတစ်ယောက်အနေနှင့် မလွှမသွေခံစားရမှာပဲ ဖြစ်သည်။

"သမီးသီတဂူကို မိခင်တစ်ယောက်လို မင်း နွေးနွေးထွေးထွေး ဆက်ဆံပါ ချစ်ချစ်"

"ကိုကို့သမီးဘက်ကလည်း ချစ်ကို အမေတစ်ယောက်လို သဘောထားနိုင်ဖို့လည်း အရေးကြီးပါတယ်"

"ကိုကို့သမီးလေးအကြောင်း ကိုကိုသိပါတယ်၊ သူ့အမေရဲ့ ဆုံးမ

www.burmeseclassic.com

www.burmeseclassic.com



သွန်သင်မှုနဲ့ အရာရာနားလည်သိတတ်ပါတယ် ချစ်ရယ်"

ဒေါ်ချစ်ချစ်သဲက ခင်ပွန်းစကားကို မလွန်ဆန်နိုင်ပေမယ့် သီတဂူလို မျိုးရိုးမသန့်တဲ့ ကောင်မလေးအား ဒီမှာလက်ခံထားတာ သဘောမကျမိ။ ကိုကိုက အခုမှလာပြီး သမီးမှသမီးဖြစ်နေသည်။ အမြင်ကတ်လိုက်တာ၊ သမီးက ထွက်သွားပေမယ့် သားက ရပ်နေသည်။

"သား"

"ဗျာ"

"သီတဂူကို မောင်နှမအရင်းတစ်ယောက်လို ဆက်ဆံပါ"

"စိတ်ချပါ ဖေဖေ၊ သီတဂူက ချစ်စရာကောင်းပါတယ်။ စိတ်ဝင်စားတယ်"

သီတဂူက စိတ်ဝင်စားစရာကောင်းပြီး ချောမောနေသည်။ ဖေဖေ့သမီးဟု သိထားရပြီး ကောင်းကင်နှင့် သွေးသားမတော်စပ်တဲ့ မောင်နှမပဲ။ သီတဂူမျက်နှာလေးက တည်နေ၏။ ကောင်းကင်ကိုမကြည့်၊ သူ့စိတ်တွေ ကလိကလိနှင့် သီတဂူမျက်နှာ ဖူးဖူးစင်စင်လေးအား နမ်းပစ်ချင်သည်။ သီတဂူ အရမ်းစိတ်ဝင်စားသွားပြီကွာ၊ ကောင်းကင်ဆိုတဲ့ကောင်က ကိုယ်လိုချင်တာဆိုရင် ရအောင်ယူတတ်တယ်ကွ။ စိန်ခေါ်လိုက်ပြီ သီတဂူကို အပိုင်သိမ်းပိုက်မယ်။ မေမေက သားငယ်



အနားယူတော့ သွားလေဟုပြောမှ သူ့အသိဝင်လာကာ သီတဂူအား တစိုက်မတ်မတ်ကြည့်နေမိတဲ့ သူ့အကြည့်တွေကို မလွှဲချင်လွှဲချင်နှင့် လွှဲပစ်ကာ အပြင်ထွက်လာခဲ့ရသည်။

"သမီးသီတဂူလည်း အနားယူတော့၊ ဘာမှ စိတ်မပူနဲ့ သမီး ပျော်သလိုနေပါ။ ဖေဖေ့ဆီမှာ အားနာနေစရာမလိုဘူး။ နောက်မှ သမီး ကျောင်းတက်စရာကိစ္စလုပ်၊ သမီးလည်း နေခွင့်ရှိတဲ့နေရာပဲ။ လိုအပ်တာတွေ သမီးအပေါ် ဒီမှာရှိတဲ့လူတွေ ဆက်ဆံမှုမပြေပြစ်ရင် ဖေဖေ့ကို ပြောပြနော်"

"ဟုတ်ကဲ့"

"ဖေဖေ ပြန်ပြီးနေကောင်းသွားမှာပါ၊ စိတ်ပဲ အင်အားတွေ ပြည့်နေဖို့ လိုအပ်တယ်။ အခု သမီးရောက်လာတော့ ဖေဖေပိုပြီး အားတက်လာတယ်၊ မသေခင်သမီးလေးကို တွေ့ချင်နေတာပါ။ ဖေဖေ့ ဆန္ဒတွေ ပြည့်ဝသွားပြီကွယ်"

ဒေါ်ချစ်ချစ်သဲရဲ့မျက်နှာပေါ်မှာ အလိုမကျမှုတွေနှင့် ညိုမောင်းမောင်းဖြစ်နေသည်။ ဖေဖေလည်းသိမှာပါပဲ သီတဂူကတော့ ဖေဖေ့အတွက် ဖေဖေစိတ်ကျန်းမာဖို့ပဲ အလေးအနက်ထားဖို့ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချထားသည်။ ဖေဖေက ဒေါ်ချစ်ချစ်သဲတို့မိသားစုနှင့်

www.burmeseclassic.com

www.burmeseclassic.com



သီတဂူနဲ့ပါ ပတ်သက်နေ၍ တဖက်ဖက်က ပြဿနာရှာလျှင် ဖေဖေပဲ စိတ်သောကရောက်ရမည်ဖြစ်သည်။ သီတဂူပဲ အလျှော့ပေးလိုက်မည်။ ဖေဖေနဲ့အခုမှ တွေ့ဆုံရပြီး ပြဿနာတွေနှင့် ခဏအတွင်းမှာ ခွဲခွာရမှာကို ကြောက်လာမိသည်။

"သမီး သွားတော့မယ် ဖေဖေ"

"အေး . . . အေး"

သီတဂူအခန်းအပြင်ဘက်ရောက်လာမှ ဖေဖေ့ငနီးအန်တီချစ်ရဲ့ မျက်စောင်းစက်ကွင်းအောက်မှ လွတ်မြောက်လာရသည်။ သီတဂူကို လုံးဝမကြည့်ပေ။ အကြည့်တွေက မာထန်နေ၏။ မမဒေဝီရောပဲ၊ ဒရိုင်ဘာမြေး အစေအပါးသွေး ဖြစ်နေလို့လား။ သီတဂူက ဂရုမစိုက်ပါဘူး။ ဘာမျိုးရိုးလဲ လူ့,လူချင်းပဲဟာ၊ သီတဂူတို့ဒရိုင်ဘာမျိုးရိုးကရော ဆရာဝန်ကြီးဖြစ်အောင် မလုပ်နိုင်လို့လား။ ကိုယ်ကြိုးစားရင် ဖြစ်တာပဲ၊ အခြောက်တိုက် ဘဝင်မြင့်နေတဲ့လူတွေပဲ အမြင်ကတ်လိုက်တာ။ သီတဂူအပြင်ထွက်လာတော့ မိုးကောင်းကင်နှင့်ဆုံသည်။

"ဟော့"

"ဘာလဲ"

"လေသံကမြင့်လှချည်လား။ စောစောကပဲ ဖေဖေမှာလိုက်



တာလေ။ ချစ်ချစ်ခင်ခင် ပြောဆိုဆက်ဆံရမယ်လို့လေ"

"သီတဂူကို လာပြီးမပတ်သက်ပါနဲ့ မိုးကောင်းကင်"

"ဘာဖြစ်လို့လဲ"

"သီတဂူက မျိုးရိုးမသန့်လို့လေ"

"ဘာပြောတယ်"

"ဒရိုင်ဘာရဲ့မြေးပဲရှင့် ဖေဖေ့ကို သွားမေးလေ"

မိုးကောင်းကင်က စပ်ဖြဲဖြဲနှင့် သီတဂူအား အရောတဝင်လာလုပ်နေတာ အမြင်ကတ်ကတ်နဲ့ ပြောပစ်လိုက်သည်။ သူ့သားနဲ့လာပြီး မပတ်သက်ပါနဲ့တဲ့။ ဘယ်သူက လာပတ်သက်နေလို့လဲ။ သီတဂူကို ပေါ့ပေါ့ပျက်ပျက်နှင့် ပြောချင်သလိုပြောမယ်ဆိုတဲ့ အတွေးနဲ့တော့ လာပြီး လုပ်လို့ရမလား။ သီတဂူပဲဟာ။ ဖေဖေ့ကြောင့် ဒီမှာတွယ်ကပ်နေတာဖြစ်ပေမယ့် မာနတော့မိုးထိအောင်လွှင့်နေမှာနော်။ သီတဂူတာမင် သူ့ကို မျက်နှာတင်းတင်းနှင့် ကြည့်ပစ်လိုက်မိသည်။

"ကိုယ်ကတော့ လူ့,လူချင်းပဲမြင်တယ်၊ သီတဂူမင်းက ဒရိုင်ဘာမြေးလို့ ကိုယ်ကမှမမြင်တာ။ ကိုယ်မြင်တာက အရမ်းချောမောလှပနတ္တတ်"

"တော်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ပြောင်စပ်စပ်လာပြောနေတဲ့ကောင်ကို ဆက်မပြောဖို့ပဲ အော်ပစ်လိုက်မိသည်။ အန်တီချစ်က သီတဂူကို မျိုးရိုးမသန့်လို့ သူ့သားနဲ့ မပတ်သက်ပါနဲ့တဲ့။ ဒီကောင်ကလည်း သီတဂူကို သက်သက်မဲ့အပျော်အပျက်လာလုပ်နေတာပဲဖြစ်နိုင်သည်။

"ဘယ်လိုလဲ သီတဂူ...ကိုယ်တို့က မောင်နှမတွေလေ"

"ဆောရီးပဲ"

"ဘာ"

"ရှင့်ကို မခင်ချင်လို့"

"ဟော့"

သူမ ချာခနဲ လှည့်ပြီးထွက်လာခဲ့သည်။ ရှင့်ကို အထင်မကြီးပါဘူး။ အန်တီချစ်က သီတဂူမေမေကို ထိပါးပုတ်ခတ်ပြောတာမျိုးမခံနိုင်။ မေမေလည်းမာနရှိပြီး ဖေဖေ့ကို ချမ်းသာကြွယ်ဝတာ သိသိကြီးနှင့် မဆက်သွယ်ခဲ့ပေ။ အခုတောင် သီတဂူရေးရေးအတွက် ဖေဖေ့ဆီ လမ်းညွှန်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

"သီတဂူ မင်း သိပ်ကြီးကျယ်မနေနဲ့နော်၊ မိုးကောင်းကင်က ကိုယ်လိုချင်တဲ့အရာကို မရမနေယူတတ်တဲ့ကောင်ပဲ။ အလကားနေရင်း ဘဝင်မြင့်နေတဲ့ နင့်လိုကောင်မမျိုးကို အကောင်းဆုံးသင်ခန်းစာရအောင်



လုပ်ပစ်ရမယ်"

မိုးကောင်းကင် မကျေမနပ်နှင့် ကြိမ်းဝါးအော်ဟစ်ပြောမိသည်။ ဘယ်လိုကောင်မလေးမျိုးလဲ၊ မာနကတော့ မိုးထိနေတာပဲ။ သီတဂူကို တွေ့တွေ့ချင်းပဲ မိုးကောင်းကင်ရဲ့ နှလုံးသားတွေထဲမှာ တစ်ကြိမ်တစ်ခါမှ မခံရဘူးတဲ့ တစစ်စစ်ရှုးရှနာကျင်ရတဲ့ ဝေဒနာလေး တမြေ့မြေ့ခံစားလာရသည်။ သီတဂူ မင်းကို မေမေက တားထားလို့လား၊ ကိုယ်သိပါတယ် မေမေက မင်းလို အစေအပါးမျိုးနဲ့ ကိုယ့်ကို နီးစပ်သွားမှာလေ။ သီတဂူ မင်းရဲ့ မာနတကြီးမျက်ဝန်းလေးက မိုးကောင်းကင်ရဲ့နှလုံးသားကို ထိသွားပြီ။ ကောင်းပြီလေ၊ မင်းမာနတွေကို ရိုက်ချိုးပစ်ရမှာပဲ။ တစ်နေကုန် စိတ်တွေ အောင့်သက်သက် လေးလေးလံလံ ဖြစ်သွားရသည်။

× × × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

"ဟော့ ကောင်မလေး"

"ရှင်"

"ဒီမှာ"

"ရှင်"

"ဘာရှင်လဲ"

"ဟို"

မမဒေဝီပဲ အခန်းထဲဝင်လာပြီး သီတဂူအား စူးစူးဝါးဝါး ကြည့်နေသည်။ ဘယ်လိုလူတွေလဲ တစ်ယောက်ပြီးတစ်ယောက် သီတဂူကို အလိုမကျတဲ့ အကြည့်တွေနှင့် ရန်ရှာချင်နေသည်။ သီတဂူ အေးအေး

www.burmeseclassic.com

www.burmeseclassic.com



မနေရ စောစောကပဲ မိုးကောင်းကင်နဲ့ ပြဿနာတက်ရသည်။

"ဟော့ သီတဂူ ငါ့အခန်းထဲကို သန့်ရှင်းရေးလာလုပ်ပေးပါ"

"ရှင်"

"နင့်ကိုပြောနေတာ နားမကြားဘူးလား"

"သီတဂူက သန့်ရှင်းရေးသမားမှ မဟုတ်တာ"

"နင့်ကိုခိုင်းချင်လို့လေ၊ ငါ့ကို အစ်မတစ်ယောက်လို သတ်မှတ်ရင် နင် လုပ်ပေးရမှာပဲ"

ရှင်ကြီးကရော သီတဂူကို ညီမလို့ သတ်မှတ်လို့လား။ အစေအပါးတစ်ယောက်လို သတ်မှတ်နေတာပဲ။ သီတဂူ မကျေနပ်ချင်။ ဒါပေမယ့် ပြဿနာမတက်ချင်၍ မမဒေဝီအခန်းသန့်ရှင်းရေးလုပ်ပေးရန် သဘောတူလိုက်သည်။

"ကောင်းပါပြီ မမဒေဝီ၊ သီတဂူ လုပ်ပေးပါ့မယ်။ ဖေဖေ့ကြောင့်နော်။ သီတဂူအဖေနားမှာနေချင်လို့"

"နင်က အမွေတွေလိုချင်လို့ ကပ်နေတာမဟုတ်လား။ မေမေကတော့ ပြောတယ် အမွေယူချင်ယူပါစေတဲ့။ နင် ဒီက မြန်မြန်ထွက်သွားဖို့ပဲ လိုလားနေတယ်"

"အမွေရရ မရရ သီတဂူကတော့ ဖေဖေ့အနားကနေ ထွက်



မသွားနိုင်သေးပါဘူး"

"ဘာ"

"ကျွန်မ သန့်ရှင်းရေးလုပ်ပေးမယ်"

မမဒေဝီအား ရှင်းမပြချင်သဖြင့် သူမအခန်းအပြင်ဘက် ထွက်လာတော့ မမဒေဝီပါနောက်မှ လိုက်လာသည်။

"မာမာ"

"ရှင် မမကြီး"

"သီတဂူကို ဖုန်သုတ်ဖို့ အဝတ်နဲ့ကြက်မွှေးတံပေးလိုက်၊ မကြီးအခန်းကို ဘယ်လိုသန့်ရှင်းအောင် ထားရမယ်ဆိုတာလည်း သင်ပေးလိုက်"

"ဟုတ်ကဲ့"

သီတဂူ ဒေါကန်လာချင်ပေမယ့် ဖေဖေ့အတွက် သည်းခံလိုက်သည်။ ပြဿနာတွေမတက်ချင်တော့ သူတို့ခိုင်းစေသမျှ လုပ်ဆောင်ပေးဖို့ပဲ စဉ်းစားထားလိုက်၏။ ဖေဖေက အိမ်သားတွေ နှိမ်ချဆက်ဆံရင် လာပြောဆိုပေမယ့် သီတဂူကတော့ မသိစေချင်ပေ။ အဆင်ပြေနေတယ်ဆိုတဲ့ အခြေအနေတစ်ခုကိုပဲ သိစေချင်သည်။

"သီတဂူ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ကျွန်မကို ဒီအတိုင်းပဲ ခေါ်နိုင်းပါတယ်"

"ဟင်"

"အရှင်သခင်တစ်ယောက်လို ဆက်ဆံစရာမလိုဘူးတဲ့၊ သီတဂူကို ဒီအိမ်က မျိုးရိုးမစစ်တဲ့သူတစ်ယောက်အနေနဲ့ပဲ လက်ခံတယ်တဲ့"

"ဘာ"

သီတဂူ ထိန်းချုပ်နိုင်စွမ်းကင်းမဲ့ကာ ဘာဟုအော်ပစ်လိုက်မိသည်။ အိမ်ဖော်ကောင်မလေးကိုပင် သီတဂူအား မလေးမစားဆက်ဆံစေတာ မတရားလွန်းလာပြီဖြစ်သည်။ ဖေဖေ့ကိုလည်း သွားပြောလျှင်လည်း ပြဿနာတွေက ရှုပ်ထွေးလာနိုင်၏။ ဖေဖေ့ကို စိတ်မချမ်းမသာမဖြစ်စေချင်တာပါ။ ဒေါသတွေကိုအမြန်ဆုံး ပြန်ထိန်းချုပ်လိုက်သည်။ ဘယ်လိုပဲဆက်ဆံပါစေ သီတဂူအသားတွေ ပဲ့ပါသွားတာမှ မဟုတ်တာပဲ။ ဖေဖေ့အနားမှာ နေချင်တာနဟုတ်လား။ ရတယ်လေ၊ သီတဂူပဲဟာ။ ဘဝမှာအခက်အခဲတွေနဲ့ ခပ်ကြမ်းကြမ်း ရင်ဆိုင်ဖြတ်သန်းလာရတဲ့ မိန်းကလေး…အန်တီချစ်နဲ့ မိသားစုဝင်တွေရဲ့ မလိုမုန်းထားစိတ်တွေကို သူမ အတတ်နိုင်ဆုံး သည်းခံဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"သီတဂူ မမကြီးက အသန့်အပြန့်အရမ်းကြိုက်တယ်၊ သူ့အိပ်



ခန်းထဲမှာ ဖုန်မှုန့်လေးတစ်မှုန့်တလေရှိတာတောင် မကြိုက်ဘူးတဲ့"

ကြည့်စမ်းပါဦး…သူကိုယ်တိုင်တော့ တစ်ခန်းလုံး ဖွာလန်ကြဲနေအောင် ပစ္စည်းတွေပစ်ထားသည်။ အသုံးအဆောင်တွေက လဲတဲ့ဟာလဲ၊ ပြုတ်ကျတဲ့ဟာပြုတ်ကျနှင့် တမင်ပဲ လုပ်ထားတာလား။ ဘီယာဘူးတွေလည်း သောက်လက်စတွေနှင့် အနံ့အသက်တွေမကောင်းပေ။ မိန်းကလေးဖြစ်ပြီး ဒီလောက်အထိ အနေအထိုင်ပက်စက်ကာ ကိုယ်ကျင့်တရားလည်း မကောင်းသူက မျိုးရိုးစစ်သည်တဲ့လား။ သီတဂူနှာခေါင်းလေးက ရှုံ့တွနေသည်။

"နေ့တိုင်းရှင်းလင်းပေးရတယ်၊ မမကြီးအခန်းက သန့်ရှင်းရေးကို အထူးဂရုစိုက်ပြီး လုပ်ရမယ် တင်းကြပ်တဲ့စည်းကမ်းပဲ"

"အင်း"

"မာမာတို့နဲ့ တန်းတူပဲ သီတဂူ အလုပ်လုပ်ရမယ်တဲ့၊ အစ်ကိုလေးနဲ့လည်း ပတ်သက်ဆက်ဆံစရာ မလိုဘူးတဲ့"

"မိုးကောင်းကင်ကိုလည်း သီတဂူနဲ့ လာမဆက်ဆံစေဖို့ တင်းတင်းကြပ်ကြပ် ပြောထားပေးပါ"

"သီတဂူဘက်ကပဲ ရှောင်နေလိုက်ရင် ပြီးတာပဲ မဟုတ်လား၊ အစ်ကိုလေးကိုတော့ ဘယ်သူမှ တားဆီးလို့မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သီတဂူကိုလည်း တားဆီးလို့ရမယ် မထင်နဲ့"

"ဟင်"

"သီတဂူ အခုလို လုပ်ပေးနေတာ ဖေဖေ့ကို စိတ်မချမ်းမသာ မဖြစ်စေချင်လို့ပဲ အဲ့ဒါ သိထားပါ"

"နင်"

သီတဂူ အလုပ်တွေပဲ ဆက်လုပ်နေမိသည်။ အိမ်ဖော်တွေနှင့် တန်းတူထား ဆက်ဆံစေတာ တစ်နေ့ ရှင်တို့တွေ နောင်တရစေရမယ်။ ဖေဖေ့အတွက်ပါ၊ သီတဂူအား အခွင့်အရေးတွေနှင့် မိသားစုစာရင်းသွင်းထားခဲ့တဲ့ ဖေဖေက ဘာပဲပြောပြော မိသားစုနှင့် သီတဂူ အဆင်မပြေဘူးဆိုရင် ဖေဖေ စိတ်သောကရောက်ရမည်ဖြစ်သည်။

"ဖေဖေ သမီးအပေါ်တာဝန်မကျေခဲ့ဘူး။ ဖေဖေရှာပေမယ့် သမီးမေမေက မာနကြီးနဲ့ ရှောင်ပုန်းနေတာပါ။ အခု ဖေဖေ အားလုံးဖြည့်စွမ်းပေးမယ်။ သမီးအတွက် အစောကြီးတည်းက စီစဉ်စရာရှိတာတွေ စီစဉ်ထားပါတယ်"

ဖေဖေရဲ့နွေးထွေးတဲ့မေတ္တာရိပ်မှာ သီတဂူ ခိုလှုံနေချင်ပါသည်။ ဖေဖေ့ကို ပြုစုယုယပေးချင်တယ်၊ ဖေဖေက ဒုက္ခိတာဘဝ။ လက်ရှိသားနဲ့ သမီးက ဖေဖေ့သွေးသားအရင်းအချာတွေ မဟုတ်ပေ။ သမီးအရင်း



အချာဖြစ်တဲ့ သီတဂူရောက်လာလို့ ဖေဖေ အားတက်ပျော်ရွှင်နေသည်။ သူတို့တွေ မတရားလုပ်နေကြမှန်း သိပေမယ့်လည်း ဖေဖေ့ဆီတော့ ပြဿနာတွေ မရောက်သွားစေလိုပေ။ သီတဂူက သန့်သန့်ရှင်းရှင်းနှင့် အိမ်မှုကိစ္စတွေကို စိတ်ဝင်စားတဲ့မိန်းကလေးပါပဲ။ မမိုးဒေဝီကတော့ တော်တော်လေး အနေအထိုင် ပက်စက်တာပဲ။ ဟွန်း…သန့်ရှင်းတာကို အရမ်းကြိုက်တာတဲ့။ သူသန့်ရှင်းရေးမလုပ်ရတိုင်း။ သီတဂူ စိတ်ထဲကနေ အမြင်ကတ်နေမိပေမယ့် သူတို့ဆန္ဒအတိုင်းပဲ နေထိုင်ပြုမူဖို့ ဆုံးဖြတ်ထားသည်။

"ကျွီ"

"ဟင်"

အခန်းတံခါးပွင့်သွားပြီး အထဲကိုဝင်လာသူက မိုးကောင်းကင်ပင်။ သူမ မျက်နှာလေးက တည်သွားသည်။ အစ်ကိုလေးမိုးကောင်းကင်ကိုတော့ ဘယ်သူမှ တားဆီးပိတ်ပင်ထားလို့ မရဘူးတဲ့။ သီတဂူဘက်က ရှောင်ပါတဲ့ အဓိပ္ပါယ်မရှိ။ မိုးကောင်းကင်တဲ့ နာမည်နဲ့ လုံးဝ မလိုက်ဖက်ဘူး။ သူမ သန့်ရှင်းရေးပဲ ဆက်လုပ်နေသည်။

"သီတဂူ"

သီတဂူက မထူးပေ။ အရေးမလုပ်ဘဲ ဖုန်တွေကို သုတ်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အစ်ကိုလေးမိုးကောင်းကင်ကို တားဆီးလို့ မရဘူးတဲ့။ သီတဂူကလည်း မိုးကောင်းကင်လို လူတစ်ယောက်ကို အထင်မကြီးဘူးဆိုတာ ပြရမယ်။ မိုးကောင်းကင်က သူမ အနားကပ်လာသည်။

"မင်းက ကိုယ့်ကို အဖက်မလုပ်ချင်တာလား။ သီတဂူ"

"ဟုတ်တယ်"

"ဘာ"

"ထွက်သွားပါ"

"မင်းအမိန့်ပေးတိုင်း ကောင်းကင်က ထွက်သွားမယ်ထင်လား သီတဂူ"

"အဟက်"

သီတဂူ ရယ်ပစ်လိုက်သည်။ ကောင်းကင်တဲ့ ဒီလူကို တည်တည်တင်းတင်း ဆက်ဆံပစ်ချင်ပေမယ့် သူ့စကားကြောင့် သီတဂူ ရယ်ချင်သွားသည်။ သူ့မျက်နှာကို မကြည့်ပေ။ အလုပ်တွေပဲလုပ်နေ၏။ သူက သူမရှေ့လျှားရာနောက်သို့ ကပ်လိုက်နေသည်။

"မင်းကို ဘယ်သူက ဒီအခန်းကို သန့်ရှင်းရေးလုပ်ခိုင်းတာလဲ"

"ရှင့်အစ်မလေ ဘာဖြစ်လို့လဲ"

"ဆက်မလုပ်နဲ့တော့"



"ထွက်သွားပါ"

"ဆက်မလုပ်ပါနဲ့တော့ သီတဂူ၊ ကိုယ်နဲ့အဆင်ပြေရင် မင်း ဘာတစ်ခုမှ လုပ်ပေးစရာမလိုဘူး။ဒီမှာ ကိုယ့်အမိန့်ပဲ"

"ကျွန်မ သန့်ရှင်းရေးပဲ လုပ်တော့မယ်"

"ဘာ"

"ကျွန်မ ဘယ်သူနဲ့မှ အဆင်မပြေအောင်မနေဘူး။ ဖေဖေ့ အတွက်ပဲ ကျွန်မ သည်းခံနေချင်နေမယ်"

သီတဂူရဲ့ မာကျောကျော ကြွပ်ဆတ်ဆတ်ပုံစံလေးကို မိုးကောင်းကင် အရမ်းသဘောကျသွားသည်။ မာနတွေနှင့် မဟုတ်ရင်မခံ ဇတ်ဇတ်ကြဲကောင်မလေးက သူ့ကို အရမ်းစိတ်လှုပ်ရှားစေ၏။ ကောင်းကင် တွေ့ကြုံဖူးခဲ့တဲ့ ကောင်မလေးတွေက ကောင်းကင်ဆို အိုကေပဲ။ မဆွတ်ခင်ညွတ်ချင်နေကြတာ။ သူလုံးဝမနှစ်သက်ဘဲ ပေါ့ပျက်ပျက် ဖြစ်နေရသည်။

"မင်းက အရမ်းစိတ်ဝင်စားစရာ ကောင်မလေးပဲ၊ ကိုယ့်စိတ်တွေကို အရမ်းလှုပ်ရှားစေတယ်ကွာ။ ဒီမှာ ကိုယ့်အမိန့်ပဲ ကိုယ့်ဆန္ဒအတိုင်း လုပ်ချင်တာကို လုပ်ပိုင်ခွင့်ရှိတယ်။ မင်းသိထားပါ။ ကိုယ်ကပါ မင်းဘက်ကနေ မရပ်တည်နိုင်တော့ဘူးဆိုရင် မင်း ဒီ့ထက် ဆိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာနော်"

"ဝေးသေးတယ်၊ ကျွန်မက ရှင့်ကို လိုက်လိုက်လျောလျောနဲ့ အဆင်ပြေအောင် နေမယ်လို့ လုံးဝ မျှော်လင့်မနေပါနဲ့ ကိုမိုးကောင်းကင်။ ရှင့်ဟာရှင် မိုးကောင်းကင်ပဲဖြစ်ဖြစ် ငရဲမင်းပဲဖြစ်ဖြစ် ကျွန်မ အထင်မကြီးဘူး။ ဖေဖေ့အတွက် ကျွန်မ ကြံ့ကြံ့ခံပြီး ရင်ဆိုင်မယ်"

"ဘာ"

"ဟင်"

မိုးကောင်းကင်က သူမ ပခုံးနှစ်ဖက်ကို ပိုင်ခိုးပိုင်နင်း အတင့်ရဲစွာ ဆုပ်ကိုင်ပွေ့ဖက်လိုက်သဖြင့် သီတဂူ ဆတ်ဆတ်ခါ နာကျည်းသွားရကာ သူမ ခန္ဓာကိုယ်လေးအား ဆတ်ခနဲ ရုန်းထွက်လိုက်ပြီး သူ့ပါးကို ဖြန်းခနဲ ရိုက်ပစ်လိုက်သည်။

"ဖြန်း"

"ဟာ"

"ကျွန်မကို စော်ကားချင်တိုင်း စော်ကားလို့မရဘူး ထင်နေလား။ လူယုတ်မာ နောက်တစ်ခါလာပြီး ထိကပါးရိကပါးလုပ်ရင် ဖေဖေ့ကို တိုင်မယ် ဟွန်း"

သီတဂူ ဒေါသတကြီးနှင့် အပြင်ထွက်လာခဲ့သည်။



အခန်းဝတွင် ဒေါ်ချစ်ချစ်သဲနှင့်ဆုံ၏။ သီတဂူအား ဒေါသတွေ ထန်နေတဲ့ မျက်ဝန်းစိမ်းစိမ်းတောက်တောက်တွေနှင့် ကြည့်သည်။

"ငါ့သား နင့်အခန်းထဲ ဘာဝင်လုပ်တာလဲ သီတဂူ"

"မေးကြည့်လေ"

"နင်"

သူမအခန်းလေးထဲ ပြန်ဝင်လာသည်။ ဟွန်း ဒေါသဖြစ်စရာ ကောင်းလိုက်တာ။ မိုးကောင်းကင် ရှင့်ကို လုံးဝခွင့်မလွှတ်ဘူး။ သီတဂူအား အထင်သေးပြီး ကိုယ်ထိလက်ရောက်စော်ကားဖို့ ကြိုးစားတာပဲဖြစ်သည်။ မှတ်ထား၊ ရှင် စော်ကားလို့ရမယ်မထင်နဲ့။ ဖေဖေရယ် သီတဂူလေ ဖေဖေ့ဆီကနေ အခွင့်အရေးတွေ ဘာတစ်ခုမှမလိုချင်ပါဘူး။ အမွေပစ္စည်းတွေထက် ဖေဖေ့အနားမှာပဲ နေချင်သေးတာပါ။ ဖေဖေ့ မျက်နှာတစ်ခုတည်းနဲ့ပဲ သီတဂူ အရာရာကြံ့ကြံ့ခံနေမှာပါနော်။ သူမ မျက်ရည်တွေ ကျချင်လာသည်။ မငိုပါဘူး။ သီတဂူကဘဝကို ရင်ဆိုင်ဖြေရှင်းတတ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ချင်တာပါ။ မျက်ရည်တွေ သုတ်ပစ်လိုက်သည်။

"ဖေဖေ့အတွက် သည်းခံရမယ်၊ ဖေဖေ့ကို စိတ်သောက ရောက်အောင် မလုပ်ဘူး။ ဖေဖေ့အနားမှာ လိမ္မာတဲ့ နားလည်သိတတ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သမီးအဖြစ်ပဲနေပါ့မယ်"

ဖေဖေရဲ့ ရောဂါဝေဒနာတွေက စိတ်သောက ရောက်စရာတွေ ကြုံတွေ့လို့မဖြစ်ပါဘူး။ သီတဂူ သည်းခံဖို့ကြိုးစားနေပေမယ့် သူတို့က ရက်စက်ကြသည်။ အိမ်ဖော်အလုပ်သမားတွေကအစ သီတဂူအား နှိမ်ချ ဆက်ဆံကြရန် ညွှန်ကြားထားခဲ့၏။ ဖေဖေ့ကို အသိပေးလိုက်လျှင် ဘယ်လိုပဲ သမီးသီတဂူဘက်ကနေ ရပ်တည်ပါစေ နှစ်ပေါင်းများစွာ နေထိုင်ခဲ့တဲ့အပေါ် ဖေဖေသံယောဇဉ်တွေ တွယ်ငြိနေနိုင်တာပဲ။ သီတဂူ နင်တော့ ဟိုကောင် မိုးကောင်းကင်ကို ပါးရိုက်ပစ်လိုက်တာ ပြဿနာ တွေကိုပိုပြီး ဖိတ်ခေါ်သလိုဖြစ်သွားပြီထင်တယ်။ ဒီကောင်က သီတဂူ အား အငြိုးအတေးပိုကြီးမားစွာထားတော့မှာ သေချာသည်။

"မင်းရဲ့ မာကျောကျော ကြွပ်ဆတ်ဆတ်ပုံစံလေးက ကိုယ့်ကို ပိုပြီး စိတ်လှုပ်ရှားစေတယ် သီတဂူ"

မိုးကောင်းကင်ပြောတဲ့ စကားတွေကို သီတဂူကြားယောင်နေပြီး မေ့ပစ်လို့မရအောင် ဒေါသထွက်နေသည်။ ကြည့်စမ်း သီတဂူအား စော်စော်ကားကား ပွေ့ဖက်ဖို့ ကြိုးစားတယ်။ ရှင်စော်ကားချင်တိုင်း စော်ကားလို့ရမယ် ထင်နေလား။ သီတဂူ ဒေါသတကြီးနှင့်ပေါက်ကွဲ လွင့်စင်ထွက်ချင်နေသည်။



"အရှုး・・・အရှုး အသုံးမကျတဲ့ကောင်"

သူ့ပါးပြင်အား ရှစ်စိတ်ကွဲအောင် ရိုက်ပစ်ချင်သည်။

## အခန်း(၅)

"ဖေဖေ"

"သမီး သီတဂူ"

"နေမကောင်းဘူးလားဟင်၊ သီတဂူ နှိပ်ပေးရမလား။ သီတဂူနဲ့ အပြင်ထွက်ပြီး လမ်းလျှောက်ကျင့်မလား"

ဖေဖေ့ကိုကြည့်ရတာ နွမ်းနွမ်းဖတ်ဖတ် ခွေခွေယိုင်ယိုင်လေး ဖြစ်နေ၏။ သီတဂူ စိတ်ပူပင်စွာ မေးမိသည်။ ဖေဖေစိတ်တွေ တက်ကြွ ပြီး ရွှင်လန်းနေမှ ရောဂါဝေဒနာကိုအနိုင်ရမှာပါ။ ဖေဖေ့ဇနီး အန်တီ ချစ်က စီးပွားရေးလုပ်ငန်းတွေ ဦးစီးပြီး ဖေဖေ့ကို ဂရုစိုက်ပုံမပေါ်ပေ။ သီတဂူကိုလည်း ဖေဖေက အရေးတယူလုပ်ပြနေ၍လည်း ဖေဖေ့အပေါ်

www.burmeseclassic.com

www.burmeseclassic.com



အမြင်မကြည်လင်ဘဲ ခပ်စိမ်းစိမ်းနေပြပုံလည်းရသည်။

"သမီး သီတဂူ"

"ဖေဖေ"

"ဒီမှာနေရတာ အဆင်ပြေရဲ့လား။ သူတို့တွေက သမီးရောက်လာတာကို မလိုလားဘူးဆိုတာ ဖေဖေ သိပါတယ်။ သူတို့သမီးကို ဘယ်လိုဆက်ဆံကြလဲ ပြောစမ်းပါ"

"ဟင့်အင်း သူတို့ဆက်ဆံမှုက နွေးထွေးပါတယ် ဖေဖေရယ်၊ သီတဂူ ပျော်ပါတယ်။ ဖေဖေ့အနားမှာနေခွင့်ရတာပဲ ကြီးမားတဲ့ဆုလာဒ်ကြီးလေ။ အန်တီချစ်က အလုပ်များတယ်၊ မမဒေဝီကလည်း အပြင်ထွက်နေတာပဲဟာ။ သီတဂူနေရတာ လွတ်လပ်ပါတယ်"

"တကယ်ပဲလား သမီးရယ်"

"တကယ်ပါ ဖေဖေရဲ့ အခု သီတဂူနဲ့ဖေဖေ ခြံထဲဆင်းပြီး လမ်းလျှောက်ကြမလားဟင်။ ဆရာဝန်ကြီးက ဖေဖေ့စိတ်တွေ တက်ကြွ ရွှင်လန်းနေမှ ရောဂါဝေဒနာကို အနိုင်ရမှာတဲ့လေ"

သမီးသီတဂူ မသိပါဘူးလေ။ ချစ်ချစ်တို့က သီတဂူ ရောက်လာလို့ မလိုမုန်းထားစိတ်တွေနဲ့ ဖေဖေ့ကို အတိုက်အခံမလုပ်ရဲပေမယ့် မျက်နှာပေါ်မှာပေါ်နေတာပဲ ဖေဖေ သိပါတယ်။ သမီးက ဒရိုင်ဘာကြီးရဲ့



သွေးလေ။ မျိုးရိုးကိုမကြိုက်ကြတာ။ သမီးသီတဂူကို ပေးသင့်တာပေးပြီး မောင်းထုတ်စေချင်ကြတယ်။ ချစ်ချစ်ကသူ့သားနဲ့ နီးစပ်သွားမှာ စိုးရိမ်နေတာ ဖေဖေသိပြီး ရင်နာလို့မဆုံးတာပါပဲ။ မိမိစိတ်တွေ လေးလံကာ ငြိုလဲချင်နေသည်။

"သမီး သီတဂူ"

"ရှင်"

"ဖေဖေ့ဆရာဝန်ကြီး ဒေါက်တာဦးထင်ပေါ် ရဲ့တူပည့် ဒေါက်တာ သက်တန့်ရောင်နဲ့ လက်ထပ်ပေးချင်တယ်ကွယ်"

"ရှင် ဖေဖေ"

"ဒီနေ့ပဲ ဒေါက်တာသက်တန့်ရောင်နဲ့ မိတ်ဆက်ပေးမယ်၊ မကြာခင် ရောက်လာမယ် သမီး"

"ဖေဖေ"

"မငြင်းပါနဲ့ သမီးရယ်"

"ဟို ဟို အဲ့ဒီဒေါက်တာက သမီးကိုလေ...သမီးကို လက်ခံချင်ပါ့မလားဟင်"

သီတဂူကို ဖေဖေစိတ်ပူပြီး စေ့စပ်တာတွေက သီတဂူ စိတ်ပင်ပန်းရသည်။ သီတဂူက ဖေဖေ့သမီးဖြစ်ပေမယ့် ဒရိုင်ဘာမျိုး

www.burmeseclassic.com

www.burmeseclassic.com



လေ။ အဲ့ဒါကိုထောက်ပြီး ဖေဖေသမီးကို လက်ထပ်ပေးမလို့လား။ ဖေဖေကတော့ သီတဂူအား ကြင်ကြင်နာနာလေးနှင့် ပြုံးကြည့်သည်။

"စိတ်မပူပါနဲ့ကွယ်၊ ဖေဖေက သမီးအကြောင်း အားလုံးဖွင့်ပြောပြထားပါတယ်။ ဒေါက်တာသက်တန့်ရောင် ဆန္ဒရှိမှပါ"

"သမီးအတွက် ဖေဖေ့မေတ္တာတွေပဲ လိုအပ်တာပါ။ သမီးအိမ်ထောင်ဖက်ကို မလိုအပ်ဘူးထင်ပါတယ် ဖေဖေ"

"ဖေဖေကတော့ စီစဉ်ရမယ်၊ သမီးသီတဂူအပေါ် တာဝန်ကျေရမယ်လေ၊ ဖေဖေ စိတ်ချချင်တယ်"

ဦးငွေရှံကတော့ သမီးသီတဂူအတွက် အရာအားလုံးပြည့်စုံအောင် ဖြည့်စွမ်းပေးလိုသည်။ မိမိငနီးနှင့်သားသမီးတွေရဲ့ စိတ်ကိုလည်းရိပ်မိနေ၏။ သမီးသီတဂူကို မလိုလားကြပါဘူး။ မောင်သက်တန့်ရောင်က မိမိက သူငယ်စဉ်လေးထဲက ပညာသင်ကြေးထောက်ပံ့ထားခဲ့သည်။ အရိုးအကြောအဆစ်နှင့် အထွေထွေသမားတော်ကြီးရဲ့ လက်ထောက်အဖြစ်လည်း မိမိပဲ လုပ်ဆောင်ပေးခဲ့တာပါ။ မောင်သက်တန့်ရောင်က ငြင်းမည်မထင်ပါ။ သမီးသီတဂူကလည်း ပညာထူးချွန်သည့် မိန်းကလေးပဲ၊ ရုပ်ရည်ကလည်း ချောမောနဖတ်နေသည်။

"မောင်သက်တန့်ရောင်ကလည်း ချမ်းသာကြွယ်ဝတဲ့



အသိုင်းအဝိုင်းက မဟုတ်ပါဘူးကွယ်၊ ဖေဖေတောင် ပညာသင်ထောက်ပံ့ကြေးပေးခဲ့ရတာပဲ။ ပြဿနာမရှိပါဘူး"

"တကယ်တော့ သမီးအတွက် ဒါက မလိုအပ်ဘူး ထင်ပါတယ်"

"လိုအပ်ပါတယ်ပေါ့ မိဘဝတ္တရားလေ၊ ဖေဖေက သမီးဘဝတင့်တယ်မှုရော၊ လုံခြုံစိတ်ချမှုရော မသေခင် စီစဉ်ပေးသင့်တယ်လေ"

"ခြံထဲဆင်းရအောင်နော် ဖေဖေ"

"ဒီနေ့ မဆင်းချင်ဘူး သမီးရယ်၊ နေမကောင်းဘူး။ တစ်ခါတရံဖေဖေစိတ်ဓာတ်တွေ အရမ်းကျတယ်။ သမီးရောက်လာမှ ဇက္ကိတကြီးဖြစ်နေလို့ပါ"

ဦးငွေရှံ စိတ်မကောင်းဖြစ်မိသည်။ သမီးသီတဂူ ရောက်လာမှ မိမိက အပြည့်အဝ မစောင့်ရှောက်နိုင်၍ဖြစ်၏။ ချစ်ချစ်တို့ သားအမိတွေကို မယုံပေ။ အတ္တကြဲးကြတယ်၊ မလိုတမာစိတ်တွေလည်း များကြတယ်။ သီတဂူကို မလိုလားကြ ငွေကြေးဥစ္စာထက် မျိုးရိုးကို လက်မခံနိုင်ကြတာပဲ။ ဒရိုင်ဘာမျိုးရိုးတဲ့။ သမီးလေးကို မျက်နှာမငယ်စေချင်ပေ။ မောင်သက်တန့်ရောင်က နှစ်သက်ရင် လက်ထပ်ပေးပြီး ဘဝကို တင့်တင့်တယ်တယ် ထူထောင်ပေးချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေအနားယူချင်ပြီ၊ သမီးသီတဂူ အားငယ်နေမှာ စိတ်သောကတွေ ရောက်နေမှာပဲ ဖေဖေ စိတ်ပူတာ။ ဖေဖေက သမီးကို လိုက်မကြည့်နိုင်ဘူးလေ"

"ဖေဖေကလည်း သီတဂူကိုများ စိတ်ပူနေတယ်၊ ဘဝကို ထုသားပေသားကျနေပြီးသားပါ။ သီတဂူ နေတတ်ပါတယ်"

"မောင်သက်တန့်ရောင်လာမှ သမီးလေး ပြန်လာခဲ့နော်"

"ဟုတ်ကဲ့"

သီတဂူ အပြင်ပြန်ထွက်လာခဲ့သည်။ ဖေဖေ့ကိုကြည့်ရတာ အားမရမိ။ သီတဂူကြောင့်ပဲ ဖေဖေ စိတ်သောကတွေ ပိုရောက်နေရတာလားပဲ။ သီတဂူအခန်းဝတွင် မမဒေဝီစောင့်နေတာ တွေ့လိုက်ရသည်။ စိတ်ပျက်စရာပဲ၊ တွေ့တာနှင့် မျက်ထောက်နီနီကြီးဖြင့် စူးစူးရဲရဲကြည့်နေ၏။ မမဒေဝီရဲ့ မလိုမုန်းထားမှုတွေက ကြောက်စရာကောင်းသည်။

"ဟဲ့ သီတဂူ"

"ရှင်"

"နင့်ကို ဖေဖေ ဘာပြောလဲ"

"ရှင်"

"ဘာရှင်လဲ"



"သီတဂူကို ဘာမေးတာလဲ၊ ဖေဖေပြောတာတွေက အများကြီးပဲလေ"

"နင် အ,ချင်ယောင်ဆောင်မနေစမ်းပါနဲ့၊ ငါသိချင်တာ ဒေါက်တာ သက်တန့်ရောင်အကြောင်းပဲ"

"ဪ ဒါလား ဖေဖေက ဒေါက်တာသက်တန့်ရောင်နဲ့ သမီးကို မိတ်ဆက်ပေးရမယ်တဲ့။ မောင်သက်တန့်ရောင်က လက်ခံရင် သီတဂူနဲ့ လက်ထပ်ပေးမယ်တဲ့"

"ဘာ"

"အမလေး မမဒေဝီရယ် လန့်သွားတာပဲ ဘာဖြစ်လို့လဲဟင်"

သီတဂူ အမြင်ကတ်ကတ်နှင့် အရွဲ့တိုက်ပြီး အမှန်အတိုင်း ပြောပစ်လိုက်သဖြင့် မမဒေဝီ ချောက်ချောက်ချားချားကြီး အော်လိုက်ရာ သီတဂူပင် လန့်သွားရသည်။ မမဒေဝီက သီတဂူအား မုန်းတီးရွံရှာသော မျက်ဝန်းခါးခါးတွေနှင့် ကြည့်၏။ သီတဂူကတော့ ဘာမှ မဖြစ်သလိုပဲ အခန်းထဲဝင်ဖို့ပြင်သည်။

"နေဦး"

"ရှင်"

"နင့်ကို အသိပေးစရာရှိလို့၊ ဒေါက်တာသက်တန့်ရောင်က

www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့လက်ထပ်ဖို့ အစောကြီးထဲက ရည်ရွယ်ထားတာ။ မေမေက ဖေဖေ့ကို ပြောမလို့ပဲ နင့်အဖေက အခုမှ အဖြစ်သည်းနေလိုက်တာ။ ဒေါက်တာ သက်တန့်ရောင်က နင်နဲ့မတန်ဘူး"

"ဖေဖေ့ကိုပြောပါ။ သီတဂူကလည်း မနှစ်သက်ပါဘူး။ စိတ် မဝင်စားဘူး၊ မမဒေဝီအတွက်ဆိုရင်လည်း ဖေဖေ့ကိုပြောလေ"

"ဟဲ့ နင်"

သီတဂူအခန်းထဲ ဝင်လာတော့ မမဒေဝီ အနောက်မှလိုက်လာ သည်။

"နင့်ကို ပြောထားပြီးသားနော်၊ ကိုသက်တန့်နဲ့ကင်းအောင် နေပါ။ ငါ့ချစ်သူကိုလုယူဖို့ မကြိုးစားနဲ့နော် သီတဂူ၊ ညည်း သိထား အောင် ပြောပြတာ"

"သီတဂူ စိတ်မဝင်စားဘူးလို့ ပြောထားပြီပဲ"

"ကောင်းပြီ နင် ငါ့အခန်း ရှင်းပေးဦး"

မမဒေဝီ ပြန်ထွက်သည်။ သူတို့နဲ့ပဲ ဘာဖြစ်လို့များလာပြီး ပတ်သက်နေရတာလဲ။ ဒေါက်တာသက်တန့်ရောင်ကို ဖေဖေက သီတဂူနှင့် ရည်မှန်းထား၏။ မမဒေဝီက သူ့အတွက်တဲ့၊ သီတဂူကတော့ စိတ်မဝင်စားမိ။ ရောဂါဝေဒနာကြောင့် စိတ်အားတွေငယ်နေတဲ့ ဖေဖေ့



အတွက်ပါပဲ။ ပြဿနာတွေမဖြစ်ချင်ပေ။ သီတဂူ ဖုန်သုတ်စက်ကိုမ,ပြီး မမဒေဝီအခန်းထဲ ဝင်လာခဲ့သည်။

"ဟင်"

သူ မိုးကောင်းကင်က မမဒေဝီခုတင်ပေါ်မှာ အိပ်နေသည်။ အခန်းတစ်ခုလုံးလည်း ပစ္စည်းတွေနှင့် ပွရှုပ်နေတာ မိန်းကလေး တစ်ယောက်ရဲ့ အဆင့်အတန်းကိုပြနေသည်။ အခြောက်တိုက်ဘဝင်မြှင့် ပြီး ကြီးကျယ်နေကြတာပါ။ မိုးကောင်းကင်အိပ်နေတာဖြစ်၍ သီတဂူ အရေးမစိုက်ဘဲ သန့်ရှင်းရေးပဲ လုပ်နေလိုက်သည်။

"သီတဂူ"

"ထွက်သွားပေးပါ"

"ကိုယ်က သီတဂူနဲ့စကားပြောချင်လို့ စောင့်နေတာ"

"နင်နဲ့ဘာမှ ပြောစရာမရှိဘူး ထင်တယ်"

"အဲ့ဒီလောက် မစိမ်းပါနဲ့ သီတဂူရာ"

သူ ထ,လာသည်။ ပြုံးစိစိမျက်နှာထားကို သီတဂူ အရမ်းမုန်း တာပဲ။ သင်းပါးမှာ လက်ငါးချောင်းရာက ရေးရေးလေးထင်နေဆဲပင် ဖြစ်သည်။ သီတဂူက သူ့ကို ပါးရိုက်လိုက်သည့်အတွက် ပြဿနာက မတက်လာပေ။ သူဖြေရှင်းလိုက်လို့ပဲဖြစ်မည်။ မိုးကောင်းကင်က သီတဂူ

www.burmeseclassic.com

www.burmeseclassic.com



အနားတိုးကပ်လာ၍ သီတာ့ကလည်း ဖုန်သုတ်နေရာကနေရပ်ပြီး သူ့ကို တိုက်ခိုက်ဖို့ အသင့်အနေအထားပြင်ထားလိုက်သည်။

"မင်းကို ချစ်တယ်"

"ရှင်"

"ဘာဖြစ်လို့လဲ"

"ရှင်တို့လို အခြောက်တိုက်ဘဝင်မြှင့်ပြီး လူတွေကိုနှိမ်ချ ဆက်ဆံတတ်တဲ့ လူတွေ၊ အနိုင်ကျင့်ချင်တဲ့ အကျင့်စရိုက်ရှိတဲ့လူတွေကို မုန်းလို့"

"ကိုယ်က အဲ့ဒီထဲမှာ မပါဘူးလေ"

"လုံးဝပဲ"

"မင်း ဘာဖြစ်လို့ အခြောက်တိုက် မာနတွေ ပြချင်နေရတာလဲ သီတာ့၊ မိုးကောင်းကင်ကို မင်း ဘာထင်နေလို့လဲ၊ ဒီတိုက်ကြီးရဲ့ အရှင်သခင်မကြီး ခေါ်ချစ်ချစ်သဲရဲ့သားနော်။ လိုချင်တယ်ဆိုရင် အကုန် ရတယ်။ မင်းကိုကိုယ်က ချစ်တယ်ဆိုရင်တောင် ကိုယ့်အမေက လိုက် ချစ်မှာ"

"တကယ်လား"

"မယုံရင် စမ်းကြည့်လေ သီတာ့"



"ကောင်းပြီလေ ရှင့်အမေနဲ့ အရင်ညှိလိုက်ပါဦး။ သီတာ့ကို ချစ်မလားလို့"

"ကိုယ့်မေမေက မင်းကို ချစ်ရင်ရော မင်းကကိုယ်ကို ချစ် မှာလား"

"အင်း ရှင့်ကို စိန်ခေါ်တာလေ၊ တကယ်လို့ ရှင့်အမေက သီတာ့ကို မတူမတန်သလို ဆက်ဆံရင်၊ လက်မခံဘူးဆိုရင် ရှင် သီတာ့နဲ့လာပြီး ပတ်သက်ဆက်ဆံဖို့ လုံးဝ မလုပ်တော့ပါဘူးလို့ ကတိ ပေး"

"မင်းရှုံးမှာပါ။ ကိုယ့်မေမေက ကိုယ်ချစ်တဲ့ကောင်မလေးတွေ အားလုံးကို အရမ်းချစ်ပြခဲ့တာ။ ကိုယ်မုန်းရင်လည်း အဲ့ဒီမိန်းကလေးကို ကိုယ့်အနားလာကပ်တာနဲ့ သတ်ပစ်မလားပဲ"

"အပေါက်"

"မရယ်နဲ့ သီတာ့၊ မိုးကောင်းကင်အမိန့် ဘယ်လောက်အထိ ပြင်းထန်လည်းဆိုတာ မင်း သိစေရမယ်"

"စိန်လိုက်လေ"

အန်တီချစ်ကို သီတာ့ နည်းနည်းလေးမှ မေတ္တာစေတနာ မရှိဘဲ မုန်းတီးနေမိသည်။ သီတာ့အား အိမ်ဖော်တွေကအစ နှိမ်ချ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံစေရန် အမိန့်ပေးထားတဲ့ မိန်းမကြီးပဲ။ သီတဂူအား မိတွေးပီသစွာ ဆက်ဆံသူ မှန်းလိုက်တာ၊ ရှင့်အမေကို ကျွန်မ အမုန်းဆုံးပဲ။ သီတဂူအား ဒရိုင်ဘာရဲ့သွေးဖြစ်လို့ သူ့သားနဲ့မနီးစပ်စေချင်ဘူးတဲ့။ မတူမတန်ဘူးတဲ့လေ။ မိုးကောင်းကင်ကို ဘယ်လိုတားဆီးမလဲ. လင်ပါ သမီးအား စော်ကားချင်တိုင်းစော်ကားစေရန် လွှတ်ပေးထားတာ ယုတ်မာတာပဲ။ ရှင်ကြီး သားသမီးချင်း ကိုယ်ချင်းမစာတာပဲ။ ကဲ အခု သီတဂူ မိုးကောင်းကင်ကို စိန်ခေါ်ပစ်လိုက်ပြီလေ။ သီတဂူအကြည့်တွေက စူးရှမာထန်နေသည်။

× × × × × × × × × × × × × × ×

# အခန်း(၆)

သက်တန့်ရောင်ရဲ့အကြည့်တွေက ဖုန်စုတ်စက်ကိုကိုင်ပြီး ပေရေမဲ့တူးနေတဲ့ မျက်နှာချောချောလေးကို အမှတ်မထင်တွေ့သွားသည်။ အိမ်ဖော်ကောင်မလေး အသစ်တစ်ယောက်ထင်တယ်ဟု တွေးမိနေ၏။ ကောင်မလေးက နှုဖတ်ချောမောပြီး အိမ်ဖော်နှင့်မတူပေ။ အန်ကယ်ငွေရဲ့က သူ့ကို ခေါ်ထားသည်၊ သမီးလေးသီတဂူနှင့် မိတ်ဆက်ပေးဖို့တဲ့။ သူ အန်ကယ့်အခန်းထဲ ဝင်ခါနီး တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးတဲ့ ကောင်မလေးနှင့် တွေ့ခြင်းဖြစ်သည်။

"ဒီမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မင်းက ဒီအိမ်က အလုပ်သမား အသစ်လား"

"ဟို ဟို မဟုတ်ပါဘူး။ အဲ ဟုတ်ပါတယ်"

"ဪ မတွေ့ဘူးလို့"

"ဟုတ်ကဲ့"

သက်တန့်ရောင်ကတော့ စိတ်ထဲမှာ တစ်မျိုးပဲ ကောင်မလေးက တော်တော်လေး ဆွဲဆောင်မှုရှိနေသည်ဟု ထင်သည်။ ဘာကြောင့်လဲ အန်တီချစ်သဲက ဒီလိုကောင်မလေးမျိုးကို အလုပ်သမားအဖြစ်ခန့်မှာ မဟုတ်ပါဘူး။ အန်တီချစ်သား မိုးကောင်းကင်နှင့် အဆင့်အတန်းနိမ့်တဲ့ ကောင်မချောလေးတွေ ဆုံမိမှာ မလိုလားလားဆုံးပင်၊ သူပင် ကောင်မလေးအား မြင်ယောင်ပြီး စိတ်ဝင်စားနေမိသည်။

"အန်ကယ်ရဲ့"

"မောင်သက်တန့်ပါလား။ ထိုင်ပါဦးကွာ"

"အန်ကယ့်ကိုအရင်ဆုံး ကျန်းမာရေးစစ်ဆေးမယ်နော်"

"အင်း"

ဒေါက်တာသက်တန့်ရဲ့ ကျန်းမာရေးစစ်ဆေးမှုကို ခံယူရင်း ဦးငွေရံစိတ်တွေထဲမှာ သမီးသီတာဂူနှင့် လက်ထပ်ပေးရန် ဆန္ဒတွေပြင်း



ပြနေသည်။ လူတော်လူကောင်းလေးပဲ မိမိယုံကြည်၏။ သမီးသီတာဂူကို မောင်သက်တန့်လက်ထဲ အပ်ချင်တယ်။ ပြီးတော့ သမီးအတွက် မိမိကြိုတင်စီစဉ်ထားတဲ့ အမွေတွေစီမံခန့်ခွဲစေချင်တယ်။ သီတာဂူကို မျက်နှာမငယ်စေချင်တာပါ။ လူချောလူခန့် ပညာတတ်လေးပဲ၊ သမီးနှင့် မိတ်ဆက်ပေးဖို့ စဉ်းစားနေသည်။

"ကျန်းမာရေးအခြေအနေကတော့ ကောင်းပါတယ်၊ အိုကေပဲ။ ဒါပေမယ့် အန်ကယ့်စိတ်တွေကျနေတယ်ထင်တယ်။ မျက်နှာက ညှိုးနေတယ်လေ။ ဘာအကြောင်းများ ရှိနေလို့လဲ"

"မောင်သက်တန့်"

"ပြောပါ အန်ကယ်"

"အန်ကယ့်သမီးလေးနဲ့ မိတ်ဆက်ပေးချင်တယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အန်ကယ်က သမီးလေးကို အပ်ချင်တာပါ"

"အန်ကယ်ပြောထားပြီးပြီပဲ၊ မိတ်ဆက်ပေးလေ။ အန်ကယ့်ဆန္ဒက ကျွန်တော့်ဆန္ဒပါပဲလေ"

"ဝမ်းသာလိုက်တာကွယ်၊ အန်ကယ်က ကျေးဇူးဆပ်တာမျိုး မဖြစ်စေဘဲ မောင်သက်တန့် ချစ်ခင်နှစ်သက်တာမျိုးပဲ ဖြစ်စေချင်တာပါ။ သမီးကို မချစ်မနှစ်သက်ဘဲ ဘဝတစ်လျှောက်လုံး လက်မတွဲစေချင်တာ

www.burmeseclassic.com

www.burmeseclassic.com



ပါ။ သမီးလေးဘဝ ပျော်ရွှင်ချမ်းမြေ့နေစေချင်တာ"

"အန်ကယ်"

"ပြော"

"ကျွန်တော် တွေ့ပါ့မယ်၊ လက်ထပ်ဖို့ကတော့ ကျွန်တော်လည်း ချစ်မြတ်နိုးတဲ့မိန်းကလေး ဖြစ်စေချင်ပါတယ်။ တကယ်လို့ ကျွန်တော် မချစ်နိုင်ဘူးဆိုရင်တောင် ညီမလေးအဖြစ် စောင့်ရှောက်ပေးသွားမှာပါ"

"ကောင်းပါတယ်ကွယ်၊ အန်ကယ့်သမီးလေးအကြောင်းကိုလည်း ပြောပြထားပြီးသားပဲ။ မင်းဆန္ဒပါပဲလေ၊ အန်ကယ် အတင်းအကြပ် မတိုက်တွန်းပါဘူး"

စောစောကတွေ့တဲ့ကောင်မလေးသာ အန်ကယ်ဦးငွေရဲ့သမီးလေး သီတဂူဖြစ်ရင် ဘယ်လောက်ကောင်းမလဲဟု သက်တန့် ရှုကြောင်ကြောင် တွေးမိနေသေးသည်။ ရင်ထဲအထိ စွဲမက်ဖွယ် ရင်ခုန်လှိုက်ဖိုစေတဲ့ ကောင်မလေးပဲ။ ဒုက္ခပါပဲကွာ၊ သက်တန့် ရူးနေပြီလား။ အိမ်ဖော်ကောင်မလေးကိုများ . . .သက်တန့်က ရိုးသားဖြူစင်တဲ့ ကောင်မလေးမျိုးကိုပဲ နှစ်သက်တာ။ ဒီမှာရှိတဲ့ မိုးဒေဝီလို ပေါ့ပေါ့ပျက်ပျက်နှင့် ခေတ်ရေ့ပြေးလွန်းတဲ့မိန်းကလေးကိုတော့ ဘယ်လောက်ပဲ



ချမ်းသာကြွယ်ဝနေပါစေ မနှစ်သက်မိပေ။ သီတဂူ မင်းဘယ်လိုမိန်းကလေးမျိုးလဲ။ အန်ကယ်ကတော့ မင်းအကြောင်းတွေကို ကိုယ်သိအောင် ပြောပြထားတာပဲ။ သူ့မှာ သမီးလေးတစ်ယောက်ရှိတဲ့ အကြောင်း အန်ကယ်ငွေရဲ့ စကားစပ်မိတိုင်း ပြောပြတတ်သည်။ အန်ကယ်ငွေရဲ့က သူ့ကျေးဇူးရှင်ပဲ။ သူ့ကို ပညာသင်ပေးပြီး အလုပ်လည်း စီစဉ်ပေးခဲ့သူ။ အန်ကယ့်ဆန္ဒက သမီးကို လက်ထပ်စေချင်ပါတယ် ပြောရင်လည်း သူလိုက်လျောရမှာပဲဖြစ်သည်။ သီတဂူ မင်းက ရုပ်ပလာကောင်မလေးမျိုးလား၊ အန်ကယ်ငွေရဲ့က အိမ်ဖော်မကြီးဒေါ်သွယ်ကို ခေါ်၍ သမီးနှင့်တွေ့လိုကြောင်းပြောသည်။

"သမီးလေး ကျုပ်အခန်းထဲ လွှတ်လိုက်ပါ မသွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

သီတဂူတဲ့လား နာမည်လေးကတော့ အေးချမ်းတာပဲ၊ သူ့ရဲ့ ဘဝတစ်သက်တာ လက်တွဲဖော်ဖြစ်နိုင်နေ၍ သက်တန့် ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေမိသည်။ အခန်းတံခါးက ကျွီခနဲပွင့်လာ၍ သူ စိတ်ဝင်တစားနှင့် ဝင်လာတဲ့ကောင်မလေးအား ကြည့်မိတော့ သက်တန့်မျက်လုံးတွေ ပြူးကျယ်သွားရ၏၊ အံ့သြပြီး ထိတ်လန့်သွားရ၏။ ဟိုကောင်မလေးပဲ အိမ်ဖော်ဆိုတဲ့ ကောင်မလေး သေချာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စောစောကလို စုတ်ပြတ်ပေရေမနေတော့ ဝတ်စားပြင်ဆင်ထားသည်။

"ဟင်"

"အို"

အကြည့်ချင်းဆုံမိစဉ်မှာပင် ကောင်မလေးက အန်ကယ်မမြင်အောင် စောစောက အဖြစ်အပျက်တွေကို မပြောဖို့ အရိပ်အကဲပြနေသည်။

"သမီး...လာ...ထိုင်၊ သူက ဖေဖေပြောနေတဲ့ ဖေဖေ့ကိုဆေးကုပေးနေတဲ့ ဆရာဝန်ကြီးရဲ့လက်ထောက် ဒေါက်တာသက်တန့်ရောင်လေ"

"ဟုတ်ကဲ့"

"သူက အန်ကယ့်သမီးလေး သီတဂူပဲ မောင်သက်တန့်"

သီတဂူ မင်းက သီတဂူတဲ့လား။ စောစောကပုံစံကရော ဘယ်လိုဖြစ်ရတာလဲကွာ၊ သီတဂူက အန်ကယ့်အား သိစေချင်တဲ့ပုံမပေါ်ပေ။ အထပ်ထပ်အခါခါပင် အန်ကယ့်အလစ်မှာ သူမအား မသိချင်ယောင်ဆောင်နေပေးဖို့ အရိပ်အကဲနှင့်ပြနေသည်။

"မောင်သက်တန့်က ဖေဖေ့မွေးစားသားဆိုလည်း ဟုတ်တယ်သမီး။ ဖေဖေအားကိုးယုံကြည်ရဆုံးပဲ။ သမီး မှတ်ထားပါ။ ခင်ခင်မင်မင်



ရင်းရင်းနှီးနှီး ပြောဆိုအကူအညီတောင်းနိုင်တယ်နော်"

"ဟုတ်ကဲ့"

"မောင်သက်တန့်ကလည်း အန်ကယ်သမီးလေး သီတဂူကို စောင့်ရှောက်ပေးပါ"

"ဟုတ်ကဲ့ပါ အန်ကယ်၊ စိတ်ချပါ။ သီတဂူက မြင်မြင်ချင်းပဲ ခင်မင်ဖို့ကောင်းပါတယ်"

တော်ပါသေးရဲ့ ဒေါက်တာသက်တန့်ရောင်က အရိပ်အကဲသိလို့။ စောစောက အလုပ်တွေလုပ်ရင်း တွေ့လို့ ရောယောင်ပြီး အိမ်ဖော်ကောင်မလေးပါလို့ ပြောလိုက်မိတာပါ။ သီတဂူ နှင် တော်တော်ညံ့တာပဲ။ ဖေဖေအစောကြီးထဲက ကြိုတင်ပြောထားပြီးသား ဒေါက်တာသက်တန့်ရောင် လာမယ်လို့။ သူမအိမ်ဖော်တစ်ယောက်လို နှိမ်ချခံရပြီး အိမ်မှုကိစ္စတွေ လုပ်နေရတာ ဖေဖေ့ကို မသိစေချင်ပေ။ သီတဂူ အဆင်ပြေနေတာပဲ သိစေချင်သည်။ ဒုက္ခိတအဖြစ် စိတ်ဓာတ်ကျနေတဲ့ ဖေဖေသီတဂူအတွက် စိတ်ပင်ပန်းနွမ်းနယ်တွေ မခံစားစေလို၍လည်းဖြစ်သည်။

"သီတဂူ"

"ရှင်"

"ခြံထဲမှာခဏလောက် သွားစကားပြောရအောင်၊ အန်ကယ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တစ်ခါတည်းပဲ နှုတ်ဆက်သွားမယ်နော်။ သီတဂူနဲ့ စကားပြောပြီး ပြန်ပါ့မယ်"

"အေးကွယ် ကောင်းပါပြီလေ၊ မောင်ရင် အန်ကယ့်ဆီကို ဖုန်းဆက်ပါ"

"ဟုတ်ကဲ့"

အန်ကယ်ငွေရဲက သူဆုံးဖြတ်ချက်ကိုပြောရန် အားနာနေမည်ဆိုး၍ ဖုန်းနှင့်ပဲပြောစေခြင်း ဖြစ်သည်။ မင်းက သီတဂူပဲ၊ ကိုယ်ဖြစ်စေချင်တဲ့ ကောင်မလေးအဖြစ် ကိုယ့်ဆန္ဒတွေ ပြည့်ဝသွားစေခဲ့တာပဲ။ သီတဂူအား အပြင်သို့ ခေါ်ထုတ်လာခဲ့သည်။

"သီတဂူ"

"ရှင်"

"စောစောက ကိုယ်တွေ့တာ ဘာတွေဖြစ်တာလဲ၊ မင်းက အိမ်ဖော်ကောင်မလေးအသစ်ဆို"

"ဟို ဟိုလေ သီတဂူက ဝါသနာပါလို့ အိမ်မှုကိစ္စတွေ လုပ်တာပါ။ အဲ့ဒါ ဖေဖေ့ကို မသိစေချင်ပါဘူး ဒေါက်တာ၊ ဖေဖေက တစ်မျိုးတွေးပြီး အန်တီချစ်တို့မိသားစုနဲ့ ပြဿနာတွေဖြစ်မှာ စိုးရိမ်လို့ပါနော်"



"သီတဂူ"

"ရှင်"

"မင်းကို သူတို့က တမင်နှိမ်ချဆက်ဆံနေကြတာ မဟုတ်လား။ အမှန်အတိုင်းပြောစမ်းပါ။ မင်းကို အန်ကယ့်ကွယ်ရာမှာ အိမ်ဖော်အဆင့်ပဲ ထားတာလား"

"မဟုတ်ပါဘူး ဒေါက်တာ၊ သီတဂူ ဝါသနာပါလို့ပါ။ သီတဂူ နေတတ်ပါတယ်၊ ဘာမှမဖြစ်ပါဘူး။ ဒေါက်တာသာ ဖေဖေ့ကို ဘာမှ မပြောပြပါနဲ့။ ဖေဖေက ရောဂါဝေဒနာသည်လေ၊ ဆရာဝန်တစ်ယောက်ဖြစ်တဲ့ ဒေါက်တာက စောင့်ထိန်းရမယ့်ဝတ္တရားကို သိပါတယ်လေ"

သီတဂူရယ် အန်တီချစ်တို့ မိသားစုဝင်တွေအကြောင်းကို သက်တန့်အသိဆုံးဖြစ်သည်။ အန်ကယ့်ကွယ်ရာမှာ သီတဂူကို အိမ်စေတစ်ယောက်အဖြစ် သန့်ရှင်းရေးတွေလုပ်ခိုင်းနေပုံပင်။ သီတဂူကလည်း ဖေဖေ့အတွက် အနစ်နာခံနေထိုင်ခြင်း ဖြစ်နိုင်သည်။

"သီတဂူ"

"အို"

ဒေါက်တာသက်တန့်ရောင်က သီတဂူလက်လေးကို ဆတ်ခနဲဆုပ်ကိုင်လိုက်သဖြင့် သီတဂူ အထိတ်တလန့်နှင့် မျက်ဝန်းလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးကျယ်ဝိုင်းစက်သွားကာ ဆတ်ခနဲ ရှန်းဖယ်ပစ်လိုက်သည်။

"ကိုယ်တို့ အခုပဲ အန်ကယ့်ဆီကိုသွားမယ်၊ သီတဂူနဲ့ အမြန်ဆုံး လက်ထပ်ပါရစေလို့ ပြောမယ်။ မင်းကို ကိုယ်လက်ထပ်မယ်"

"အို မဟုတ်တာဘဲ၊ အဲ့ဒီလောက် မြန်မြန်ကြီး မဆုံးဖြတ်ပါနဲ့နော်။ သီတဂူကို သနားလို့ လက်ထပ်တာမျိုး မဖြစ်စေချင်လို့ပါ။ ဒေါက်တာ့နှလုံးသားထဲအထိ နက်နက်ရှိုင်းရှိုင်းထိုးဝင် ချစ်မြတ်နိုးနိုင်မှပါ။ သီတဂူဘက်ကတော့ ဘာမှ အဆင်သင့်မဖြစ်သေးဘူးလေ"

မမဒေဝီကို သီတဂူကြောက်ရွံ့ ထိတ်လန့်နေသည်။ ဒေါက်တာသက်တန့်ရောင်က မမဒေဝီ ရည်မှန်းထားတဲ့လူတဲ့၊ ပြဿနာတွေက အများကြီးတက်လာမှာပါ။ သီတဂူကိုယ်တိုင်က သနားပြီးလက်ထပ်ခြင်း ခံရတာမျိုး မုန်းသည်။ ဒေါက်တာသက်တန့်ရောင်ကတော့ မိန်းကလေးတွေ အားကိုးတကြီး ချစ်ခင်နှစ်သက်ဖွယ် ယောက်ျားတစ်ယောက်ပါပဲ။ သီတဂူစိတ်ထဲမှာ ခံစားလို့မရတာက ထူးဆန်းနေ၏။ ဘာကြောင့်လဲ။ သီတဂူနှလုံးသားတွေကပဲ ယောက်ျားတစ်ယောက်ကို ချစ်သူအဖြစ် သတ်မှတ်ဖို့ဆန္ဒတွေ ကင်းမဲ့နေတာများလားပဲ။ သီတဂူ ဘယ်လိုပဲ နေထိုင်ပါစေ၊ ဖေဖေ့ကို မသိစေချင်။ သီတဂူဆန္ဒက ဖေဖေ့အနားမှာ နေဖို့နှင့် ဖေဖေ့စိတ်တွေကို အင်အားတွေဖြည့်စွမ်းပေးနိုင်ဖို့ဖြစ်သည်။



"အန်တီချစ်မိသားစုနဲ့ သီတဂူဆက်ဆံရေးက ဘယ်လိုပဲဖြစ်ပျက်နေပါစေ ဖေဖေ့ကို အသိမပေးချင်ပါဘူး။ သီတဂူဆန္ဒက ဖေဖေ့အနားမှာ နေခွင့်ပါပဲ"

"သီတဂူရယ်"

သီတဂူကို မြင်မြင်ချင်းပဲ သူချစ်မြတ်နိုးနေမိတာကို လူကြီးပီပီ ရုတ်တရက်ကြီး ဖွင့်ဟပြောဆိုရန် ခက်ခဲနေသည်။ သီတဂူက ယုံပါ့မလား။ သီတဂူကို လက်ထပ်ဖို့ သူဆုံးဖြတ်လိုက်တာ အန်ကယ်ဆီသို့ အခုချက်ချင်းပဲ အကြောင်းကြားလိုက်ချင်နေသည်။

"လက်ထပ်ဖို့ကိစ္စကိုတော့ အချိန်ယူပြီးဆုံးဖြတ်ပါ ဒေါက်တာ၊ သီတဂူက ဒေါက်တာနဲ့ ဘယ်လိုမှ ယှဉ်လို့မရနိုင်ဘူးလေ။ ဖေဖေ့ကြောင့်ပဲဖြစ်ဖြစ်၊ သီတဂူကို သနားလို့ပဲဖြစ်ဖြစ် အဲ့ဒီလို ဆုံးဖြတ်ချက်မျိုး သီတဂူ မလိုလားလို့ပါနော်"

ကိုယ်က မင်းကို အခုချက်ချင်းပဲ ချစ်မိသွားတယ်ဆိုရင် ယုံကြည်မှာလား သီတဂူ။ သူက လူကြီးတစ်ယောက် ကိုယ်ကျင့်တရား တွေ ထိန်းသိမ်းပြီး ဂုဏ်သိက္ခာတွေ စောင့်တည်ရသော ဆရာဝန်တစ်ယောက်၊ သက်တန့်က သူ့ရဲ့ အလောတကြီးနိုင်မှုတွေကို ထိန်းချုပ်လိုက်သည်။ ခြံထဲသို့ မိုးဒေဝီကားဝင်လာ၍ သီတဂူက ဒေါက်တာပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး တိုက်ကြီးထဲ ပြန်ဝင်သွား၏။ မင်းက ဒီတိုက်ကြီးရဲ့ အရှင်သခင် တစ်ယောက်ပဲ သီတဂူ။ အဲ့ဒီလောက်ကြီး နိမ့်ချမနေပါနဲ့ကွာ။ သက်တန့် စိတ်ထိခိုက်ကြေကွဲရသည်။ မိုးဒေဝီက သူ့အနားရောက်လာတဲ့အချိန်တွင် ဝတ်ကျေတမ်းကျေနှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့၏။ သူကားပေါ်မှပင် အန်ကယ့်ငွေရှံဆီ ဖုန်းဖြင့်ဆက်၍ သီတဂူနှင့် လက်ထပ်ဖို့ အကြောင်း ကြားလိုက်သည်။

× × × × × × × × × × × × × ×

# အခန်း(၇)

"သီတဂူ"

"ပြောပါ"

"ကိုသက်တန့်နဲ့ညည်းက ခြံထဲမှာ ချိန်းတွေ့ကြတဲ့အထိ အခြေအနေတွေ ဖြစ်နေပြီလား"

"စကားပြောတာပါ။ စိတ်ချပါ မမဒေဝီ။ ဖေဖေ့အနားမှာပဲ သီတဂူက နေချင်တာပါ"

"အကောင်းဆုံးက နင် ထွက်သွားဖို့ပဲ သီတဂူ၊ နင့်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့မေမေ စိတ်ဝမ်းတွေကွဲကုန်ပြီ။ နင် အမွေယူပြီး ပြန်စမ်း"

"ဖေဖေ့အနားမှာ သီတဂူက နေချင်တာပါ၊ အမွေတွေ မလိုချင်ပါဘူး မမဒေဝီရယ်။ ဖေဖေ့ကို ပြုစုချင်တာပါ"

"ဒီနာဖေဖေ့ကို ပြုစုမယ့်သူတွေ အများကြီးရှိနေတာပဲ သီတဂူ။ နင့်လိုမျိုးရိုးမသန့်တဲ့ ကောင်မလေးကို မေမေရော ငါတို့ရော လုံးဝ အသိအမှတ် မပြုနိုင်ဘူး။ နင်ကတော့ ပေကပ်နေမှာပဲ"

"သီတဂူ ထွက်မသွားနိုင်ဘူး၊ ဖေဖေ့အနားကနေ ဘယ်မှ ထွက်မသွားနိုင်ပါဘူး။ ဒီမှာ ဘယ်လိုပုံစံမျိုးနဲ့ နေရနေရ သီတဂူနေမယ်"

"နင်"

ဒေါက်တာသက်တန့်ရောင်က ဒေဝီတို့ကိုပင် အရေးတယူ မရှိဘဲ၊ သီတဂူကျမှ အရေးတယူနှင့် ဆက်ဆံပြောဆိုနေတာတွေကို ဒေဝီ မကျေမနပ်ဖြစ်ကာ ဒေါသတကြီးနှင့် သီတဂူအား မောင်းထုတ်ပစ်ချင်နေသည်။ ရိုက်နှက်ပစ်ချင်လာ၏။ အိမ်မှာခိုင်းစေထားတဲ့ အစေအပါးသွေးဖြစ်၍ ဒေဝီရော မေမေပါ လက်မခံနိုင်ကြ။ တန်းတူ အခွင့်အရေးတွေနှင့် မိသားစုဝင်အဖြစ် ဖေဖေက ငွတ်ကြီးသွတ်သွင်းနေသည်။ ဒေါက်တာသက်တန့်ရောင်ကိုလည်း သီတဂူက လုယူနေ၏။ ဘာအခွင့်ရှိနေလို့လဲ၊ ဒေဝီနဲ့ယှဉ်ပြိုင်နိုင်ရအောင် သီတဂူကို အိမ်



အလုပ်သမားတွေနှင့် တန်းတူထားတာပင် မကျေနပ်နိုင်ပါဘူး။ သီတဂူကို မိသားစုဝင်အဖြစ် သတ်မှတ်နေရလို့ ဒေဝီတို့ စိတ်မသက်မသာကြီးဖြစ်ပြီး ခံပြင်းနေကြရသည်။

"ငါ့အခန်းကို သန့်ရှင်းရေးလုပ်ထားပြီးပြီလား ကောင်မ"

"လုပ်ထားပြီးပါပြီ"

"နင် အချောင်ခိုမနေနဲ့၊ ဖေဖေက ဘယ်လောက်ပဲ နင့်ကို မိသားစုအဖြစ် သတ်မှတ်နေပါစေ နင့်အဆင့်ကိုနင် သိနော်"

သီတဂူမျက်နှာကို စေ့စေ့ကြည့်ပြီး မမဒေဝီက ထွီခနဲ တံတွေးထွေးကာ အပေါ်ထပ်လှေကားထစ်အတိုင်း ခပ်စောင့်စောင့် တက်သွားသည်။ တော်တော်လေး စော်ကားနေကြတဲ့ လူတွေပဲ။ တံတွေးက သီတဂူမျက်နှာပေါ် လာစင်၏။ သူမဒေါသတွေ ထောင်းခနဲ ထွက်သွားပေမယ့် အန်တီချစ်ရဲ့ မိသားစုဝင်တွေနှင့် ပြဿနာ မတက်ချင်ပေ။

ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ဖေဖေ့အနားကတော့ ထွက်မသွားဘူး။ ဖေဖေ စိတ်ခတ်ကျလို့ မဖြစ်ဘူး။ လမ်းပြန်လျှောက်နိုင်အောင် သီတဂူ ကြိုးစားမယ်။ မိသားစုဝင်တွေနှင့် သီတဂူ ပဋိပက္ခဖြစ်နေတာ ဖေဖေသိနေပုံပင်။ အထူးသဖြင့် သီတဂူကို ဒရိုင်ဘာတစ်ယောက်ရဲ့မြေးအဖြစ် သူတို့ မတူမတန်သလို သဘောထားနေတာ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေလည်း တွေးမိမှာပါပဲ။ ဘာပဲဖြစ်ဖြစ် ဖေဖေ့အနားက ထွက်မသွားနိုင်ဘူး။ ဘယ်လို အခက်အခဲဒုက္ခတွေနဲ့ပဲ ရင်ဆိုင်ကြုံတွေ့နေရပါစေ သီတဂူနေမယ်။ သီတဂူ စားသောက်စရာတွေ ချက်ပြုတ်တဲ့အခန်းထဲ ဝင်လာခဲ့သည်။

"ညည်း လာတာနဲ့အတော်ပဲ သီတဂူ၊ ဒီမှာ ကြက်သွန်နီတွေ နွှာပေးစမ်း။ မမဘကီးက နင့်ကိုခိုင်းတဲ့"

သီတဂူ ဘာမှမပြောလိုတော့ပေ။ ဗန်းကြီးနှင့်အပြည့် ကြက်သွန်နီတွေကို အကုန်နွှာပေးဖို့ ဒေါ်သွယ်က ပြောသည့်အတိုင်း နွှာပေးဖို့ပဲဖြစ်သည်။ သီတဂူ လုပ်နိုင်ပါတယ်၊ မေမေက သင်ပေးထားခဲ့တာပဲ။ မိန်းကလေးဆိုတာ အိမ်မှုကိစ္စတွေလုပ်ရမှာပဲတဲ့။ သီတဂူအတွက် ဘာမှအပန်းမကြီးပါဘူး။ မဟုတ်ရင်မခံတတ်တဲ့ သီတဂူစိတ်တွေကို အတော်လေး ချိုးနှိမ်ထားလိုက်ရသည်။

"ဟဲ့ နင် ကြက်သွန်တွေ နွှာပြီးရင် အဝတ်တွေ မီးပူတိုက်ပေးဦးနော်၊ ဒီမှာ ကောင်မလေးတစ်ယောက် လျှော့ပစ်လိုက်ပြီ။ မေမေကြီးက နင်ရှိတာပဲတဲ့"

တစ်ခါတစ်ရံ သီတဂူစိတ်တွေ သည်းခံနိုင်တဲ့အတိုင်းအတာတွေ ကုန်သွားချင်သည်။ အပြစ်မရှိတဲ့ သီတဂူကို အိမ်စေတစ်ယောက်



အဖြစ် သတ်မှတ်ထားတာ ဘယ်လောက်အထိ စော်ကားနေကြလဲ။ ဒေါ်သွယ်ကလည်း အန်တီချစ်တို့ မြှောက်ပေးထား၍ သီတဂူအပေါ် နိုင်လိုမင်းထက် ပြုမူနေသည်။

"နင်က မာကျောကျော ဂျစ်ကန်ကန်နဲ့ ကြည့်နေတာ ဘာလဲ မလုပ်ချင်ဘူးလား။ နင်က ငါတို့နဲ့ ဘာကွာလို့လဲ၊ နင့်အဘိုးက ဒရိုင်ဘာဆို။ နင့်အမေက သူဌေးသားကို အမိဖမ်းနိုင်တာပဲ။ အဲ့ဒါ စိတ်ဓာတ်မကောင်းတာ"

"ဝုန်း"

"ဟဲ့"

သူမ ဒေါ်သတကြီးနှင့် အိမ်ဖော်မိန်းမကြီးဒေါ်သွယ့်ဆီ ကြက်သွန်ဗန်းကြီးနှင့် ပစ်ပေါက်လိုက်သည်။ ဒေါ်သွယ် ပက်လက်လန်ကျသွားတာ. ကံကောင်း၍ ကြက်သွန်လှီးတဲ့ဓားနဲ့ မထိုးမိတာပါ။ သီတဂူ သည်းခံနိုင်တဲ့ အတိုင်းအတာတွေ လွန်သွားပြီ။ မေမေကိုပါ မဆီမဆိုင် ဒေါ်သွယ့်လို မိန်းမကြီးတစ်ယောက်က ထိပါးပုတ်ခတ်စော်ကားမော်ကား လုပ်လာသည်။

"ရှင် ရှင်ကြီး ကျွန်မ အမေကိုပါ ထိပါးစရာမလိုဘူးနော်၊ ကျွန်မ ဖေဖေ့ကိုတိုင်လိုက်ရင် ရှင်ကြီး အလုပ်ထွက်သွားရမယ်။ ရှေ့ကော်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျွန်မအပေါ် နိုင့်ထက်စီးနင်းပြောဆိုရင် ဓားနဲ့ကိုထိုးသတ်ပစ်မယ် ဘာမှတ်နေလဲ"

"ဟဲ့ ဟဲ့"

ဒေါ်သွယ် ကြောက်ကြောက်ရွံ့ရွံ့နှင့် ကုန်းရုန်းထနေသည်။ မာမာဆိုတဲ့ အိမ်ဖော်ကောင်မလေးရောက်လာပြီး သီတဂူအား တိုက်ခိုက်ဖို့ ပြင်လိုက်၏။ သီတဂူကလည်း ကြက်သွန်လှီးတဲ့ဓားကို ကောက်ကိုင်လိုက်သည်။

"နင် နင် တော်တော် သွေ့ရှိနေပါလား သီတဂူ၊ ကြောက်စရာကောင်းလိုက်တာ။ ဒီကိစ္စ နင့်အဖေကို ပြောပြရမယ်၊ နင်က လူသတ်မှုတောင် ကျူးလွန်တော့မှာပါလား"

အန်တီချစ်နှင့် မမဒေဝီတို့ရောက်လာပြီး သီတဂူအား ဆူပူကြိမ်းမောင်းနေသည်။ သီတဂူ ညသ်ကျယ်ကျယ်မိုက်ကန်းကန်း အကြည့်တွေနှင့် ဆတ်ခနဲ ကြည့်ပစ်လိုက်ပြီးမှ ဖေဖေ သိသွားလို့မဖြစ်ဘူးဆိုတဲ့ အတွေးဝင်လာကာ သီတဂူစိတ်ကို လျှော့ပစ်လိုက်သည်။

"ဒီမိန်းမကြီးက သီတဂူအမေကိုပါ ထိပါးပုတ်ခတ်ပြောဆိုလို့ပါ။ သီတဂူ တောင်းပန်ပါတယ် အန်တီချစ် ဖေဖေ့ကိုတော့ အသိမပေးပါနဲ့"



"ဟဲ့ နင်က ဓားကိုင်ပြီးတောင် သောင်းကျန်းလာတာပဲ၊ အခြင့်မရှိတဲ့ကောင်မ။ နင့်အဖေကို အသိပေးရမှာပဲ"

"ဟုတ်တယ် မေမေ၊ ဒီကောင်မရဲ့ အကြည့်တွေကိုက ညစ်ကျယ်ကျယ်နဲ့ သူ့ကိုယ်သူ အရှင်သခင်မလို့ သတ်မှတ်ထားပုံပဲ။ မောင်းထုတ်ပစ်လိုက်စမ်းပါ မေမေရာ။ ကျက်သရေမရှိဘူး"

ဒီကိစ္စမျိုးတွေ ဖေဖေသိလို့ဖြစ်ပါဘူး။ သမီးအတွက် စိတ်သောကတွေနှင့် ရောဂါဝေဒနာကြောင့်လည်း စိတ်ဓာတ်တွေ ကျနေတာပါ။ ဖေဖေ့စိတ်ဓာတ်တွေကို နည်းနည်းလေးမျှပင် ပူပင်ကြောင့်ကြမှုတွေ မဝင်စေချင်ပါ။ သီတဂူ မှားတာပါ၊ သည်းခံရမယ့်ဟာကို၊ သူတို့တွေကတော့ သီတဂူကို နှိမ်နှိမ်ချချဆက်ဆံကြမှာပါပဲ။ အန်တီချစ်ကို သီတဂူ အောက်ကျနောက်ကျခံပြီး တောင်းပန်သည်။

"သီတဂူ တောင်းပန်ပါတယ် အန်တီချည်၊ မှားသွားပါတယ်။ ဖေဖေ့ကို အသိမပေးပါနဲ့နော်။ သတဂူလည်း နောက်ထပ်ဒီလိုမျိုး မဖြစ်အောင် ဆင်ခြင်ပါ့မယ်"

အန်တီချစ်တို့မိသားစုဝင်တွေကတော့ ဖေဖေ့ဆီ မတရားလိမ်ညာပြီး သီတဂူအပြစ်တွေပဲပုံချကာ တိုင်တန်းပြောဆိုမှာပဲဖြစ်သည်။ ဖေဖေက သီတဂူဘက်ကနေ ရပ်တည်ပေးမှာ ဖြစ်ပေမယ့် စိတ်သောက

www.burmeseclassic.com

www.burmeseclassic.com



တွေတော့ ခံစားရရှာမှာဖြစ်သည်။

"ကောင်းပြီလေ ဒီတစ်ခါတော့ နင့်အဖေကို ပြောမပြတော့ဘူး။ နောက်တစ်ခါ နင့် အဆင့်ကို နင် မေ့မနေနဲ့။ ခိုင်းတာရှိရှိကျိုးကျိုး လုပ်ပါ၊ သီတဂူ"

"ဟုတ်ကဲ့"

"ဒီဟာမလေးကို မောင်းထုတ်ပစ်လိုက်တာ အကောင်းဆုံးပဲ မေမေ၊ ကျက်သရေကိုမရှိဘူး။ ဘာဖြစ်လဲ ဖေဖေက ဒုက္ခိတပဲ၊ မေမေ ဘာမှငဲ့ညှာနေစရာမလိုဘူး။ ကိုယ့်သဘောနဲ့ကိုယ် မောင်းထုတ်ပစ်လိုက်စမ်းပါ"

မမဒေဝီအား လည်ပင်းကို ထညှစ်ပစ်ချင်တဲ့ စိတ်တွေကို ထိန်းချုပ်ထားလိုက်ရသည်။ ဖေဖေ့ကိုပါ မထေမဲ့မြင် လုပ်လာကြတဲ့သူတွေပဲ။ သူတို့ရဲ့ ရက်စက်လွန်းတဲ့ စိတ်ဓာတ်တွေက ကြောက်စရာကောင်းလိုက်တာ။ ဖေဖေ့အတွက် သီတဂူ ခံပြင်းနာကျင်နေရ၏။ ဖေဖေက သားသမီးတွေအဖြစ် ကျွေးမွေးစောင့်ရှောက်လာခဲ့ပေမယ့် သူတို့က ပထွေးဟုပဲ သဘောထားသည်။

"နောက်တစ်ခါ ညည်း ကိုယ်ထိလက်ရောက် စော်ကားရင်တော့ နင့်ကို ဒီကနေ မောင်းထုတ်ပစ်မယ်၊ ညည်းအဖေလည်း သေချင်



သေပဲ။ ကြားလား"

အန်တီချစ်နှင့်မမဒေဝီ ပြန်သွားကြသည်။ ဒေါ်သွယ်နှင့်မာမာက သီတဂူအား မျက်စောင်းတခဲခဲနှင့်ကြည့်ရင်း လုပ်စရာအလုပ်တွေကို တန်းစီခိုင်းနေကြ၏။ သီတဂူ ဘာဆက်လုပ်ရမလဲ၊ ဖေဖေ့ကိုခေါ်ပြီး ဒီတိုက်ကြီးထဲကနေ ထွက်သွားချင်မိသည်။ သီတဂူ တောင်းဆိုရင် ဖေဖေ စိတ်သောကတွေခံစားရမလား။ စိတ်ကျသွားရင် ဖေဖေ အသက်မရှည်နိုင်တော့ပေ။ စိတ်ဓာတ်တွေတက်ကြွပြီး ဖေဖေ့ကို လမ်းပြန်လျှောက်နိုင်အောင် သီတဂူ စွမ်းဆောင်ပေးချင်သည်။

"သီတဂူ"

"ဟင်"

"ဒီမှာ ဘာလုပ်နေတာလဲ၊ ဟင်းတွေ ခိုးစားမလို့လား"

"ဘာ"

မိုးကောင်းကင် စပ်ဖြဲဖြဲနှင့်ဝင်လာပြီး သီတဂူအား နောက်ပြောင်နေသည်။ ညိုမှုန်မျက်ဝန်းတွေနှင့် ပြီတီတီ သူ့မျက်ဝန်းအကြည့်တွေကို သီတဂူ အမြင်ကတ်စွာတွေ့ခဲ့နေရ၏။ မုန်းလိုက်တာ ရှင့်အမေနဲ့ ရှင့်အစ်မကို အရမ်းမုန်းတာပဲ။ စိတ်ကောင်းမရှိတဲ့သူတွေ၊ ယုတ်မာကြသည်။ ရက်စက်လွန်းကြ၏။ ဖေဖေဒုက္ခိတဘဝရောက်နေရတာကိုပင်

www.burmeseclassic.com

www.burmeseclassic.com



မထေမဲ့မြင်ပြုလာကြသည်။

"ဒေါ်သွယ်တို့ ဘယ်ရောက်ကုန်လဲ သီတဂူ၊ သူတို့က မင်းကို နှိုင်းထားကြတာလား ဟင်"

"ရှင်နဲ့မဆိုင်ပါဘူး ထွက်သွားပါ"

"သီတဂူကို ဘာတွေ နှိုင်းနေတာလဲ၊ ဘယ်သူနှိုင်းရဲတာလဲ ပြောစမ်း"

"ရှင့်အမေနဲ့ အစ်မလေ"

"ဟင်"

မေမေနဲ့မမက ဘာဖြစ်လို့ သီတဂူကို အစေအပါးတစ်ယောက်လို သဘောထားနေရတာလဲ၊ ဖေဖေ့သမီးပဲဟာ။ ကောင်းကင်ကတော့ သီတဂူကို ချစ်နေမိသည်။ ပိုင်းစက်စိုလက်နေတဲ့ မျက်ဝန်းလေးတွေက မာန်မာနတွေနှင့် မာထန်နေကာ မျက်ရည်တွေဝေ့နေ၏။ နီစွေးစွေး နှုတ်ခမ်းထူထူအမ်းအမ်းလေးတွေက တဆတ်ဆတ်တုန်ယင်နေသလို မကျေမနပ်နှင့် တင်းစေ့ထားသည်။

"လာ သွားမယ် သီတဂူ"

"ဘယ်လဲ"

"မင်းအခန်းထဲကိုလေ၊ မင်းက အိမ်အလုပ်တွေဘာလို့ လုပ်ရ



မှာလဲ။ ဖေဖေ့သမီးပဲဟာ၊ ဘာမှလုပ်စရာမလိုဘူး"

"ဖယ်ပါ"

"မဖယ်ဘူးကွာ"

သီတဂူလက်လေးကို ဆုတ်ကိုင်ထားပြီး အပြင်ကိုဆွဲခေါ်လာသဖြင့် သီတဂူ ဒေါသတကြီးရုန်းဖယ်နေသည်။ ဒီလိုလုပ်လို့ မဖြစ်ဘူး ဖေဖေက ရှိသေးတယ်၊ အန်တီချစ်က သူ့သားကိုမပတ်သက်ဖို့ ကြိုတင်တားဆီးထားခဲ့၏။ မိုးကောင်းကင်နှင့်ပတ်သက်ပြီး သူမ ဘာအခွင့်အရေးမှ မယူချင်ပါဘူး။ အန်တီချစ်ကို မုန်းပေမယ့် ဖေဖေ့ကိုတော့ စိတ်သောကရောက်စရာတွေ၊ စိတ်ဓာတ်ကျဆင်းစရာတွေ နည်းနည်းလေးမှ မသိရှိလိုပေ။ သူမ ရုန်းပစ်လိုက်သည်။

"ဖယ်ပါ…ရှင်လာလုပ်နေတာ ကျွန်မကို ကူညီရာမရောက်ဘဲ ဒုက္ခပေးသလိုဖြစ်နေပြီ၊ ကျွန်မဘာဝနဲ့ကျွန်မပဲ ရှင်နဲ့မဆိုင်ဘူး"

"ဆိုင်တယ်ကွာ၊ ဖေဖေက ကိုယ့်ဖေဖေပဲ။ ပြီးတော့ သီတဂူကို မြင်မြင်ချင်းပဲ ချစ်နေလို့"

"ဘာ"

"ချစ်တယ်"

"လူယုတ်မာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ချစ်တယ်လို့ပြောတာ ယုတ်မာတာလား၊ သီတဂူနဲ့ ကိုယ် စိန်ခေါ်ထားတယ်လေ။ ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးကို မေမေနဲ့ မမလည်း ချစ်ရမယ်လို့"

"အပါက်"

" လျောင်တာလား။ ကိုယ်ကကိုယ့်ကို မယုံကြည်ရင် အသည်း ယားတတ်တယ်နော်"

"ဘာ"

"ဖက်ပြီး နမ်းပစ်လိုက်ချင်တယ်"

သီတဂူ ဒေါသတကြီးနှင့် ကောင်းကင်ကို ရိုက်ပစ်ရန် လက် ရွယ်လိုက်ရာ သူက ဖမ်းဆုပ်ကိုင်ထားသည်။

"နင်တို့ စော်ကားချင်တိုင်းစော်ကားဖို့ ငါက လည်စင်းခံမယ့် လို့ ထင်လား။ ငါ့ဖေဖေအတွက် ငါ့ဖေဖေ စိတ်သောကတွေရောက်မှာ စိုးလို့ ငါသည်းခံနေတာ။ နင် ဘယ်လောက်ပဲ ချမ်းသာနေပါစေ ငါ အထင်မကြီးဘူး။ မှန်းလိုက်တာ"

မိုးကောင်းကင်လက်ကနေ ရုန်းထွက်ပြီး သီတဂူ လုပ်စရာရှိ တာတွေပဲ ဆက်လုပ်နေသည်။ မိုးကောင်းကင်က ထွက်မသွားပေ၊ မင်းကို စော်ကားတာ မဟုတ်ပါဘူး။ ချစ်တာပါဟုပြောရင်း သီတဂူ



အလုပ်တွေ ဝိုင်းလုပ်ပေးနေ၏။ အန်တီချစ်မြင်သွားရင် မလွယ်ဘူး။ ဖေဖေ သဘောတူတဲ့ ဒေါက်တာသက်တန့်ရောင်ကိုပဲ လက်ထပ်လိုက် ရမလား။ သီတဂူ့စိတ်တွေက ဒေါက်တာသက်တန့်ရောင်အပေါ် အချစ် နှင့်ပတ်သက်ပြီး ခံစားလို့မရတာ ခက်နေသည်။ နင် ထွက်သွားစမ်းပါ၊ ဒါမှ ငါ စိတ်အေးလက်အေး ဖေဖေ့အနားမှာနေရမှာဟု ပြောမှ သူ ထွက်သွားတော့၏။ သီတဂူ စိတ်ညစ်ညူးစွာဖြင့် အိမ်မှုကိစ္စတွေပဲ ဖိ ပြီး လုပ်ပစ်နေသည်။

× × × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

"ချစ်ချစ်"

"ပြောပါ ကိုကို"

"မင်းကို သမီးသီတဂူနဲ့ ပတ်သက်ပြီးတိုင်ပင်ရဦးမယ် ချစ်ချစ်"

"သီတဂူက ဘာဖြစ်လို့လဲ"

"ဒေါက်တာသက်တန့်ရောင်က သမီးသီတဂူကို လက်ထပ်ပါရစေတဲ့"

"ဘာပြောတယ်ကိုကို၊ ဘယ်တုံးကလဲ။ ဒေါက်တာသက်တန့်ရောင်က တောင်းဆိုတာလား။ ကိုကိုက အတင်းအကြပ်လုပ်တာလား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချစ်ချစ်သဲ ဟန်မဆောင်နိုင်အောင်ပင် တုန်တုန်လှုပ်လှုပ်ဖြစ်သွားရသည်။ ဒေါက်တာသက်တန့်ရောင်နှင့် သမီးကြီးကို ရည်မှန်းထားတာပါ။ ကိုကိုက သူ့သမီးအတွက်ပဲ စဉ်းစားနေသည်။ ဒေါ်ချစ်ချစ် ဒေါသတွေ လှိုက်တက်လာ၏။ သီတဂူက ဘာမို့လို့လဲ၊ ကိုကိုဘာတွေ စီစဉ်နေရတာလဲ။ ကိုကိုက ဒေါသတကြီးနှင့် တုန့်ပြန်တတ်သူဖြစ်၍ ဒေါ်ချစ်ချစ်သဲ သည်းခံနေရသည်။

"ဒေါက်တာသက်တန့်ရောင်က တောင်းဆိုတာပါ။ ကိုကိုက မိတ်ဆက်ပေးရုံပဲလေ။ မောင်သက်တန့်ရောင်ဆန္ဒပဲလို့၊ ချက်ချင်းပဲ သီတဂူကို လက်ထပ်ပါရစေတဲ့"

"ချစ်တို့က သမီးကြီးအတွက် ရည်မှန်းထားတာလေ"

"ဟင်"

"ကိုကို့ကို ပြောမလို့ဟာ၊ နေမကောင်းတာနဲ့ . . ."

"ဒါက မောင်သက်တန့်ရောင်ဆန္ဒပဲလေ ချစ်ချစ်"

သမီးကြီးမိုးဒေဝီကိုတော့ မောင်သက်တန့်ရောင်က စိတ်မဝင်စားပေ။ သီတဂူနဲ့ တန်လို့လား။ စရိုက်ကြမ်းတမ်းတဲ့ ကောင်မလေးကိုများ ဒေါ်ချစ်ချစ်သဲ မကျေနပ်ပေမယ့် ဒေါက်တာသက်တန့်ရောင်ရဲ့ဆန္ဒဆိုတော့လည်း ကန့်ကွက်ဖို့ခက်နေသည်။



"ကိုကို စီစဉ်ချင်တယ်၊ မင်းကူညီပါ။ ကိုကိုတောင်းဆိုတာပါ။ ကိုကို့သမီးအပေါ် ကိုကိုအကောင်းဆုံး တာဝန်ကျေပြချင်တယ်လေ"

"ဟုတ်ကဲ့ပါ ကိုကို၊ ချစ် တာဝန်ယူပေးပါ့မယ်။ အင်းလေ ဒေါက်တာသက်တန့်ရောင်ရဲ့ဆန္ဒဆိုတော့လည်း လုပ်ပေးရမှာပေါ့လေ။ ကိုကို့ဆန္ဒက ချစ်ဆန္ဒပါပဲ"

သီတဂူအပေါ် စေတနာမရှိသော်လည်း ခင်ပွန်းကိုတော့ ဒေါ်ချစ်ချစ်သဲ လွန်ဆန်၍မရနိုင်ပေ။ ကိုကိုနမည်နှင့် လုပ်ငန်းတွေ၊ စီးပွားရေးတွေက ရှိနေသေးသည်။ ချစ်ချစ်သဲ သဘောကောင်းချင်ယောင်ဆောင်ရတော့မည်ဖြစ်သည်။

"သမီးသီတဂူကို မင်း စောင့်ရှောက်ပေးပါ။ ကိုကို ပစ်ပယ်ထားခဲ့တာ အခုချိန်မှာတော့ တာဝန်ယူသင့်တယ်"

"ဟုတ်ကဲ့ပါ"

"မကြာခင် သားသမီးအတွက် စီစဉ်ပေးပါ့မယ် ချစ်ချစ်"

"နေကောင်းအောင်ပဲနေပါ ကိုကို၊ ကျန်တာတွေ ချစ်ပဲ အမေတစ်ယောက်လို စီစဉ်လုပ်ဆောင်ပေးပါ့မယ်"

"ကျေးဇူးပဲ ချစ်ချစ်"

ယောက်ျားဖြစ်သူအခန်းထဲမှ ထွက်လာပြီး သမီးဒေဝီအခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာခဲ့သည်။ သမီးကအလှပြင်နေကာ တစ်ခန်းလုံး အသုံးအဆောင် ပစ္စည်းတွေနှင့် ရှုပ်ပွနေ၏။ ဒေဝီက အဲ့ဒီလိုပဲ အပျော်အပါးမက်တဲ့ သမီးကြီးအား ဒေါက်တာသက်တန့်ရောင်နှင့် လက်ထပ်ပြီး တည်တည် ငြိမ်ငြိမ်ဖြစ်စေချင်တာပါ။ သမီးကြီးအနား ဝင်ထိုင်လိုက်သည်။

"သမီး"

"ဘာလဲ မေမေ"

"သမီးဖေဖေက ပြောနေတယ်၊ ဒေါက်တာသက်တန့်ရောင်က သီတာရှုနဲ့လက်ထပ်ဖို့ တောင်းဆိုနေတယ်တဲ့"

"ဟင်"

"သမီးဒေဝီ ခဏလေး အပျော်အပါးတွေလျှော့ပြီး အနေ အထိုင် ဆင်ခြင်ချင်တယ်ကွယ်။ မေမေ ဘယ်လိုလုပ်ရမလဲ၊ သီတာရှု ဂြိုလ်မလေးပဲ။ သင်းလာပြီး ဂြိုလ်မွှေနေတာ"

မောင်လေးကလည်း အဲ့ဒီ ဂြိုလ်မလေးနား ကပ်နေတယ် နော် မေမေ"

"ဟင်"

"မောင်လေးကို တားဆီးလို့မရဘူးဆိုတာ မေမေသိတာပဲ၊ အဲ့ဒီ ဟာမလေးကို မောင်းထုတ်ပစ်လိုက်ပါ"



"မဖြစ်ဘူး။ သားနဲ့ပိုပြီး မဖြစ်နိုင်ဘူး။ မိဘမျိုးရိုးမကောင်းတဲ့ ဟာမလေးပဲ မေမေ လက်မခံနိုင်ဘူး။ ဒေါက်တာသက်တန့်ရောင်နဲ့ပဲ လက်ထပ်ပါစေ။ အမလေး သားကို ဘယ်လို တားဆီးရမလဲ"

ဒေါ်ချစ်ချစ်သဲရင်ဝကို မီးစနှင့်ထိုးလိုက်သလို ပူလောင်သွား ရသည်။ သီတာရှုနှင့်သားကိုတော့ သဘောမတူနိုင်ပေ။ တားဆီးရမယ်၊ သဘောမတူနိုင်ဘူး။ ဒေါက်တာသက်တန့်ရောင်နဲ့ပဲ လက်ထပ်ဖို့ စီစဉ်ရ မယ်"

"မေမေ"

"ဟင်"

"အဲ့ဒီကောင်မကို ဒီကနေ မောင်းထုတ်ပစ်ဖို့ပဲ စဉ်းစားပါ။ ကိုသက်တန့်ကို ဒေဝီ လက်လွှတ်မခံနိုင်ဘူး။ ဘယ်လိုလုပ်ကြမလဲဟင်။ ဖေဖေ့ကို ဘာတွေကြောက်နေတာလဲ၊ ဒုက္ခတဖြစ်နေပြီပဲဟာ။ မေမေပဲ အားလုံး အပိုင်စီးဖို့ ကြိုးစားသင့်နေပြီ"

"မေမေသိပါတယ်၊ အဲ့ဒါပဲ စဉ်းစားနေရတာလေ။ လောလော ဆယ် စီးပွားရေးလုပ်ငန်းတွေရော၊ ငွေတွေရော သူ့ပဲ ထိန်းချုပ်ထားတာ။ ဟိုဟာမလေးအတွက်လည်း စိတ်ချရအောင် ကိုကို စီစဉ်နေမှာပဲ။ မေမေ အချိန်သတ်နေတာပါ။ အရမ်းတင်းမာလို့ မဖြစ်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာသက်တန့်ကို ဒေဝီ လုံးဝ လက်မလွှတ်နိုင်ဘူး။ တစ်ခုခုတော့ စီစဉ်ရမှာပဲ"

"မေမေ စိတ်အေးအေးထားပြီး စီစဉ်ပါ့မယ် ဒေဝီ၊ အရေးကြီးတာက သမီး ခြေငြိမ်ငြိမ်လေးနေဖို့ပဲ"

"မေမေ"

"ပြော"

"ဒီဟာမလေး နာမည်ပျက်သွားအောင် မောင်လေးကို အသုံးချရမယ်။ ဒီဟာမလေးကို မောင်လေးက အထင်ကြီးမှာ မဟုတ်ပါဘူး။ အတည်လည်းကြံမှာ မဟုတ်ပါဘူး"

"ဘာပြောတယ် ဒေဝီ၊ သားငယ်ကို ဘယ်လိုအသုံးချမှာလဲ။ မဖြစ်ဘူးထင်တယ်၊ ဒီလိုကောင်မလေးရဲ့သွေးနဲ့ ရောယှက်တာ လက်မခံနိုင်ဘူး"

"မေမေကလည်း ယောကျ်ားလေးပဲဟာ၊ ဘာဖြစ်လဲ။ ဒီဟာမလေးဘဝကို ဖျက်ဆီးပစ်ရမယ်၊ အရေးကြီးတာက ဒေါက်တာသက်တန့်ရောင်က သီတဂူကို ရှုံသွားဖို့ပဲ"

"ကိုကိုက သားကို သူ့သမီးနဲ့ အတင်းအကြပ် ပေးစားရင်ရော"



"မောင်လေးက ငြင်းလိုက်ပေါ့ ဖေဖေက ဒုက္ခိတကြီးကို ဘာဖြစ်လို့ ကြောက်နေရတာလဲ"

"ဒီကောင်မလေးရောက်လာတာ ဂြိုလ်ဝင်တာပဲ၊ ကျက်သရေမရှိလိုက်တာ။ တစ်ခုခုတော့ စီစဉ်ရမယ်၊ သားကလည်း ဒီဟာမလေးကို ချစ်မှာမဟုတ်ပါဘူး အပျော်ကြံတာပဲနေမှာပါ"

ဒေါက်တာသက်တန့်ရောင်ကတောင် လက်ထပ်ဖို့တောင်းဆိုတာဆိုတော့ သီတဂူကိုလည်း လျော့တွက်ထားလို့မရပေ။ သားနှင့်နီးစပ်မှာလည်း ကြောက်နေသည်။ ဂြိုလ်ကောင်မလေး သူ့အဖေ မသေခင် ရှာဖွေရောက်လာတာကိုက ကံဆိုးတာပဲ။ သင်းအဖေသေမှဆို မောင်းထုတ်ပစ်လိုက်လို့ ရတယ်။ ဒေါ်ချစ်ချစ်သဲ ဒေါသတွေ ထွက်နေသည်။

× × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ဒေါက်တာသက်တန့်ရောင်က လက်ထပ်ခွင့်တောင်းတဲ့အကြောင်း ဖေဖေပြောလိုက်သည်နှင့် သူမ စိတ်ရှုပ်ထွေးသွားရသည်။ မမဒေဝီကြောင့်ပါပဲ၊ အန်တီချစ်ကလည်း ဒေါက်တာသက်တန့်နှင့် မမဒေဝီကို ရည်ရွယ်ထားကြောင်း သိထား၏။ ဖေဖေက ဝမ်းသာပျော်ရွှင်နေပုံပင်။ အံ့ဩဖို့ကောင်းနေတာက သီတာ့ကိုယ်တိုင်ပင် ဒေါက်တာသက်တန့်ရောင်ကို မချစ်နိုင်ခြင်းဖြစ်သည်။ သူကရောဘာဖြစ်လို့များ သီတာ့ကို ရတ်တရက်ပဲ လက်ထပ်ဖို့ဆုံးဖြတ်ရတာလဲ။ ဖေဖေက သီတာ့ကို လက်ထပ်ဖို့မက်လုံးတွေ ဘာတွေများပေးခဲ့သလဲ။ သီတာ့



နှလုံးသားတွေက ဒေါက်တာသက်တန့်ရောင်နှင့် လက်မထပ်လိုပေ။ အကြောင်းပြချက် မနိုင်လုံစွာ ငြင်းဆန်နေသည်။

"သီတာ့အတွက် ရတ်တရက်ကြီး လက်ထပ်ဖို့အထိ မစဉ်းစားချင်သေးတာပါ ဖေဖေ။ ဒေါက်တာ့ကို သေသေချာချာ စဉ်းစားဆုံးဖြတ်ဖို့ အချိန်ပေးထားလိုက်ပါဦးနော်"

"ဖေဖေကတော့ မောင်သက်တန့်ရောင်ကို ယုံတယ်၊ သမီးကို ချစ်မြတ်နိုးလို့ပဲ။ အဲ့ဒါ သေချာတယ်။ ဖေဖေက အမြန်ဆုံးပဲ ဒေါက်တာသက်တန့်ရောင်လက်ထဲ အပ်ချင်နေပြီ"

"သီတာ့ကတော့ လွတ်လွတ်လပ်လပ်လေးနဲ့ ဖေဖေ့အနားမှာ နေချင်ပါတယ်"

"ချစ်ချစ်သဲတို့မိသားစုကို ဖေဖေမယုံဘူး။ သူတို့စိတ်ဓာတ်ကို ဖေဖေ သိပါတယ်။ သမီးကို လက်ခံနိုင်မှာ မဟုတ်ဘူး"

"သီတာ့ နေလို့ရပါတယ် ဖေဖေ"

သီတာ့အကြောင်းမဲ့ငြင်းဆန်နေတာ ဖြစ်ပေမယ့် ဖေဖေက သမီးကို ယုံပါတယ်။ တစ်နေ့နေ့တော့ မောင်သက်တန့်ရောင်ကို မလွှဲမသွေ လက်ထပ်ရလိမ့်မယ်တဲ့။ သီတာ့ တဖြည်းဖြည်းနဲ့ လက်ခံနိုင်ဖို့ ကြိုးစားပါ့မယ် ဖေဖေဟုပြောကာ ပြန်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သီတာဂူ"

"ဟင် ဒေါက်တာ"

"အန်ကယ်ရော နေကောင်းရဲ့လား"

"ဟုတ်ကဲ့"

"သီတာဂူ"

"ရှင်"

"အန်ကယ့်ကို ကိုယ်ဆေးစစ်ပြီးရင် အပြင်ကိုခဏလောက်သွားရအောင်နော်"

"ရှင်"

"ဘာဖြစ်လို့လဲ . . . ကိုယ့်ကို ဘာဖြစ်လို့ ဒီလောက်အထိ စိမ်းကားနေရတာလဲ။ အန်ကယ် ဘာမှပြောမထားဘူးလား"

"ဟုတ်ကဲ့"

"သီတာဂူ ကိုယ့်ကို ယုံပါ။ ငွေကြေးဥစ္စာပေွကြောင့် မဟုတ်ပါဘူး။ သီတာဂူကို ချစ်တယ်"

"ရှင်"

"အန်ကယ့်ဆီမှာ ရိုးသားဖြူစင်စွာ လက်ထပ်ခွင့် တောင်းခဲ့တာပါ"



"တောင်းပန်ပါတယ်နော် ဒေါက်တာ၊ သီတာဂူမှာ အချစ်တွေရှိမနေဘူးထင်တယ်။ သီတာဂူကို အချိန်လေးနည်းနည်းတော့ပေးပါ။ တောင်းဆိုတာပါ ဒေါက်တာ"

"သီတာဂူရယ်"

ဒီမှာ မင်း ဘယ်လိုပုံစံမျိုးနဲ့နေရတာကို ကိုယ်သိနေတယ် သီတာဂူ။ သူတို့ကမင်းကို အစေအပါးတွေနဲ့တန်းတူ နှိမ်ချဆက်ဆံနေကြတာ မဟုတ်လား။ ကိုယ်ကယ်ထုတ်သွားချင်တယ်၊ မင်းကို ညှိုးညှိုးငယ်ငယ်နဲ့ မနေစေချင်တာပါကွာ။ သူ့အကြည့်တွေက သီတာဂူမျက်နှာလေးဆီ စူးစိုက်နေသည်။

"ကိုယ် အန်ကယ့်ကို သွားကြည့်မယ်၊ သီတာဂူ အဝတ်အစားလဲထားပါ"

"ရှင်"

"အပြင်ထွက်ရအောင်"

"ဟို ကျွန်မ အပြင်မထွက်ချင်ပါဘူး ဒေါက်တာ၊ ဒီမှာနေရတာ ပျော်ပါတယ်"

မမဒေဝီကို ဘယ်လိုရင်ဆိုင်ရမှာလဲ၊ ကြောက်စရာ ကောင်းလောက်အောင် တုန့်ပြန်လာမှာပဲဖြစ်သည်။ အန်တီချစ်ကရော

www.burmeseclassic.com

www.burmeseclassic.com



သီတဂူက ဖေဖေ့အနားမှာ ပြုစုပေးချင်တာပါ။ မေမေစိတ်သောက ရောက်ရမှာ အကြောက်ဆုံးပင်၊ ဒေါက်တာက အဝတ်အစားလဲထားဖို့ ပြောပြီး ဖေဖေ့အခန်းထဲ ဝင်သွားသည်။

"သီတဂူ

"ကောင်းကင်"

"ဒေါက်တာသက်တန့်နဲ့ အရောတဝင် မနေနဲ့"

"ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်"

"ဘာ"

"မင်းကို ကိုယ်ပိုင်တယ်"

"အရှူး"

"ဒေါက်တာသက်တန့်ရောင်နဲ့မင်း အပြင်ထွက်မလို့ မဟုတ်လား"

"အင်း"

"လာ"

"ကောင်းကင် နင် အဲ့ဒီလို ပိုင်စိုးပိုင်နင်း မလုပ်နဲ့နော်၊ ဒေါက်တာနဲ့ အပြင်ထွက်ဖို့ ဖေဖေ့ဆန္ဒပဲ"



"မင်းကို ချစ်တယ်၊ မင်း ကိုယ်ကလွဲပြီး ဘယ်သူ့မှ မချစ်ရဘူး သီတဂူ"

"ရှင်ပဲ စိန်ခေါ်ခဲ့တာလေ၊ ရှင့်မေမေနဲ့အစ်မက သီတဂူကို လက်ခံမှလို့"

"ဟာ ဟုတ်သားပဲ၊ မင်းရဲ့ ကတိပဲနော်။ ကိုယ်ချစ်မြတ်နိုးတဲ့ သူ့ဆိုရင် မေမေရော မမရော ချစ်ကြမှာပဲ"

"ရှင် . . . ကြိုးစားကြည့်ပါဦးလေ"

"တကယ်လို့ ကိုယ့်မေမေနဲ့မမက မင်းကိုချစ်ရင် မင်း ကိုယ့်ကို လက်ထပ်မလား"

"အင်း"

"အိုကေ"

အို သီတဂူ မဆင်မခြင်နှင့် ကောင်းကင်ကို အလွယ်တကူ အင်းဟု ခေါင်းညိတ်လိုက်မိတာပင် သီတဂူ့ကိုယ် သီတဂူ မယုံနိုင်အောင် ဖြစ်သွားရသည်။ ကောင်းကင်က လူဆိုးပဲ နေရာတကာ အနိုင်ကျင့် တတ်ပြီး လူတွေကိုလှောင်မိုးဗိုလ်ကျချင်တဲ့ကောင်။ သီတဂူကို ချစ်တာ ရော ဖြစ်နိုင်ပါ့မလား။ တစ်ခုတော့ရှိသည်။ ကောင်းကင်နှင့်ဆုံရတိုင်း သီတဂူ ပျော်ရွှင်သွားရပြီး ရင်တွေတဒိတ်ဒိတ် ခုန်ချင်နေ၏။ ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ကောင်းကင်မေမေ အန်တီချစ်က သီတဂူအပေါ် လုံးဝ လက်မခံသော၊ နှိမ်ချဆက်ဆံနေသော ညစ်ပတ်တဲ့ အကြံအစည်တွေနှင့် မိထွေးပီသသူ။ ကောင်းကင်ကတော့ အန်တီချစ်နဲ့ရော၊ မမဒေဝီနှင့်ပါ စိတ်သဘောထားတွေ လုံးဝ ဆန့်ကျင်နေသည်။

"သီတဂူ"

"ဟင်"

"မင်း ကတိနော်၊ ကိုယ့်မေမေနဲ့မမက မင်းကို လုံးဝ လက်မခံနိုင်ဘူး ထင်လို့လား။ စောင့်ကြည့်လေ ကောင်းကင်ပဲဟာ"

"အင်း"

"သီတဂူ မင်းနဲ့ကိုယ် စိန်ခေါ်ထားလို့ ဘယ်ယောကျ်ား နောက်ကိုမှ မင်း လိုက်ခွင့်မရှိဘူး။ ကိုယ်ယုံကြည်အောင် သန့်သန့်ရှင်းရှင်းလေး နေပြစမ်းပါ"

"သီတဂူ အခွင့်အရေးပဲ၊ ရှင်နဲ့ ဘာဆိုင်လို့လဲ"

သူ့စိတ်တွေက သီတဂူအပေါ် ရယူပိုင်ဆိုင်လိုမှုတွေ ပြင်းထန်နေသည်၊ မရဘူး၊ မင်း ဘယ်သူနဲ့မှ လက်မထပ်စေရဘူး သီတဂူ။ ဒေါက်တာသက်တန့်ကို ဖေဖေက သမက်အဖြစ်လက်ခံလည်း သူ လက်မခံနိုင်ပေ။ သူ ဖေဖေ့ကို တောင်းဆိုရမယ်၊ သီတဂူကို ချစ်ဖို့။ သီတဂူကို



ဘယ်သူ့လက်ထဲမှ အပ်မခံနိုင်တဲ့အကြောင်း။ အလှအပတွေပြင်ပြီး ထွက်လာသော သီတဂူကို စူးစူးရဲရဲကြည့်မိသည်။ ဒေါက်တာသက်တန့်က ကားပေါ်မှ စောင့်နေသည်။

"သီတဂူ"

"ဟင်"

"မသွားပါနဲ့

"ဖေဖေ့ဆန္ဒလေ ကောင်းကင်၊ ရှင်နဲ့က စိန်ခေါ်ထားတာပဲ။ အောင်မြင်ဖို့တော့လိုအပ်တယ်"

သီတဂူလက်ကို ဆွဲထားသဖြင့် သီတဂူက ခတ်ဆတ်ဆတ်လေး ရုန်းထွက်သွားသည်။

"သား"

"မေမေ"

"သီတဂူနဲ့သားက မတန်ဘူး"

"သား သီတဂူကို ချစ်တယ်"

"ဟင်"

သားဆန္ဒကို ဒေါ်ချစ်ချစ်သဲ ဘယ်တုန်းကမှ တားဆီးပိတ်ပင်ခဲ့ဘူးခြင်းမရှိခဲ့။ ရင်တုန်ပန်းတုန်ဖြင့် သားကို မော့ကြည့်မိသည်။ မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တာဘဲ။ ဒီကောင်မလေးရောက်လာထဲက ဒီလိုပြဿနာတွေ ဖြစ်နိုင်တယ်ဆိုတာ သိနေခဲ့၏။ ဒေါသတွေဖြစ်လိုက်ရတာ၊ သမီးကြီးဒေဝီပြောသလိုပဲ ဒီကောင်မလေးကို အပျော်ကြံစည်နိုင်းလိုက်ရင် ကောင်းမလားဘဲ။ ဒေါက်တာသက်တန့်နဲ့ သီတဂူက အပြင်ကိုထွက်သွားသည်။

"သားချစ်တဲ့ သီတဂူကို မေမေလည်းလိုက်ပြီး ချစ်ပေးပါ"

"မင်း"

"သီတဂူကို ဘယ်သူ့လက်ထဲမှ အပ်မခံနိုင်ပါဘူး မေမေ။ သားအခုပဲ ဖေဖေ့ဆီမှာ တောင်းဆိုမယ်"

"မသွားနဲ့ သား။ ဒီကောင်မလေးထက်သာတာတွေ မေမေရှာပေးနိုင်တယ်။ မျိုးရိုးလေ၊ ဒီကောင်မလေးမျိုးရိုးက"

"သား သီတဂူကိုချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်။ ဘယ်သူ့ လက်ထဲမှ အပ်မခံနိုင်ဘူး မေမေ။ သီတဂူကို စွန့်လွှတ်ရရင် သား သေနိုင်တယ်"

"မိုးကောင်းကင် မင်းကို အဆင့်အမြင့်ဆုံးမှာ ရှိနေစေချင်လို့ မိုးကောင်းကင်လို့တောင် မေမေ အမြတ်တနိုးပေးထားခဲ့တာပါ။ မိုးပေါ်မှာနေတဲ့ သားက အဆင့်အနိမ့်ဆုံးဟာမကို ချစ်နေတာလား။ ဒီကောင်မမျိုးနဲ့ ပေါင်းဖက်ချင်နေတာလား"



"ဖေဖေ့သမီးပါ။ သီတဂူက အရမ်းချစ်စရာကောင်းပြီး ဖြူစင်တယ်။ သား အရမ်းချစ်နေပြီ မေမေ"

သားကို ဘယ်လိုတားဆီးရမလဲ။ သား တစ်ခုခုဖြစ်သွားမှာလည်း သားအပေါ်အချစ်ကြီးချစ်ခဲ့တဲ့ မိခင်တစ်ယောက်က မီးတောက်မတတ် စိုးရိမ်ပူပန်နေသည်။ သီတဂူ ညည်းက ကျုပ်သားကို တမင်အကျင့်ယုတ်ပြီး မြူဆွယ်ဖြားယောင်းလိုက်တာလား။ ထင်ထားပဲ၊ ဒီဟာမလေးရောက်လာရင် သားနဲ့ ငြိစွန်းတော့မယ်ဆိုတာ။ စောစောထဲက လက်မခံဘဲ မောင်းထုတ်ရမှာ။ ကိုကိုရဲ့သွေးဆိုပေမယ့် အိမ်အစေအပါးမျိုးရိုးကရှိနေသေးသည်။ မသတီလိုက်တာ၊ သားနှင့်ပေါင်းဖက်နေမှာကို ဘယ်လိုမှ လက်မခံနိုင်။ ဘယ်လို လုပ်ရမလဲ။ သားကိုလည်း တားဆီးလို့ မရနိုင်တာကြောင့် ဒေါသတွေ ထွက်နေရသည်။

"ဖေဖေ့ဆီ မသွားပါနဲ့၊ သီတဂူနဲ့ ဒေါက်တာသက်တန့်တို့ လက်ထပ်ဖို့ မေမေ့ကို တာဝန်ပေးထားတာလေ။ ဒီကောင်မလေးကို သား တကယ်မချစ်ပါဘူး။ ဒီဟာမလေးထက်သာတာတွေ သားပတ်ဝန်းကျင်မှာ အများကြီးရှိပါတယ်။ မေမေ့ဆီက အရမ်းကြီးကျယ်ခမ်းနားတဲ့ တောင်းဆိုမှုတွေ တောင်းဆိုစမ်းပါ"

"သီတဂူကိုပဲ သား လက်ထပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မေမေ လက်မခံပေးပါ၊ သီတဂူက မေမေနဲ့မမဆီက လက်ခံသဘောတူတာနဲ့ သီတဂူကို ချစ်ခင်စွာဆက်ဆံလာတာနဲ့ သားရဲ့ လက်ထပ်ခွင့်ကို လက်ခံမယ်လို့ စိန်ခေါ်ထားခဲ့တယ်လေ။ မေမေနဲ့မမက ကိုယ်ချစ်မြတ်နိုးတဲ့ ကောင်မလေးကို ကြိမ်းသေချစ်ရမယ်လို့"

"ဘာပြောတယ်"

ဖြူလ်မလေး သက်သက်မဲ့ မိမိတို့သားအမိရဲ့ မာနကို ရိုက်ချိုးပစ်ဖို့ ကြိုးစားနေတာပဲ။ နင့်အဆင့်နဲ့များ၊ တမင် စိန်ခေါ်တာ၊ မိမိတို့ သားအမိ အသည်းတွေဟက်တက်ကွဲသွားအောင် စိန်ခေါ်တာပဲ။ နင်က ငါ့သားကိုများ မိမိတို့ဒုက္ခရောက်အောင် အကြပ်ကိုင်တာဟုပဲ ဒေါသတကြီး တွေးမိသည်။

"ဒေါက်တာသက်တန့်ကို လက်ထပ်မှာပါ။ သီတဂူအတွက် သူ့အဖေက စီစဉ်ထားပြီးသားပဲ သား။ သီတဂူဆိုတဲ့ဟာမလေးက ဘာမှ အထင်ကြီးစရာ မရှိပါဘူး သားရယ်။ အလကားပါ။ သင်းကလည်း မေမေနဲ့မမ စိတ်သောကရောက်အောင် တမင်မာယာများပြတာပါ"

"ဘာပဲဖြစ်ဖြစ်လေ မေမေ သားကတော့ သီတဂူကို မရရအောင် ယူမှာပဲ။ နိုးပြေးမယ်၊ ထောင်ထဲဝင်ချင်လည်း ဝင်ရပါစေ။



သီတဂူကို သားအရမ်းပဲ ချစ်နေပါပြီ။ ခွဲခွာရဖို့ စိတ်ကူးနဲ့တောင် ကိုယ့်ကိုကိုယ် သတ်သေပစ်ချင်နေတယ်"

"အမလေး ဘုရားရေ"

သားမျက်ဝန်းတွေက သောကရိပ်တွေနှင့် ညှိုးမှိုင်းရီဝေ စိုစွတ်နေသည်။ သားကို ညည်း ဘယ်လိုများ မြူဆွယ်လိုက်လဲ သီတဂူ။ ငါတို့က သဘောတူလက်ခံရင် ညည်းက လက်ထပ်မယ်တဲ့လား။ တန်ရာ တန်ရာ လုပ်စမ်းပါ သီတဂူရယ်။ နင့်အမေက သင်ပေးလိုက်တာလား။ အမွေတွေများများရအောင်လို့ နင့်အမေက သင်ထားပေးတာလား။ ဒေါက်တာသက်တန့်ရောင်က ဆရာဝန်ဆိုတဲ့ ဂုဏ်ပုဒ်ပဲရှိနေပြီး ငွေကြေးဥစ္စာမရှိပေ။ ညည်းအဖေစီစဉ်ပေးတာတောင် ညည်း လက်မခံဘဲ ငါ့သားကို စိန်ခေါ်လိုက်တာလား။ မိမိရင်တွေ တဆတ်ဆတ် နာကျင်နေသည်။

"သားဘဝပျက်မှာ မေမေကြည့်ရက်လို့လား။ သား ကြေကွဲဝမ်းနည်းမှုတွေခံစားပြီး ဘဝတစ်လျှောက်လုံး နစ်မွန်းရတော့မှာ မေမေက ဂုဏ်သိက္ခာအတွက် အဓိပ္ပါယ်မရှိ ငြင်းဆန်ပစ်မလို့လား"

"တိတ်စမ်းသား ဆက်မပြောနဲ့တော့၊ မေမေ စဉ်းစားမယ်။ မမနဲ့ တိုင်ပင်မယ်၊ မေမေ့ဘက်ကိုလည်း သား ညှာညှာတာတာလေး စဉ်းစားပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"သီတာဝှကိုသာမရရင် သားတကယ်ပဲ ဘဝပျက်ပြီး သေဆုံးသွားနိုင်ပါတယ် မေမေ"

သားရဲ့ ပထမဆုံး ကြေကွဲဝမ်းနည်းသံကို ဒေါ်ချစ်ချစ်သဲ ကြားလိုက်ရတာပါ။ ရင်ဝမှာ စို့တက်သွားရသည်။ သီတာဝှ ညည်း ထိုးနက်ချက်က ပြင်းပြလွန်းပါတယ်အေ။ ပညာသား ပါ,ပါပေတယ်။ ငါတို့ကို လှလှပပလေး လုပ်ပြခဲ့တာပါပဲ။ မိမိချွေးမအဖြစ် တော်ရမည့် မိန်းကလေးက သီတာဝှဖြစ်သင့်လို့လား။ သားကတော့ ပြွတ်ပြွတ်သားသားပဲ ပြောနေသည်။

× × × × × × × × × × × × × ×

# အခန်း(၁၀)

ဒေါက်တာသက်တန့်က သီတာဝှအား ကုန်တိုက်ကြီးတွေ ခေါ်သွားပြီး လိုအပ်တဲ့ အဝတ်အစားအသုံးအဆောင်ပစ္စည်းတွေ ဝယ်ပေးနေသည်။ သီတာဝှ လက်မခံချင်ပေ။ ဖေဖေက ပိုက်ဆံတွေ ပေးလိုက်တာတဲ့။ သီတာဝှစိတ်က တစ်မျိုးပဲ၊ ဟိုကောင် မိုးကောင်းကင်ကို သတိရနေ၏။ ကောင်းကင်နဲ့သာဆို သီတာဝှ ပျော်နေမိမလားဘဲ။ သူနှင့်ဆုံတိုင်း သီတာဝှ ပျော်ရွှင်တက်ကြွလာရ၏။ ဘာကြောင့်မှန်းတော့ မသိဘူး။ မဖြစ်နိုင်တာတွေ တွေးမနေစမ်းပါနဲ့ သီတာဝှ။ အန်တီချစ်က အစောကြီးထဲက သူ့သားနှင့်မပတ်သက်ဖို့ ပြောထားခဲ့တာပဲ၊ ဧရိုင်ဘာရွေး

www.burmeseclassic.com

www.burmeseclassic.com



အစေအပါးမျိုးကနေ မွေးဖွားလာတဲ့ သီတဂူနှင့် နီးစပ်သွားမှာ ကြောက်နေသည်။ မိုးကောင်းကင်ရယ် ရှင့်အမေနဲ့အစ်မကို သီတဂူအရမ်းမုန်းတာပဲ။ ဒါပေမယ့်လည်း ဖေဖေ့စိတ်ချမ်းသာမှုအတွက် သူတို့နဲ့အဆင်ပြေချင်တယ်။ မိသားစုလိုလေ ဖြစ်နိုင်ပါ့မလား။ ရှင့်ကို အသုံးချတာတော့ မဟုတ်ပါဘူး။ ရှင့်ကိုလေ...သူမ အတွေးတွေကို ရပ်တန့်ပစ်ဖို့ကြိုးစားသည်။

"သီတဂူ"

"ရှင်"

"ဘာတွေစဉ်းစားနေတာလဲ၊ ဝယ်ဦးလေ။ စိတ်တိုင်းကျပဲနော်။ ပြီးရင် ကိုယ့်အသိ စိန်တိုက်တစ်ခုကို သွားမယ်၊ လက်ဝတ်ရတနာတွေ ဝယ်ရအောင်"

"နေ နေပါစေ ဒေါက်တာ သီတဂူ ဘာမှ မလိုချင်ပါဘူး။ ရပါပြီ၊ အိမ်ပဲ ပြန်ကြရအောင်နော်"

"မရဘူး ဝယ်ရမယ်၊ အန်ကယ့် ညွှန်ကြားချက်ပဲ သီတဂူ။ ဘာကိုသိမ်ငယ်ပြီး ကြောက်နေရတာလဲ။ အန်တီချစ်တို့ကိုလား။ ဘာဆိုင်လဲကွာ၊ သီတဂူရပိုင်ခွင့်ပဲ"

"ဖေဖေ့ကြောင့်ပါ။ သီတဂူ ဘယ်လိုပဲနေရ နေရ နေနိုင်ပါ



တယ်လေ။ အန်တီချစ်တို့ မိသားစုကလည်း ဖေဖေ့မိသားစုဝင်တွေပဲဟာ"

"မင်း ဘာဖြစ်လို့ စိတ်သဘောထားဖြူစင်လွန်းနေရတာလဲ သီတဂူ။ သူတို့က မင်းကို အစေအပါးအဆင့်ပဲ ထားတာမဟုတ်လား။ ကိုယ်တောင် သီတဂူကို အိမ်ဖော်ကောင်မလေးအသစ်လို့ ထင်တာ။ အန်ကယ်သာသိသွားရင် ဘယ်လောက်အထိ ရင်ကျိုးရှာမလဲ"

"မသိပါစေနဲ့ သီတဂူ တောင်းပန်ပါတယ်နော်။ ဖေဖေ လုံးဝသိလို့မဖြစ်ပါဘူး။ ဒေါက်တာက လူနာတွေရဲ့ စိတ်ခံစားမှုကိုသိတဲ့ဆရာဝန်ပါ။ ဖေဖေ့စိတ်တွေကျသွားလို့ မဖြစ်တာပါ"

"သီတဂူ"

"ရှင်"

"ကိုယ်တို့လက်ထပ်မယ်၊ သီတဂူ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေရမယ်။ အန်ကယ်ကလည်း ဖြစ်စေချင်တာပဲလေ။ ကိုယ်သီတဂူကို အရမ်းချစ်တယ်၊ သီတဂူ နာကျင်ကြေကွဲနေရတာ မကြည့်ရက်ဘူးကွာ။ မိုးကောင်းကင်ဆိုတဲ့ အန်တီချစ်သားကလည်း သီတဂူကို ဖျက်ဆီးပစ်မှာစိုးတယ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင် သီတဂူကို အပျော်ကြံမည်ဟု မထင်မိပေ။ သူ့ကို သီတဂူလေ . . . သူ့ကို အန်တီချစ်လက်ခံရင် လက်ထပ်ဖို့အထိ ကတိပေးထားခဲ့သည်။ မဖြစ်နိုင်မှန်း သီတဂူ သိနေ၏။ အကြီးအကျယ် ကန့်ကွက်ကြမှာပဲ။ ဒေါက်တာသက်တန့်နှင့်သူမ သွားနေတာ သူ ဒေါသ တွေ ထွက်နေပြီလား။ အခုလောက်ဆို အန်တီချစ်ဆီမှာ တောင်းဆိုနေ လောက်ပြီ။ သီတဂူ ရင်တုန်ပန်းတုန် ဖြစ်နေသည်။ အန်တီချစ်ဆီက လက်မခံနိုင်ကြောင်းဆိုတဲ့အဖြေပဲ ရှိနေ၏။ မိုးကောင်းကင်ကို သီတဂူ မိုက်မဲစွာ ချစ်မိနေပြီလားမသိ။ ဒေါက်တာသက်တန့်ရဲ့အပေါ် သူမခံစား၍ မရ။ အစ်ကိုတစ်ယောက်လို၊ မိတ်ဆွေကောင်းတစ်ယောက်အဖြစ်ပဲ လက်ခံ၍ရနေသည်။

"သီတဂူ ဘာတွေစဉ်းစားနေတာလဲ၊ ကိုယ် တောင်းဆိုမှုတွေ ကို သီတဂူ လက်ခံမယ် မဟုတ်လားကွာ"

"ရှင်"

ဒေါက်တာသက်တန့်က သီတဂူ့လက်လေးကို ဆုတ်ကိုင်လာ တော့ သူမ ဆတ်ခနဲ ရုန်းဖယ်ပစ်မိသည်။ ဒေါက်တာ့အပြုံးတွေက သီတဂူ့နှလုံးသားတွေကို နွေးထွေးမသွားစေခဲ့။ အိမ်ပြန်ဖို့ပဲ ပြောလိုက် သဖြင့် ဒေါက်တာ့မျက်ဝန်းတွေက နားမလည်သလိုဖြစ်သွားသည်။



"သီတဂူ"

"ဟင်"

"ကိုယ်နဲ့လက်ထပ်ဖို့ အန်ကယ့်ဆီမှာ ငြင်းဆန်မှာလားကွယ်"

"ဆောရီးပါပဲ ဒေါက်တာ၊ သီတဂူ စဉ်းစားပါရစေနော်။ ဒေါက်တာ့ကို မိတ်ဆွေကောင်းတစ်ယောက်အဖြစ်ပဲ လောလောဆယ် ခင်မင်နေပါရစေ"

"မရဘူး သီတဂူ၊ မင်း ကိုယ့်ကို လက်ထပ်ရမယ်။ ဒီအိမ်မှာ ဘာ့ကြောင့် အဆင်းရဲ အပင်ပန်းခံပြီး နေရတာလဲ"

"ဒီအိမ်ကနေ သီတဂူ မထွက်သွားချင်လို့ပါ"

"ဘာဖြစ်လို့လဲ သီတဂူ"

"ဖေဖေ့ကြောင့်လေ"

"အန်ကယ့်ဆန္ဒလေ"

"ဒေါက်တာက သီတဂူ့ကို ဘာဖြစ်လို့ အလောတကြီး လက် ထပ်ချင်ရတာလဲ"

အကြည့်တွေက ဆုံမိသွားသည်။ သက်တန့်ကလည်း သီတဂူ အား စူးစူးစိုက်စိုက်လေးကြည့်ကာ မင်းကရောကိုယ့်လို ယောကျ်ား တစ်ယောက်ကိုများ ဘာဖြစ်လို့များ လက်ထပ်ဖို့ ငြင်းဆန်ချင်ရတာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးပစ်ချင်နေသည်။

"ကိုယ်က မင်းအမွေတွေကို မက်မောလို့ လက်ထပ်ချင်နေတာလို့ မင်းထင်နေလို့လား"

"အလောတကြီး လက်ထပ်ဖို့အထိ မလိုအပ်ဘူးလို့ ထင်မိလို့ပါ ဒေါက်တာ"

သီတဂူမျက်ဝန်းလေးက တင်းနေသည်။ သက်တန့်ကတော့ သီတဂူကို အကြောင်းပြချက် ဘယ်လိုပဲ ဖြစ်နေပါစေ ရှင်းပြမနေချင်တော့ပေ။ မင်းကိုချစ်လို့ပါ လူကြီးတန်မဲ့ မဖြေချင်။ သီတဂူကို စိန်တိုက်တစ်ခုသို့ ခေါ်သွားပြီး စိန်လက်ဝတ်ရတနာတွေ ဝယ်ပေးခဲ့သည်။

"မင်းအတွက်ပဲ စိန်တွေမြတွေရံနေတဲ့ ဘဝလေးမှာ မင်းနေသင့်တယ်။ ဘာဖြစ်လို့ကွာ အစေအပါးတစ်ယောက်လို ညှိုးညှိုးငယ်ငယ်နေနေရတာလဲ။ ကိုယ်မကြည့်ရက်လို့"

"သီတဂူက ဖေဖေ့အနားမှာ နေချင်လို့ပါ။ သီတဂူ လွတ်လပ်ပျော်ရွှင်ဖို့ထက် ဖေဖေ့ရဲ့စိတ်သက်သာမှုကို ပိုဖြစ်စေတာက အန်တီချစ်တို့ မိသားစုနဲ့ အဆင်ပြေချစ်ခင်ရင်းနှီးနေဖို့ပဲ ထင်တယ်"

"သူတို့က အရမ်းဂုဏ်ပကာသနတွေကို မက်မောတာပဲ သီတဂူ၊ မင်း ထင်နေလား အန်ကယ်က မင်း သည်းခံပြီး သူ့အတွက်



ကြိတ်မှိတ်ခံနေတာကို သိနေတယ်"

"ဒေါက်တာ့ကို သီတဂူ လက်မထပ်ချင်ဘူး"

"ဘာ"

"ဖေဖေ့ဆီမှာ အတင်းအကြပ် မတောင်းဆိုပါနဲ့လို့ တောင်းဆိုပါတယ် ဒေါက်တာ"

"မရဘူး"

"တောင်းပန်ပါတယ်"

"တော်ပြီကွာ ပြန်ကြမယ်၊ မင်းကိုယ့်စကားကို နားထောင်ရမယ် သီတဂူ။ အန်ကယ့်က ကိုယ်လက်ထဲအပ်ထားတာ"

သူက သီတဂူကို ချစ်ပါတယ်ဟုပြောရမှာ ဝန်လေးနေသလိုပင်။ သူ့အသက်အရွယ်နှင့် ကလေးကလား ကိုယ့်ထက်ငယ်ရွယ်တဲ့ကောင်မလေးအား ချစ်စကားတွေ မပြောချင်၊ လက်ထပ်ဖို့တောင်းဆိုတာပင် သူ့အတွက်ခက်ခဲကာ မျက်နှာပူရသည်။ သီတဂူ မင်းကိုချစ်တယ်။ ငွေနဲ့မဆိုင်ဘူးကွ၊ ကိုယ်ကငွေကို ခံစားတတ်တဲ့ကောင်မဟုတ်ဘူး။ သီတဂူသိအောင် ရှင်းမပြနိုင်ပေ။ သီတဂူကရော သူ့ကိုငြင်းနေတာ ဖေဖေ့အနားမှာ နေချင်လို့တဲ့။ သူက စိတ်မချ၊ အန်ကယ်မသိအောင် အိမ်မှုကိစ္စတွေ လုပ်နေရတာ သနားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သီတဂူကို သနားလို့လား ဒေါက်တာ၊ ဖေဖေနဲ့ပတ်သက်နေတဲ့ မိသားစုနဲ့ အဆင်ပြေပြေနေနိုင်ဖို့ သီတဂူ ကြိုးစားကြည့်ချင်တာပါ။ ဒေါက်တာနဲ့ လက်ထပ်လိုက်ရင် မိသားစုပဋိပက္ခပိုပြီး ကြီးမားသွားလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ဒေါက်တာ မသိတာလား။ မသိချင်ယောင် ဆောင်နေတာလား ဟင်"

"ဘာများလဲ သီတဂူ"

"မမဒေဝီလေ"

"ကိုယ် စိတ်မဝင်စားဘူး။ ကိုယ်က အမွေတွေမက်မောပြီး မိန်းကလေးတစ်ယောက်ကို လက်မထပ်ချင်တာပဲ။ ကိုယ့်ဘဝရဲ့ လက်တွဲဖော်က နူးညံ့သိမ်မွေ့မှု လိုအပ်တယ်၊ ခေတ်ရေစီးကိုတစ်မိုင်လောက် ကြိုပြေးနေတဲ့ မိန်းမကို ခံစားလို့ မရတာ"

ဒေါက်တာက ငွေကြေးကြောင့် သီတဂူကို လက်ထပ်ဖို့ ကြိုးစားတာ မဟုတ်တာ သီတဂူ သိပါတယ်။ ဒါပေမယ့်လေ၊ သီတဂူ နှလုံးသားတွေကပါ ဒေါက်တာနဲ့ပတ်သက်ပြီး ခံစားလို့မရဘူး။ ဒေါက်တာ့ကို မချစ်ဘူးထင်တယ်။ သီတဂူကို ဒေါက်တာက စိန်လက်စွပ်နှင့်



စိန်လောကတ်သီးလေးပါသော ဆွဲကြိုးကို ဖွတ်အတင်းဆွဲစေသည်။

"ဟင့်အင်း သီတဂူ မဝတ်ထားချင်ဘူး။ သိမ်းထားပါ့မယ်။ အန်တီချစ်တို့မြင်သွားရင် ဖေဖေ့အပေါ်ပိုပြီး ဒေါသထွက်ကြမှာ စိုးတယ်လေ"

"ဘာဆိုင်လဲကွာ၊ မင်း သိမ်သိမ်ငယ်ငယ်နေလည်း သူတို့က မင်းကို လက်ခံလို့ မှန်းကြမှာပဲ၊ သူတို့က မင်းကို မောင်းထုတ်ပစ်ချင်ကြတာလေ သီတဂူ"

"သီတဂူဘက်ကဖြောင့်နေရင် သူတို့ လာချိတ်လို့မရပါဘူး"

"အရှူးမလေး"

သီတဂူဆိုတဲ့ ကောင်မလေးရဲ့ဆန္ဒတွေကို ဆက်ပြီး တားဆီးပိတ်ပင်တာတွေ မလုပ်ချင်ပေ။ မင်းဆန္ဒတွေအတိုင်းပဲ ကိုယ်လိုက်လျောပေးပါ့မယ် သီတဂူဟုပြောလိုက်သည်။

"မြန်မယ်နော်"

"ခဏ"

"ရှင်"

"ညစာတော့ ကိုယ်နဲ့လက်ဆုံစားပါ၊ ဒီနေ့ကိုယ်က အားလပ်ရက်လေ သီတဂူ။ ဒီအခွင့်အရေးလောက်တော့ ရသင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်ရယ် သီတဂူလေ ရှင့်ကြောင့်ထင်တယ်၊ ဒေါက်တာသက်တန့်နဲ့ လျှောက်သွားနေရတာကို မွန်းကြပ်ကြပ်ကြီးနဲ့ စိတ်မပါသလိုပဲ ပြန်ချင်တယ်။ သူများ ဒေါသတွေဖြစ်ပြီး သီတဂူကို အထင်လွဲနေမလားလို့ တွေးဖြစ်နေတယ်။ ဒေါက်တာသက်တန့်ရဲ့ တောင်းဆိုမှုတွေကလည်း တရားမျှတနေတယ်လေ။ ဖေဖေက ဒေါက်တာနဲ့ လက်ထပ်ပြီး သီတဂူဘဝကို အေးချမ်းစွာ ဖြတ်သန်းစေချင်နေတယ်။ အချစ်ဆိုတာ ဘာကြီးလဲမသိဘူးနော် ကောင်းကင်။ ရယ်ရတယ် မရတာကိုမှ ရယူပိုင်ဆိုင်ချင်နေတာမျိုးလားပဲ။ မိုးကောင်းကင်ကိုမှ ချစ်မိနေပြီထင်တယ်။ အရမ်းအရမ်း တမ်းတမ်းတတ သတိရနေလို့ပါ။ ဒေါက်တာ့ကို အားနာလွန်း၍ ညစာအတူစားဖြစ်သည်။

"သီတဂူ"

"ရှင်"

"မင်းစိတ်တွေက အသိကင်းမဲ့ပြီး လွင့်နေသလိုပဲ"

"ရှင်"

"ကိုယ်တောင် ထမင်းတစ်ပန်းကန်က တစ်ဝက်ကုန်တော့မယ်၊ မင်းက တစ်ဇွန်းတောင် မစားရသေးဘူးလားကွ"

"ဟင်"



ဟုတ်သားပဲ၊ ရှင့်အကြောင်းတွေကိုပဲ တွေးမိနေတာလေ။ သူ့ပန်းကန်ထဲမှာ ထမင်းတောင်တစ်ဝက်ကျိုးနေပြီ။ သီတဂူစားဖို့ မေ့လျော့နေမိတာပါ။ ရင်ထဲမှာပူလောင်နေသလိုပဲ ထမင်းမစားဘဲ ရေခဲရေခွက်ကိုယူပြီး မော့သောက်ဖို့ပြင်တော့ သူက တားသည်။

"ရေတွေ ဘာလို့ သောက်မှာလဲ၊ ထမင်းပဲစားပါ။ ဗိုက်ပြည့်မယ်လေ"

"ရှင်"

"ကိုယ့်ကိုရှင်နေတာလား သီတဂူ၊ မင်း ယောကျ်ားလေး တစ်ယောက်နဲ့ ဒီလိုမသွားဖူးဘူးထင်တယ်"

"အင်း ဟုတ်တယ်"

သီတဂူက မိုးကောင်းကင်လို ယောကျာ်းတစ်ယောက်ကို ချစ်နေမယ်၊ စိတ်ဝင်စားနေမယ်လို့ ဒေါက်တာက ထင်မှာမဟုတ်ဘူး။ မိုးကောင်းကင် သီတဂူ ရက်နေမယ်ပဲထင်နေမှာပါ၊ အရမ်းစိတ်ညစ်တာပဲ။ ပြီးတော့ မိုးကောင်းကင်နဲ့ စိန်ခေါ်တဲ့အဖြေက ဘာလဲဆိုတာလည်း သီတဂူအရမ်းသိချင်နေတယ်။ အန်တီချစ်ရော မမဒေဝီရော လက်ခံကြမှာ မဟုတ်ပါဘူး။ သီတဂူလို အစေအပါးမျိုးရိုးကခိုပြီး ရွှံ့ရာစက်ဆုပ်နေကြတာ မဟုတ်လား။ သီတဂူစိတ်တွေကိုတောင် နားမလည်နိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူးကွာ၊ ရှင့်အကြောင်းတွေပဲ တွေးမိနေပြီး စိန်ခေါ်ပွဲမှာ သီတဂူဘက်က ရှုံးစေချင်နေတယ်။ ကောင်းကင်နိုင်မှ ရှင်နဲ့နီးစပ်ချင်နေတဲ့ သီတဂူဆန္ဒ တွေ ပြည့်ဝမှာလေ။ ဒေါက်တာသက်တန့်ရောင်ရဲ့ ဂုဏ်တစိုက် အကြင်နာ တွေအောက်မှာ သီတဂူ ထမင်းတစ်ဇွန်းကိုပင် အတော်လေး ကြိုးစား မျိုချပစ်နေရသည်။

× × × × × × × × × × × × × ×

## အခန်း(၁၁)

"သီတဂူ"

"ရှင်"

"ညည်းပြန်လာပြီလား ညည်းအဖေက သမီးအတွက် အစွမ်း ကုန် ဖြည့်စွမ်းပေးနေတာပါပဲလား"

"မမဒေဝီအခန်းကို သီတဂူ သန့်ရှင်းရေး လုပ်ပေးရဦးမယ်"

"ဒီမှာ"

"ရှင်"

"ညည်းကို ကျုပ်ပြောထားပြီးပြီနော်၊ ကျုပ်သားနဲ့ မပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ညည်းလိုမျိုးရိုးကို ကျုပ်အမျိုးမတော်နိုင်ဘူး။ ညည်းရောက်လာတာ ဖြိုလဲဝင်တာပဲ သီတဂူ၊ ကျုပ်သမီးလေးအတွက် ရည်မှန်းထားတာ လည်း ညည်းအတွက်ဖြစ်နေပြီ။ ညည်း ထွက်သွားစမ်းပါ၊ ညည်းအဖေ ကြောင့်ဆိုရင်တောင် ဒီကိုမလာသင့်ဘူးအေ့"

မိုးကောင်းကင် ရှုံးသွားပြီပဲ၊ ရှင်ချစ်မြတ်နိုးတဲ့မိန်းကလေးကို ရှင်မေမေနဲ့အစ်မက ချစ်မယ်ဆို။ သီတဂူ ဘာဖြစ်လို့ ငိုပစ်ချင်မိသွား ရတာလဲ။ မိုးကောင်းကင်ကို သီတဂူ ဖြားယောင်းသွေးဆောင်တာမျိုး မဟုတ်ပါဘူး။ သူမ ဖုန်စုတ်စက်ကိုယူ၍ မမဒေဝီအိပ်ခန်းထဲ ဝင်လာ ခဲ့သည်။

"သီတဂူ"

"ဟင်"

"အချစ်"

"ဘာ"

မိုးကောင်းကင်က သီတဂူအနားရောက်လာပြီး သူမလက်ကို ဆွဲယူဆုပ်ကိုင်လိုက်သဖြင့် သူမ ဆတ်ခနဲ ရုန်းဖယ်ပစ်လိုက်သည်။

"ရှင် ရှုံးသွားပြီမဟုတ်လား မိုးကောင်းကင်"

"ဘာကိုလဲ"



"ရှင်ချစ်တဲ့မိန်းကလေးကို ရှင်မေမေနဲ့အစ်မ ချစ်မှာပဲဆို"

"ကိုယ်ကတော့ ခေါင်းထဲမှာ ဘာမှမထားဘူး သီတဂူ၊ မေမေ တို့ သဘောမတူလည်း ကိုယ့်မှာ သီတဂူကို လက်ထပ်ပိုင်ခွင့်ရှိတယ်"

"ကျွန်မကတော့ ကတိပဲလေ၊ ရှင့်ဘက်က ရှုံးသွားလို့ ကျွန်မကို လုံးဝ နောင့်ယှက်ပိုင်ခွင့်မရှိတော့ဘူး။ အခန်းထဲကနေ ကျေးဇူးပြုပြီး ထွက်သွားပေးပါ"

"မသွားဘူးကွာ"

"ကောင်းကင်နော်"

သူက တိကျခိုင်မာသော မျက်ဝန်းတွေနှင့် သီတဂူအနား တိုးကပ်လာကာ ဖက်တော့မည့်ဟန်ပြင်လိုက်သဖြင့် သီတဂူ မျက်စောင်း လေးထိုးကာ အခန်းထဲကနေ ထွက်သွားမယ်ပြင်တော့ ကောင်းကင် ထွက်သွားသည်။

"ကိုယ် ထွက်သွားပေးပါ့မယ် သီတဂူ၊ ဒါပေမယ့် မင်းကို တစ်ခုတော့ တောင်းဆိုမယ်။ ကိုယ့်ရဲ့စိန်ခေါ်မှုက မပြီးဆုံးသေးဘူးလေ။ အချိန်တစ်လလောက်ပဲ ပေးပါ၊ ကိုယ် အလွယ်တကူ အရှုံးမပေးနိုင် သေးဘူး။ သီတဂူ ကိုယ့်ကို အချိန်တစ်လပဲ ပေးပါ"

"မဖြစ်နိုင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သီတဂူ၊ မင်း… မင်း ဒေါက်တာသက်တန့်ရောင်နဲ့ လက်ထပ်တော့မှာလား…မဖြစ်ဘူးနော်။ ကိုယ် လက်မခံဘူး"

"ရှင်…ရှုံးသွားပြီလေ၊ သီတဂူက ဖေဖေ့ကြောင့် မိသားစုဝင်ဖြစ်စေချင်တာပါ။ ကိုယ့်ကတိအတိုင်းပဲ သီတဂူနဲ့လာပြီး မပတ်သက်နဲ့တော့"

"မရဘူး သီတဂူ၊ မင်းကို ကိုယ် လုံးဝ မစွန့်လွှတ်နိုင်ဘူး။ မင်း ဘယ်သူနဲ့မှ လက်မထပ်ရဘူး။ ကိုယ် ရှုံးသွပ်သွားတာကို မင်းက မြင်ချင်နေတာလား"

သူက ထိတ်ထိတ်ပျာပျာ တုန်တုန်လှုပ်လှုပ်နှင့် သူ့မျက်ဝန်းတွေ ပြူးကြောင်လာသဖြင့် သီတဂူတောင် သူ ရှူးသွပ်သွားပြီလားဟု ပင် ထင်သွားရသည်။

"မဖြစ်ဘူးကွာ၊ အခုပဲ သီတဂူနဲ့ကိုယ် လက်ထပ်ကြမယ်၊ လူကြီးတွေကို ပြောနေတာနဲ့ ကိုယ် သီတဂူကို လက်လွှတ်ဆုံးရှုံးရတော့မယ်"

"သီတဂူ အလုပ်တွေလုပ်ရဦးမယ် မိုးကောင်းကင်၊ ရှင့်အမေကို မုန်းတယ်။ ကျွန်မကို အထင်သေးနှိမ်ချနေတာလေ။ ဖေဖေ့အတွက် ကျွန်မ သည်းခံနေတာပါ။ ကျွန်မ ဖေဖေ့ကြောင့်ပါ"



"ကိုယ် ဖေဖေ့ဆီမှာ သွားတောင်းဆိုမယ်၊ ဖေဖေက ငယ်ငယ်လေးတည်းက ကိုယ့်ကိုချစ်ပြီး အလိုလိုက်တယ်"

"မဖြစ်ဘူး"

"ဘာလို့ မဖြစ်ရမှာလဲ သီတဂူ"

"ရှင့်အမေကြောင့်လေ၊ ကျွန်မနဲ့ အမျိုးမှမတော်ချင်တာပဲ"

"သီတဂူ ကိုယ် မင်းကို ချစ်တယ်၊ အရမ်းချစ်လို့ပါ"

"ကျွန်မကတော့ ဒေါက်တာသက်တန့်ရောင်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ ကောင်းကင်"

"ဘာ"

"ရှင့်မှာ တားပိုင်ခွင့်မရှိဘူး။ ဒေါက်တာသက်တန့်ရောင်နဲ့ လက်ထပ်ပြီး ဒီကနေ ထွက်သွားတော့မယ်။ အဲ့ဒါ ကျွန်မဘဝပဲလေ၊ ရှင့်မှာ တားပိုင်ခွင့်မရှိဘူး။ မနှောင့်ယှက်ဖို့ တောင်းပန်ပါတယ် မိုးကောင်းကင်"

သီတဂူ ဆုံးဖြတ်လိုက်သည်။ ဒေါက်တာသက်တန့်ရောင်ကိုပဲ လက်ထပ်ပြီး သီတဂူ ရသင့်ရထိုက်တာတွေယူပြီး ထွက်သွားဖို့ပင်။ ပြီးမှ ဖေဖေ့ကိုခေါ်ပြီး ပြုစုမယ်၊ ဒေါ်ချစ်ချစ်သဲကို မုန်းလိုက်တာ။ စိတ်သဘောထားမပြည့်ဝတဲ့ မိန်းမကြီး။ ဒေါက်တာသက်တန့်ရောင်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရင်လည်း မမဒေဝီကို ထိုးနက်မှုပဲ။ သီတဂူ ဘယ်လို ကောင်မလေးမျိုးလည်းဆိုတာ သိစေရမယ်။ မိုးကောင်းကင်ကို အရေး မစိုက်တော့ဘဲ သန့်ရှင်းရေးပဲလုပ်နေသည်။

"သီတဂူနော်…ကိုယ် ပြောတာကို မမေ့နဲ့ မင်း လက်ထပ် ရမှာက ကိုယ်ပဲ။ မင်းကို ကောင်းကင်ပဲ ဖြစ်စေရမယ် မှတ်ထား"

"အရှုံး"

သူ ထွက်သွားသည်။ အခန်းတစ်ခုလုံး ပွရှုပ်နေတာပဲ။ ဒေါက်တာက သူမကို ဒီလိုဘဝမျိုးမှာ မနေစေချင်ပေ။ ဖေဖေ့ကြောင့် လား။ ရှင့်ကြောင့်ပဲလား မိုးကောင်းကင်။ ရှင် ရှုံးနိမ့်သွားပြီပဲ၊ ရှင့်အမေက မိတွေးပီစလိုက်တာ။ သန့်ရှင်းရေးလုပ်ကာ အပြင်ရောက်တော့ အိမ်ဖော် မကြီး ဒေါ်သွယ်က ပန်းကန်တွေ ဆေးခိုင်းနေသည်။

"ဟဲ့…သီတဂူ ပန်းကန်တွေဆေးထား၊ မမကြီးနဲ့မေမေကြီး တို့အတွက် ထမင်းပွဲပြင်ပေးရဦးမယ်"

"ဟုတ်ကဲ့"

ဒေါက်တာသက်တန့်ရောင်က စိန်တွေပြွတ်သိပ်နေအောင် ဝတ်ပြီး မျက်နှာမငယ်အောင် နေစေချင်တာပါ။ ဖေဖေ့ဆန္ဒလည်း အတူတူပဲလေ။ သီတဂူက ဖေဖေ့အနားမှာ နေချင်တာရယ်၊ ပြီးတော့



ဟိုကောင် မိုးကောင်းကင်ကို သံယောဇဉ်တွယ်ငြိနေတာရယ်။ ဒေါက်တာ သက်တန့်ရောင်ထက် မိုးကောင်းကင်အားပို၍ပင် တမ်းတမ်းတတ ဖြစ်နေ ရသည်။ ပန်းကန်ဆေးခိုင်းပြီး မီးပူတိုက်ခိုင်းနေပြန်၏။ ဒေါ်သွယ်နှင့် မာမာကလည်း မျက်နှာထားက တင်းနေသည်။

"နင်နဲ့ကိုကိုလေး လုံးဝ မတန်ဘူးနော် သီတဂူ၊ နင်က လက်ခံ နေတာ ကိုကိုလေးက အတင့်ရဲပြီး ဝင်လာနေတာလေ။ မေမေကြီး ဘယ်လောက် စိတ်ဆင်းရဲနေရလဲ"

"ဘာ…နင်က ဘာမို့လို့ ဒီစကားပြောရတာလဲ၊ ငါသည်းခံမှာ က အနတ်ချစ်ပဲရှိမယ်"

မျက်နှာထားတင်းတင်းနှင့် ပြောနေသော မာမာ့ကို သီတဂူ ဒေါသတကြီးနှင့် ရင်ဘတ်ကို ဆုပ်ကိုင်ဆွဲဆောင့်ပစ်လိုက်သဖြင့် အိမ် ဖော်မကြီး ဒေါ်သွယ် အပြေးအလွှား ရောက်လာသည်။

"ဟဲ့…သီတဂူ ဘာလုပ်တာလဲ၊ မေမေကြီးကို တိုင်ပြောမှာ နော်"

"တိုင်လေ…ရှင်တို့ မစော်ကားပါနဲ့၊ နောက်တစ်ခါဆို သေ ပြီသာမှတ်"

"ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



သီတာရှ အပြင်သို့ ထွက်လာခဲ့သည်။ အစော်ကားခံနေ၍ သင်းတို့က စော်ကားချင်တိုင်း စော်ကားနေကြသည်။ ဖေဖေ့အခန်းထဲ ဝင်လာခဲ့၏။ ဖေဖေအိပ်ပျော်နေသည်၊ ရောဂါဝေဒနာတွေဖိပြီးနေတဲ့ ဖေဖေ့ကို သီတာရှ စိတ်အနှောင့်အယှက်တွေ လုံးဝ မဖြစ်စေချင်တာ ပါ။ သမီးကို အနှိမ်ခံနေရမယ်ဆိုတာ ဖေဖေရိပ်စားမိနေတာ မဟုတ် လား။ သမီးကို တင့်တင့်တယ်တယ်ဖြစ်စေဖို့ ဖေဖေစီစဉ်ပေးနေတာပါ။ သီတာရှ ဒေါက်တာ့ကို ချစ်လို့မရဘူးထင်တယ်နော်၊ လက်ထပ်ပြီး အတူ နေဖို့ ဆန္ဒမရှိသလိုဘဲ။ မိုးကောင်းကင်ကို သမီး ချစ်မိနေပြီထင်တယ်။ ဖေဖေ့အခန်းထဲကနေ သီတာရှ တိတ်တိတ်ဆိတ်ဆိတ်လေး ပြန်ထွက် လာခဲ့သည်၊ သူမအခန်းထဲ ပြန်ဝင်လာခဲ့၏။ အလုပ်သမားတွေကအစ သီတာရှအား နှိမ်ချဆက်ဆံနေကြတာကို ဖေဖေမသိတာ အကောင်းဆုံးပဲ ဖြစ်သည်။

"သီတာရှ"

"ရှင်"

"ညည်း • • •ဘာအချိုးချိုးတာလဲ သီတာရှ၊ လုပ်ပါး၀တာ လား။ ငါ့အိမ်က ကောင်မလေးကို ညည်းရိုက်တယ်ဆို"

"ကျွန်မကို စော်ကားလို့"



"ဘာအေ့"

"ကျွန်မကို စော်ကားတာ အန်တီချစ်တစ်ယောက်ပဲ ကျွန်မ သည်းခံနိုင်မယ်နော်၊ အလုပ်သမားတွေကအစ စော်ကားတာကိုတော့ ကျွန်မ လုံးဝမခံနိုင်ဘူး"

"ညည်းအဖေကို တိုင်ရမယ်၊ ညည်း တဖြည်းဖြည်း လုပ်ပါးဝလာ တာကို မခံနိုင်ဘူး။ ညည်းက ကျုပ်တို့မိသားစုကို ဖြိုခွဲဖို့ရောက်လာ တာပဲ သီတာရှ"

အန်နီချစ်နှင့်သီတာရှ ယှဉ်ပြိုင်၍မပြောချင်ပေ။ ပြဿနာကို ရှာနေတဲ့ မိန်းမကြီးဖြစ်နေသည်။ ပြီးတော့ သီတာရှအပေါ် နည်းနည်းလေး မှ စေတနာမေတ္တာမရှိပေ။ သီတာရှ တစ်ခါတစ်ရံ သည်းခံနိုင်တဲ့အင်အား တွေ မရှိတော့လောက်အောင် ဖြစ်နေ၏။ ဒေါက်တာသက်တန့်ရောင် နှင့် လက်ထပ်ပြီး ဒီကနေ ထွက်သွားလိုက်ရင် ကောင်းမလားဘဲ။ မိုးကောင်းကင် ရှင့်ကို သီတာရှ မေ့ပစ်လို့မရဘူး။ ရှင်နဲ့ခွဲခွာရမှာ သီတာရှ တောင် ကြောက်နေသလိုပဲသိလား။ အန်တီချစ်ကို မုန်းတီးမိသလောက် မိုးကောင်းကင်ကိုတော့ သီတာရှ မိုက်မဲစွာ ချစ်နေမိသည်။

"ငါ့သားကို ညည်း ဘယ်လိုမျှား မြူဆွယ်ဖြားယောင်း လိုက်လဲ၊ ညည်းမှ ညည်းဖြစ်အောင် ဘယ်လိုလုပ်ပစ်လိုက်လဲ သီတာရှ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သီတာဂူ အဖြေမပေးမီ၊ အန်တီချစ်ရဲ့ ရွံ့ရှာမုန်းတီးနေတဲ့ အကြည့်အောက်မှ ရှောင်ထွက်လာခဲ့သည်။

"ညည်းနဲ့ငါ့သား မတန်ဘူးနော် သီတာဂူ၊ ညည်းအရယူဖို့ မကြိုးစားပါနဲ့။ ညည်းကိုငါ ချွေးမအဖြစ် အသိအမှတ်မပြုနိုင်ဘူး"

"အန်တီချစ်ကိုလည်း သီတာဂူ အသိပေးရဦးမယ်နော်၊ ဒေါက်တာ သက်တန့်ရောင်နဲ့ လက်ထပ်မှာပါ။ စိတ်မပူပါနဲ့ အန်တီချစ်"

"နင်"

ဒီကောင်မလေးကို မြှောက်ထားလွန်းနေတဲ့ ကိုကို့ကိုလည်း ချစ်ချစ်သဲ အမြင်ကတ်နေသည်၊ ပိုက်ဆံပေးသင့်သလောက်ပေးပြီး မောင်းထုတ်ပစ်လိုက်ချင်၏။ သင်းသမီးကို လင်ကောင်းသားကောင်း တောင် ပေးစားတော့မယ်။ ဒေါက်တာသက်တန့်ရောင်က သမီးကြီးဖေဝီ ရည်မှန်းထားသူလို့ ကိုကို့ကိုပြောတော့ မောင်သက်တန့်ရောင် ဆန္ဒပဲ တဲ့။ ဒေါ်ချစ်ချစ်သဲ နည်းနည်းလေးမှ မကျေနပ်ပေ။ သားမိုးကောင်းကင် က သီတာဂူကို ချစ်မြတ်နိုးနေသည်၊ ဒေါသဖြစ်စရာကောင်းလိုက်တာ။ သားအခန်းထဲ သွားကြည့်တော့ သားက ကြမ်းပြင်ပေါ်မှာ လဲကျနေသည်။

"သား…သား…အမလေး…သား…အရက်တွေ အလွန်အကျွံသောက်ထားတာပဲ၊ ဖြစ်မှဖြစ်ရလေ သားရယ်"



ဒေါ်ချစ်ချစ်သဲ အထိတ်တလန့်နှင့် သားကိုပွေ့ထူပြီး အိပ်ရာပေါ် တင်လိုက်သည်၊ ဒေါ်ချစ်ချစ်သဲအော်သံကြောင့် အိမ်ဖော်မကြီး ဒေါ်သွယ် လည်း ရောက်လာသည်။

"မေမေကြီး သားငယ် ဘာဖြစ်လို့လဲဟင်"

"ဒီမှာ အရက်တွေ အရမ်းသောက်ပြီး ကြမ်းပြင်ပေါ်မှာပဲ လဲနေတာ"

"ဘာမှ မဖြစ်ပါဘူး, မမကြီး၊ အရက်အမူးလွန်နေတာပါ။ အိပ်လိုက်ရင် အမူးပြေသွားမှာပါ"

"ဟိုဟာမကြောင့်ပဲ မသွယ်၊ သားငယ်က သင်းကို စွဲလန်း နေပြီ ဘယ်လိုလုပ်ကြမလဲဟင်"

"မသွယ်လည်းသူ့ကို ကြောက်တယ်၊ အရမ်းကြမ်းတမ်းတဲ့ ဟာမ။ ဟို ဒေါက်တာနဲ့လက်ထပ်ပြီး ထွက်သွားလည်း ကောင်းတာပဲ"

"ဒါဆို သမီးကြီးက ဘယ်လိုလုပ်မလဲဟင်၊ သမီးကြီးရော"

"ညထဲက ပြန်မလာပါဘူး မေမေကြီး"

"ဟင်"

သမီးကြီးကလည်း သွားချင်ရာသွား၊ အိပ်ချင်ရာအိပ် စိတ် မောလိုက်တာ။ ဒေါ်ချစ်ချစ်သဲ သမီးအတွက်ရော၊ သားအတွက်ပါ

www.burmeseclassic.com

www.burmeseclassic.com



လောင်နေသည်။ သမီးကြီး စိတ်လေနေတာလား။ သားကလည်း သီတဂူကြောင့် ဘဝပျက်တော့မယ်။ နင့်လိုဟာမလေးကို ငါ့သားနဲ့ ဘယ်တော့မှ သဘောမတူဘူး။ တန်လို့လား ကောင်မရဲ့။ မျက်ရည်တွေတောင် ကျချင်လာသည်။

× × × × × × × × × × × × × × ×

BURMESE CLASSIC .com

## အခန်း(၁၂)

"ဘာဖြစ်လို့ အဲ့ဒီလို ဖြစ်ရတာလဲ သီတဂူ၊ မင်းကိုယ့်ကို စွန့်ခွာသွားဖို့ မကြိုးစားပါနဲ့ကွာ။ ကိုယ်မင်းကို ပိုင်ဆိုင်ရမှုဖြစ်မယ်"

သူ့ခေါင်းတွေအရမ်း ကိုက်ခဲနေသည်။ ထလို့ပင်မရ၊ အရက်တွေ အလွန်အကျွံသောက်မိနေ၏။ သီတဂူ မင်းကို ကိုယ် မစွန့်လွှတ်နိုင်ဘူး။ မင်းကို ပိုင်ဆိုင်ရမှုဖြစ်မယ်။ ကိုယ်လုံးဝ မစွန့်လွှတ်နိုင်ဘူး။ သူ ထသည်၊ ခေါင်းက မထူနိုင်အောင် ကိုက်နေသည်။

"သီတဂူ・・・သီတဂူ ငါ့ကို မရက်စက်ပါနဲ့ကွာ၊ မင်း ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့ပါနဲ့"

မမဒေဝီအခန်းထဲမှာပဲ သီတဂူရှိနေလား၊ မင်းကို မတရားခိုင်းစေနေတာတွေ ကိုယ် လက်မခံနိုင်ဘူး။ ကိုယ် ကာကွယ်ပေးရမယ်၊ မင်း နာကျင်ထိခိုက်နေရတာ ကိုယ်သိတယ်။ ကိုယ်ကာကွယ်ပေးမယ်။ သူ ထသည်၊ ရေချိုးခန်းထဲဝင်ပြီး ရေပန်းအောက်မှာ ဝင်ရပ်လိုက်၏။ ကိုယ့်ရင်တွေအရမ်းပူနေတယ်၊ မင်းကြောင့်ပဲလေ။ ဒေါက်တာသက်တန့်ရောင်ကို လက်ထပ်ဖို့ လုံးဝ စိတ်မကူးနဲ့နော် သီတဂူ။ သူ ထွက်လာခဲ့သည်။ ကောင်းကင် မမဒေဝီအခန်းထဲရောက်တော့ သီတဂူရှိမနေဘဲ မမဒေဝီသာ ဒယိုင်းဒယိုင်နှင့် ဝင်လာသည်။

"ကောင်းကင်"

"မမဒေဝီ"

"နင်…ဘာလာလုပ်တာလဲ၊ သီတဂူကို လာရှာတာ မဟုတ်လား"

"မမ ဘယ်ကနေ ပြန်လာတာလဲ၊ အခုမှ"

"ကလပ်"

"ဟင်"

"မိုးကောင်းကင် မောင်လေး ဟိုကောင်မလေး သီတဂူကို



ကောင်းကောင်းလေး ဘဝပျက်အောင် လုပ်ပစ်လိုက်စမ်း။ ဒီဟာမလေး မမဒေဝီ အသည်းနှလုံးတွေကို ခွဲပစ်တာ"

"သီတဂူကို ကောင်းကင် တကယ် အသည်းနှလုံးထဲမှာ စွဲနစ်ဝင်ပြီး ချစ်တာ၊ ဖျက်ဆီးပစ်ဖို့ မဟုတ်ဘူး"

"ဘာ…နင်နဲ့ တန်လို့လား။ ဒီဟာမလေးက မျိုးရိုးမသန့်ဘူးနော်။ ဘာ အတည်လဲ၊ မေမေက လက်ခံမယ်ထင်လား"

"ကျွန်တော် သီတဂူကို ချစ်တယ်၊ ထာဝရ ပိုင်ဆိုင်ထားချင်တယ်။ မမလည်း ဆင်ခြင်ပါ။ နာမည်တွေ အရမ်းပျက်နေပြီ"

"ဘာ"

"ဒေါက်တာ စိတ်မဝင်စားတာလည်း မမဒေဝီ အနေအထိုင်က အဆင့်မှမရှိတာဘဲ။ လူတစ်ယောက်ရဲ့ အဆင့်အတန်းက အကျင့်စရိုက်ပဲလေ။ မမဒေဝီ ဘာတွေလုပ်နေလဲ အချိန်မတော် မိန်းကလေးတစ်ယောက် တစ်ညလုံး ကလပ်သွားရလား

ယဉ်ကျေးမှုလေး ကောင်စုတ်လေး ကိုယ့်အစ်မကို နှစ်ပြားမတန်အောင် ဝေဖန်ရလားဟဲ့။ သီတဂူကို လက်ထပ်ဖို့ နင် မကြိုးစားနဲ့နော်။ ဒီလိုဟာမလေးမျိုးနဲ့ ငါ အမျိုးမတော်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ လက်ထပ်မှာပဲ"

"ကောင်းကင်"

သူ ထွက်လာခဲ့သည်။ မမဒေဝီက စိတ်ပျက်စရာကောင်းလောက်အောင် ပုံစံကပျက်နေ၏။ အခန်းထဲမှာ ပစ္စည်းတွေ ပစ်ပေါက်ပြီး ဝုန်းဒိုင်းကြဲနေသည်။ စားသောက်ခန်းသွားမလို့ပြင်တော့ မေမေနှင့်တိုးတော့၏။ ဖေဖေ့အခန်းထဲကနေ ပြန်လာပုံပင်၊ သူ့ကိုတွေ့တော့ ဧည့်ခန်းထဲကို ဆွဲခေါ်လာသည်။

"မေမေ . . .ဘာလုပ်မလို့လဲ၊ သီတဂူကို တွေ့ချင်တယ်။ သီတဂူကို စားသောက်ခန်းထဲမှာ အိမ်မှုကိစ္စတွေ မလုပ်ခိုင်းပါနဲ့ဗျာ။ သီတဂူက အစေအပါးမှ မဟုတ်တာဘဲ"

"ဘာ အစေအပါးမဟုတ်ဘူး ဟုတ်လား၊ သူ့အဘိုးက ဒရိုင်ဘာလေ။ သူ့အမေက ဟင်းရွက်ကန်စွန်းရွက်သည်ပဲ"

"သီတဂူက ဖေဖေ့သမီးပဲ၊ ပညာလည်းတတ်တယ်၊ ရုပ်ရည်ကလည်း အရမ်းချောမောလှပနေတယ်။ ဝိုက်ဆံလည်း ချမ်းသာတယ်"

"တိတ်စမ်း . . .ဆက်မပြောနဲ့တော့ မိုးကောင်းကင်"

"ကျွန်တော့်ကို သီတဂူနဲ့ မခွဲပါနဲ့ မေမေ"

"သီတဂူက ဒေါက်တာသက်တန့်ရောင်နဲ့ လက်ထပ်တော့



မယ်၊ အခုတောင် ကိုကိုက သူ့သမီး မင်္ဂလာပွဲအတွက် မေမေ့ကို စီစဉ်ခိုင်းနေပြီ"

"ကျွန်တော် လက်မခံနိုင်ဘူး မေမေ၊ သီတဂူကို ဒေါက်တာနဲ့ လက်ထပ်မပေးပါနဲ့။ ဖေဖေ့ကို ပြောပေးမယ်"

"သား"

"ကျွန်တော့်ကို မတားပါနဲ့ မေမေ၊ သီတဂူနဲ့ ဝေးသွားလို့ မဖြစ်ဘူး။ သီတဂူနဲ့ မခွဲပါနဲ့"

"မေမေ လက်မခံနိုင်ဘူး။ မေမေ့ကို သနားပါ သားရယ်။ ဒရိုင်ဘာရဲ့မြေးကို မေမေ ချွေးမအဖြစ် လက်မခံနိုင်လို့ပါ"

မိုးကောင်းကင်က လက်မခံနိုင်ပေ။ သီတဂူက သူ့ကို ချစ်တာ သူသိသည်။ သူ့ကို လက်ခံခဲ့တာပဲ၊ ချစ်တယ်လို့ ပြောခဲ့တာပဲ။ သီတဂူဆီ သူသွားတော့ သီတဂူက ပန်းကန်တွေဆေးနေသည်။

"ဝုန်း"

"ချလွမ်း . . .လွမ်း"

"ဝုန်း"

"ချလွမ်း . . .လွမ်း"

"ကောင်းကင် ဘာလုပ်တာလဲ၊ ရှင် ဘာလာလုပ်တာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ"

"မင်း အစေအပါးလား၊ ကိုယ့်အဆင့်နဲ့ကိုယ် နေစမ်းပါ။ ဒါတွေ ဘာဖြစ်လို့ လုပ်ရတာလဲ"

"ကောင်းကင်"

"ဘာလဲ မေမေနဲ့မမကြောင့်လား၊ မင်း အဖေစိတ်ချမ်းသာအောင် လိုက်လျှောပေးနေတာလား သီတဂူ။ မင်း မနေတတ်ဘူးလား။ ဘာဖြစ်လို့ အစေအပါးတစ်ယောက်လို နေရတာလဲ"

"ဘာဖြစ်လဲ ကောင်းကင်၊ သီတဂူက အစေအပါးတစ်ယောက်ရဲ့ မြေး ဘာဖြစ်လဲ။ အိမ်မှုကိစ္စတွေလုပ်တာရော မိန်းကလေးတစ်ယောက် လုပ်သင့်တဲ့အလုပ်ပဲ။ ရှင် ထွက်သွားပါ၊ ပြဿနာကို မီးခွက်ထွန်းပြီး လာမရှာပါနဲ့"

မိုးကောင်းကင်ကတော့ အလုပ်သမားတွေကို ကြိမ်းနေသည်။ သီတဂူ စိတ်ညစ်ပါ၏။ ဒီမှာ ပြဿနာတွေ မဖြစ်ချင်ပါဘူး။ အမှန်တကယ်တော့ မိုးကောင်းကင်ကို သီတဂူ ချစ်မိနေတာပါ။ ဘာဖြစ်လို့လည်းတော့ မသိ။ ဒေါက်တာသက်တန့်ရောင်ကို မချစ်ပေ၊ လက်ထပ်လိုတဲ့ ဆန္ဒလည်း ရှိမနေ။ ဒါပေမယ့် ဖေဖေ့ဆန္ဒအရ ဒေါက်တာ့ကို လက်ထပ်ပြီး ထွက်သွားဖို့ပါပဲ။ သူမလည်း နာကျင်ကြေကွဲနေရတာ



ပါပဲလေ။

"ဒေါ်သွယ်…ခင်ဗျားကြီး ကိုယ့်အလုပ်ကိုယ်လုပ်ပါ၊ သီတဂူက အစေအပါးလား ပြောစမ်း"

"မောင်ကောင်းကင် အမေကြောင့်ပါ၊ သီတဂူကို ခိုင်းရမယ် ဆိုလို့ပါ။ နောက်မခိုင်းတော့ပါဘူး တောင်းပန်ပါတယ်နော်"

ဒေါ်သွယ့်အား လည်ပင်းညှစ်ထား၍ သီတဂူအတင်းဆွဲထားလိုက်ရသည်။ မာမာလည်း လက်သီးနှင့် အထိုးခံရသည်။

"နင်က ဘာလဲ…ဘာဖြစ်လို့ သီတဂူကို ခိုင်းစေရတာလဲ၊ သူက ဖေဖေ့သမီး ဒီအိမ်ရဲ့ အရှင်သခင်"

"ဟို…ဟို အစ်ကိုလေးရယ် မေမေကြီးကြောင့်ပါ"

"စိတ်သဘောထားဖြူစင်ပြီး သည်းခံနေတဲ့ မိန်းကလေး တစ်ယောက်ကို နင်တို့ ဘာဖြစ်လို့ စော်ကားချင်ရတာလဲ။ နောက်တစ်ခါ သီတဂူကို အိမ်မှုကိစ္စတွေခိုင်းရင် အသေပဲ"

"ကောင်းကင်"

"မင်းကရော ဘာဖြစ်လို့လုပ်နေရတာလဲ၊ အရူးလား။ ဘာဖြစ်လို့ အစေအပါးလို နေရတာလဲ"

သူ အော်ပစ်သည်။ ကိုယ်အရမ်းပဲ ရင်နာတယ် သီတဂူ၊

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ သည်းခံမှုက ဘာတွေများ အကျိုးသက်ရောက်မှုရှိမှာလဲ။ ဖေဖေ သိသွားရင် အရမ်းနာကျင်ကြေကွဲရမှာပါ။ မင်း ဒီပြဿနာတွေ ဖြေရှင်းဖို့ ဒေါက်တာသက်တန့်ရောင်နဲ့ လက်ထပ်မယ်လား။ မရဘူး ကိုယ် လုံးဝ လက်မခံနိုင်ဘူး သီတဂူ။ တားဆီးရလိမ့်မယ်။

"ကောင်းကင်"

"လာ"

"လွှတ်"

"ဖေဖေ့ဆီသွားမယ်၊ ကိုယ်တို့ လက်ထပ်ဖို့ ပြတ်ပြတ်သားသား သွားပြောမယ်။ မင်းသတ္တိရှိတယ် မဟုတ်လား သီတဂူ"

"ဟင့်အင်း . . . မဖြစ်နိုင်ဘူးထင်တယ် ကောင်းကင်၊ ဖေဖေ က ဒေါက်တာနဲ့ လက်ထပ်ပေးဖို့ စီစဉ်နေပြီ၊ မေမေကလည်း သီတဂူကို ချွေးမအဖြစ် လက်ခံမှာမဟုတ်ပါဘူး။ တောင်းပန်ပါတယ် အဲ့ဒီလို ငွတ်ကြီး မလုပ်ပါနဲ့နော်"

"သီတဂူကလည်း ဒေါက်တာသက်တန့်ရောင်ကို မချစ်ဘူး မဟုတ်လား။ မင်းကိုယ့်ကိုချစ်တယ်ဆိုတာ ကိုယ်သိတယ်။ သီတဂူနဲ့ ကိုယ် လုံးဝ အဝေးမခံနိုင်ဘူး။ အရမ်းချစ်တယ်၊ အရမ်းမြတ်နိုးတယ်"

"အို"



သီတဂူ ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲ ဇွတ်ခနဲ ရောက်သွားပြီး တင်းကြပ်စွာ ပွေ့ဖက်ထားခြင်း ခံလိုက်ရသဖြင့် သီတဂူ အထိတ်တလန့်နှင့် ရုန်းပစ်သည်။ အလုပ်သမားတွေလည်း ထွက်သွားကြ၏။ ကောင်းကင် ရှင် ဘာလုပ်တာလဲ။ အရှူးအမူးနှင့် သူမကို နမ်းပစ်၏။ သူမ တွန်းဖယ်ပစ်ရင်းကနေ အင်အားတွေ ချိနဲ့သွားရကာ သူ့အလိုဆန္ဒ အတိုင်းဖြစ်နေသည်။

"ချစ်တယ်၊ ကိုယ်ဘယ်လိုမှ အဝေးမခံနိုင်ဘူး။ ကိုယ်နဲ့ သီတဂူ လက်ထပ်ကြမယ်နော်"

သီတဂူလည်း ကောင်းကင်ကို ချစ်နေတာပဲ။ ဒေါက်တာ သက်တန့်ရောင်ကို သီတဂူ စိတ်ဝင်စားလို့ပင်မရ။ အေးချမ်းတဲ့ဘဝ လေးကို ပိုင်ဆိုင်ရမယ်မှန်းသိနေပေမယ့် သူမ နှလုံးသားတွေက နာကျင် စူးရှကာ ငြင်းပစ်ချင်နေသည်။

"သီတဂူလည်း ကိုယ့်ကို အဝေးမခနိုင်ဘူး မဟုတ်လား သီတဂူ၊ ကိုယ်တို့တွေ နောင်တမရချင်ဘူး။ သီတဂူနဲ့ချစ်သူတွေ ဖြစ်ကြ ဖို့ ကိုယ့်ကို ဘယ်သူက တားဆီးလို့ရနိုင်မှာလဲ"

အနမ်းတွေကကြမ်းသည်၊ အချစ်တွေက ရမ်း၏။ သူမ ငြင်း ဆန်ရင်း ရင်ခုန်လှိုက်မောစွာ လက်ခံနေမိသည်။ သီတဂူလည်း မိုး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကို မခွဲနိုင်တော့ပါဘူး။ ဖေဖေက လက်ခံပါ့မလား။ လက်ထပ်ပွဲအတွက် ပြင်ဆင်နေ၏။ မိုးကောင်းကင်က သူမလက်လေးကို ဆွဲကိုင်ပြီး စားသောက်ခန်းထဲက ထွက်လာသည်။

"ကောင်းကင်"

"မေမေလာပြီး မတားပါနဲ့၊ သီတဂူကို ကျွန်တော် လုံးဝ မစွန့်လွှတ်နိုင်တော့ဘူး။ ဖေဖေ့ဆီမှာ လက်ထပ်ဖို့ သွားပြောမယ်"

"မင်း ရပ်စမ်း။ ကိုကိုက လက်ခံမှာ မဟုတ်ဘူး။ သူ့သမီးအတွက် ဂုဏ်ရှိတဲ့ပညာတတ်တဲ့ ဒေါက်တာသက်တန့်ရောင်ကိုပဲ လက်ခံမှာ"

"သားကို မတားပါနဲ့ မေမေ၊ သီတဂူကို ဘယ်သူနဲ့မှ လက်ထပ်တာ လက်မခံနိုင်ဘူး။ ဖေဖေ့ကို သွားတွေ့မယ် အသိပေးရမယ်"

မေမေ့စကားတွေကို လက်မခံနိုင်ဘဲ သီတဂူလက်လေးကို ဆွဲကာ ဖေဖေ့အခန်းထဲ ရောက်လာသည်။

"ဖေဖေ"

"ဟင်"

"သားကို သီတဂူနဲ့ လက်ထပ်ခွင့်ပေးပါ ဖေဖေ"

"ဘာ"



"သီတဂူရော သားရော ချစ်သူတွေဖြစ်နေကြပါပြီ"

"ဘာပြောတယ် သား...သူပြောတာ ဟုတ်လား သမီး"

သီတဂူလည်း ဒေါက်တာသက်တန့်ရောင်ကို လက်မထပ်ချင်ပါဘူး။ မထူးတော့သဖြင့် ဖေဖေ့ဆီးမှာ ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ် ဖေဖေ၊ သမီးတို့ ချစ်သူတွေ ဖြစ်နေကြပါပြီ"

"ဟင်"

ဦးငွေရံဖြစ်စေချင်တာကလည်း သားနှင့်သမီးကို လက်ထပ်စေချင်တာပါပဲ။ ဒါပေမယ့် ချစ်ချစ်က လက်ခံမှာမဟုတ်ပေ။ သမီးကို ဒရိုင်ဘာမျိုးရိုးဆိုပြီး မတူမတန်သလို နှိမ်ချဆက်ဆံတာမျိုး မိမိသိနေသည်။

"မဖြစ်ဘူးထင်တယ် သား...လုံးဝ မဖြစ်နိုင်ပါဘူး။ မင်းအမေ သဘောမတူတဲ့ကိစ္စ လုံးဝ မလုပ်နိုင်ဘူး"

"ဖေဖေ"

"ကောင်းကင် ဖေဖေပြောတဲ့စကားကို သေသေချာချာ နားထောင်စမ်းပါ"

ဦးငွေရံကတော့ သမီးသီတဂူအား လွတ်လပ်စွာ အေးချမ်းတဲ့ ဘဝတစ်ခုကို ဖြတ်သန်းစေချင်သည်၊ ချစ်ချစ်က လက်ခံမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သမီးသီတာ့ရွှအား ဒုက္ခအမျိုးမျိုးပေးတော့မှာ သေချာနေ၏။ ဘဝ တစ်လျှောက်လုံး သောက၊ ဒုက္ခ၊ အခက်အခဲတွေနှင့် ရင်ဆိုင်ဖြတ်သန်းလာရသော သမီးကို ငြိမ်းချမ်းသောဘဝလေးကိုပဲ ပိုင်ဆိုင်ဖြတ်သန်းစေလိုသည်။

"သားနဲ့သမီး လက်ထပ်လို့ မဖြစ်ဘူး"

"ဖေဖေ"

"ဖေဖေ့စကားကို နားထောင်ပါ။ သားမေမေလည်း သဘောကျမှာ မဟုတ်ဘူးလေ။ သမီးနဲ့ဒေါက်တာသက်တန့်ရောင်ပဲ လက်ထပ်ရမယ်"

ဦးငွေရဲ့ ဆက်ပြောစရာစကား မရှိတော့သလို မျက်လုံးတွေကို မှိတ်ထားပစ်လိုက်သည်။

× × × × × × × × × × × × × × ×

## အခန်း(၁၃)

"ကောင်းကင် ခဏလောက်စောင့်ကြည့်စမ်းပါ။ ဖေဖေ့ကို စိတ်သောက ရောက်အောင်၊ အခက်တွေ့အောင် သီတာ့ရွှ မလုပ်နိုင်လို့ပါ။ တောင်းပန်ပါတယ်နော်"

"ကိုယ သီတာ့ရွှကို မခွဲနိုင်ဘူး။ ဖေဖေက မေမေ့ကြောင့်တားနေတာပါ။ ကိုယ်နဲ့သီတာ့ရွှ အတင်းအကြပ်လက်ထပ်လိုက်ရင် မေမေဘာပြောလို့ရမှာလဲ"

"ဖေဖေက နေမကောင်းဘူးလေ၊ စိတ်ထိခိုက်ကြေကွဲသွားမှာကို သီတာ့ရွှ မလိုလားဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သီတာ့ရှ"

"ဟင်"

"မင်းကိုယ့်ကို ချစ်တယ်မဟုတ်လား ပြောလေ၊ မင်းချစ်နေတဲ့ ယောကျ်ားတစ်ယောက်ကို စွန့်လွှတ်တော့မလို့လား"

"ဖေဖေက အရေးကြီးတယ် ကောင်းကင်၊ သီတာ့ရှကို ဒီမှာ ရှိမနေစေချင်တော့ဘူး။ ဖေဖေ့ဆန္ဒက သီတာ့ရှဆန္ဒပဲနော် ကောင်းကင်"

"မရဘူးကွာ သီတာ့ရှ ကိုယ့်ကိုပဲ လက်ထပ်ရမယ်၊ ဒေါက်တာ သက်တန့်ရောင်နဲ့လက်ထပ်ရင် မင်းလည်းသေ ကိုယ်လည်းသေပဲ"

"ကောင်းကင်"

သူမ ငြင်းဆန်နေတဲ့ကြားမှ ကောင်းကင်ရဲ့လက်တွေက သီတာ့ရှ ခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်လိုက်သဖြင့် သီတာ့ရှ အထိတ်တလန့် ရုန်းဖယ်ပစ်ရသည်။ မမဒေဝီအခန်းကို သူမ သန့်ရှင်း ရေးလုပ်နေစဉ် ကောင်းကင်ဝင်လာပြီး ပြဿနာရှာနေ၏။ ဖေဖေက ငြင်းပယ်လိုက်ပြီပဲ။ သီတာ့ရှကတော့ လက်ထပ်လိုတဲ့ဆန္ဒတွေ ရှိနေပေမယ့် ဖေဖေ့ဆန္ဒဖြစ်နေ၍ ဖေဖေ့စကားကိုပဲ လက်ခံချင်သည်။

"ဖယ်ပါ ကောင်းကင်၊ အဲ့ဒီလို မလုပ်ပါနဲ့ဟယ်။ မေမေကမှ လက်မခံတာပဲ။ တကယ်လည်း သီတာ့ရှက အစေအပါးဒရိုင်ဘာကြီးရဲ့



မြေးလေ"

"အဲ့ဒါ မင်းနဲ့ဘာဆိုင်လဲ သီတာ့ရှ။ ဒရိုင်ဘာကြီးကလည်း လူပဲ၊ မေမေ ဘာပဲပြောပြော ကိုယ်ချစ်တယ်၊ ကိုယ်မြတ်နိုးတယ်၊ လက်ထပ်မယ်ကွာ"

"ဖယ်ပါ ကောင်းကင် ထွက်သွားပါ။ သီတာ့ရှ တောင်းပန်ပါ တယ်"

သူက သီတာ့ရှစကားတွေကို လုံးဝ လက်မခံပေ။ ကြမ်းတမ်း မွတ်သိပ်သော အနမ်းတွေက သီတာ့ရှမျက်နှာလေးအနှံ့ ထိကပ်ကျရောက် လာရာ သီတာ့ရှ သီတာ့ရှ ကိုယ်တိုင်ပင် ငြင်းဆန်နိုင်စွမ်းမရှိတော့။ အချစ်ဆိုတာ နှလုံးသားတွေထဲကနေ သူ့အလိုအလျောက် စီးဆင်း ဖြတ်သန်းလာကာ အချစ်တွေဖြစ်ပေါ်နေသည်လားပင် မသိတော့။ ကောင်းကင်ကိုပဲ သီတာ့ရှ ချစ်မိနေသည်။ ဖေဖေ့ဆန္ဒတွေ၊ ကောင်းကင် မေမေ အဆင့်အတန်းမတူလို့ လက်မခံနိုင်တာတွေကို ကျော်ခိုင်းပစ် ချင်သည်။ သီတာ့ရှလက်လေးတွေကလည်း ကောင်းကင်အား တုန့်ပြန် ဖက်ထားမိသွား၏။ ထွက်ပြေးကြရမလား၊ တစ်ယောက်ကိုတစ်ယောက် မခွဲမခွာဘဲ အတူနေထိုင်ကြဖို့တစ်ခုသာ ကြိုးစားပစ်ချင်လာသည်။

"ကိုယ်တို့ ထွက်ပြေးကြမယ် သီတာ့ရှ၊ ကိုယ်တို့ လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားရင် ဘယ်သူမှ တားဆီးနိုင်မှာ မဟုတ်တော့ဘူး သွားမယ်"

သီတာရှ ကြောက်နေသည်။ ဖေဖေ့ကြောင့် သီတာရှ မမိုက်မဲ ချင်ပါဘူးဟု ပြောတော့ ကောင်းကင်က လက်မခံ။ သီတာရှကိုယ်တိုင်ပင် ချစ်သူခေါ်ရာနောက် လိုက်တော့မည့်ပြုစဉ် မမဒေဝီဝင်လာသည်။

"ဟဲ့ နင်တို့နှစ်ယောက်က ဘာလုပ်နေကြတာလဲ၊ သီတာရှ ညည်း သန့်ရှင်းရေးဝင်လုပ်တာလား။ ငါ့မောင်နဲ့နှစ်ပါးသွားနေတာလား"

"မမဒေဝီ"

"ထွက်သွားစမ်း"

"သီတာရှကို ဘာမှမခိုင်းပါနဲ့ မမဒေဝီ၊ သီတာရှက အလုပ်သမား မဟုတ်ပါဘူး။ ကျွန်တော်နဲ့ လက်ထပ်မှာ"

"အရှူး"

"မမ"

"သွားစမ်း . . . ဒီလိုမျိုးမစစ်တဲ့ကောင်မကိုများ"

"မမဒေဝီ"

သူ ဒေါသတွေ တအားထွက်သွားကာ မမဒေဝီ ပခုံးနှစ်ဖက် ကို ခပ်တင်းတင်း ဆုပ်ကိုင်ယမ်းခါပစ်လိုက်သည်။

"ကောင်းကင် မလုပ်ပါနဲ့၊ မမဒေဝီပြောချင်တာ ပြောပါစေ"



"သီတာရှကို ဘာဖြစ်လို့ မတရားလုပ်ချင်နေကြတာလဲ၊ သီတာရှက ဖေဖေ့သမီးလေ"

"ဘာ မင်းက အစ်မကိုတောင် ရက်စက်နေနိုင်ပြီလား ကောင်းကင်၊ ဒီဟာမက ဘယ်လောက်များ တန်ဖိုးရှိနေလို့လဲ။ ညည်း ညည်း ဒေါက်တာသက်တန့်ရောင်ကို မချစ်မနှစ်သက်ဘူးဆိုတာ မဖြစ် နိုင်ဘူး။ ငါ့မောင်ကို ဒုက္ခရောက်အောင် လုပ်နေတာ မဟုတ်လား"

"မမဒေဝီ တောင်းပန်ပါတယ်ဗျာ၊ ကျေးဇူးပြုပြီး သီတာရှ ကျွန်တော်တို့မိသားစုအပေါ် မုန်းတီးရွံရှာသွားအောင် မလုပ်ပါနဲ့"

"ဘာ သူက ရွံရှာရမယ်ဟုတ်လား။ ဒီလိုဟာမမျိုးက မုန်းတော့ ဘာဖြစ်လဲ။ နင်ကအခုမှလာပြီး ငါရည်မုန်းထားတဲ့ ယောကျ်ား တစ်ယောက်ကိုလည်း လုယူတယ်၊ ငါ့မောင်ကိုလည်း နင်က အရယူ တယ်။ နင်ငါတို့ မိသားစုကို ပြိုကွဲအောင်လုပ်တာလား"

"မမဒေဝီ တော်ပါတော့ဗျာ၊ ဖေဖေ့မျက်နှာကို နည်းနည်းလေး ထောက်ထားကြပါဦး"

"ဘာ ထောက်ထားရမှာလဲ ပထွေးပဲ"

"တော်ပါတော့ ကောင်းကင်ရယ်၊ သီတာရှ တောင်းပန်ပါတယ်။ ဒီ့ထက်ပိုပြီး အစော်ကားမခံနိုင်တော့လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



မမဒေဝီရဲ့စော်ကားမှုတွေကို သည်းမခံနိုင်တော့သဖြင့် သီတာဝ္ဂ ပြေးထွက်လာခဲ့သည်။ တော်တော်ရက်စက်ကြတဲ့ လူတွေပဲ ဖေဖေ့ကို ပထွေးတဲ့။ ဖေဖေ့အတွက် သီတာဝ္ဂ စိတ်ထိခိုက်ကြေကွဲနေရ၏။ ဖြစ်မှ ဖြစ်ရလေ ဖေဖေရယ်။ တစ်သက်လုံး ဖခင်အရင်းတစ်ယောက်လို ကျွေးမွေးစောင့်ရှောက်လာခဲ့တာ သူတို့က ဖေဖေ့ကို ပထွေးလို့ပဲ သတ်မှတ်နေကြတာပါလား။ ကောင်းကင်ကို သူမ ချစ်ပေမယ့် ဒေါက်တာသက်တန့်ကိုပဲ လက်ထပ်ဖို့ဆုံးဖြတ်လိုက်သည်။

"သီတာဝ္ဂအတွက် ဖေဖေစိတ်ချမ်းသာရေးအတွက်ပဲ အဓိကပါနော်၊ ကောင်းကင်ကို လက်ထပ်လိုက်ရင် ဖေဖေ့ကို အားလုံး ဝိုင်းပြီး အပြစ်တင်ညှင်းပန်းနှိပ်စက်ကြမှာပဲ"

ကောင်းကင်တော့ ပြဿနာရှာနေတော့မှာပါ။ မမဒေဝီကို ကြည့်ရတာ ဘီယာတွေသောက်ထားပုံပင်၊ နိုက်ကလပ်တွေတက်ပြီး ကိုယ်ကျင့်တရားတွေပျက်ပြားနေတဲ့ မိန်းကလေးတစ်ယောက်က သီတာဝ္ဂကို နှိမ့်ကျတဲ့ မိန်းမတစ်ယောက်တဲ့လား။ ဒေါက်တာသက်တန့်နှင့် လက်ထပ်ပြီး ဖေဖေ့ကိုပါ ခေါ်သွားရမည်၊ ပြုစုရမယ်။ သီတာဝ္ဂကို တစ်သက်လုံး စွန့်ပစ်ထားခဲ့ပေမယ့် အခုလောက် အသိအမှတ်ပြုတာပင် ကျေးဇူးတွေပေးဆပ်လို့ မကုန်အောင်ဖြစ်နေသည်။



"သီတာဝ္ဂ"

"ဟင် . . . အန်တီချစ်"

"နင် တော်တော်လေး ဖြူလ်မွှေတဲ့ဟာမလေးပဲ၊ နင့်ကြောင့် မောင်နှမတွေ ရန်ဖြစ်ကြပြီ။ ငါ့သားနဲ့သမီးက အရမ်းချစ်ကြတာ၊ နင့်ကြောင့် စိတ်ဝမ်းတွေကွဲကြပြီဟဲ့"

"ကျွန်မ ဒေါက်တာသက်တန့်နဲ့ လက်ထပ်တော့မှာပါ။ ကျွန်မကို အနှောင့်အယှက်မပေးဖို့ပဲ ကောင်းကင်ကို တားဆီးပေးပါ"

"ဘာအေ့"

"ကျွန်မ တောင်းပန်ပါတယ် အန်တီချစ်၊ ဖေဖေကလည်း ကောင်းနဲ့လက်ထပ်ဖို့ လုံးဝသဘောမတူပါဘူး။ သီတာဝ္ဂ နောက်ဆုတ်ပါ့မယ်။ ကောင်းကို သီတာဝ္ဂ လက်မထပ်ပါဘူး"

"နင် ထွက်သွား။ ဘာဖြစ်လို့ ဒီကိုလာရတာလဲ။ နင့်အမေလို အောက်တန်းကျတဲ့ စိတ်ဓာတ်တွေနဲ့ တို့မိသားစုကို ဖြိုခွဲပစ်တာ"

သီတာဝ္ဂ ဘာမှတုန့်ပြန်ပြောဆိုခြင်း မပြုလိုတော့ပေ။ ရင်ကြီးကို ဘယ်လိုပဲ ရှင်းပြရှင်းပြ လက်ခံမှာမှမဟုတ်တာ။ သီတာဝ္ဂကို မတရားနှိမ်ချဆက်ဆံပြောတိုချင်နေတာပါ။ မိထွေးဆန်လိုပြီး အဘွားကြီးသော အန်တီချစ်အား သီတာဝ္ဂ ကျောခိုင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့"

"ကျွန်မက ဖေဖေ့သမီးပါ။ ခံစားခွင့်တွေတော့ ရှိသင့်ပါတယ် အန်တီချစ်။ ကျွန်မ ဒီကနေ ထွက်သွားမှာပါ။ ဒေါက်တာသက်တန့်နဲ့ လက်ထပ်ခွင့်က ကျွန်မရဲ့ သီးသန့်အခွင့်အရေးပဲ"

"သီတာရှု နင် ဘာလှုပ်ရှားနေတာလဲ၊ ငါတို့မိသားစု စိတ်ဝမ်းတွေ ကွဲနေပြီ။ နင့်ကြောင့် နင့်ကို တစ်သက်လုံး ခွင့်မလွှတ်ဘူး။ အခုမှ အခွင့်အရေးတွေ လာယူနေတဲ့ နင့်ကို ပညာကောင်းကောင်း ပေးရမယ်"

သူမ အောက်ထပ်သို့ ဆင်းလာတဲ့အချိန်တွင် ကောင်းက ပြဿနာတွေရှာပြီး ပစ္စည်းတွေပစ်ပေါက်ရိုက်ခွဲနေသည်။ ဖေဖေ သီတာရှု ဘာဆက်လုပ်ရတော့မှာလဲဟင်။ ဖေဖေ့အနားကနေ ဘာအခွင့်အရေးမှ မယူဘဲ ထွက်သွားရမလား။ သီတာရှု စိတ်ထဲမှာ ကြီးမားတဲ့ဆန္ဒက ဖေဖေ့အနားမှာ နေခွင့်ပါပဲ။ အန်တီချစ်နဲ့မမဒေဝီက ဖေဖေ့ကို စမ်းကားရက်စက်ချင်နေကြတဲ့ သူတွေပါ။ သမီးဖေဖေ့ကို ကာကွယ်ပေးချင်တယ်။ ဒုက္ခတာဘဝရောက်နေတဲ့ ဖေဖေ့ကို သမီးပစ်မထားရက်ပါဘူး။ ဒေါက်တာနဲ့ပဲလက်ထပ်ပြီး သမီးဖေဖေ့ကို စောင့်ရှောက်ပါ့မယ်။ သီတာရှု အောက်ထပ် ဆင်းလာခဲ့ကာ ဖေဖေ့အခန်းထဲ ဝင်လာခဲ့သည်။



"သမီး သီတာရှု"

"ဖေဖေ"

"သမီး စိတ်သောကတွေရောက်နေပြီလား။ ဖေဖေ သိပါတယ်"

"ဘာမှ မဖြစ်ပါဘူး ဖေဖေ၊ သီတာရှုနဲ့က စိမ်းနေသေးလို့ပါ။ သီတာရှု ကိုယ်တိုင်က မနေတတ်သေးတာပါ"

"ဖေဖေ သိပါတယ်၊ ဟန်မဆောင်နေပါနဲ့ သမီးရယ်။ ချစ်ချစ်နဲ့ ဒေဝီ့စိတ်ဓာတ်ကို ဖေဖေ အသိဆုံးပါ။ အတ္တကြီးကြတယ်၊ မနာလိုဝန်တို စိတ်များတယ်။ သားကောင်းကင်ရဲ့ စိတ်ဓာတ်နဲ့ မတူဘူးလေ"

"သီတာရှု နေတတ်ပါတယ်၊ အရေးကြီးတာက ဖေဖေ့ကို ပြုစု နေဖို့ပါပဲ"

"သမီး. . .သီတာရှု"

"ရှင်"

"ကောင်းကို ချစ်လား"

"ရှင်"

"သမီးနလုံးသားတွေထဲမှာ ချစ်မြတ်နိုးနေတဲ့ ယောကျ်ားက ကောင်းကင်လား"

သီတာရှု ဘယ်လိုပြောရမလဲ၊ "အင်း"ပါဟု ပြောဖို့က ဖေဖေ့ကို

www.burmeseclassic.com

www.burmeseclassic.com



အားနာနေမိသည်။ အန်တီချစ်တို့က လုံးဝ လုံးဝ လက်ခံနိုင်ကြမှာ မဟုတ်တာ ဖေဖေကိုယ်တိုင်သိနေတဲ့ အခြေအနေတစ်ခု ဖြစ်နေ၍လည်း ဖြစ်သည်။

"ဖြေလေ…သမီး၊ အားမနာပါနဲ့။ ဒေါက်တာသက်တန့်ရောင်ကို သမီး မချစ်ဘူး မဟုတ်လား"

"ဖေဖေ"

"ကောင်းကို သမီးချစ်နေတယ် မဟုတ်လား။ အမှန်အတိုင်းပဲ ဖြေပါသမီးလေးရယ်။ သမီးမျက်ဝန်းတွေထဲမှာ အဖြေကရှိနေပါတယ်။ ဒါပေမယ့် သမီးဆီက ဝန်ခံချက်ကို ကြားချင်တာပါ"

"ဟုတ်ပါတယ် ဖေဖေ၊ သမီးကောင်းကို ချစ်တယ်။ ဒေါက်တာ့ကို သမီး မချစ်ဘူး။ ဒါပေမယ့် ဒေါက်တာ့ကိုပဲ လက်ထပ်ဖို့ သမီး ရွေးချယ်မှာပါ"

ဦးငွေ၏ သက်ပြင်းမောကြီးကို ပြင်းပြစွာ ရှိုက်ကာပင့်သက်ချမိသည်။ သမီးသီတဂူကို ချစ်ချစ်နဲ့ဒေဝီ လက်မခံနိုင်ကြဘဲ အဆင့်အတန်းမတူသလို နှိမ်ချဆက်ဆံနေကြတယ်ဆိုတာ ရိပ်စားမိနေ၏။ သမီးကို ကောင်းနှင့် လက်ထပ်စေလိုပေမယ့် မဖြစ်နိုင်ပေ။ မိမိကို စောင့်ရှောက်ဖို့ထက် သမီးဘဝကို ပျော်ရွှင်ချမ်းမြေ့စေချင်တာပါ။ လူမှန်း



မသိခင်ထဲက စွန့်ပစ်ထားခြင်းခံပြီး မိခင်နှင့် ဆင်းရဲပင်ပန်းစွာ နေထိုင်ကြီးပြင်းလာခဲ့ရသည်။ အခုမှတွေ့ဆုံရတဲ့ သမီးဘဝလေးကို ဦးငွေရဲ့ ပြုစုစောင့်ရှောက် ပျော်ရွှင်နေစေချင်၏။ ချစ်ချစ်သဲနှင့်ဒေဝီက ဘယ်တော့မှ အကြင်နာတရားရှိကြတာမဟုတ်။ ဒေဝီ မိန်းကလေးတန်မဲ့ အပျော်အပါးမက်ကာ အကျင့်စာရိတ္တတွေ ပျက်ယွင်းနေသည်။ မိမိကိုလည်း ပထွေးအဖြစ် ရှိသေမှုကင်းမဲ့လွန်း၏။ အခုလို ဒုက္ခတဘဝရောက်နေတော့ ပိုမို၍ပင် ဥပက္ခာပြုကာ မထေမဲ့မြင် လုပ်နေခဲ့သည်။

"ဖေဖေ့ဆန္ဒကတော့ သမီး သီတဂူအပေါ် တာဝန်ကျေချင်တာပါ။ သမီးကို ပျော်ရွှင်ချမ်းမြေ့စေချင်တာပါပဲ"

"သမီးပျော်ပါတယ် ဖေဖေရယ်၊ အရမ်းပျော်ပါတယ်"

သမီးသီတဂူ မျက်ဝန်းလေးတွေထဲမှာ အပြုံးလေးတွေက ဟန်ဆောင်အပြုံး အတုအယောင်တွေဖြစ်ကြောင်း ဦးငွေရဲ့ သိနေလေသည်။

× × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၄)

"သီတဂူ"

"ရှင်"

"မင်းဘယ်လို ဆုံးဖြတ်မှာလဲ သီတဂူ၊ အန်ကယ်က ပြောတယ်။ မင်းဆန္ဒပဲတဲ့၊ ပြောစမ်းပါ။ ကိုယ့်ကို လက်ထပ်မှာလား။ ကိုယ့်အချစ်တွေကို မင်း ငြင်းဆန်မှာလားကွာ"

သူက အထိတ်တလန့်နှင့် စိုးရိမ်တကြီးကြည့်ရင်း သီတဂူကို မေးသည်။ ဒေါက်တာသက်တန့်ရောင်လို လူတစ်ယောက်က သီတဂူကို လက်ထပ်လိုတာ အမွေစည်းစိမ်တွေကြောင့်မဟုတ်ဘဲ ချစ်မြတ်နိုး၍ ဖြစ်ကြောင်း သိသာလာပေမယ့် သီတဂူနှလုံးသားတွေက အံ့ဩစရာကောင်းလောက်အောင် အေးစက်ငြိမ်သက်နေသည်။ သီတဂူတောင် နားမလည်နိုင်တော့ပါဘူး။ မုန်းလိုက်တာ ဒေါက်တာ့ကို ဘာများ

www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်စရာရှိနေလို့လဲ။ ရုပ်ရည်ချောမောပြီး ပညာတတ်ရည်မွန်ပြီး လူကြီးလူကောင်းဆန်နေတဲ့ ယောကျ်ားတစ်ယောက်ပါပဲ။ ဒေါက်တာ့ မျက်ဝန်းတွေက အချစ်တွေ အကြင်နာအယုအယတွေနဲ့ ရီဝေရွန်းလက်တောက်ပနေသလောက် သီတဂူက ခံစားချက်တွေ ကင်းမဲ့နေခဲ့၏။ ကောင်းနင့်ဝေးရမှာ သီတဂူလည်း နာကျင်ကြေကွဲနေသည်။

"ဒေါက်တာ့ကို သီတဂူ လက်ထပ်မှာပါ၊ အချိန်လေးပဲ နည်းနည်းပေးပါနော်။ တောင်းဆိုတာပါ"

"သီတဂူရယ် မင်းဆန္ဒအတိုင်းပါပဲ၊ ကိုယ်ပိုင်ဆိုင်ထားသမျှ အရာတွေအားလုံး မင်းအတွက်ပါပဲ။ ကိုယ်လည်း တောင်းဆိုပါတယ်၊ ကိုယ့်ကို လက်ထပ်ပါ။ ကိုယ့်ကို မချစ်နိုင်သေးရင်တောင်မှ လက်ထပ်ပါ။ မင်းဆီက အချစ်တွေကို ကိုယ်နှစ်ပေါင်းများစွာလည်း စောင့်နေနိုင်ပါတယ်။ လက်ထပ်ဖို့ပဲ သဘောတူပေးပါ"

ကောင်း...သီတဂူလေ ဒေါက်တာ့ကို ချစ်လာနိုင်ပါတော့မလားဆိုတာတောင် သံသယဝင်နေတယ်။ သီတဂူနှလုံးသားတွေထဲမှာ ခံစားချက်တွေ ကင်းမဲ့နေသလိုပဲ။ ဒေါက်တာက သီတဂူဘဝအတွက် အရွေးချယ်သင့်ဆုံးသော အိမ်ထောင်ဖက်ယောကျ်ားတစ်ယောက် ဖြစ်တယ်ဆိုတာလောက်လေးတောင် သီတဂူ အာရုံထဲတိုးဝင်လာအောင်



တော်တော် ဖမ်းစားနေရတယ်။ ဒေါက်တာက ကြင်နာစွာ သီတဂူလက်လေးကို ဆွဲယူဆုပ်ကိုင်ထားကာ ရွှန်းလဲ့တောက်ပသော အကြင်နာမျက်ဝန်းတွေနှင့်ကြည့်သည်။ ဒေါက်တာ့ နှုတ်ခမ်းနီနီထွေးထွေးတွေက ပြုံးယောင်သမ်းနေ၏။ လုံးဝကို ချစ်ခင်နှစ်သက်နေတဲ့ အပြုံးတွေရယ်ပါ။ သီတဂူပဲ တုန့်ပြန်ပြုံးပြနိုင်ခြင်း မရှိပေ။ တိုက်ထဲမှာ ကောင်းကင်ရှိနေ၍ သီတဂူနှင့်ဒေါက်တာ တစ်ယောက်ကိုတစ်ယောက် တယုတယလုပ်နေကြတာ မြင်တွေ့သွားလျှင် ပြဿနာက မိုးမီးလောင်တော့မှာ သေချာသည်။

"ဟို...ဒေါက်တာ တိုက်ထဲဝင်ကြရအောင်နော်၊ သီတဂူ ထောပတ်သီး ဖျော်ရည်လေး ဖျော်ပေးမယ်။ ဒေါက်တာက အသားအရေကို လှပစေတယ်ဆိုလို့ သီတဂူ အမြဲတမ်း ဖျော်သောက်တယ်လေ"

"နေပါဦး သီတဂူ၊ ကိုယ်အထဲမဝင်ချင်ဘူး။ ကိုယ် အန်တီ ချစ်တို့ မိသားစုနဲ့ ရင်မဆိုင်ချင်တာ"

"မမဒေဝီက ဒေါက်တာ့ကို တစ်ဖက်သတ် ချစ်ခင်မြတ်နိုးနေတာပါ။ မမဒေဝီ..."

"တော်ပါတော့ သီတဂူ၊ ကိုယ့်ဘဝရဲ့ တစ်သက်တာလုံး လက်တွဲဖော်က နိုက်ကလပ်တက်ပြီး အပျော်တွေရှာနေတတ်တဲ့ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မဖြစ်သင့်ဘူးလေ။ ကိုယ်က အလုပ်များတယ်၊ တစ်ခါ တလေ ညဂျူတီတွေ ဝင်ရတယ်။ ကိုယ့်မိန်းမက အပျော်ကျူးတဲ့ မိန်းမဆိုရင် မဖြစ်ဘူးလေ။ သီတဂူလို အေးချမ်းပြီး ဣန္ဒြေသိက္ခာ ကြီးမားတဲ့ မိန်းကလေးကိုပဲ ကိုယ်က နှစ်သက်တာ"

ဒေါက်တာက အပြင်မှာပဲ စောင့်နေမည်၊ သီတဂူပဲ ထောပတ်သီးဖျော်ရည် စိစဉ်ခဲ့မလားဟု သီတဂူ့ဆန္ဒတွေကို တယုတယ မေးသည်။ မမဒေဝီရှိနေပေမယ့် ကောင်းကင်တော့ ရှိမနေပေ။ ဒေါက်တာ့အား ပြန်စေချင်နေ၏။ ဒေါက်တာ့အနား မှာနေရတာ သီတဂူ စိတ်ကျဉ်းကြပ်နေသလိုပင်။ သီတဂူနှင့် ဘဝ တစ်လျှောက်လုံး အတူတူနေထိုင်ဖို့ ရွေးချယ်ထားသော ယောကျ်ား တစ်ယောက်ကို သီတဂူ့အနားမှာ ရှိမနေစေချင်တာ သီတဂူ့စိတ် တွေကို သီတဂူကိုယ်တိုင်ပင် နားမလည်နိုင်အောင် ဖြစ်နေသည်။

"သီတဂူ စီစဉ်ခဲ့ပါ့မယ်၊ ခဏလေးစောင့်ပါနော် ဒေါက်တာ"

"သီတဂူ"

"ရှင်"

"ကိုယ့်ကို ဒေါက်တာ၊ ဒေါက်တာနဲ့ အရမ်းစိမ်းနေမလားဘဲ"

"ဟို…ဟိုလေ သီတဂူလေ…နှုတ်မရဲသေးလို့ပါ။ လေးစား



တဲ့ အနေနဲ့ပါ ဒေါက်တာ"

"ခဏ"

"ရှင်"

"ကိုကိုလို့ခေါ်"

"ရှင်"

"ကိုကိုလေ"

"အို"

ဒေါက်တာက သူမခန္ဓာကိုယ်လေးအား ဖျတ်ခနဲ ဆွဲယူသိုင်းဖက်လိုက်တော့ သူမ အထိတ်တလန့်နှင့် ရုန်းထွက်သည်။

"မရုန်းပါနဲ့ ကလေးရယ်၊ ကျေးဇူးပြုပြီး ကိုယ့်ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေး နေစမ်းပါ။ ပြီးတော့ ကိုယ့်ကို ကြင်ကြင်နာနာ တယုတယနဲ့ ကိုကိုလို့ ခေါ်စမ်းပါ"

"အို"

"ကိုကိုလို့ခေါ်လေ၊ မခေါ်ရင်တော့ မင်း နှုတ်ခမ်းတွေကို ကိုယ့် နှုတ်ခမ်းတွေနဲ့ ထိကပ်ပိတ်ထားပစ်လိုက်မှာနော်"

"ဟင်"

ဘုရားရေ ဒေါက်တာက ဘာဖြစ်လို့များ ဒီလောက်အေး

www.burmeseclassic.com

www.burmeseclassic.com



အတင့်ရဲပြီး ပိုင်စိုးပိုင်နင်းလုပ်ရတာလဲလို့၊ သီတဂူနဲ့ဒေါက်တာက ချစ်သူတွေမှ မဟုတ်တာဘဲ။ သီတဂူ မနှစ်သက်မိပေ။ အားမနာတော့ဘဲ ဒေါက်တာ့ရင်ခွင်ထဲမှ ရုန်းထွက်ပစ်လိုက်သည်။

"သီတဂူ ထောပတ်သီးဖျော်ရည် သွားယူခဲ့မယ်"

သီတဂူ တိုက်ထဲဝင်လာခဲ့သည်။ ဒေါက်တာ့ကို နည်းနည်းလေးမှ အားမနာမိဘဲ ဒေါက်တာ့အနားကနေ ထွက်လာခဲ့တာကိုပဲ စိတ်တွေပေါ့ပါးလွတ်လပ်လာရ၏။ သူမ စားသောက်ခန်းထဲ ဝင်လာတော့ ဒေါ်သွယ်က မကျေမနပ်နှင့် မျက်စောင်းခဲနေသည်။ မာမာကတော့ မပြောရဲတော့၊ ကောင်းကင်က ပြဿနာရှာထား၍ ဖြစ်၏။ သီတဂူ ဂရုမစိုက်ဘဲ ထောပတ်သီးအား စက်နှင့်ဖျော်သည်။

"မင်း . . . ဒေါက်တာနဲ့ လက်ထပ်ဖို့ သဘောမတူလိုက်ပါနဲ့ သီတဂူ၊ ကိုယ်တောင်းပန်ပါတယ်ကွာ။ မင်းနဲ့ဝေးကွာသွားရတဲ့ အခြေအနေတစ်ခုကို ကိုယ် လုံးဝ လက်ခံနိုင်မှာ မဟုတ်လို့ပါ"

ကောင်းကင်ကို သတိရနေသည်။ ကံကြမ္မာတွေရဲ့ လှည့်စားမှုက သီတဂူနှလုံးသားတွေထဲအထိ နာကျင်စူးနစ်နေ၏။ ကောင်းကင်ကို သီတဂူ ချစ်နေမိတာပင်၊ သီတဂူနှလုံးသားတွေ ကံကြမ္မာကို ဆန့်ကျင်နေမိတာလား။ တကယ်တော့ ကောင်းကင်က သီတဂူ လုံးဝ မချစ်



သင့်ဘဲ ဘဝလက်တွဲဖော်ချစ်သူအဖြစ် မရွေးချယ်သင့်သော ယောကျ်ားဖြစ်နေသည်၊ ဒါပေမယ့်လည်း သီတဂူနှလုံးသားတွေက မိုက်မဲစွာ ကောင်းကင်အား ရွေးချယ်ခဲ့သည်၊

"သီတဂူ"

"ရှင် . . . အန်တီချစ်"

"ညည်းနဲ့ဒေါက်တာ ခြံထဲမှာ လူမြင်မကောင်း အချစ်ပလူးနေတာက အရေးမကြီးဘူးနော်၊ ငါ့သမီးဒေဝီ မနာလိုဝန်တိုဖြစ်အောင် ညည်း လာလုပ်ပြနေတာလား။ အရှက်ရှိကြစမ်းပါဦး သီတဂူ"

သီတဂူဆိုတဲ့ဟာမလေးကို ဒေါ်ချစ်ချစ်သဲ ဘယ်လိုနှိပ်ကွပ်ရမှန်းပင်မသိတော့၊ ကိုကိုက သူ့သမီးအား အခွင့်အရေးတွေ ပေးနေတာဖြစ်၍ ဒေါ်သတွေပဲ ပေါက်ကွဲနေရသည်။ သားကိုလည်း ပြောမရ၊ အခုထိညထဲက အပြင်သွားတာ ပြန်မလာသေးပေ။ သမီးဒေဝီကလည်း နိုက်ကလပ်တွေတက်ပြီး ဘီယာတွေ သောက်လာတတ်၏။ သီတဂူကြောင့် ဒေါ်ချစ်ချစ်သဲ အရှုံးတွေနှင့်ပဲ ရင်ဆိုင်နေရ၍ အစေအပါးမျိုးဆက်ဖြစ်နေတဲ့ သီတဂူအား မုန်းတီးနေသည်။

"ညည်း . . ဒေါက်တာနဲ့ လက်ထပ်ပြီး ထွက်သွားပါ၊ ငါ့သားကို လုံးဝ လက်မထပ်ပါနဲ့၊ ညည်းဘက်ကပဲ ငြင်းပါ၊ ငါ့သားဘက်က ဘာ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ချစ်ခင်နှစ်သက်နေပါစေ၊ နင့်ဘက်က ငြင်းပါ။ နင် ငါ့သားကို ဘာဖြစ်လို့ ရွေးချယ်ရတာလဲ၊ အမွေပုံတွေ နစ်ပုံရအောင်လား"

ကောင်းကင် ရှင့်အမေကို သီတဂူအရမ်း မုန်းတာပဲ။ သီတဂူကို ဘာဖြစ်လို့ မိတွေးပီသပြနေရတာလဲ။ ဖေဖေ့ကိုလည်း ညှာတာထောက်ထားမှု လုံးဝမရှိဘူး။ ရက်စက်တယ်။ ဒေါ်ချစ်ချစ်သဲနှင့် ရင်မဆိုင်လိုသဖြင့် ထောပတ်သီးဖျော်ရည်ကို ဖန်ခွက်လေးထဲထည့်ပြီး ရှောင်ထွက်လာခဲ့သည်။

"သီတဂူ"

"ရှင်"

"အထဲမှာ ပြဿနာတက်နေတာလား"

"အန်တီချစ်နဲ့ပါ...ခြံထဲမှာ ဒေါက်တာနဲ့ ပလူးမနေပါနဲ့တဲ့"

"ဟင်"

ပြောဖို့စိတ်ကူးမထားပါဘဲနှင့် ဒေါက်တာ့ အပြုအမူတွေ တွန့်ဆုတ်သွားစေရန် သီတဂူ ပြောလိုက်မိသွားပြီးမှ ဒေါက်တာ့ကို အားနာရသည်။ သီတဂူ နင်မှားနေပြီ၊ ဒေါက်တာက နင်နဲ့ လက်ထပ်ရမှာလေ။ ဘာဖြစ်လို့ ဒေါက်တာ့ အကြင်နာအယုအယတွေကို လက်မခံချင်နေရတာလဲ။ ကောင်းကင် ဘယ်ရောက်နေလဲဟင်၊ ဘယ်တွေလျှောက်



သွားနေရတာလဲ။ သီတဂူတို့ ဘယ်လိုလုပ်ကြမှာလဲဟင်။ သီတဂူက တွေဝေနေသည်။

"သီတဂူ အန်တီချစ်က ဘာကြောင့်များ အန်ကယ်ငွေကို ရက်စက်ချင်နေရတာလဲ။ အန်ကယ်က အန်တီချစ်တို့မိသားစုအပေါ် တာဝန်ကျေလွန်းတဲ့ ယောက်ျားတစ်ယောက်ပါ။ မိထွေးပဲဖြစ်နေပါစေဦး ကိုယ်နဲ့လက်ထပ်ဖို့တောင် မနာလိုဝန်တိုဖြစ်နေရလား"

"ဒေါက်တာ ပြန်ပါတော့၊ သီတဂူတို့ လက်ထပ်ဖို့အတွက် အခမ်းအနားတွေ လုပ်စရာမှ မလိုအပ်ဘဲ၊ အမြန်ဆုံး လက်ထပ်မယ်"

"သီတဂူ တွေဝေမနေပါနဲ့ကွာ၊ ကိုယ်တို့ လက်ထပ်ပြီး အတူနေကြမယ်။ အန်ကယ်လည်း စိတ်ချမ်းသာမှာပါ"

"ဖေဖေ့ဆီသွားမယ်"

"လာလေ...သီတဂူ"

ဖေဖေ့ကိုဖွင့်ပြောပြီး ဒေါက်တာနှင့် အတူနေထိုင်ဖို့ပဲ သီတဂူ ဆုံးဖြတ်ထားသည်။ ဒီကနေ ထွက်သွားချင်ပါပြီ။ ကောင်းကင်နှင့် အဝေးဆုံးမှာပဲ နေချင်သည်။ ဖေဖေ့ဆီရောက်တော့ ဖေဖေ သွေးတွေတိုးနေသဖြင့် လက်ထပ်ဖို့ကိစ္စအားပြောရန် ခက်သွားသည်။

"အန်ကယ် နေမကောင်းဘူးလား။ သွေးတွေတိုးနေတယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ မျက်နှာလည်း အစ်နေတယ်၊ စိတ်သောကရောက်စရာတွေ ဘာတွေများရှိနေလို့လည်း အန်ကယ်"

ဦးငွေရဲ့ စိတ်သောကတွေရောက်နေရတာ သမီးအတွက်ပဲ။ ချစ်ချစ်သဲက သမီးကို မိမိက အရေးပေးလွန်းနေသည်ထင်ပြီး သမီးအား ထိုက်သင့်တာပေးပြီး ဒီကနေ ထွက်သွားစေလိုနေ၏။ ဒေါက်တာ သက်တန့်ရောင်က သူ့သမီးအတွက်တဲ့။ ဒေဝီ ပျက်စီးချင်တိုင်း ပျက်စီးနေတာ စိတ်လေနေလို့တဲ့။ သမီးအရင်းမဟုတ်၍ ရက်စက်သည်တဲ့။ ဦးငွေရဲ့ စိတ်ထိခိုက်နေသည်။

"ဖေဖေ"

"ဟင်"

"ဘာတွေ စိတ်မကောင်းဖြစ်နေလဲဟင်၊ သမီးကြောင့်လား။ ဒီမှာနေရတာ အဆင်ပြေနေတာပဲဟာ၊ ဖေဖေစိတ်မပူပါနဲ့။ ဒေါက်တာနဲ့လည်း အမြန်ဆုံးလက်ထပ်မယ်။ ဖေဖေနေမကောင်းသေးတော့ အခမ်းအနားတွေ ဘာတွေ မလုပ်တော့ဘူးနော်။ တရားရုံးမှာပဲ လက်ထပ်မယ်"

"အဲ့ဒီလိုတော့ မလုပ်ပါနဲ့ကွယ်၊ ဖေဖေ နေကောင်းအောင် ကြိုးစားပါ့မယ်။ သမီးရဲ့ လက်ထပ်ပွဲကို တင့်တင့်တယ်တယ်ပဲ ဖြစ်စေချင်တယ်"



သမီးနှင့်ဒေါက်တာ့ကို အလောတကြီး လက်ထပ်ဖို့ မိမိပြန်၍ စဉ်းစားနေသည်။ သမီးချစ်နေတာက သားကောင်းကင်ပဲ။ ချစ်ချစ်သဲက သမီးကို လက်မခံနိုင်တာက ခက်နေသည်။

"ဖေဖေ"

"ဖေဖေ စီစဉ်ပါ့မယ်၊ သမီးတစ်ယောက်ကိုတော့ အလောတကြီး လက်မထပ်စေချင်သေးဘူး"

ဒေါက်တာပြန်သွားတော့ ဖေဖေက သီတဂူလက်လေးကို တင်းကြပ်စွာ ဆုတ်ကိုင်ထားသည်။

"သမီး သီတဂူ"

"ရှင် ဖေဖေ"

"ဒေါက်တာ့ကို သမီး မချစ်ဘူး မဟုတ်လား"

"ရှင်"

"သမီးချစ်နေတာ ကောင်းကင် မဟုတ်လား"

"အဲ့ဒါတွေ ဘာဖြစ်လို့ မေးနေရတာလဲ ဖေဖေ၊ သမီးနဲ့ ဒေါက်တာလည်း အဆင်ပြေနေတာပဲ။ ကောင်းကင်နဲ့ကတော့ မဖြစ်ပါဘူးနော်။ အန်တီချစ် စိတ်သောကတွေရောက်အောင် မလုပ်ချင်တာပါ"

"သမီး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဖေဖေကတော့ ချစ်ချစ်သဲနဲ့ ကွာရှင်းပြတ်ဆဲလိုက်ဖို့အထိ ဆုံးဖြတ်ထားတယ်"

"ဟင်"

"ဖေဖေက ဒုက္ခိတဖြစ်နေပြီပဲ၊ ဘယ်လိုလုပ်ပြီး အိမ်ထောင်ရေး သာယာအောင်လုပ်ပေးနိုင်မှာ မဟုတ်တော့ဘူးကွယ်။ ဖေဖေ ရသင့်တာလေးယူပြီး သမီးနဲ့ပဲနေတော့မယ်"

"ဖေဖေ"

"သူတို့ဆန္ဒကို ဖေဖေ မေးမယ်၊ ဘာပဲဖြစ်ဖြစ် ဖေဖေ အသက်ရှင်နေထိုင်ရမယ့် အချိန်တွေမှာ သမီးနဲ့ပဲ နေထိုင်ချင်တယ်"

"စိတ်ချပါ ဖေဖေ၊ သမီးလည်း ဖေဖေ့ကို ပျော်ရွှင်အောင် ထားပါ့မယ်။ အိမ်ထောင်ရေး ပြိုကွဲဖို့တော့ မစဉ်းစားစေချင်လို့ပါ"

"လုပ်သင့်တာကိုတော့ လုပ်ရမယ်လေ သမီးရယ်၊ ချစ်ချစ်သဲက သမီးကို မလိုလားနေတာကိုပဲ ဖေဖေ လက်မခံနိုင်တာပါ"

ဖေဖေ့ကို နှစ်သိမ့်အားပေးစကားတွေပဲပြောပြီး သီတဂူ ပြန်ပေးခဲ့သည်။

× × × × × × × × × × × × × ×

## အခန်း(၁၅)

သားရော သမီးရော ဘာဖြစ်လို့များ ပြန်မလာသေးကြတာလဲ။ ဒေါ်ချစ်ချစ်သဲ စိတ်ပူနေမိသည်။ သမီးဒေဝီကတော့ ကလပ်တွေ တက်နေတာပဲဖြစ်မည်။ အခုတစ်လော တော်တော်လေး ပျက်ဆီးလာနေ၏။ သားကောင်းကင်ရောပဲ။ သီတဂူကြောင့်လား။ ဒီဟာမနဲ့တော့ သားကို ဘယ်လိုမှ သဘောမတူနိုင်ပေ။ ဘယ်လိုလုပ်ရတော့မလဲ။ သီတဂူကို မုန်းမိနေသည်။

"ရှင်က ကျွန်မကို ကွာရှင်းမယ်ဟုတ်လား ကိုငွေရဲ့ မသေခင် ရသင့်တာရအောင်လား"

ခင်ပွန်းဖြစ်သူက ကွာရှင်းပြတ်ဆဲဖို့ ပြောလာသဖြင့် ဒေါ်ချစ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်သဲ ဒုက္ခရောက်နေရသည်။ သင်းက သေလှုပဲ၊ သီတဂူသာ ရှိမနေလျှင် မိမိအားလုံးရမှာပါ။ ကွာရှင်းလျှင် ဦးငွေရဲ့က တစ်ဝက်တိတိရမည်။ ကိုကိုက သူ့သမီးအတွက် စီစဉ်ထားတာတွေပဲရှိနေဦးမှာပါ။ အခုတလော အိပ်ရေးပျက်လာလို့ ဒေါ်ချစ်ချစ်သဲ ရင်တွေ မောပမ်းနွမ်းနယ်နေသည်။ ကိုကို့လုပ်ငန်းတွေကို သားကဦးစီးလုပ်ကိုင်နေပေမယ့် သားက သီတဂူ အကျိုး ပျက်ဆီးရာလုပ်မှာမဟုတ်။ ဖခင်ကိုလည်း ပတွေးပေမယ့် ဖခင် အရင်းလို ချစ်နေ၏။ သင်းက ငွေကြေးကို လုံးဝပင် အလွဲသုံးစား မလုပ်ပေ။ သစ္စာရှိတဲ့သား ဒေါ်ချစ်ချစ်သဲ သားနှင့်သမီးကို စောင့်နေမိသည်။

"ရှင့်ကို ကျွန်မ ဘယ်တော့မှ မကွာရှင်းဘူး။ ရှင်က သေလှုပဲ။ ရှင်သေတဲ့အထိ ကျွန်မ စောင့်နေမှာ"

"ချစ်ချစ်သဲ . . . မင်း . . ."

"ရှင့်သမီးအတွက်ပဲ စဉ်းစားနေတယ်၊ ပတွေးဝီသလွန်းတယ်။ ရှင့်သမီးက အခုမှလာပြီး အခွင့်အရေးတွေ ယူချင်နေတယ်။ ကျွန်မသား ဘဝကိုလည်း ဖျက်ဆီးပစ်ဖို့ ကြံစည်နေတယ်"

"တော်စမ်း"

"ဒီမှာ ကိုငွေရဲ့ ကျွန်မကို ကွာရှင်းပြီး ရှင်ရသင့်တာတွေယူ



ဖို့ မကြိုးစားနဲ့၊ ရှင့်သမီးအတွက် ကျွန်မကို အသိမပေးဘဲ စီစဉ်ထားတာတွေရှိနေနိုင်တယ်။ ရှင်လှုလည်းမကျနဲ့နော်"

ဒေါ်ချစ်ချစ်သဲ နှုတ်ကနေ ကိုကိုဆိုတဲ့အသံချိုချိုတွေ ကွယ်ပျောက်သွားသည်။ သမီးကို ဘာဖြစ်လို့များ ဒီလောက်အထိ အခွင့်အရေးတွေ ပေးချင်နေရတာလဲ။ ဒရိုင်ဘာမြေး အစေအပါးမျိုးရိုး သီတဂူ အမေက ဈေးသည်မ။ သင်းတို့ကို မိမိက ခွေမျိုးတော်ရမလား။ ဝေးသေးတယ်။ ဒေါ်ချစ်ချစ်သဲ ဒေါသတွေ ပေါက်ကွဲနေသည်။

"မေမေကြီး"

"ဘာလဲ မာမာ"

"အိပ်ပါတော့နော်၊ တော်ကြာ ရောဂါတွေ တိုးလာမှာစိုးလို့ပါ"

"သားလည်း ပြန်မလာသေးဘူး။ သမီးလည်း ပြန်မလာသေးဘူး။ မေမေကြီး အိပ်လို့မရသေးဘူးကွယ်"

"အခန်းထဲမှာပဲ စောင့်ပါ မေမေကြီး၊ မာမာ စောင့်ပေးပါ့မယ်။ မေမေကြီးကိုလာပြီး အကြောင်းကြားပေးပါ့မယ်။ အိပ်ရာပေါ်မှာပဲ သက်တောင့်သက်သာ အနားယူပါနော်"

"အေးကွယ် . . . မေမေကြီး အခန်းထဲ ဝင်နားမယ်၊ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ်လာတာနဲ့ မာမာလာပြောနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

အိမ်ဖော်မလေး မာမာ့ကို ဒေါ်ချစ်ချစ်သဲ ယုံကြည်သည်။ လူယုံတွေ မိမိသြဇာတစ်ခုပဲ နားခံကြ၏။ ဒေါ်သွယ်ရောပဲ။ ဒေါ်ချစ်ချစ်သဲ အခန်းထဲ ဝင်လာခဲ့သည်။

"မေမေကြီးနားပါ၊ စိတ်သောကတွေ ရောက်မနေပါနဲ့နော် အိပ်ပါ"

"ကျေးဇူးပါပဲ မာမာရယ်၊ သား ပြန်လာရင်တော့ မေမေကြီး ကို လာပြောနော်"

"ဟုတ်ကဲ့"

"သား ပြန်ရောက်လာမှ မေမေကြီး စိတ်အေးလက်အေး အိပ်နိုင်မှာပါ"

"စိတ်ချပါ မေမေကြီး"

မာမာပြန်ထွက်လာခဲ့သည်။ အစ်ကိုလေးကောင်းကင်က တော်တော်နှင့် ပြန်မလာသေး၍ ထိုင်စောင့်နေ၏။ သီတဂူဆိုတဲ့မိန်းမကို မာမာအရမ်း မုန်းတီးသည်။ မာမာက အစ်ကိုလေးအားကြိတ်ပြီး နှစ်သက်မြတ်နိုးနေမိတာပါ။ တစ်တိုက်လုံးက တိတ်ဆိတ်ငြိမ်သက်နေ၏။ လူကြီးတွေအားလုံး အပေါ်ထပ်မှာ အိပ်ကြတာပါ။ ဒေါ်သွယ်လည်း



ခရီးထွက်သွားတယ်၊ အခန်းထဲမှာ မာမာတစ်ယောက်ထဲ ဖြစ်နေသည်။

"အစ်ကိုလေး အရက်တွေ လူမှန်းမသိအောင် သောက်လာရင် ကောင်းမှာပဲ"

မာမာ စိတ်ကူးတွေယဉ်နေမိသည်။ အစ်ကိုလေး ကောင်းကင် ကို သီတဂူလုသွားတာ မာမာ နည်းနည်းလေးမှ မကျေနပ်မိ။ သိမယ် အစ်ကိုလေးကို အပိုင်ချုပ်နှောင်နိုင်ဖို့ မာမာကြိုးစားနေတာ ကြာပြီပဲ။ ညဉ့်အတော်နက်မှ အစ်ကိုလေး ပြန်လာသည်။

"တီ...တီ"

"တီ..."

ခြံစောင့်ကြီးက ခြံတံခါးဖွင့်ပေးပြီး အစ်ကိုလေးက ဒယီးဒယိုင် နှင့် တိုက်ထဲဝင်လာသည်။ ခြံစောင့်ကြီးလည်း မူးနေပြီဖြစ်၍ အစ်ကိုလေး ကိုပင် မတွဲနိုင်တော့။ တိုက်ထဲသို့ဝင်လာပြီး လသာဆောင်မှာ ပြန်ထိုင် သည်။

"မာမာ"

"ရှင်"

"အရက်ထပ်ထုတ်ပေး။ အမြည်းတွေလည်း လုပ်ပေးစမ်း"

"ဟုတ်ကဲ့ အစ်ကိုလေး"

www.burmeseclassic.com

www.burmeseclassic.com



မာမာ့အတွက် အကွက်ပဲ၊ အစ်ကိုလေးကို အရက်နှင့် အမြည်းတွေ ထပ်ချပေးလိုက်သည်။ အစ်ကိုလေး သောက်နေ၏။ သီတာ့အတွက် အရမ်းခံစားနေရပုံပင်။ မာမာသူဌေးဖြစ်ချင်တယ်၊ သူဌေးသားကို အရယူလိုက်တာ အကောင်းဆုံးပဲ။ မကြာခင် သီတာ့လက်ထဲပါတော့မယ်။ မဖြစ်ဘူး...မာမာကြံစည်ရမှာပဲ။ အစ်ကိုလေးအရမ်းမူးပြီး ဇက်ကျိုးကျတဲ့အထိ ဖြစ်နေသည်။

"အစ်ကိုလေး အခန်းထဲသွားရအောင်နော်၊ မာမာ လိုက်ပို့ပေးပါ့မယ်"

"ဘယ်သူလဲ...သီတာ့လား။ မင်း...မင်း ကိုယ်ချစ်မြတ်နိုးရတဲ့ သီတာ့လား ဟင်"

"ဟုတ်ပါတယ်"

"သီတာ...မင်း သီတာ့လားကွာ၊ ကိုယ် မင်းကို အရမ်းချစ်တယ်။ အရမ်းမြတ်နိုးတယ်။ သီတာနဲ့ဝေးရမှာကို ကိုယ်အရမ်းကြောက်နေတယ်"

မာမာ့အား သီတာ့အမှတ်နဲ့ အစ်ကိုလေးက တင်းကြပ်စွာဖက်ထားသဖြင့် မာမာရင်တွေခုန်နေသည်။ မာမာ ထာဝရမျှော်လင့်ခဲ့ရသော အခွင့်အရေးတစ်ခုဖြစ်နေ၏။ သူမအိပ်ခန်းဆီ ခေါ်လာခဲ့သည်။



မာမာ့ဘဝအတွက် ကြီးပွားချမ်းသာသွားဖို့က အစ်ကိုလေးလို သူဌေးသားနှင့် လက်ထပ်ခွင့်ရဖို့ပဲ။ အစ်ကိုလေးကတော့ သီတာ့ရယ်ဟု တမ်းတမ်းတတ ညည်းညူနေသည်။

"သီတာ...ကိုယ်ချစ်မြတ်နိုးရတဲ့ သီတာရယ်၊ မင်းနဲ့ကိုယ် လုံးဝ မခွဲနိုင်ဘူး။ ကိုယ်သေတော့မယ်၊ မင်း ကိုယ်ကလွဲပြီး တခြားမိန်းကလေးကိုမှ လက်မထပ်ရဘူး။ ချစ်တယ်၊ သီတာ့ကို အရမ်းချစ်တယ်"

သူမကတော့ အစ်ကိုလေးဆန္ဒအတိုင်းပါပဲ အလိုက်အထိုက်နေပစ်လိုက်သည်။ အစ်ကိုလေး အလွန်အကျွံမူးယစ်နေ၏။ အသိစိတ်တွေပင် ကင်းမဲ့၏။ မာမာ့ထောင်ချောက်ထဲကို အစ်ကိုလေး ဝင်သွားရပြီပဲ။ မေမေကြီးလည်း ဘာတတ်နိုင်မှာလဲ၊ အစ်ကိုလေးက မူးယစ်ပြီးအိပ်ပျော်သွားသည်။ မာမာ ကပျာကယာထလိုက်ပြီး မေမေကြီးအခန်းထဲရောက်သွား၏။ အစ်ကိုလေးနှင့်မာမာတို့ အဖြစ်အပျက်အား မေမေကြီးကို အသိပေးရမည်ဖြစ်သည်။

"ဟဲ့...မာမာ ဖရိုဖရဲနှင့် ဘာဖြစ်လို့ ပြေးထွက်လာရတာလဲ၊ နင် ဘာဖြစ်လာတာလဲ"

"မမဒေဝီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟဲ့"

မမဒေဝီကိုတော့ မာမာ အရမ်းကြောက်သည်။ မမဒေဝီက လည်း မှုးယစ်ဝေရီနေ၏။ ဒယိမ်းဒယိုင်နှင့် သူမအားကြည့်သည်။

"မာမာ"

"ရှင်"

"နင့်ပုံစံက ဖရိုဖရဲနဲ့ ဘာလဲ အိပ်မက် မက်လာလို့လား"

"ဟို...ဟို မမဒေဝီ...ဟိုလေ ကျွန်မ...ကျွန်မ"

"ဘာလဲ"

"ကျွန်မကို အစ်ကိုလေးက အရက်တွေမှုးပြီး..."

"ဘာ"

ဒေဝီအမူးတွေပြေသွားပြီး အထိတ်တလန့်နှင့် မော့ကြည့်သည်။ မာမာ အစေအပါးတစ်ယောက်က ဘာစကားပြောလိုက်တာလဲ။ မောင်လေး ကောင်းကင်ရော၊ မာမာခန္ဓာကိုယ်က မလုံမလဲ ဖရိုဖရဲ ဆံပင်တွေလည်း ဖွာလန်ကြဲနေသည်။

"မမဒေဝီ"

"နင်...နင် ဘာပြောတာလဲ မောင်လေးရော၊ ငါ့မောင်လေး ဘယ်မှာလဲ"



"မာမာ့အိပ်ခန်းထဲမှာပါ"

"ဘာ"

"ဟိုလေ ဟို အစ်ကိုလေးက အတင်းအကြပ် မာမာ့ကို ဆွဲ ခေါ်ပြီး..."

"တိတ်စမ်း"

ဒေဝီအသံနက်ကြီးနှင့် အော်လိုက်ချိန်တွင် မေမေလည်း အောက်ထပ်သို့ ဆင်းလာသည်။ "ဧ

"ဒေဝီ...သမီးအခုမှ ပြန်လာတာလား။ မေမေ စိတ်ပူလို့ ဆင်းလာတာ။ သားလည်း ပြန်မလာသေးဘူး ထင်တယ်"

"မေမေ"

"ဟင်"

"အခုတော့ ဒုက္ခတွေအားလုံး ရောက်ကုန်တော့မယ်ထင်တယ်။ ဒီမှာ ကြည့်ပါဦး...မေမေ့သားက ဒီဟာမကို စော်ကားလိုက်လို့တဲ့"

"ဘာ"

မာမာက ချုံးပွဲချငိုပစ်လိုက်သဖြင့် ဒေဝီ တခြားသူတွေ ကြား သွားစိုး၍ အထိတ်တလန့် တားဆီးလိုက်သည်။

"ဟဲ့...ဘာဖြစ်လို့ ငိုရတာလဲ၊ တခြားသူတွေ ကြားသွားမယ်

www.burmeseclassic.com

www.burmeseclassic.com



တိတ်စမ်း"

"ဘာတွေ ဖြစ်နေတာလဲသမီး၊ မာမာ့ကို ဘာဖြစ်လို့ ဆူပူနေရတာလဲ။ မာမာက မေမေပင်ပန်းမှာကြောက်လို့ သမီးတို့ကို စောင့်ပေးနေတာပါ"

"ဒီကောင်မ…ဒီကောင်မလေ သစ္စာဖောက်မ မိန်းမယုတ်မ"

"ဟင်"

မာမာ့ကိုဆွဲခေါ်ပြီး အခန်းကျဉ်းလေးထဲရောက်တော့ မောင်လေး ကောင်းကင်က မာမာ့အိပ်ရာပေါ်တွင် အိပ်မောကျနေတာ တွေ့ရသည်။

"အမလေး…သား…မင်း ဘယ်မှာ အိပ်နေရတာလဲ၊ ဘုရားရေ… မာမာ…ညည်း"

"အစ်ကိုလေးက မာမာ့ကို အတင်းအကြပ် အခန်းထဲ ဆွဲခေါ်သွားတာပါ"

"ဘာအေ့"

"မေမေကြီး မာမာ့ဘဝတော့ ပျက်စီးရပါပြီ၊ ကယ်ပါဦး။ မာမာ ဘယ်လိုလုပ်ရမလဲ။ အစ်ကိုလေးက အရက်တွေမူးပြီး မာမာ့ကို အတင်းအကြပ် စော်ကားလိုက်တာပါ"



"တိတ်စမ်း"

ဒေါ်ချစ်ချစ်သဲက သားကို အတင်းအကြပ်နှိုးတော့ လူမှန်းမသိအောင် မူးနေသဖြင့် သားအမိနှစ်ယောက်တွဲပြီး အိပ်ခန်းဆီပို့ရသည်။

"ဘယ်လိုလုပ်ကြမလဲ မေမေ၊ ဒေဝီတို့တော့ အရှက်ကွဲပါပြီ။ မာမာဆိုတဲ့ကောင်မက မောင်လေးကို အမိဖမ်းလိုက်တာပဲဖြစ်မယ်"

"မေမေလည်း ရှက်လိုက်တာသမီးရယ်၊ ဘယ်လိုလုပ်ကြမလဲ ဟင်။ ကိုယ်ကျိုးတော့ နည်းပါပြီ။ ရှက်လိုက်တာ၊ ကိုယ့်အစေအပါးကို မေမေ ဘယ်လိုလုပ်ပြီး ချွေးမတော်ရမလဲ"

"သီတာ့ဝကတော့ ပြောစရာဖြစ်တော့မယ် မေမေ၊ ဒီလောက်ကြီးကျယ်နေတဲ့ဟာတွေ ခံရတာတောင် နည်းသေးတယ်လို့ ပြောဦးမယ်"

"ဘယ်လိုလုပ်ကြမလဲ၊ ဒီဟာမကို ဘယ်လို ချုပ်ကိုင်ကြမလဲဟင်"

ဒေါ်ချစ်ချစ်သဲရှက်လို့ သေတော့မယ်။ အစေအပါးက မိမိချွေးမလာ။ မာမာက တမင်လုပ်တာပါ။ ဘယ်လိုလုပ်ရမလဲ သားက လူမှန်းပင်မသိတော့။ ဒေါ်ချစ်ချစ်သဲနှင့်ဒေဝီတို့ မာမာ့အခန်း ပြန်ဝင်လာကြသည်။

"အဟင့်…ဟင့်…အဟင့်…အီး"

"ဟဲ့…ဘာဖြစ်လို့ အသံကျယ်ကြီးနဲ့ ငိုနေရတာလဲ၊ တိတ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုလာပြီး မောင်းထုတ်ဖို့မကြိုးစားနဲ့နော်၊ ဒီကနေ ထွက်ရတာနဲ့ သက်ဆိုင်ရာကို တိုင်ပစ်လိုက်မှာ"

"ညည်း တမင်အမိဖမ်းတာ မဟုတ်လား မာမာ၊ သားရေပေါ် အိပ် သားရေနားစား ကျေးဇူးကန်းတဲ့ ကောင်မ။ ညည်း ဘာဖြစ်ချင်လဲ ပြော"

"ကျွန်မဘဝကို ကယ်တင်ပါ။ အစ်ကိုလေးနဲ့ လက်ထပ်ပေးပါ"

"ဘာအေ့"

"ညည်းတန်ရာတန်ရာ ပြောစမ်း မာမာ၊ ဖေဖေ့သမီး သီတဂူနဲ့ တောင် ငါတို့ သဘောတူတာမဟုတ်ဘူး။ ညည်းလို ကောင်မကများ"

"ဖြန်း"

"ကျွန်မသားကို မထိနဲ့နော်၊ ရှင်တို့သား အခုချက်ချင်း ထောင်ထဲရောက်သွားမယ်။ ဘာမှတ်နေလဲ၊ သူများသမီးပျိုလေးကို ဖျက်ဆီးပြီး ဒီလိုလာမလုပ်နဲ့"

"ဘုရား . . . ဘုရား"

မာမာ့မျက်ဝန်းတွေက မာထန်ပြီး ဆတ်ဆတ်ထိမခံရန်တွေ့ နေ၍ ဒေါ်ချစ်ချစ်သဲ ဒေါသတွေ ပေါက်ကွဲကာ ရိုက်နက်ပစ်ချင်ပေမယ့် သား ထောင်ထဲဝင်ရမှာစိုး၍ သည်းခံနေရသည်။ အရင်က မော့ပင်



မကြည့်ရဲတဲ့ မိန်းမကများ မိမိတို့အား ရန်ထောင်ထိုးနက်နေ၍ ဘယ်လို တုန့်ပြန်ရမှန်းပင်မသိတော့။ ရင်ထဲမှာ မီးတောက်မတတ်ပင်။ သားကို လည်း အရှက်တကွဲနှင့်ဂုဏ်သိက္ခာတွေ မကျဆင်းလိုပေ။ စောစောထဲက သီတဂူနှင့် လက်ထပ်ပေးလိုက်ရင် အကောင်းသားပဲ။ မာမာနဲ့တော့ သားကို လက်ထပ်ပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်ဟု ထင်မိသည်။

"ကျွန်မက သီတဂူ မဟုတ်ဘူးနော်၊ မေမေကြီးတို့ လုပ်ချင် တိုင်း လုပ်လို့မရဘူး။ ကိုယ့်သားရဲ့ စော်ကားခံရတဲ့ မိန်းကလေးက ဘာပဲဖြစ်ဖြစ် ချွေးမအဖြစ် လက်ခံရမှာပဲ"

"ဒီမှာ . . . ညည်း ပိုက်ဆံ ဘယ်လောက်ယူမလဲ ပြော၊ ငါပေးမယ်"

"အစ်ကိုလေးကိုပဲ လက်ထပ်မယ်"

"ဘာ"

မာမာကတော့ ပြုံးပြုံးမြက်မြက်လေးပဲ လှံချင်သည်။ သူတို့တွေ က နည်းနည်းပေးပြီး မာမာ့ကိုပထုတ်မှာပါ။ မာမာတိုက်နဲ့ကားနဲ့ နေချင် တယ်။ ရှင်တို့ ပေးမလား . . . လွယ်လွယ်နှင့် အလျှော့ပေးလို့ မဖြစ် ပါဘူး။ ဒေါ်ချစ်ချစ်သဲက ငွေသိန်းနှစ်ဆယ်ပေးမည်တဲ့။ မာမာက လက် မခံပေ။ ဒေါသတွေဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



“မာမာရဲ့ အပျိုစင်ဘဝလေးကို သိန်းနှစ်ဆယ်နဲ့ တန်ဘိုး မဖြတ်ပါနဲ့၊ အစ်ကိုလေး လက်ထပ်ယူပါ”

“ဟဲ့…နင်က သိန်းနှစ်ဆယ်ဆိုတာ မြင်ဘူးလို့လား။ ကြီးကျယ်နေလိုက်တာ။ နင် တစ်သိန်းတောင်ပြည့်အောင် ကိုင်ဘူးလို့လား”

“အခု မာမာက အစ်ကိုလေးနဲ့ ညားသွားပြီလေ၊ စော်ကားချင်တိုင်း စော်ကားပြီးမှ လက်မခံချင်လို့မရဘူး။ အစ်ကိုလေးငနီးအဖြစ် လက်ခံပေးပါ။ လက်မခံရင် မာမာ အပြစ်မပြောနဲ့နော်”

“ဟဲ့”

“အသာနေစမ်းပါ ဒေဝီရယ်၊ မေမေ ကြည့်လုပ်ပါ့မယ်။ ထားလိုက်တော့ သွားကြမယ်”

သမီးဒေဝီ့ကိုခေါ်ပြီး မိမိအိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။ ဒေါ်ချစ်ချစ်သဲ ရင်တွေပေါက်ကွဲထွက်မတတ် ဖြစ်နေ၏။ ပူလိုက်တာ ဘယ်လိုလုပ်ရမလဲ။ ဒီကောင်မက အကြံပိုင်နေပြီ။ သားကလည်း ဘာမှ သိပုံမပေါ်ပေ။ သင်း လုပ်တာပဲနေမှာပါ။ ရင်ကျိုးရပြီ ထင်တယ်။ သမီးဒေဝီကလည်း နာမည်ပျက်နေသည်။ သားနဲ့သမီးကို ဘယ်လိုလုပ်ရတော့မလဲ။ ကိုကိုနှင့် သီတဂူ သိသွားရင် မိမိမျက်နှာဘယ်လိုထားရမလဲ။ ရှက်လို့သေတော့မယ်။ ဒေါ်ချစ်ချစ်သဲ စိတ်သောကတွေ



ရောက်နေသည်။

“မေမေ…ဘာမှ မပူပါနဲ့၊ အခြေအနေကို စောင့်ကြည့်ရအောင်။ လောလောဆယ်တော့ သည်းခံနေလိုက်ရအောင် ဒေဝီ စီစဉ်မယ်”

“တော်တော် ကျေးဇူးကန်းတဲ့ ကောင်မပဲ။ နင်နဲ့ တူတန်လို့လား။ သီတဂူကမှ တော်ပါဦးမယ်”

“မေမေ”

“ဟင်”

“သီတဂူနဲ့ ကောင်းကင်ကို လက်ထပ်ဖို့ပဲ စီစဉ်ပါ”

“အမလေး…ဘယ်လိုလုပ်ရတော့မလဲ၊ ဒေါက်တာနဲ့ သီတဂူက လက်ထပ်ကြတော့မှာ မာမာဆိုတဲ့ကောင်မက ဘယ်လိုလုပ်မလဲ”

“ခဏပဲ သည်းခံနေပြလိုက်ပါ မေမေ၊ ဒီကောင်မ ဒေဝီ့အကြောင်း ကောင်းကောင်းသိစေရမယ်”

သီတဂူနဲ့မောင်လေးတို့ လက်ထပ်ဖြစ်ရင် ဒေဝီက ဒေါက်တာနဲ့ လက်ထပ်မယ်။ မာမာဆိုတဲ့ဟာမကိုတော့ ပထုတ်ပစ်ရမယ်၊ ဒေဝီအကြံတွေ ထုတ်နေသည်။

× × × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၆)

"ဘာပြောတယ် မေမေ၊ သားနဲ့မာမာ မှားယွင်းသွားကြတယ်ဟုတ်လား။ မဖြစ်နိုင်တာဘဲ၊ မာမာ့လို မိန်းကလေးမျိုးကို သားက စော်ကားပါ့မလား"

"အဲ့ဒီဟာမက မာရေကျောရေနဲ့ သူ့ကိုလက်ထပ်ရမယ်တဲ့"

"ဘာပြောတယ် မေမေ"

ကောင်းကင် အထိတ်တလန့်နှင့် အော်ပစ်လိုက်မိသည်။ ဘာတွေ ဖြစ်သွားရတာလဲ။ သူ အရမ်းမူးသွား၏။ ဘယ်သူ လာတွဲတာလဲ၊ သူ့အိပ်မက်တွေထဲမှာ သီတဂူပဲရှိနေသည်။ မာမာ...သူ့စိတ်ချောက်ချားသွားရသလို ဖြစ်သွား၏။ မာမာရဲ့ လှည့်ကွက်ထဲမှာ ဝင်သွားရသည်။

"မာမာ့ကိုတော့ သားလက်မထပ်နိုင်ပါဘူး။ သား အသိထဲမှာ သီတဂူပဲ ရှိတာပါ။ ကျွန်တော် သီတဂူကလွဲပြီး ဘယ်သူ့ကိုမှ လက်

www.burmeseclassic.com

www.burmeseclassic.com



မထပ်ဘူး။ ထောင်ထဲပဲသွားနေမယ်"

"သား"

"မာမာ့ကို နစ်နာကြေးပေးလိုက်ပါ မေမေ၊ ကျွန်တော်ကတော့ ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ပါဘူး။ ဖမ်းချင်ဖမ်းပါစေ၊ သား အပြစ်ဒဏ် ခံယူမယ်"

သီတဂူကလွဲပြီး ဘယ်သူကိုမှ လက်မထပ်နိုင်ဘူး။ အပြစ်ဒဏ်ပဲ ခံယူမယ်။ မာမာ ထောင်ချောက်ဆင်တာပဲ။ သီတဂူရယ် အရှမ်းရှက်စရာကောင်းတဲ့ ကိုယ်ကျင့်တရားပျက်ပြားမှုပဲ၊ ကိုယ့်အသိစိတ်ထဲမှာ သီတဂူပဲ ရှိနေတာပါ။ ကိုယ့်နလုံးသားတွေထဲမှာ သီတဂူ တစ်ယောက်ထဲကိုပဲ စွဲမြဲစွာချစ်မြတ်နိုးနေမိတာပါ။ ကိုယ့်အမှားကို လွန်ကျူးမိတာလည်း သီတဂူအမှတ်နဲ့ပါ။ ကိုယ်ဖြေရှင်းတဲ့ နည်းလမ်းတွေက မှားနေပြီထင်တယ်။ အရက်တွေအလွန်အကျွံ သောက်မိတာက သူ့အမှားပဲ။ မေမေကတော့ မျက်ရည်တွေနှင့် သားအတွက် ယူကျုံးမရ ဖြစ်နေသည်။ မမဒေဝီကလည်း မာမာ့ကို ဒေါသတွေပေါက်ကွဲထွက် ချင်နေသည်။

"ဒီဟာမက လူလည်မပဲ မေမေ၊ မောင်းထုတ်ရင် ပိုပြီး ပြဿနာတွေ ကြီးထွားလာနိုင်တယ်။ မောင်လေးဘဝ ဆုံးပါပြီ၊ လက်



ထပ်ပေးဖို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးထင်တယ်"

"အမလေး မေမေတော့ ရင်ပူပြီး သေတော့မှာပဲ ဒေဝီ။ သားကို ထောင်ထဲတော့ အရောက်မခံနိုင်ဘူး၊ မေမေ သေချင်တယ်"

"ကျွန်တော် အဖမ်းခံမယ် မေမေ"

"သား...အမလေး အဲ့ဒီလို မလုပ်ပါနဲ့၊ မာမာ့ကို မေမေ သွားညှိကြည့်ပါ့မယ်သားရဲ့၊ ဂုဏ်သိက္ခာတွေ၊ လုပ်ငန်းတွေ ကျဆုံးလိမ့်မယ် သား"

"ဖြစ်ချင်ရာဖြစ် ကျွန်တော့်အပြစ် ကျွန်တော်ခံယူမယ် မေမေ၊ မာမာ့ကိုတော့ ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူး"

သူ မူးနေသည်၊ ဘာတွေလုပ်ခဲ့မှန်းပင် မသိတော့၊ မာမာ့အပေါ် အမှန်တကယ်ရော လွန်ကျူးခဲ့မိရဲ့လား။ သူထင်နေတာက သီတဂူပဲ ဖြစ်သည်။

"ကိုကိုနဲ့သီတဂူ သိသွားရင် ရှက်စရာကောင်းလိုက်တာ၊ ဘယ်လိုလုပ်ကြမလဲ။ သားရယ်...မေမေ မှားပါတာပဲ။ မင်းကို သီတဂူနဲ့ လက်ထပ်ပေးခဲ့မိရင်တောင် ပြဿနာတွေက အေးချမ်းမှာ"

မိမိမှားခဲ့တာပဲ၊ သီတဂူကို ပြောဆိုနှိမ်ချခဲ့တဲ့ ဝဋ်တွေလည်ပြီ ထင်တယ်။ သီတဂူအား အစေအပါးရဲ့သွေးဆိုပြီး ချွေးမတော်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့နေခဲ့သည်။ အခုတော့ ညည်း…တမင် အကွက်ဆင်တာပဲ။ ကျုပ်သားရဲ့ဘဝကို အညွန့်တုံးအောင်လုပ်ပစ်တာ။ မာမာနှင့် သွားညှိတော့ မိမိ တောင်းတောင်းပန်ပန်နှင့် ပြောဆိုတာပင် မာမာက မလျှော့ပေ။ သင်းက တန်ရာတန်ရာ မမှန်းဘဲ အစ်ကိုလေးနဲ့ လက်ထပ်ပေးပါတဲ့။ ဒေါ်ချစ်ချစ်သဲ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ငါ့သားက ညည်းကို လက်မထပ်နိုင်ဘူးတဲ့၊ ထောင်ပဲအကျခံမယ်တဲ့"

"ဒါဆိုရင်လည်း ပြီးရောလေ၊ ကျွန်မထွက်သွားမယ်။ မေမေကြီးတို့က အရှက်ကွဲခံနိုင်တယ်ဆိုရင် လုပ်လိုက်လေ။ မာမာက မလုပ်ချင်လို့ ပြောနေတာ။ ကိုယ့်အိမ်မှာ ခိုင်းစေထားတဲ့ မိန်းကလေး တစ်ယောက်ကို ဒီလိုစော်ကားချင်တိုင်းစော်ကားပြီး ကန်ထုတ်လို့ရမလား"

"ဟဲ့…တိုးတိုးပြောပါ၊ တခြားသူတွေ ကြားသွားပါဦးမယ်"

"ဒါဆိုလည်း ကျွန်မနဲ့ လက်ထပ်လေ"

"ငွေယူပါ…ညည်း လိုချင်သလောက် ယူပါ…ပြော"

"သိန်းတစ်ထောင်ပေး…"

"ဟင်…ညည်း…ညည်းကများ…ဘာ သိန်းတစ်ထောင်ဟုတ်လား။ တောင်းတတ်လိုက်တာအေ"



"မေမေကြီးပဲ တောင်းဆို၊ ကျွန်မဘဝကို ထူထောင်ချင်တယ်၊ ကြီးပွားချမ်းသာအောင်လုပ်ရမယ်။ ကျွန်မတို့ကို အလကားပဲတင်း ဖက်ဆီးလို့မရဘူး"

"ညည်း တော်တော် ကျေးဇူးကန်းတာပဲ၊ ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးကိုတောင် မထောက်ထားဘူး"

"ဘာ ကျေးဇူးလဲ၊ မေမေကြီးဆီမှာ အလုပ်တွေကျုံးရှန်းပြီး လုပ်ပေးတာတောင် လခနှစ်သောင်းလောက်ကို မသထားဘူး။ မပေးချင်ဘူး မဟုတ်လား။ များတယ်လို့ ထင်နေသေးတယ်"

"ဟဲ့"

"ကျေးဇူးမရှိဘူး။ ကျွန်မတောင်းတဲ့ ငွေကြေးမပေးရင် ကျွန်မကတော့ ဘယ်သူ့ကိုမှ မထောက်ထားဘဲ တိုင်ရမှာပဲ"

"တောက်"

သားကဝင်လာပြီး မေမေ ဘာမှဆက်မပြောဘဲ သား ရှင်းမယ်ပြောကာ မိမိအား ထွက်သွားစေသည်။ အမလေး ကိုကိုနဲ့သီတာရှိသွားရင်တော့ ဒုက္ခပါပဲ၊ ရှက်လို့သေရတော့မယ်။ သမီးဒေဝီကလည်း အပြင်ပဲထွက်နေသည်။ သီတာရှိနဲ့ လက်ထပ်ဖြစ်ရင်လည်း အကောင်းသားပဲ။ ဒေါ်ချစ်ချစ်သဲ ဘာဆက်လုပ်ရမှန်း မသိတော့အောင် ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏကြာတော့ သား ပြန်ထွက်လာ၏။ သား မျက်နှာပေါ်မှာ ဒေါသတွေနှင့် ရဲတွတ်တင်းမာနေသည်။

"သား・・・တောင်ပန်အကျခံမယ် မေမေ၊ သူ့ကို မောင်းထုတ်လိုက်စမ်းပါ။ သား သိပါတယ်၊ သားသူ့ကို ကိုယ်ထိလက်ရောက် ဘာမှ မစော်ကားမိပါဘူး"

"သားရယ်・・・ဖြစ်မှဖြစ်ရလေ၊ မေမေ မှားခဲ့တာပါ။ သီတဂူနဲ့ သဘောတူ လက်ခံလိုက်ရမှာ"

"မေမေ"

"ဟင်"

"သီတဂူနဲ့သားကို သဘောတူပြီလား"

"မေမေ သဘောတူတော့ရော ဘယ်လိုတတ်နိုင်တော့မှာလည်း သားရယ်၊ သီတဂူက ဒီအကြောင်းတွေသိသွားရင် မင်းကို အထင်သေးတော့မှာပဲ။ မေမေလည်း ပြောစရာဖြစ်တော့မယ်"

"ကျွန်တော် မာမာ့ကို ဘယ်တော့မှ မစော်ကားပါဘူး။ သား ဥပဒေအရပဲ ရင်ဆိုင်မယ်။ ဒါမှ အိမ်ဖော်ကောင်မလေးကို သား စော်ကားဖူးတယ်ဆိုတဲ့ အမည်းစက်ကြီး ပျောက်သွားမှာ"

"သား"

"မေမေ မပူပါနဲ့ သား ရင်ဆိုင်ရဲပါတယ်၊ သား သီတဂူကလွဲပြီး



ဘယ်သူ့မှ မချစ်နိုင်ဘူး။ သားလက်ထပ်တဲ့ မိန်းကလေးက သီတဂူပဲ ဖြစ်စေရမယ် မေမေ"

ကောင်းကင် လက်မခံနိုင်ဘူး။ ဥပဒေအရပဲ ရင်ဆိုင်မယ်။ သူ အရက်တွေမူးပြီး မာမာ့အိပ်ခန်းထဲ အိပ်ပျော်သွားတာပဲဖြစ်နိုင်သည်။ သူ့ကိုယ်ကျင့်တရားကို သူ ယုံကြည်ပြီးသားပါ။ သီတဂူ မင်းအမှတ်နဲ့ပါ။ ကိုယ်ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းမှာပါ။ ကိုယ့်အသိစိတ်တွေက သန့်ရှင်းနေတယ်။ မိန်းကလေးတစ်ယောက်ကို ကိုယ်စော်ကားမိပြီဆိုရင်လည်း တာဝန်ယူဖို့ ဝန်မလေးပါဘူး သီတဂူ၊ ကိုယ်သစ္စာရှိပါတယ်။ သူနှင့်မာမာ့အကြောင်းက ဖေဖေရော သီတဂူပါ သိသွားကြသည်။

"သားဟာ ကိုယ်ကျင့်တရားပျက်ပြားတဲ့ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူးဆိုတာ ဖေဖေ ယုံပါတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ရမလဲ၊ ဘာပဲဖြစ်ဖြစ် ရှင်းပေးနိုင်တာက ငွေပေးလိုက်ဖို့ပဲ"

"ဖေဖေ"

"ငွေပေးလို့ ဖြစ်မယ်ဆိုရင်လည်း ပေးလိုက်တာ အကောင်းဆုံးပဲ သား။ ငွေက ပြန်ရှာလို့ရပါတယ်"

"အဲ့ဒီနည်းနဲ့တော့ ပြဿနာကို မဖြေရှင်းနိုင်ဘူး ဖေဖေ၊ ဒီအမည်းစက်ကြီးကို သားဖြေရှင်းပါ့မယ်။ သားဥပဒေအရပဲ ရင်ဆိုင်မယ်။

www.burmeseclassic.com

www.burmeseclassic.com



သား အပြစ်ဒဏ်ကိုခံယူမယ်"

"အဲ့ဒီလို မလုပ်ပါနဲ့ သားရယ်၊ ငွေက ပြန်ရှာလို့ရနိုင်ပါတယ်"

"အိမ်ဖော်ကောင်မလေးကို စော်ကားပြီး ငွေနဲ့ပေါက်ပြီး မောင်းထုတ်ပစ်တယ်ဆိုတဲ့ အမည်းစက်ကြီးကို သား တစ်သက်လုံး အစွပ်စွဲ အပြောဆိုခံရတော့မှာလား ဖေဖေ"

"မင်း . . .မင်း အပြစ်ဒဏ်ခံရရင်ရော၊ ဒီအမည်းစက်က ပျောက်သွားမှာလား"

"သား. . .မာမာ့ကို မစော်ကားမိပါဘူး။ အဲ့ဒါကိုတော့ သား ယုံကြည်နေတယ်"

"သားရယ်"

သီတဂူနှင့်တော့ သူမျက်နှာချင်းမဆိုင်လိုပေ။ ကိုယ်ကျင့်တရားပျက်ပြားသော ယောကျ်ားတစ်ယောက်ပဲဟု သူမက သတ်မှတ်နေသည်။ အလုပ်သမားကောင်မလေးအား စော်ကားပြီး ချွေးမအဖြစ် လက်မခံချင်သော မေမေ့ကိုလည်း သီတဂူက ရွံရှာမုန်းတီးနေ၏။ ဒေါက်တာ သက်တန့်ရောင်နှင့် လက်ထပ်ဖို့ပဲ သီတဂူ စီစဉ်နေခဲ့သည်။

"မိုးကောင်းကင် ရှင်က ငွေနဲ့ပေါက်ပြီး ရှင့်မှာ အပြစ်မရှိကြောင်း ဒီအမည်းစက်ကို ချေဖျက်ဖို့ကြိုးစားမှာ မဟုတ်လား။ မာမာက ဘယ်လိုလုပ်ပြီး နိုင်မှာလဲ၊ လက်ထပ်ယူဖို့ မပြောနဲ့ ငွေပေးဖို့တောင် နှမြောတွန့်တိုနေတာပဲ"



"သီတဂူ မင်း ထင်ချင်သလိုထင်၊ ပြောချင်တာပြောလေ။ ကိုယ်ကတော့ ဥပဒေအရပဲ ရင်ဆိုင်မယ်"

"မာမာ့ကို လက်ထပ်ပါ"

"ဘာ"

"ကျွန်မ ကိုယ်ချင်းစာတယ်၊ ရှင်မှုပြီး အသိမဲ့သွားလို့ စော်ကားတယ်ပဲပြောပြော ရှင် တာဝန်ယူပါ"

"သီတဂူ"

သူက သီတဂူလက်ကို ဆုတ်ကိုင်လိုက်တော့ သီတဂူက ခါးခါးသီးသီးပင် ပုတ်ခတ်ဖယ်ရှားပစ်သည်။ နာကျည်းရွံရှာနေတဲ့ မျက်ဝန်းတွေနှင့် စူးစူးဝါးဝါးကြည့်နေခဲ့၏။ သူ့ကိုရွံရှာ အထင်သေးတဲ့မျက်လုံးတွေပဲ ဖြစ်နေသည်။

"သီတဂူ"

"မာမာ့ကို ဒုက္ခရောက်အောင်လုပ်ရင်တော့ ကျွန်မ လုံးဝကြည့်နေမှာ မဟုတ်ဘူးနော်၊ ရှင့်လိုပဲ မာမာ့ဘက်ကနေ ငွေကုန်ခံပြီး ကျွန်မ လိုက်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း…မင်း ဘာတွေလုပ်နေတာလဲ သီတာရ၊ ကိုယ် သူ့ကို လုံးဝမစော်ကားဘူး။ ကိုယ်ဒီလိုယောကျ်ားမျိုး မဟုတ်ဘူး"

"ရှင့်အမေကိုယ်တိုင်က အစေအပါးတွေအပေါ် နှိမ်ချ ဆက်ဆံနေတာလေ၊ မတူမတန်ဘူးလို့ ထင်နေတာပဲ။ ကျွန်မလို ဖေဖေ့သွေးပါနေတာတောင် ရှင့်အမေက အဖက်မတန်ဘူး ထင်နေခဲ့တာပဲ။ မာမာ့ကို ရှင်လက်ထပ်ပါ။ ဥပဒေနဲ့ငွေတတ်နိုင်တိုင်း တစ်ဖက်သတ် ဖြေရှင်းဖို့ မကြိုးစားပါနဲ့။ ရှင်တို့နိုင်မယ်ဆိုတာ သိသိကြီးနဲ့လေ"

"သီတာရ…မင်း ဆက်မပြောနဲ့တော့"

"ရှင် တာဝန်ယူပါ။ ဘာပဲဖြစ်ဖြစ် အားနည်းတဲ့ဘက်ကနေ ကျွန်မလိုက်ရမှာပဲ။ ရှင့်ကို တမင်လက်တုန့်ပြန်တဲ့အနေနဲ့ လက်ထပ်နိုင်းတာ မဟုတ်ပါဘူး။ မာမာ့အတွက် ကိုယ်ချင်းစာမိလို့ပါ။ ကိုယ့်သားစော်ကားလိုက်တဲ့မိန်းမက ဘယ်လိုအဆင့်အတန်းမျိုးပဲ ဖြစ်နေပါစေ ချွေးမအဖြစ်လက်ခံရမှာပဲလေ။ ဒီလိုတာဝန်မဲ့ပြီး လုပ်ချင်တိုင်းလုပ်လို့ မရဘူး။ ရှင် လက်ထပ်ပါ"

သီတာ့အား သူ တုန်လှုပ်ချောက်ချားစွာ သူကြည့်မိသည်။ သီတာရ အထင်လွဲနေတာကို ရှင်ဆိုင်ဖို့ ကောင်းကင်အကြောက်ဆုံး ဖြစ်နေ၏။ သူ ဘယ်လိုရှင်းပြရမလဲ၊ မာမာ့ကို သူ ပဟုတ်မာစွာ စော်ကားဖို့



မကြိုးစားဘူးဆိုတာ ဘယ်လို ရှင်းပြရမလဲ။ သီတာ့မျက်ဝန်းတွေက စိမ်းတောက်မာထန်ကာ သူ့ကို အထင်သေးရွံရှာမှုတွေ မျောစီးနေသည်။

"ကျွန်မကို ဘာမှ ရှင်းပြဖို့ မကြိုးစားပါနဲ့၊ မာမာက နိမ့်ကျတဲ့ ကောင်မလေး ဖြစ်နေပေမယ့် မိန်းကလေးတစ်ယောက်ပဲလေ။ ရှင် တရားရုံးကနေ ဖြေရှင်းဖို့ကြိုးစားရင်လည်း ကျွန်မက ကူညီမှာနော်။ ဒါမှမဟုတ် မာမာ့ကို နစ်နာကြေး သိန်းတစ်ထောင်ပေးလိုက်ပါ"

သူ့ငေးကြောင်မှင်သက်စွာ ကြည့်နေမိစဉ်မှာပင် သူမက ချာခနဲ လှည့်ထွက်သွားသည်။ ကောင်းကင် ပြေးလိုက်သွားပြီး ပွေ့ဖက်နမ်းရှိုက်ကာ ချော့မြူရှင်းပြလိုပေမယ့် သီတာ့က ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်တော့။ မာမာ့စနက်တွေပဲ ဖြစ်နိုင်သည်။ သူ့အနေနှင့် မာမာ့အား အမှန်တကယ်ပဲ စော်ကားခဲ့မိသလား မဖြစ်နိုင်ဟု ထင်နေ၏။ သူက ပျော်သလို နေတတ်ပေမယ့် မိန်းကလေးတွေနှင့် ကင်းရှင်းအောင် နေထိုင်တတ်သည်။ သီတာရယ် မင်းက ဘယ်လို အညှိုးအတေးတွေနဲ့ ကိုယ့်ကို မာမာနဲ့ လက်ထပ်စေချင်နေရတာလဲ။ ကိုယ်အမှန်တကယ်ပဲ မစော်ကားခဲ့ပါဘူး။ ကိုယ့်ကို ယုံကြည်ပေးပါ၊ သီတာ့အမုန်းတွေကို မခံယူနိုင်လောက်အောင် နာကျင်ကြေကွဲနေသည်။

× × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

"မမလေးရယ် တွေ့ကာစက မေမေကြီးတို့ သွေးထိုးမှုကြောင့် မမလေးအပေါ် မောက်မောက်မာမာ ဆက်ဆံမိတာပါ။ တောင်းပန်ပါတယ်နော်။ မာမာ့ကို ပစ်မထားပါနဲ့၊ သူတို့ မတရားတာသိပါပြီ မမလေးကိုပဲ အားကိုးစရာရှိတော့တာပါ"

ကောင်းကင် ရှင် ဘာဖြစ်လို့များ ကိုယ့်ထက်နိမ့်ကျတဲ့ မိန်းကလေးတစ်ယောက်ကို စော်ကားပြီး တာဝန်မဲ့ချင်ရတာလဲ။ ရှင်တို့ မိသားစုက စိတ်ဓာတ်တွေ အောက်တန်းကျလိုက်တာ။ အစေအပါးတွေဆိုပြီး သွေးမရောယှက်ချင်ရင်လည်း ဘာဖြစ်လို့များ စော်ကားကြရတာလဲ။ သီတာဝှကိုပင် ဒရိုင်ဘာမျိုးရိုးဆိုပြီး ရက်ရက်စက်စက် ဝိုင်းဝန်း၍ သီတာဝှဒေါသတွေ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးက အတင်းအကြပ် စော်ကားဖို့ ကြိုးစားတာပါ။ မာမာ တောင်းပန်ပါသေးတယ်။ အရင်ထဲက မာမာ့ကို ထိကပါးရိကပါး လုပ်နေတာပါ"

"ဟင်"

"အမှုလုပ်ရင် မာမာ ရှုံးမှာပါ။ ဘယ်လိုလုပ်ရမလဲဟင် မမ"

"မမလေးရှိပါတယ်၊ မင်း ဘာမှ အားမငယ်ပါနဲ့။ မာမာ့ကို ကူညီမယ်"

"ကျေးဇူးပါပဲ မမလေးရယ်၊ ကျွန်မ သက်ဆိုင်ရာကို သွားတိုင် လိုက်ရမလား ဟင်"

"သူတို့နဲ့မမလေး ညှိနေတယ်၊ ငွေရရင် မာမာ ကျေနပ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ငွေပေးမယ်ဆိုရင်လည်း မာမာ အရှုံးတိုက်ပြီး သိန်း တစ်ထောင်တောင်းလိုက်မိတာပါ။ တကယ်လို့ လုပ်ကိုင်စားသောက်နိုင် တဲ့ ငွေကြေးရရင်လည်း ကျေကျေနပ်နပ် ပြန်ပါ့မယ်။ အမှုလုပ်ရင် မာမာက လိုက်နိုင်တဲ့အင်အားတွေမှ မရှိတာဘဲ"

"သူတို့ကို လုံးဝ အလျှော့ပေးလိုက်ဖို့ မဖြစ်ဘူး။ သူတို့တွေက အနိုင်ကျင့်လို့ရတယ်ဆိုပြီး နိမ့်ကျတဲ့လူတွေအပေါ် အနိုင်ဆက်ကျင့်နေ



မှာပဲ"

"ဟိုလေ မာမာက အစ်ကိုလေးနဲ့မေမေကြီးတို့ကိုလည်း ဒုက္ခ မပေးချင်တော့ပါဘူး။ အားလည်းမရှိတော့လို့ပါ"

"မမလေး ကူညီမယ်၊ ထိုက်ထိုက်တန်တန် ငွေမပေးရင် တရား စွဲရမယ်၊ မမလေးအားလုံး တာဝန်ယူပေးမယ် မာမာ ဘာမှ အားမငယ် နဲ့"

"ဖြစ်ပါ့မလား မမလေးရယ်၊ တော်ကြာ မာမာပဲ ဒုက္ခရောက်ရ မှာပါ။ မာမာ့မှာ ငွေမရှိဘူးလေ"

မာမာကလည်း အမှုဖြစ်ရမှာ ကြောက်နေသည်။ အစ်ကိုလေး နှင့် မာမာ လွန်လွန်ကျူးကျူး ဘာတစ်ခုမှ မဖြစ်ခဲ့ပေ။ အစ်ကိုလေးက လူမှန်းမသိအောင် မူးနေခဲ့၏။ မမသီတာ့ရှုအမှတ်နှင့် ပွေ့ဖက်ရင်း အိပ် ပျော်သွားသည်။ မာမာ ငွေပဲယူချင်တာပါ။ မိမိငွေတောင်းတာ များသွား၍ ပြန်လျှော့ပေးရ၏။ မမလေးသီတာ့ကတော့ မာမာ့ကို အားပေးနေ သည်။

"မမလေးရော ဒေါက်တာနဲ့ ဘယ်တော့လောက် မင်္ဂလာ ဆောင်မှာလဲဟင်"

"မကြာခင်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးကို မမလေး မချစ်ဘူးလား"

"သူ့အကြောင်းတွေ မမလေး မကြားချင်ဘူး မာမာ၊ ဒေါက်တာနဲ့ပဲ မမလေး လက်ထပ်မယ်။ ဒီမိသားစုနဲ့ မနေတော့ဘူး။ ဖေဖေ့ကိုလည်း မမလေးက ခေါ်သွားမှာပါ"

မာမာ ဆန္ဒအရှိဆုံးက အစ်ကိုလေးနှင့် လက်ထပ်ဖို့ပင်၊ ကြီးမားသော မျှော်လင့်ချက်ကြီးပါပဲလေ။ ခက်နေတာက အစ်ကိုလေး ကိုယ်တိုင် အပြစ်ကိုခံယူမည်ဆို၍ တရားဥပဒေနှင့်တော့ ရင်မဆိုင်လိုပေ။ မမလေး သီတဂူက အစ်ကိုလေးအား ချစ်နေတာ မာမာသိနေသည်။ ဒေါက်တာနဲ့ မြန်မြန် လက်ထပ်သွားစမ်းပါ။ ဒါမှ ရှင်းသွားမယ်။ မာမာ လောဘတွေ တက်နေသည်။

"ဒီမှာပဲ ခဏနေဦး မာမာ၊ ကိုယ်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံနဲ့ မမလေးတစ်ယောက်လုံး ရှိပါသေးတယ်"

"ဟုတ်ကဲ့ပါ ကျေးဇူးပါပဲ မမလေးရယ်၊ မာမာ့ကို ကူညီပါဦးနော်"

ကောင်းကင် ရှင် ဘာဖြစ်လို့များ ဒီလောက်အထိ ညှာတာထောက်ထားခြင်းကင်းမဲ့နေရတာလဲ။ အလကားလူ၊ အိမ်ဖော်ကောင်မလေးတွေကို ဘယ်လောက်အထိများ စော်ကားပြီး စွန့်ပစ်ထား



ခဲ့လဲ တွေးမိတိုင်း စိတ်တွေ နာကျည်းနေသည်။ ရှင့်ကို အထင်ကြီးမိ၊ ချစ်မိတာ အလကားပဲ။ သီတဂူ့နှလုံးသားတွေက ကောင်းကင်ကိုမှ ဘာဖြစ်လို့များ ချစ်ခင်တွယ်တာ သံယောဇဉ်ကြီးနေရတာလဲ။ ဒေါက်တာနှင့် လက်ထပ်ဖို့ပင် တွေဝေနေသေးသည်။ သူမ တစ်စုံတစ်ယောက်အား စောင့်ချင်နေခဲ့၏။ ကောင်းကင်လို့ ကိုယ်ကျင့်တရား ပျက်ပြားလွန်းတဲ့ ယောကျ်ားတစ်ယောက်ကိုမှ သီတဂူ သံယောဇဉ်တွယ်ညှိနေသည်။

"ရှင် မာမာ့ကို တာဝန်ယူစေရမယ်၊ ကျွန်မ ကိုယ်ချင်းစာမိလို့ပဲ။ ရှင် ကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် ရှင် ပေးဆပ်ရမယ်။ ထိုက်ထိုက်တန်တန်ကို ပေးဆပ်ရမယ်"

သီတဂူ နာကျင်စွာကြေကွဲလျက် ဒေါသတကြီး ကြိမ်းမောင်းမိသည်။

"သီတဂူ"

"ဟင်. . .ရှင်. . .ရှင်"

သီတဂူ့အခန်းဝမှာ ကောင်းကင်ရပ်နေပြီး မျက်ဝန်းတွေက ရီဝေစုံလဲ့မှိုင်းဝေစွာ သီတဂူ့အား ကြည့်နေသည်။ သူမက သူ့ကို ဘာဖြစ်လို့များ အလွန်အမင်း ခါးခါးသီးသီး နာနာကျည်းကျည်း မုန်းတီး

www.burmeseclassic.com

စိတ်တွေရှိမနေခဲ့ရတာလဲ။ သူ့ဆီက တစ်စုံတစ်ရာအား သူမ ကြားရမှာ ကြောက်ရွံ့နေသည်။

"ကိုယ် မာမာ့ကို လက်ထပ်မယ်"

"ဟင်"

"မင်းဆန္ဒပဲလေ၊ ကိုယ့်ကို မင်းစိတ်ထဲမှာ အထင်သေး မုန်းတီးနေတာမျိုး မလိုလားလို့ပါ သီတဂူရယ်"

သူ့အသည်းတွေက စူးနစ်ကြေကွဲနေသည်။ သီတဂူ ငိုပစ်ချင်လာ၏။ သီတဂူ တကယ်တမ်း မကြားချင်ဆုံးက မာမာ့ကို ကိုယ်လက်ထပ်မယ်ဆိုတဲ့ စကားပဲ။ သီတဂူဆန္ဒတဲ့၊ ရှင်ကရော တကယ်ပဲ မကျူးလွန်ခဲ့ဘူးလားဟင်၊ ကောင်းကင်မျက်ဝန်းတွေက ယုံကြည်မှုတွေ ပြည့်ဝနေသည်။ သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ဝေ့တက်မလာစေရန် နှုတ်ခမ်းသားတွေကို တင်းတင်းစေ့ကပ်ကာ ဆတ်ခနဲနင့် စူးရဲစွာကြည့်ပစ်သည်။

"မာမာ့ကို ကိုယ်မစော်ကားခဲ့ဘူး၊ အဲ့ဒါအမှန်တရားတွေပဲ သီတဂူ။ ကိုယ်ချစ်မြတ်နိုးတာ မင်းပဲလေ။ ကိုယ်အသိမဲ့နေတဲ့အချိန်မှာ မင်းအမှတ်နဲ့ပဲ . . ."

"တော်ပြီ . . . ရှင် ဆက်မပြောနဲ့တော့နော်၊ မာမာ့ကိုရော



ကျွန်မကိုပါထပ်ပြီး စော်ကားတဲ့စကားတွေ မကြားချင်တော့ဘူး။ ရှင်တာဝန်ယူသင့်တာပဲ၊ မာမာ့ကို လက်ထပ်ပါ။ ရှင် တရားဝင်လက်ထပ်ပါ။ မာမာ့အတွက် ကျွန်မကျေနပ်တယ်"

ရှင် သီတဂူအနားကနေ ထွက်သွားစမ်းပါ ကောင်းကင်ရယ်။ သီတဂူ ကြေကွဲစွာငိုပစ်မိတော့မယ် ထင်တယ်။ ရှင် တကယ်ပဲ သစ္စာရှိရှိ တာဝန်ယူမှာလား။ ကျွန်မကို အယုံသွင်းပြီး မာမာ့ကို အေးစက်သွားအောင် ထောင်ချောက်ဆင်နေတာလား။ ကောင်းကင်ကတော့ မာမာ့ကို သူလက်ထပ်ယူပြီး ဒီကနေ ထွက်ခွာသွားမည်ဟု ထပ်ပြောသည်။

"ကိုယ့် အမေသဘောမတူလည်း ကိုယ်လက်ထပ်မယ်၊ မင်းကျေနပ်ပါ သီတဂူ။ ကိုယ့်ဆန္ဒအမှန်တွေပါပဲ၊ သီတဂူကို ကိုယ်ချစ်တယ်"

သူထွက်သွားသည်။ မမဒေဝီနှင့် ဒေါ်ချစ်ချစ်သဲက ခွေ့ခွေ့ခွန်ကာ ဒေါသတွေပေါက်ကွဲကာ သီတဂူအား ဒေါသတကြီး ရန်တွေ့သည်။

"ညည်း . . . ဖြစ်စေချင်တာက ကျုပ်သားနိမ့်ကျပြီး အစေအပါးနဲ့ လက်ထပ်စေချင်တာလား သီတဂူ။ ဒီလိုကိစ္စမျိုးတွေဖြစ်အောင် ညည်းနဲ့မာမာ ပူးပေါင်းကြံစည်ခဲ့တာ မဟုတ်လား"

"မာမာက အနိုင်ကျင့်ခံရတာပါ။ သီတဂူနဲ့တောင် သင့်မြတ်ကြတာမှ မဟုတ်တာပဲ။ အခုကိစ္စက အနိုင်ကျင့်သား ကျူးလွန်ခဲ့တဲ့ကိစ္စပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သားက ဘယ်တော့မှ ဒီလို အောက်တန်းကျတဲ့ အလုပ်တွေ မလုပ်ဘူး သိတဂူ။ ညည်းနဲ့မာမာ ပူးပေါင်းကြံစည်တာပဲ။ ကျုပ်သား မကျူးလွန်ဘူး။ ဘယ်တော့မှ မကျူးလွန်ခဲ့ဘူးအေ့"

သားက မာမာနှင့်လက်ထပ်မည်ဆို၍ ဒေါ်ချစ်ချစ်သဲ ဒေါသတွေ ပေါက်ကွဲနေသည်။ သားက ငွေပေးလိုက်ပါ ပြောတာလည်းမရ။ မာမာ့ကို လက်ထပ်မယ်တဲ့ . . .အမလေး ရင်ကွဲတော့မယ်။ သိတဂူကြောင့် လက်ထပ်တာ၊ သား ဘယ်တော့မှ မကျူးလွန်ဘူးဟု မီမီယုံကြည်နေသည်။

"နင်ကပါ ငါ့မောင်လေးကို နိမ့်ကျသွားအောင် ပူးပေါင်းကြံစည်နေတာ သေချာတယ်။ သိတဂူ ငါတို့ကို နင်က လက်တုန့်ပြန်တာ မဟုတ်လား။ နင်လည်း ငါတို့တိုက်ထဲကနေ အခုချက်ချင်း ထွက်သွားစမ်း ကောင်မ၊ နင့်ကို သတ်ပစ်မယ်။ နင့်အဖေလည်း စိတ်ဒုက္ခတွေ ရောက်ပြီး သေစေရမယ်"

"ထင်ချင်သလိုထင်ပါ မမဒေဝီ၊ ကျွန်မမှာ ရှင်းပြဖို့ဆန္ဒလည်း မရှိပါဘူး။ မာမာ့ကို ကျွန်မက ကိုယ်ချင်းစာပြီး ကူညီခဲ့တာပါပဲ။ ကျွန်မလည်း ဖေဖေ့ကိုခေါ်ပြီး ဒီကနေထွက်သွားတော့မှာပါ"

"သွား . . .ထွက်သွားစမ်း။ နင်တို့ သားအဖ ထွက်သွား။



ငါတို့ မိသားစုကို ပြိုကွဲအောင် အရှက်သိက္ခာတွေကျဆင်းအောင် လုပ်နေတဲ့ သားအဖပဲ"

"ဝုန်း"

"ဒိုင်း"

"ရှင် . . .ရှင် ကျွန်မကို ကြိုက်သလိုပြောပါ၊ ကျွန်မအဖေကို မစော်ကားပါနဲ့၊ အရာရာကို ရှင်တို့စိတ်နဲ့ မနိုင်းတာအကောင်းဆုံးပါပဲ"

"ဟဲ့ . . .ကောင်မ"

"ဝုန်း"

"ခွမ်း"

"မမဒေဝီ . . .တော်ပါတော့ဗျာ၊ ကောင်းကင်နဲ့မာမာ့ကိစ္စ သိတဂူနဲ့ရော ဖေဖေနဲ့ရော ဘာမှမဆိုင်ပါဘူးဗျာ။ ဟုတ်ပါတယ်၊ ကျွန်တော် မာမာ့ကို စော်ကားခဲ့မိတယ်။ သိတဂူနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်တော့်ကို အရှက်တကွဲနဲ့ ထောင်ထဲကို ဝင်စေချင်လို့လားဗျာ"

"ဟင်"

"သား . . .သား မေမေရင်ကျိုးအောင် မပြောပါနဲ့၊ သားက ဒီလို လူစားမျိုးလား။ မင်းအကျင့်စရိုက်တွေကို မေမေသိတယ်။ ဟိုဟာမကြောင့် မဟုတ်လား။ မင်း သူ့ရဲကောင်းဆန်ပြနေတာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့မှာ ရွေးချယ်စရာလမ်းမှ မရှိတော့တာပဲ မေမေ။ ကိုယ့်အိမ်က အစေအပါးကောင်မလေးကို စော်ကားမိတဲ့အမှုနဲ့ တရားရုံးမှာရင်ဆိုင်ဖို့ သတ္တိမရှိတော့လို့ပါ။ မှုခင်းဂျာနယ်တွေထဲမှာ သား ဓာတ်ပုံကြီးနဲ့ပါလာရင် ပိုပြီး အရှက်သိက္ခာကျရမှာပါ မေမေ"

"အမလေး...ဖြစ်မှဖြစ်ရလေ သားရယ်၊ သေပစ်ချင်တော့တာပဲ။ မေမေ့သားကို ဟိုကောင်မ သီတဂူ လုလုပပ လက်စားချေလိုက်တာပဲ"

သီတဂူက စိတ်ဓာတ်ယုတ်ညံ့ပြီး အောက်တန်းကျတဲ့ အလုပ်တွေ လုပ်မှာမဟုတ်ဘူးဆိုတာ သူသိနေသည်။ မာမာနှင့် ပူးပေါင်းကြံစည်မှာ မဟုတ်ပေ။ သီတဂူဘဝနဲ့ နှိုင်းယှဉ်ပြီး ကိုယ်ချင်းစာနေတာ သူသိသည်။

"ဒီနေ့ကစပြီး သီတဂူနဲ့ ဖေဖေ့ကို စော်ကားပုတ်ခတ်နေတဲ့ စကားတွေရော၊ အပြောအဆိုတွေရော ဆင်ခြင်ပါတော့ သား အနုံးအညွတ် တောင်းပန်နေတာပါ မေမေ။ အပြစ်မရှိတဲ့ လူတွေကိုထပ်ပြီး မစော်ကားချင်ကြပါနဲ့တော့"



"မောင်လေး...မင်းက ဘယ်သူ့ဘက်ကနေ ရပ်တည်နေတာလဲ။ မာမာနဲ့သီတဂူ ဒီလောက်တညီတညွတ်ထဲ စွပ်စွဲနေကြတာလေ။ ဘာကြောင့်လဲ"

"တော်ပါတော့ မမဒေဝီ၊ ကျွန်တော့် ကျူးလွန်ခဲ့တယ်လို့ ပြောဆိုခဲ့ပြီးပြီပဲ၊ ကျွန်တော် တရားဥပဒေနဲ့ ရင်မဆိုင်ရဲတော့ဘူး။ လက်ထပ်မယ်၊ ဒီကနေ ထွက်သွားပြီး ဘဝကို ပြန်ထူထောင်မယ်။ ကျွန်တော်သူဌေးဖြစ်ရင် မာမာလည်း သူဌေးကတော်ပါပဲလေ။ မေမေ ချွေးမတော်ရမှာ ရှုံ့ရှာစက်ဆုတ်နေရင် သားကို အမွေဖြတ်လိုက်ပါ။ သားအဖြစ်ကနေ စွန့်လွှတ်ပါ"

"အမလေး...မေမေ ရင်ကျိုးပါပြီ"

သီတဂူ ကိုယ်က မင်းဖြစ်စေချင်တဲ့အထိ ဖြည့်စွမ်းပေးမှာပါ။ ကိုယ်ယုံကြည်နေတာက မင်းနဲ့မာမာ ပူးပေါင်းကြံစည်တာ မဟုတ်ဘူးဆိုတာပါပဲလေ။ မာမာ့ကိုတော့ ကိုယ်မစော်ကားပါဘူး။ အမှန်တရားတွေပါ သီတဂူ။ မင်းအထင်လွဲပြီး ကိုယ့်ကို တာဝန်မဲ့သူအဖြစ် သတ်မှတ်လိုက်မှာကို ကိုယ်အကြောက်ဆုံးပဲ။ ကိုယ်နဲ့သီတဂူတို့က ချစ်သူတွေအဖြစ် ပေါင်းဖက်နိုင်ဖို့ ရေစက်မရှိကြသူတွေပဲလားကွာ။ မေမေနှင့် မမဒေဝီ လွှန်နေတာပါ။ ဖေဖေ့ကိုလည်း သနားတယ်။ ကျေးဇူးကြီးမားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေပါ။ ဖခင်အရင်းကဲ့သို့ပင် ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ဖေဖေ့ကို မမရော မေမေရော ရှိုင်းယှဉ်စွာ စွပ်စွဲပုတ်ခတ်ပြောဆိုနေတာတွေ ရပ်သင့်နေသည်။ ကောင်းကင် ဆုံးဖြတ်ချက်ကို နိုင်မာစွာ ချပစ်လိုက်၏။ ဒီပြဿနာတွေအားလုံး သူ့ပဲ တာဝန်ယူ ဖြေရှင်းရမည်ဖြစ်သည်။

× × × × × × × × × × × × ×

## အခန်း(၁၈)

"သမီး ဒေါက်တာနဲ့လက်ထပ်ပြီး ဒီကနေ အမြန်ဆုံး ထွက်သွားချင်တယ်။ ဖေဖေ သီတဂူနဲ့ လိုက်ခဲ့ပါနော်၊ ဖေဖေ့ကို အေးချမ်းစေချင်တယ်။ သမီးနဲ့ လိုက်ခဲ့ပါ"

"သမီး"

"ရှင်"

"ဖေဖေ့ကို ထားခဲ့ပါ။ သေရင်လည်း ဖေဖေ ဒီမှာပဲသေမယ်။ အရေးကြီးတာက သမီးဘဝလေးပဲ။ သားကောင်းကင်အနေနဲ့ မာမာ့ကို စော်ကားတယ်ဆိုတာ ဖေဖေ လုံးဝ လက်မခံနိုင်ဘူး။ မဖြစ်နိုင်ဘူး ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကင်က လက်ထပ်မယ်လို့ ပြောထားပြီးပြီ ဖေဖေ"

"သမီးကြောင့်ပါ၊ ဖေဖေ သိတယ်။ သားကောင်းကင်က ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးလေး နေထိုင်တတ်ပေမယ့် ကိုယ်ကျင့်တရားတော့ မပျက်ပြားဘူး သမီး"

"သူ့ အရက်တွေ အရမ်းမူးနေတယ်လေ ဖေဖေ၊ မသိစိတ်နဲ့ပဲ ပြစ်မှားပါဦး မာမာက ဘယ်လိုလုပ်မလဲ။ မိန်းမပျိုလေးတစ်ယောက် နစ်နာနေပြီလေ ဖေဖေ"

"ဒါတော့ ဒါပေါ့ကွယ် ဖေဖေ့စိတ်ကတော့ သားကို ယုံကြည်နေတယ်"

"ဖေဖေ ဘယ်လောက်ပဲ ယုံကြည်နေပါစေ သမီးကတော့ ကောင်းကင်ကို တာဝန်ယူခိုင်းရမှာပဲ၊ လျော်ကြေးနဲ့တင် မပြီးဘူး ဖေဖေ"

သီတဂူခေါင်းမာစွာဖြင့် ငြင်းဆန်နေသည်။ မာမာ့လို မိန်းကလေးတစ်ယောက် နိမ့်ကျတဲ့အစေအပါးဆိုပြီး အိမ်ရှင်တွေရဲ့ စော်ကားခံရမှုကို လက်မခံနိုင်ပေ။ သီတဂူ ကူညီရမှာပဲ၊ မာမာ့ကို ကူညီမယ်။ မူးလို့ပဲ မှားယွင်းခဲ့ပါစေ နစ်နာသူက မာမာ ဖြစ်နေသည်။

"ကောင်းကင်ကို အပြစ်မတင်ပါနဲ့ သမီးလေးရယ်၊ သားရဲ့ ကိုယ်ကျင့်တရားကို ဖေဖေယုံတယ်။ တခြားသူတွေနဲ့ မတူအောင်ဘဲ



သားက စိတ်သဘောထားပြည့်ဝသူပါ"

ဦးငွေရှံကတော့ သမီးသီတဂူအား ခေါက်တာသက်တန့်ရောင်နှင့် လက်မထပ်စေလိုပေ။ သမီးချစ်နေတာက သားကောင်းကင်ပဲ။ သမီးဘဝတစ်သက်တာလုံး နောင်တတွေ စိတ်နှလုံးမသာယာမှုတွေကို မခံစားစေလိုတော့ပေ။ ချစ်ချစ်သဲတောင် နောင်တရနေပြီပဲ။ မိမိအား ဝန်ချတောင်းပန်နေသည်။

"ဖေဖေ့သမီးလေးဘဝမှာ အခက်အခဲတွေနဲ့ စိတ်ဒုက္ခတွေနဲ့ အမြဲတမ်း ရင်ဆိုင်ဖြတ်သန်းလာခဲ့ရတာပါ။ ဖေဖေကတော့ ခေါက်တာနဲ့ လက်ထပ်ဖို့ကို ခဏလောက် စောင့်စေချင်သေးတယ်"

"ဖေဖေ"

"အိမ်ထောင်ရေးတစ်ခု ထူထောင်တယ်ဆိုတာ ဘဝ တစ်သက်တာ အရေးအစစ်ပဲ အရေးပဲ သီတဂူ အလောတကြီး ရင်ဆိုင်နေရတဲ့ စိတ်မွန်းကြပ်မှုကို ဖြေရှင်းဖို့အတွက်တော့ မဆုံးဖြတ်သင့်ဘူးထင်တယ်"

"သမီးခေါက်တာ့ကို လက်ထပ်တာ နောင်တမရနိုင်ပါဘူး ဖေဖေ၊ ခေါက်တာက လူကြီးလူကောင်းတစ်ယောက်ပဲ။ သမီးကိုလည်း ချစ်တယ်၊ ခေါက်တာ့ကိုပဲ လက်ထပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပဲစောင့်ပါ၊ ဖေဖေ သဘောမတူတော့ဘူး။ ဒေါက်တာက သမီးအတွက် အသင့်တော်ဆုံးယောက်ျားတစ်ယောက် ဖြစ်ပေမယ့် ဖေဖေကတော့ အချိန်ယူစေချင်တယ်"

"ကောင်းကင်ကြောင့်လား ဖေဖေ၊ သမီးစိတ်ထဲမှာ ကောင်းကင်က လူညံ့၊ စိတ်ခံစားမှုတွေကို မထိန်းချုပ်နိုင်နိုင်တဲ့ လူပျော့တစ်ယောက်လို့ သတ်မှတ်ထားလိုက်ပါပြီ ဖေဖေ။ ကောင်းကင်ကို ဘယ်လိုနည်းနဲ့မှ သမီး လက်မထပ်ဘူး"

"ဘာပဲဖြစ်ဖြစ် အချိန်တော့ လိုအပ်တယ်သမီး။ သူတို့မိသားစုဝင်တွေ ဒုက္ခရောက်နေတဲ့အချိန်မှာ ဖေဖေတို့က လက်ထပ်ပွဲကျင်းပလို့ မသင့်တော်သေးဘူး ထင်တယ်"

သမီးချစ်မြတ်နိုးတာက သားကောင်းကင်ပဲ။ ဒေါက်တာသက်တန့်မဟုတ်၍လည်း အလောတကြီး လက်ထပ်ပေးလို့ မဖြစ်သေးဟု တွေးမိနေသည်။ ချစ်ချစ်သဲတို့ မိသားစုလည်း ပြဿနာတွေ၊ အပူသောကတွေနဲ့ ရင်ဆိုင်နေကြရ၏။ မိမိအတွက်ကြီးစွာ မရက်စက်လိုပေ။ ချစ်ချစ်သဲနှင့်သမီးဒေဝီက ဘယ်လိုပဲ မိမိအား စော်ကားအပြစ်တင်နေကြပါစေ မိမိက ချစ်ချစ်သဲရဲ့ခင်ပွန်းတစ်ယောက်အဖြစ် တာဝန်ယူသင့်တဲ့ကိစ္စမှာ တာဝန်ယူရမည်ပဲဖြစ်သည်။



"လက်ထပ်ပွဲကို နောက်ဆုတ်ပေးပါ ပြီးတော့ သားကောင်းကင်နဲ့ မာမာကိစ္စ သမီးသီတဂူ ဝင်မပါစေချင်ဘူး"

"မာမာ့အတွက် ထည့်မစဉ်းစားတော့ဘူးလား ဖေဖေ၊ အိမ်မှာ အလုပ်လုပ်ကြတဲ့ မိန်းကလေးတွေရဲ့ လုံခြုံမှုကရော"

"အမှန်တရားဆိုတာ သမီးသီတဂူကိုယ်တိုင် ဘာမှ မသိသေးဘူးလေ၊ မာမာ့ကိုလည်း ယုံကြည်လို့မှ မရတာ။ ဖေဖေကတော့ မာမာအလုပ်စ,ဝင်ထဲက သဘောမကျမိဘူး"

သီတဂူပဲ မှားယွင်းနေတာလား။ မာမာ့ကိုရော ဘယ်လောက်အထိများ ယုံကြည်၍ ရနိုင်မှာလဲ။ ကောင်းကင် နင်ကရော ရင်ထဲမှာ နာကျင်ကြေကွဲနေသည်။ သီတဂူနှလုံးသားတွေထဲမှာ ကောင်းကင်နှင့် ပတ်သက်ပြီး အချစ်တွေကျန်ရှိနေခဲ့၏။ အနုတ်ချစ်ကိုလည်း နာကျည်း၍ ကောင်းကင်နှင့်အဝေးဆုံးမှာ အကင်းရှင်းဆုံးနေချင်သည်။ ဒါကြောင့်လည်း ဒေါက်တာ့ကို လက်ထပ်ဖြစ်မှာပါ။ ဖေဖေပြောသလိုပဲ တစ်သက်လုံး နာကျင်နေတော့မှာလား။ ဖေဖေ့အနားကနေ ထွက်လာခဲ့သည်။

"ဒေါက်တာ သက်တန့်ရောင်နဲ့ လက်ထပ်ဖို့ကိစ္စတွေ ဖေဖေနဲ့ပဲ စကားပြောမယ် သမီး . . . အချိန်ယူရမယ့် ဒီကိစ္စပဲ"

ဖေဖေ့အနားကနေ သီတဂူ ကျောခိုင်းထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အန်တီချစ်သဲတို့ သားအမိက ဖေဖေ့အပေါ် စိမ်းကားရက်စက်နိုင်သလောက် ဖေဖေက မရက်စက်နိုင်ပေ။ သီတဂူချစ်တာ ကောင်းကင်ပါ။ ဘာဖြစ်လို့ သီတဂူ မေ့ပစ်လို့မရတာလဲ၊ မာမာ လုပ်ကြံပြောဆိုတာ မဖြစ်နိုင်ပါဘူး။ အရှိန်အဝါမရှိတဲ့ မိန်းကလေးက ဒေါ်ချစ်ချစ်သဲကို အံတုရဲပါ့မလား။ နိမ့်ကျတဲ့မိန်းကလေးတစ်ယောက် ထိခိုက်နစ်နာမှုကိုတော့ သီတဂူ လက်မခံနိုင်ပေ။ ရပ်တည်ပေးရမည်ဖြစ်သည်။

"သီတဂူ"

"ရှင်"

"ကျုပ်သားလေးကို ညည်း ချောက်တွန်းမချပါနဲ့၊ လက်စားမချေပါနဲ့အေ"

သီတဂူရှေ့မှရပ်ကာ တောင်းတောင်းပန်ပန် ညှိုးညှိုးငယ်ငယ်နှင့် ပြောနေတဲ့ အန်တီချစ်ကို သီတဂူ ဆတ်ခနဲ မော့ကြည့်မိသည်။

"ဒီကိစ္စ သီတဂူလုပ်တာမှ မဟုတ်တာဘဲ အန်တီချစ်၊ ကောင်းကင် ကျူးလွန်တာလေ။ သီတဂူ လက်စားချေတယ်လို့ထင်ရင် အရမ်းမှားသွားပါလိမ့်မယ်။ သီတဂူစိတ်ဓာတ်တွေ ဒီလောက်အထိ အောက်တန်းမကျပါဘူး"

"သီတဂူ . . .ညည်းက ဓွတ်အတင်း လက်ထပ်ခိုင်းနေတာဘာသဘောလဲ။ ကျုပ်သားကို ဂုဏ်သိက္ခာမရှိအောင်၊ ကျုပ်ကိုလည်း ကျုပ်အကြောက်ဆုံးဖြစ်တဲ့ အစေအပါးကို ချွေးမတော်ရအောင် ညည်း ကြံစည်ခဲ့တာပဲ"



"အဲ့ဒါတော့ မဟုတ်ပါဘူး အန်တီချစ် အထင်မှားနေတာပါ။ သီတဂူက အိမ်ရှင်တွေက အလုပ်သမားတွေအပေါ် မတရားအနိုင်ကျင့်တာမျိုးကို လက်မခံနိုင်တာပါ"

"ညည်း"

"ကိုယ်နဲ့ ခန္ဓာကိုယ်သွေးသားချင်း နီးနှောဖလှယ်ဘူးတဲ့ မိန်းကလေးဟာ ဘယ်လိုအဆင့်ပဲဖြစ်ဖြစ် တာဝန်ယူရမယ်လေ။ ကောင်းကင် ယောကျ်ားပီသမယ်ဆိုရင်ပေါ့"

"ငါ့သား မကျူးလွန်ပါဘူး ငါ အသိဆုံးပါ။ ညည်းကြောင့် ညည်းက သူ့ကို တာဝန်မဲ့တဲ့ယောကျ်ားတစ်ယောက်အဖြစ် အထင်သေးနေမှာ ကြောက်လို့ မာမာ့ကို လက်ထပ်မယ် ပြောတာပါ သီတဂူ"

သီတဂူမှာ ပြောစရာစကား မရှိတော့သဖြင့် အန်တီချစ်သဲအား ထားခဲ့ပြီး သီတဂူအခန်းထဲ ဝင်လာခဲ့သည်။

× × × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၉)

"မာမာ"

"ရှင် . . . အစ်ကိုလေး"

"ငါ့အနေနဲ့က နင့်ကို စော်ကားကျူးလွန်ခဲ့တာ မဟုတ်ဘူးဆိုတာ နင် အသိဆုံးပဲ ဖြစ်လိမ့်မယ်"

"ဟို . . . ဟို အစ်ကိုလေး မာမာကလေ . . . ဟို"

"ဒီကိစ္စမှာ သီတဂူမပါဘူးဆိုတာလည်း ငါသိတယ်။ နင် တစ်ယောက်ထဲ ကြံစည်ခဲ့တာ မဟုတ်လား"

မာမာ့နှုတ်ခမ်းတွေက စကားလုံးတွေကိုပင် ပြောဆိုနိုင်ခြင်း မရှိအောင် တုန်ရင်လှုပ်ခတ်နေသည်။ ခန္ဓာကိုယ်လေးပင် တဆတ်ဆတ် တုန်ရင်ချင်လာ၏။ အမလေး အစ်ကိုလေးက တစ်အိမ်လုံးမှာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



သဘောထားပြည့်ဝပြီး မာမာတို့အလုပ်သမားတွေအပေါ်မှာလည်း စေတနာနှင့် စောင့်ရှောက်ခဲ့သည်။ အစ်ကိုလေးကို မျက်နှာပူလိုက်တာ၊ ငွေပဲယူလိုက်တာ ကောင်းပါတယ်။ မာမာ စိတ်မလုံတော့ အစ်ကိုလေး အကြည့်တွေကိုပင် မာမာ ရဲရဲဝင့်ဝင့် ရင်မဆိုင်ရဲပေ။ အစ်ကိုလေး လက်တွေက မာမာပခုံးနှစ်ဖက်ကို လာရောက်ထိတွေ့ ဆုတ်ကိုင်လိုက် သဖြင့် မာမာ သွေးပျက်မတတ် ကြောက်ရွံ့သွားရသည်။

"မာမာ"

"ရှင်…အစ်ကိုလေး"

"ငါ…သီတဂူကြောင့် နှင့်ကို လက်ထပ်ဖို့ သဘောတူခဲ့တာ ပဲ။ တစ်လောကလုံးမှာရှိနေတဲ့ ဘယ်လိုလူမျိုးတွေပဲ ငါ့ကို အထင်သေး ပါစေ၊ သီတဂူတစ်ယောက်ထဲသာ ငါ့ကို အထင်သေးတာ လက်မခံနိုင် ဘူး"

"အစ်ကိုလေး"

"ငါ နှင့်ကို လက်ထပ်မယ်၊ ငါယောကျ်ားပဲ။ သီတဂူ ပြော တာမှန်တယ်။ နှင့်ကို တရားဥပဒေနဲ့ယှဉ်လို့ ဘယ်ဖြစ်မလဲ လက်ထပ် လိုက်တာက ယောကျ်ားအပီသဆုံးပဲ။ ငါ့ခွန်အားနဲ့ဘဝကို ထူထောင်မယ်။ နှင့်အတွက်ကတော့ မထူးပါဘူး။ နဂိုကတည်းက ဘာမှမရှိတာပဲလေ"



"ဟို…ဟို အစ်ကိုလေး မာမာလေ ငွေပဲယူပြီး ဒီကနေ ထွက်သွားပါ့မယ်၊ အစ်ကိုလေးနဲ့ လက်ထပ်ပြီး အတူနေနိုင်နဲ့အထိ မာမာ့မှာ သတ္တိမရှိပါဘူး"

"ဘာ"

"ကျွန်မကို ငွေပဲပေးပါ။ ရင်းနှီးစားသောက်လို့ရမယ့် ငွေလေ"

"သိန်းတစ်ထောင်လား"

"မဟုတ်ပါဘူး…သိန်း…ဟို သိန်းတစ်ရာလောက်ရရင် ကျေနပ်ပါပြီ"

သူ မာမာ့အပေါ် ဖျက်ဆီးစော်ကားမှုတွေ မရှိခဲ့ဘူးဆိုတာ သေချာသည်။ မာမာ့မျက်ဝန်းတွေက သူ့ကိုပင် ရဲရဲရင်မဆိုင်ရဲတော့ပေ။ သီတဂူ မင်းစိတ်သဘောထားတွေ အရမ်းမြင့်မြတ်တာပဲ။ ကိုယ့်ကို သီတဂူ လက်စားချေချင်တာ မဟုတ်ပါဘူး။ နိမ့်ကျတဲ့ မိန်းကလေးဘက်ကနေ ရပ်တည်ပေးတာ မဟုတ်လား။ မာမာ့ကို သူ့အနေနှင့် မှားယွင်းစွာ လွန်ကျူးမိသွားရင်တောင် တာဝန်ယူရမှာပဲ။ မင်း မှန်ပါတယ် သီတဂူ၊ နိမ့်ကျတဲ့ဘက်ကနေ ရပ်တည်ပေးခဲ့တာပဲ။ ဒါပေမယ့် ကိုယ်မကျူးလွန် ခဲ့ပါဘူး။ အဲ့ဒါကို ဘယ်လိုသက်သေပြရမလဲ။ မာမာက ဝန်ခံလည်း ကိုယ်တို့ဘက်ကနေ ငွေနဲ့ပေါက်ပြီး ဝန်ခံနိုင်းတယ်လို့ပဲ မင်း ထင်မြင်

www.burmeseclassic.com

www.burmeseclassic.com



ယူဆမှာပါပဲလေ။ ဒါကြောင့် ကိုယ် လက်ထပ်မယ်၊ ကိုယ့်အတွက် အကောင်းဆုံးပဲ။ မာမာကတော့ သူ့ကိုပင် မကြည့်ရဲတော့ပဲ ခေါင်းငုံ့နေသည်။

"နင်နဲ့ငါ လက်ထပ်မှဖြစ်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သီတဂူကြောင့်ပဲ။ နင် ငွေယူလို့မဖြစ်ဘူး။ သီတဂူရဲ့ အထင်လွဲမှုတွေကို ငါ လုံးဝမခံယူနိုင်ဘူး။ မာမာ ငါနဲ့နင် ဒီကနေ ထွက်သွားကြပြီး တရားဝင်လက်ထပ်ကြမယ်"

မာမာရဲ့မျက်ဝန်းတွေက တုန်လှုပ်ချောက်ချားနေသည်။ သူ့ကို ရင်မဆိုင်ရဲ၊ သူ့ အမုန်းဆုံးက ကံကြမ္မာအရိုင်းအစိုင်းတွေကိုပါပဲ။ မာမာက လက်ထပ်ဖို့ ငြင်းဆန်နေသည်။

"အစ်ကိုလေး အဲ့ဒီလောက်အထိ မလုပ်ပေးပါနဲ့၊ မာမာ့ကို ခွင့်လွှတ်ပြီး ရင်းနှီးစားသောက်နိုင်တဲ့ ငွေကြေးပဲပေးပါ"

"မရဘူး···နင် လက်ထပ်ရမယ်၊ ငွေပေးလိုက်ရင် ငါ ဘာကောင်ဖြစ်သွားပြီလဲကွ"

သီတဂူစိတ်တွေ သံသယကင်းစင်စေရန် မာမာ့ကို သူ လက်ထပ်မယ်။ မပြောင်းလဲနိုင်တဲ့ ခံယူချက်ပဲ၊ ချစ်သူနဲ့ လက်ထပ်ပေါင်းသင်းခွင့် ဆုံးရှုံးသွားပါစေ ချစ်သူနှလုံးသားတွေထဲမှာ သူက ရွံမုန်းစရာကြီး



နှင့် တာဝန်မဲ့လွန်းသောယောကျ်ားတစ်ယောက် အဖြစ်မခံနိုင်လို့ပါ။ မာမာက ကြောက်ရွံ့တုန်ရင်လိုက်ခါနေသည်။

"အစ်ကိုလေး···ဟို··အစ်ကိုလေး မာမာ တောင်းပန်ပါတယ်၊ လက်ထပ်ဖို့ တကယ်ပဲ မာမာ သတ္တိမရှိတော့ဘူး။ မာမာ့ကို ငွေပဲပေးပါ"

မာမာကြောက်တယ်၊ စိတ်သဘောထားပြည့်ဝလွန်းတဲ့ အစ်ကိုလေးအပေါ် မာမာအကောက်ကြံမိပြီ။ မမလေး သီတဂူကို ဘယ်လိုရင်းပြရမလဲ၊ အစ်ကိုလေးကို သနားလိုက်တာနော်။ မာမာတွေ နောင်တတွေ ရနေပေမယ့် ဗိုက်ဆံကိုတော့ ထိုက်ထိုက်တန်တန်လေး ယူချင်သေးသည်။ သူမ ဒီကနေထွက်သွားရင် ဒုက္ခရောက်ရတော့မည် ဖြစ်သည်။

"တို့သွားကြမယ် မာမာ၊ ငါ ယောကျ်ားပါ။ နင့်ကို တစ်သက်လုံး တာဝန်ယူမယ်၊ ငါ သတ္တိရှိပြီး ယောကျ်ားပီသပြရမယ်၊ သွားစို့"

မာမာ့လက်ကို သူဆွဲပြီး ထွက်သွားမယ်လုပ်တော့ မမဒေဝီ ရောက်လာသည်။ ဒယိမ်းဒယိုင်နှင့် မမဒေဝီသည် မှုးယစ်ဝေသီနေတဲ့ မျက်ဝန်းတွေနှင့်ကြည့်ကာ ရေမှုပိတ်ကာ ရပ်နေ၏။ မာမာက ကြောက်ပြီး သူ့လက်ထဲမှ ရုန်းထွက်ကာ အထဲပြန်ပြေးဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကင် မင်း တော်တော်မိုက်မဲတဲ့ကောင်ပဲ၊ ဘာဖြစ်လို့ ဒီဟာမကို လက်ထပ်ယူဖို့ မိုက်မိုက်မဲမဲ လုပ်ချင်ရတာလဲ"

"မမ"

"မင်း ထွက်သွားမယ်ဆိုရင် မမနဲ့မေမေ့ကို အရင်သတ်သွားပါ"

ဒေဝီငိုပစ်ချင်နေသည်။ မေမေ့ကို သနားတယ်။ သားနဲ့သမီး အတွက်ပဲကြည့်ပြီး အရာအားလုံးကို ဖန်တီးဖြည့်စွမ်းပေးတတ်တဲ့ မေမေပါ။ ဒေဝီလည်း မိုက်မဲတယ်၊ မေမေရဲ့အလိုလိုက်မှုတွေအပေါ် အခွင့်အရေးယူပြီး နေချင်သလိုနေပစ်ခဲ့သည်။ မောင်လေးက အပြစ်ကင်းပြီး လိမ္မာရေးခြားရှိတဲ့သူ၊ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေတတ်ပေမယ့် မောင်လေးကောင်းကင်က အရမ်းပဲဖြူစင်နေသည်။

"မာမာ...ဒီကောင်မ အကောက်ကြံတာပဲ။ မမ မောင် အကြောင်း မမသိတယ်၊ ကိုယ်ကျင့်တရားပျက်ပြားအောင် ဘာမှမလုပ်ဘူး။ သိတ္တာကြောင့်လား၊ မမဒေဝီသွားပြီး တောင်းပန်မယ်"

"မမ"

"ဟင်"

"ထားလိုက်ပါတော့ ကောင်းကင် ကျူးလွန်ခဲ့တာပဲ၊ ယောက်ျား



ပီပီသသပဲ တာဝန်ယူပါရစေ"

"မင်း မကျူးလွန်ဘူး မမသိတယ်၊ သိတ္တာကို မမ ရှင်းပြမယ်"

မမ ဘယ်လိုဖြစ်သွားရတာလဲ။ သိတ္တာကို တောင်းပန်မည် ဟုပင် ပြောနေသည်။ မမကိုကြည့်ရတာ ညှိုးငယ်ဝိန်လို့နေသည်ဟု ကောင်းကင် ထင်မိနေ၏။ ဘယ်လိုဖြစ်သွားရတာလဲ မမရယ်၊ မမ အတော်လေး ပျက်ဆီးနေသည်။

"မာမာ့ကိုတော့ ငွတ်ကြီး လက်မထပ်လိုက်ပါနဲ့၊ ကောင်းမှာ အပြစ်မရှိဘူးဆိုတာ မမ သိတယ်"

"မမ"

"ဟင်"

"နေကောင်းရဲ့လား"

"အင်း...ဝေါ့"

"မမ"

"အမလေး...အန်ချင်လိုက်တာ...ဝေါ့...ဝေါ့"

"မမ နေလို့ရရဲ့လား"

"မေမေ့ကို ခေါ်လိုက်မယ်လေ"

"နေ...နေ မမ ဘာမှမဖြစ်ဘူး။ ရင်ပြည့်နေလို့ ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝေ့"

"ဝေ့"

မောင်လေးကို ဘာမှမပြောနိုင်တော့ဘဲ သူမ အိပ်ခန်းထဲ ပြေးဝင်လာခဲ့သည်။

"ဝေ့"

"ဝေ့"

"အမလေး…ဝေ့"

လက်ဆေးကြွေခွက်ထဲမှာ မျက်နှာအပ်ပြီး အန်ပစ်လိုက်သည်။ မောလိုက်တာ၊ ဒေဝီကိုယ်တိုင်ပင် ဘာတွေဖြစ်နေပြီလဲ။ ဘုရားရေ ဒေဝီ အမှားတွေ လွန်ကျူးခဲ့မိတာ ဒဏ်ခတ်ပြီလားမသိဘူး။ သီတဂူ တို့မိသားစုဝင်တွေ ကျိန်စာသင့်နေပြီ၊ နင့် ကျိန်စာလေ။ ဒေဝီခေါင်းတွေ မူးဝေကာ အော့အန်ချင်နေသည်။

"ဝေ့"

"ဝေ့"

"ဒေဝီ"

"ဟင်…မေမေ"

"သမီး ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား။ သမီးကို



ကြည့်ရတာ အခုတစ်လော အစားအသောက်တွေပျက်ပြီး အင်အားတွေ ကင်းမဲ့နေသလိုပဲ။ မောင်လေးကြောင့်လား"

"မေမေ"

"ပြော"

"ဒေဝီ့မှာ ကိုယ်ဝန်ရှိနေပြီ ထင်တယ်"

"ဘာ"

"အစားအသောက်တွေလည်း ပျက်တယ်၊ အနံ့တွေလည်း ခံလို့မရဘူး။ ဓမ္မတာမလာတာလည်း နှစ်လရှိနေပြီ"

"ဟင်"

ဒေါ်ချစ်ချစ်သဲ အထိတ်တလန့်ဖြစ်သွားသည်။ ဘုရားရေ ဘာတွေဖြစ်ရတာလဲ။ မိမိသားနဲ့သမီး အရှက်သိက္ခာတွေကျဆင်းစေမယ့် အဖြစ်အပျက်တွေနဲ့ပဲ ရင်ဆိုင်နေရ၏။ ဘယ်လိုလုပ်ရမလဲ။ မိမိတို့ မိသားစုဝင်တွေ ကျိန်စာသင့်နေပြီလား၊ ရင်တွေ ပူလောင်လာသည်။

"ဘယ်သူနဲ့လဲ…ပြောစမ်း ဒေဝီ၊ မေမေတို့ တစ်ခုခု စီစဉ်ကြရအောင်။ မေမေ့သမီးဒေဝီ့ကို ဘယ်သူက လက်မထပ်ပဲနေမလဲ၊ သမီးချစ်သူက ဘယ်သူလဲ"

ဒေဝီ မဖြေနိုင်ပေ။ ဒေဝီမိုက်မဲစွာ ပြုမူနေထိုင်ခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ . . . ဒေဝီ့ကို လက်ထပ်မယ့်သူ . . . အမလေး . . . မေမေ့ကို ဘယ်လိုပြောရမလဲဟင်။ သူက ဒေဝီ့ကို လက်ထပ်မယ်ဆိုရင်တောင် အဲ့ဒီလူကို သိသွားရင် မေမေ သေလိမ့်မယ်။ ဒေဝီ သေပစ်ချင်နေသည်။

"သမီးဒေဝီပြောလေ၊ ပြောစမ်းပါ ဘယ်သူလဲ။ လက်ထပ်ဖို့ စီစဉ်ရမယ်လေ၊ သမီးက ရွေးချယ်တတ်မှာပါ မေမေယုံပါတယ်"

"သမီး မိုက်တာပါ မေမေ၊ ဟိုလေ သမီးတို့ သီတဂူကျိန်စာ သင့်နေပြီလားပဲ"

"ဘာ"

"သမီးလေ…သမီး စိတ်ဆန္ဒတွေ အလိုလိုက်ပြီး ဆင်ခြင်တုံ တရား ကင်းမဲ့သွားတယ်"

"ဟင် . . . ဘာတွေပြောနေတာလဲ ဒေဝီ၊ မေမေတို့ သီတဂူ ကျိန်စာသင့်နေပြီ ဟုတ်လား။ ဘာတွေလဲ"

"သမီးနဲ့ ငြိစွန်းခဲ့တဲ့လူက သမီးကားကိုမောင်းတဲ့ ဒရိုင်ဘာ ကိုညိုပါ"

"ဘာအေ့"

ဒေါ်ချစ်ချစ်သဲ မူးမေ့လဲပြိုမတတ် ခန္ဓာကိုယ်အား အနိုင်နိုင် ထိန်းမတ်လိုက်ရသည်။ ကျိန်စာလား။ သီတဂူ ညည်း ငါတို့ မိသားစု



အပေါ် ကျိန်စာတွေတိုက်ခဲ့တာလား။ အခု ငါ့သားနဲ့သမီး လက်ထပ်ရမယ့် သူတွေက အလုပ်သမားတွေ အနိမ့်ကျဆုံးသူတွေပဲ ဖြစ်နေ၏။ ဘယ်လို လုပ်ရမလဲ မျက်ရည်တွေက စီးကျလာသည်။

"ကိုညိုမှာ အပြစ်မရှိပါဘူးမေမေ၊ ဒေဝီမူးပြီး အမှားတွေ မကြာခဏလွန်ကျူးမိသွားတာပါ။ ဒါပေမယ့် ဒေဝီ ကိုညိုနဲ့တော့ လက် မထပ်ချင်ဘူး"

"အမလေး . . . ဘယ့်ဖြစ်မလဲ သမီး။ မေမေ့သမီး နိမ့်ကျသွား တာ မေမေ မမြင်ချင်ဆုံးပဲ ဖြေရှင်းပစ်ရမယ်။ အရင်ဆုံး သစ္စာမရှိတဲ့ ကျေးဇူးကန်းတဲ့ ညို့ကို အလုပ်ထုတ်ပစ်ရမယ်"

"ကိုညိုက အလုပ်ကနေ ထွက်သွားပါပြီ မေမေ၊ ဒေဝီ ထုတ် ပစ်လိုက်တာ"

"ဟင်"

"ကိုညို ကျေးဇူးကန်းတာ သစ္စာမဲ့တာတော့ မဟုတ်ပါဘူး မေမေ၊ သမီးဘက်က စိတ်အလိုလိုက်ပြီး မှားတာပါ"

"အမလေး"

"ဒီကိုယ်ဝန်ကို သမီး မမွေးနိုင်ပါဘူး။ ပတ်ဝန်းကျင်လည်း သိသွားလို့ မဖြစ်ဘူး။ ဟိုကောင်မ သီတဂူသိသွားရင် ပျော်နေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မေမေ။ သီတဂူရောက်လာမှ သမီးတို့တွေ ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်ရတာပဲ"

"ဟုတ်တယ်…သင်းကြောင့်ပဲ အခုလည်း သားကို မာမာနဲ့ လက်ထပ်ဖြစ်အောင် ကြံစည်နေတယ်။ ယုတ်မာလိုက်တာ"

"ဖေဖေနဲ့သီတဂူကို ထိုက်သင့်တာပေးပြီး မောင်းထုတ်လိုက်ရင် ကောင်းမလား။ မေမေ သံယောဇဉ်မပြတ်နိုင်ဘူးလားလို့"

ကိုငွေရုံက မိမိတို့မိသားစုအပေါ် သစ္စာရှိပြီး စေတနာမေတ္တာ အပြည့်နှင့် ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ကိုငွေရုံနှင့် လက်ထပ်စဉ်က မိမိမှာ စည်းစိမ်ဥစ္စာတွေပါလာခဲ့ပေမယ့် ကိုငွေရုံက မဖြုန်းမသုံးဘဲ ကြီးပွားချမ်းသာအောင် လုပ်ဆောင်ပေးခဲ့၏။ သုံးဖြုန်းနေတာက မိမိနှင့် သမီးဒေဝီတို့ပဲ၊ ဒုက္ခိတဖြစ်နေတဲ့ ကိုငွေရုံအား မရက်စက်နိုင်ပဲ ဖြစ်နေသည်။

"သီတဂူကို အရေးပေးလွန်းပြီး သီတဂူ ကောင်းစားရေးပဲ တစ်ဖက်သတ် လုပ်နေတာ ဒေဝီ မုန်းတယ်။ ပထွေးက ပထွေးပဲလေ"

"ကိုငွေရုံက မေမေတို့သားအမိပေါ်တော့ ကောင်းပါတယ်၊ မဖြုန်းမသုံးဘဲ ရှာဖွေကျွေးမွေးခဲ့တယ်။ သူ့သမီး သီတဂူကိုလည်း ရှာဖွေ ခွင့်ပေးဖို့ မေမေနဲ့ လက်မထပ်ခင်ထဲက တောင်းဆိုခဲ့တာပါ"



"သီတဂူကို ဒေဝီ အရမ်းမုန်းတယ်၊ သင်း ကျိန်စာတွေပဲ မေမေ"

"ဒါတွေထားလိုက်ပါ ဒေဝီ၊ မေမေတို့ ဘာဆက်လုပ်ကြမလဲ"

"မေမေ"

"ဟင်"

"ဒေဝီကတော့ ဟိုကောင်မ သီတဂူကို မုန်းတီးပေမယ့် မောင်လေးကောင်းကင်နဲ့ လက်ထပ်ဖြစ်အောင် တောင်းပန်ချင်တယ်။ အဲ့ဒါက မေမေ့ယောကျ်ား ဦးငွေရုံရဲ့ဆန္ဒပဲလေ"

ပထွေးဦးငွေရုံကို ဒေဝီကတော့ အရင်ထဲက မချစ်ပေ။ ပထွေးဟုပဲ မြင်ထားခဲ့သည်။ အခု သူ့သမီးသီတဂူအား အရေးပေးလွန်း၍ ပို၍ပင် မုန်းတီးလာ၏။ ဒါပေမယ့် မောင်လေး အခွင့်အရေးတွေ ဆုံးရှုံးပြီး အိမ်က အလုပ်သမားမာမာ့ကို လက်ထပ်မှာတော့ မလိုလားပေ။ သီတဂူနှင့် ကောင်းကင်လက်ထပ်လျှင် သူမနှင့်ဒေါက်တာ သက်တန့်ရောင်တို့ လက်ထပ်ဖို့ အခွင့်အရေး ရသွားနိုင်သည်။

"မဖြစ်နိုင်ပါဘူး ဒေဝီရယ်၊ သီတဂူက သားကို မာမာနဲ့ပဲ လက်ထပ်ဖြစ်အောင် ကြိုးစားမှာပါ။ သင်းက ဒေါက်တာသက်တန့်ရောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ လက်ထပ်မှာပေါ့"

"မေမေနဲ့ဒေဝီ တောင်းပန်မယ်၊ နောက်မှ သီတဂူကို အရေးခွဲ ဆုတ်ခွာပစ်ရမယ်လေ"

"ဝေါ့"

"ဝေါ့"

"အမလေး အန်ချင်လိုက်တာ"

"သမီးဒေဝီ ရရဲ့လား၊ ဆေးခန်းသွားပြရအောင်လေ"

"ရပါတယ် မေမေ၊ စိတ်မပူနဲ့ ဒေဝီ ရှင်းပစ်လို့ရတယ်"

"ဘယ်လိုရှင်းမှာလဲ သမီးရယ်၊ ပြောစမ်းပါ"

"ဒေဝီ့ကိစ္စ ဒေဝီ ရှင်းမယ်။ မေမေပဲ သီတဂူကို အလိုက်အထိုက်နေပြီး တောင်းပန်လိုက်ပါ။ မာမာနဲ့မဖြစ်ဘူး။ ငွေပေးသင့်ရင် ပေးလိုက် သီတဂူကိုပဲ တောင်းပန်ရမယ် မေမေ"

သီတဂူ ငါကတော့ ညည်းကို မလွှဲသာမရှောင်သာလို့ တောင်းပန်တာပဲ၊ တစ်နေ့ ညည်းသိမယ်။ ငါ့မောင်ကို အရက်တကွဲနဲ့ နိမ့်ကျအောင် ဖန်တီးခဲ့တဲ့ကောင်မပဲ။ ညည်းကြောင့်ပဲ ကျုပ်တို့မိသားစုတွေ ဒုက္ခတွေရောက်ကြရတာ။ ဒေဝီ အန်နေသည်၊ မောပမ်းလာ၏။ ဒေဝီ မနာလိုဝန်တိုစိတ်တွေနဲ့ သတိလက်လွတ်ဖြစ်ရတာ။ သီတဂူ



ကြောင့်ပဲ။ ဒေဝီလက်ထပ်ဖို့ ရည်မှန်းထားတဲ့ ဒေါက်တာသက်တန့်ရောင်ကိုလည်း လုတယ်။ ငါ့မောင်ကိုလည်း အလုပ်သမားကောင်မနဲ့ လက်ထပ်ဖြစ်အောင် အကွက်ဆင်တယ်။ နင့်ကို ဘယ်တော့မှ အခံမကျေဘူး သီတဂူ၊ နင့်ကို တောင်းပန်တာက ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်တာပဲ။ ဒေဝီ အန်လွန်းသဖြင့် အိပ်ရာထဲလဲပြိုကျသွားသည်။

"မေမေနဲ့သမီး ဆေးခန်းသွားကြမယ်လေ"

"ဟင့်အင်း . . .သမီး မသွားဘူး။ နေကောင်းဟန်ပဲ ဆောင်နေမယ် မေမေ။ ဒေါက်တာလည်း မသိစေချင်တာ၊ မေမေ ဘာမှမပူနဲ့၊ သမီးဒီကိစ္စ ဖြေရှင်းနိုင်ပါတယ်"

"ဒေဝီရယ်"

"အရေးကြီးတာက ကောင်းကင်ပဲ၊ သီတဂူကို တောင်းပန်မှ မောင်လေးနဲ့မာမာ လက်ထပ်ဖို့ တားဆီးနိုင်မှာပါ"

"အေးပါကွယ် . . .မေမေတောင်းပန်ပါ့မယ်၊ သမီး ဖြစ်ချင်တာတွေ ဖြစ်စေရမယ်"

သမီးဒေဝီ့ကိုကြည့်ပြီး ဒေါ်ချစ်ချစ်သဲ အားမရပေ။ သမီးက ဘယ်လိုဖြေရှင်းမှာလဲ၊ အမြဲတမ်းခေါင်းမာပြီး လုပ်ချင်တာလုပ်၊ အပျော်တွေပဲ မက်မောစွာ ပျော်သလိုနေထိုင်ခဲ့တဲ့သမီးဒေဝီ အင်အားငွေ

www.burmeseclassic.com

www.burmeseclassic.com



ကင်းမဲ့ကာ အိပ်ရာပေါ်မှာလဲနေသည်။ မိမိလည်း လိုခဲ့တာပဲ၊ မိခင်ဖြစ်ပြီး သမီးဘဝလမ်းကြောင်းကို တည့်မတ်မပေးနိုင်ခဲ့ပေ။ မိမိနောင်တတွေတော့ ရနေပါပြီ။ ခက်နေတာက မာန်မချနိုင်တာပဲ၊ တဖြည်းဖြည်းတော့ မိမိအမှားတွေအတွက် အသိတရားလေး ဝင်ချင်နေသည်။

× × × × × × × × × × × × × ×

## အခန်း(၂၀)

"မမလေး သိတဲ့၊ မာမာကတော့ ငွေရရင် ကျေနပ်ပါပြီ။ အစ်ကိုလေးဘဝကိုလည်း မာမာ့ကြောင့် မနစ်မွန်းစေချင်လို့ပါနော်၊ ငွေပဲယူပြီး ထွက်သွားပါတော့မယ်"

"ဘာဖြစ်လို့ စိတ်တွေပြောင်းသွားရတာလဲ မာမာ၊ အားငယ်လို့လား။ မမလေး ရှိပါတယ်၊ သူ့ဘက်က တာဝန်ယူရင် မာမာ လက်ခံပါ။ ဘာမှ သူ့အတွက်နစ်နာစရာမှ မရှိတာပဲ။ ဘယ်လိုမိန်းကလေးမဆို ကိုယ့်ရဲ့အပျိုဝင်ဘဝလေး ရိုက်ချိုးဖျက်ဆီးပစ်လိုက်တဲ့ ယောကျ်ား တစ်ယောက်နဲ့ လက်ထပ်ရလိမ့်မယ်။ ဘာနစ်နာရမှာလဲ၊ ငဲ့ညှာထောက်ထားစရာ မလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး . . .မမလေးရယ်၊ မာမာ ငွေပဲလိုချင်တာပါ။ ကျွန်မက ချမ်းသာချင်တာပါ၊ ငွေပဲရချင်တယ်"

"ဘာဖြစ်လို့လဲ မာမာ၊ သူ့အမေက အမွေဖြတ်မယ် ပြောလို့လား။ ကောင်းကင်ကမူးပြီး ညှင်းပန်းနှိပ်စက်မှာ စိုးလို့လား။ တကယ်လို့ မာမာ့မှာ ကိုယ်ဝန်ရှိသွားရင် ဘယ်လိုလုပ်မလဲဟင်"

"ရှင်"

မမလေးသီတဂူ ရှေ့မှာရှိနေရတာပင် မာမာကြောက်ရွံ့ ထိတ်လန့်နေသည်။ မာမာနဲ့အစ်ကိုလေး ဘာမှမကျူးလွန်ခဲ့ပါဘူး။ ကိုယ်ဝန်က ဘယ်လိုလုပ်ပြီး ရှိလာရမှာလဲ။ မမလေးသီတဂူကရော အစ်ကိုလေး ဒုက္ခရောက်အောင်၊ ဂုဏ်သိက္ခာတွေ ကျဆင်းအောင်ပဲ မာမာ့ကို အသုံးချပြီး တမင်လုပ်နေတာများလား။ မာမာအမှန်တွေကို ဖွင့်ပြောပြလိုက်ရင်လည်း ဒီကနေ တစ်ပြားတစ်ချပ်မှမရဘဲ ထွက်သွားရမှာသေချာသည်။ မဖြစ်ဘူး ကိုယ့်အတွက်တော့ ကြည့်ရမှာပဲ၊ မာမာ့စိတ်ထဲမှာ အစ်ကိုလေးကို သနားနေမိသည်။ အပြစ်မဲ့သူပါ။ မာမာငွေပဲယူပြီး ထွက်သွားချင်၏။ မမလေးသီတဂူ လက်မခံတာက ခက်နေသည်။

"မာမာ"

"ရှင်"



"သူတို့တွေရဲ့ အထွာကြီးကြီးနဲ့ တာဝန်မဲ့နှိမ်ချချင်တဲ့ လုပ်ရပ်တွေကို အရှုံးပေးစရာမလိုပါဘူး။ မာမာ နစ်နာမှုကိုပဲ ကြည့်ရမယ်"

"မာမာ အစ်ကိုလေးကို လက်ထပ်ရမှာ ကြောက်တယ်၊ အားနာလို့ပါနော်။ ငွေပဲယူသွားပါရစေ"

မာမာ့ကို သီတဂူ ကြည့်လိုက်စဉ် မျက်ဝန်းတွေကလည်ပြီး သီတဂူနှင့် ရင်မဆိုင်ရဲတာပင် ထူးခြားမှုတစ်ခု ဖြစ်နေသည်။ ဖေဖေက မာမာ့ကို မယုံဘူးတဲ့။ သီတဂူပဲ မှားယွင်းစွပ်စွဲမိနေတာလား။ ကောင်းကင်ကို လက်ထပ်ဖို့ထက် ငွေပဲယူပြီး ထွက်သွားချင်နေ၏။ မာမာ ရိုးသားရဲ့လား၊ ကောင်းကင်ရယ် တကယ်ဆို သီတဂူလည်း အရမ်းပဲ ကြေကွဲနေရတာပါ။ ကောင်းကင်နဲ့ဝေးသွားရမှာကို ကြောက်နေမိပါတယ်။ ဒါပေမယ့် မာမာ့ကိုလည်း ထိခိုက်နစ်နာမှုတွေ မဖြစ်စေချင်ပါဘူးနော်။ မာမာက ရှောင်ထွက်သွားသည်၊ သီတဂူ ဘာဆက်လုပ်ရမှာလဲ၊ မာမာ့ကို လက်မထပ်ဖို့ ကောင်းကင်ကို ပြောရမလား။ သီတဂူ ခေါင်းထဲမှာ ရှုပ်ထွေးလာသဖြင့် အိပ်ရာပေါ်မှာ လှဲအိပ်ပြီး မျက်ဝန်းတွေကို ထိကပ်ပိတ်ထားမိသည်။

"သီတဂူ"

သူမမျက်ဝန်းလေးတွေ ဖွင့်ကြည့်လိုက်တော့ အနက်တီချစ်သဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ သီတဂူဆန္ဒက အားလုံးနှင့် ကင်းရှင်းအောင်ပဲ နေပစ်ချင်၏။ ဒေါက်တာ့ကို အမြန်ဆုံး လက်ထပ်ပြီး ဒီကနေ ထွက်သွားချင်သည်။ အန်တီချစ်ရဲ့မျက်ဝန်းတွေက ထူးဆန်းဖွယ် ညှိုးမှိုင်းရီဝေကာ ဒေါသမာနရောင်တွေ ကင်းစင်နေသည်။

"အန်တီ တောင်းပန်ပါတယ်၊ သားကို မာမာနဲ့ လက်ထပ်တာကို သီတဂူ တားဆီးပေးပါ"

"ရှင်"

သူမ ထလိုက်သည်။ အန်တီချစ် ဘယ်တုန်းကမှ တောင်းပန်တာမရှိခဲ့၊ အတ္တတွေ မာန်မာနတွေနှင့် အပေါ်စီးကနေပဲ ပြောဆိုဆက်ဆံနေခဲ့သည်။

"ငါ့သားက မာမာ့ကို မစော်ကားခဲ့တာ အမှန်တွေပါ။ သားကောင်းကင်က ကိုယ်ကျင့်တရားတွေ ပျက်ပြားတတ်တဲ့ ယောကျ်ားမဟုတ်ပါဘူး သီတဂူ။ အန်တီချစ်နဲ့သမီးဒေဝီတို့သာ အတ္တကြီးကြတာပါ သီတဂူ"

"အဲ့ဒါ သီတဂူနဲ့ မဆိုင်ပါဘူး အန်တီချစ်၊ ကောင်းကင်နဲ့ပဲ ဆိုင်တဲ့ကိစ္စလေ"

"မင်းကြောင့်ပါ။ မင်းက သားကို့ တာဝန်မယူရဲတဲ့ ယောကျ်ား



မဖြစ်စေချင်တာပါ သီတဂူရယ် အန်တီချစ် တောင်းပန်ပါတယ်။ မာမာက ငွေပဲ တောင်းဆိုတာပါ၊ လုပ်ကိုင်စားသောက်နိုင်တဲ့ငွေကြေးရရင် ကျေကျေနပ်နပ် ထွက်သွားဖို့ပဲ တောင်းဆိုပါတယ် သီတဂူ"

"သီတဂူနဲ့ မဆိုင်ပါဘူး အန်တီချစ်၊ ကောင်းကင်နဲ့မာမာပဲ ရွေးချယ်ကြပါတော့။ သီတဂူလည်း ဖေဖေ့ကိုခေါ်ပြီး ဒီကနေ ထွက်သွားတော့မှာပါ"

"ဟင်"

ဒေါ်ချစ်ချစ်သဲစိတ်တွေထဲ ကိုကိုက မိမိကိုထားခဲ့ပြီး ထွက်သွားမှာ အားငယ်ကြောက်ရွံ့လာသည်။ တကယ်တမ်း တွေးကြည့်တော့ မိမိက ဘယ်အရာမဆို ဦးဆောင်နိုင်စွမ်းမရှိခဲ့။ ကိုကိုနှင့်လည်း ကွာရှင်းရမှာ ကြောက်ရွံ့နေ၏။ သီတဂူအပေါ် မချစ်ပေမယ့် မာန်မာနတွေနှင့် မဆက်ဆံလိုတော့ပေ။ တောင်းပန်ဖို့ပဲရှိသည်။ သီတဂူ နင့်ကိုနိစာလား။ ငါ အရှုံးကြောက်တယ်။ ငါတို့မိသားစုဘဝတွေ အလဲလဲအပြိုပြို ဖြစ်နေရတယ်။ ကိုကိုသာမရှိတော့ရင် ငါတို့ရပ်တည်နိုင်မှာ မဟုတ်တော့ဘူး ထင်တယ်။ သီတဂူကတော့ မိမိကို ရင်ဆိုင်နိုင်တဲ့သတ္တိတွေနှင့် ကြည့်နေသည်။

"သီတဂူ အန်တီချစ် တောင်းပန်ပါတယ်၊ သားနဲ့လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကိုကို့ကိုလည်း ခေါ်ထုတ်မသွားပါနဲ့အေ။ ကိုကိုမရှိရင် အန်တီချစ် မရပ်တည်နိုင်လို့ပါ"

ဖေဖေမရှိရင် အန်တီချစ် မရပ်တည်နိုင်ဘူးတဲ့ ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ဘူးထင်တာပဲ။ ဖေဖေက ဒုက္ခိတ၊ အန်တီချစ်တို့ သားအမိတွေ မလေးစားတဲ့ဘဝရောက်နေသည်။

"တကယ်တမ်းကျတော့ ကိုကို့ကို အန်တီချစ် လက်လွှတ်မခံနိုင်ပါဘူး သီတာ့၊ ဒုက္ခိတဘဝရောက်လည်း ကိုကိုရဲ့ ဦးဆောင်ညွှန်ကြားမှုက လိုအပ်တယ်။ သီတာ့ကို တောင်းပန်ချင်တာက သားကို လက်ထပ်ပါ"

"မဖြစ်နိုင်ပါဘူး အန်တီချစ်၊ သီတာ့ လက်ထပ်မှာက ဒေါက်တာပါပဲ"

သမီးဒေဝီက ဒေါက်တာ့ကို ဟိုးအရင်ထဲက မျှော်လင့်နေခဲ့တာပါ။ နင်ကြောင့်ပဲ သီတာ့၊ နင်သာရောက်မလာရင် ဒေါက်တာနဲ့ဒေဝီ လက်ထပ်ဖြစ်လောက်ပြီ။ ဒေါက်တာက ကိုကို့စကားတွေကို နာခံတယ်လေ။ နင့်ကြောင့်ပဲ၊ ငါ့သားလေး မာမာ့လိုမိန်းမတစ်ယောက်နဲ့ လက်ထပ်မှာကို ငါ လုံးဝ မလိုလားနိုင်ဘူး။ ဒေါ်ချစ်ချစ်သဲရင်ဝမှာ မီးတောက်မတတ် ပူလောင်မြိုက်နေသည်။



"ငါ တောင်းပန်တာပါ သီတာ့၊ ငါ့သားက မာမာ့ကို လက်ထပ်ဖြစ်အောင် ဖိအားမပေးပါနဲ့။ ငါ့သားက သီတာ့ကို အရမ်းပဲ မြတ်နိုးချစ်ခင်နှစ်သက်နေတာပါ"

"သီတာ့ လက်မခံနိုင်ပါဘူး။ အန်တီချစ်တို့မိသားစုကိစ္စပါပဲ။ အန်တီချစ်တို့ပဲ ဖြေရှင်းပါနော်"

"အဲ့ဒီလို မပြောပါနဲ့၊ ငါ့သားမှာ အပြစ်မရှိပါဘူး သီတာ့ရယ်။ နင့်ကို ဘယ်လို တောင်းပန်ရမလဲ ပြောပါ"

"ဘယ်လို တောင်းပန်မှုမျိုးကိုမှ သီတာ့ လက်မခံနိုင်ပါဘူး။ ထွက်သွားပေးပါ"

"ဟင်"

"သီတာ့မှာ ထပ်ပြောစရာစကား မရှိတော့လို့ပါနော်။ ထပ်ပြီးတော့လည်း မဆွေးနွေးချင်တော့ဘူး"

"သီတာ့ နင် . . . နင်"

ဒေါ်ချစ်ချစ်သဲ ရင်ဝမှာ အပူလုံးကြီး ဆောင့်တက်လာပြီး ရပ်တည်နိုင်စွမ်းမရှိတော့သလို ယိုင်ခွေကျသွားသည်။

"အန်တီချစ် . . . သတိထားပါ။ စိတ်တွေကို ထိန်းချုပ်ပါ အန်တီချစ်"

www.burmeseclassic.com

www.burmeseclassic.com



သီတဂူ အထိတ်တလန့်နှင့်ပင် အန်တီချစ်ကို ပွေ့ထူလိုက်သည်။ အန်တီချစ်က အသိမဲ့နေ၏။ မဖြစ်ဘူး ကောင်းကင်ဆီ ဖုန်းဆက်၍ အကြောင်းကြားလိုက်သဖြင့် ကောင်းကင်ရောက်လာသည်။

"သီတဂူ . . .ဘယ်လိုလုပ်လိုက်တာလဲ၊ မေမေကြီး သတိလစ်သွားလောက်အောင် စိတ်ထိခိုက်နိုင်တဲ့စကားတွေ ဘာတွေပြောလိုက်လဲ"

"ဒေါ်သွယ် . . .ကျွန်မ မိသားစုကိစ္စတွေမှာ ဝင်မပါ,ပါနဲ့။ အန်တီချစ်ကို ကျွန်မ အိပ်ရာပေါ် ဝိုင်းတင်ပေးပါ"

"နေ. . .နေ မေမေကြီး အခန်းထဲပဲ ပွေ့ချီသွားမယ်၊ စိတ်မချလို့။ ဟဲ့ မာမာ ဝိုင်းကူဦး. . .ပြီးရင် မမကြီးဒေဝီဆီ အကြောင်းကြားရမယ်၊ ဖုန်းလှမ်းဆက်စမ်း"

"ဟုတ်ကဲ့"

သီတဂူ ဘာမှမပြောလိုတော့ပေ။ စိတ်ရှုပ်လိုက်တာ သူတို့အတွာတွေနဲ့သူတို့ ခံစားနေကြရတာပဲ။ သီတဂူမှာ အပြစ်မရှိ၊ ကောင်းကင်ကို ဘာဖြစ်လို့ လက်ထပ်ရမှာလဲ ဒေါက်တာ့ကိုပဲ လက်ထပ်မယ်။ ဒေါ်ချစ်ချစ်သဲတို့ လာတောင်းပန်နေတာ စိတ်ထဲကမပါဘဲ ဟန်ဆောင်နေတာဖြစ်ကြောင်း သီတဂူသိသည်။ ကောင်းကင် ရောက်လာသည်။



"မင်းကြောင့် ကိုယ့်မေမေ စိတ်ထိခိုက်သွားတာ မဖြစ်နိုင်ပါဘူး သီတဂူ၊ ကိုယ်ယုံကြည်နေတာက မင်းမှာ အပြစ်မရှိဘူးဆိုတာပါပဲ။ မေမေအတွက်နဲ့မေမေပါ၊ မင်းစိတ်တွေ အနှောင့်အယှက်ဖြစ်သွားရင်တောင် ကိုယ်တောင်းပန်ပါတယ်"

"မာမာနဲ့ လက်မထပ်ပါနဲ့"

"ဘာဖြစ်လို့လဲ သီတဂူ၊ ကိုယ့်အမေကြောင့်လား။ ကိစ္စမရှိပါဘူး။ ဒါကကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ"

"ပိုက်ဆံပေးလိုက်ပါ။ မာမာက အဲ့ဒီလိုပဲ ဖြစ်ချင်တာလေ။ သီတဂူ ဝင်မပါတော့ဘူး"

မာမာ့ဘက်မှ မရိုးသားနိုင်ဘူးဆိုတာ သီတဂူ သတိထား မိသွားလို့ပါ။ ကောင်းကင် ရှင့်ဘက်က ဘာမှ ဖြစ်မှုမလွန်ကျူးဘဲနဲ့ မာမာ့လို မိန်းကလေးတစ်ယောက်ကို တာဝန်မယူစေချင်ပါဘူး။ ကျွန်မကြောင့်ဆိုတာကိုတော့ ကျွန်မ လုံးဝ လက်မခံနိုင်ဘူးလေ။ ချစ်သူရဲ့ အကြင်နာမျက်ဝန်းတွေကို သီတဂူ ရင်မဆိုင်ချင်ပေ။ သူ့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ကာ ငိုကြွေးပစ်ချင်လာသည်။ သီတဂူက ကိုယ့်ကို ချစ်မြတ်နိုးမိတာပါ။ ဒါပေမယ့် နီးစပ်လို့တော့ မဖြစ်နိုင်ဘူး ထင်တယ်။ မာမာနှင့် လက်ထပ်ဖို့ အတင်းအကြပ် မတိုက်တွန်းလိုတော့ပါဘူးနော်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်က ပြန်ထွက်သွားသည်။ ကောင်းကင်ဟုခေါ်ပြီး သူ့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားချင်နေ၏။ သီတာ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျလာရာ ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိဘဲ ငိုပစ်မိသည်။

"မမလေး…သီတာ့"

"ဟင်"

"မေမေကြီး ဆုံးသွားပြီ"

"ဘာ"

"အခုပဲ ဆုံးသွားတာ၊ ဒေါက်တာရောက်လာတော့ သွေးပေါင်ချိန်တွေ အရမ်းတက်ပြီး ဦးနှောက်သွေးကြော ပြတ်သွားတာတဲ့"

"ဟင်"

"အဲ့ဒါ…မမလေးကြောင့်ပဲ"

"ဘာပြောတယ်"

"မမလေး ခေါင်းမာလို့လေ၊ မာမာက အစ်ကိုလေးကို လက်မထပ်ချင်ပါဘူးဆိုတာ မမလေးက ဇွတ်အတင်းပဲ လက်ထပ်နိုင်းတာလေ"

"နင်…နင်"

"အဲ့ဒီကိစ္စတွေအားလုံး မမလေးသီတာ့ပဲ မြှောက်ပေးတာ"



"နင့်အတွက် ငါက ရပ်တည်ပေးတာ၊ နင် ဘာဖြစ်လို့ အပြစ်တွေ အားလုံး ပုံချနေရတာလဲ မာမာ။ သီတာ့က မာမာ နစ်နာမှာစိုးလို့ပါ"

"မာမာက ဘာနစ်နာရမှာလဲ၊ အလုပ်သမားပဲဟာ။ အစ်ကိုလေးဆီက ငွေပဲယူချင်တာ"

"နင်"

"အခု ဘယ်လိုလုပ်မလဲ မမဒေဝီရောက်လာရင် မမလေး သတ်တာလို့ ဒေါ်သွယ်က ပြောတော့မှာ"

အန်တီချစ်သဲက သူမအား လာရောက်တောင်းပန်ခဲ့သည်။ အနူးအညွှတ်ပဲ…သီတာ့ကလည်း သူမနှင့်မသက်ဆိုင်သောကိစ္စဟုပဲ သတ်မှတ်ခဲ့ပြီး ငြင်းပယ်ခဲ့၏။ ကောင်းကင်ရယ် နင့်အမေဆုံးသွားရတာ သီတာ့ကြောင့်လားဟင်။ သီတာ့အနေနှင့် အန်တီချစ်ရဲ့ တောင်းဆိုမှုကို လက်ခံလိုက်ရမှာပါ။ အခု မာမာက သီတာ့စေတနာတွေကို စော်ကားလိုက်ခြင်းပင်။ သီတာ့က အတင်းအကြပ် လက်ထပ်နိုင်းနေတာတဲ့။ ဘုရားရေ…မာမာပဲ သူမအား အကူအညီတောင်းခဲ့သည်။ နိမ့်ကျတဲ့အလုပ်သမားဘက်ကနေ ကိုယ်ချင်းစာစွာ သီတာ့ ကူညီလုပ်ဆောင်ပေးခဲ့တာပါ။ မာမာက အပြစ်တွေအားလုံး သီတာ့အပေါ်ပုံချပြီး

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။

"မမလေး အပြစ်တွေပဲ၊ မာမာက အလျော့ပေးပြီး အစ်ကို လေးဆီက ငွေပဲယူမလို့ဟာ။ မမလေးက ကိုယ်ဝန်တွေဘာတွေရမယ့် အထိတွေးပြီး အလကားပူနေတယ်"

"မာမာ"

မာမာ ထွက်သွားသည်။ သီတဂူတစ်ယောက်ထဲ မာမာ့အား ကူညီမိတာ နောင်တရနေရင်း အန်တီချစ်အတွက်လည်း စိတ်ထိခိုက် ကြေကွဲနေသည်။ ဘယ်လိုလုပ်ရမလဲ၊ မမဒေဝီပြောသလိုပဲ သီတဂူက ကြိုဟ်မွှေခဲ့တာလား။ ဘာပဲဖြစ်ဖြစ် အန်တီချစ်ကို သီတဂူ တောင်းပန် စကားတွေ ပြောချင်သည်။ မာမာ မယုံရဘူး။ ကောင်းကင်ကို အမိဖမ်းဖို့ ကြံစည်ခဲ့တာပဲ ဖြစ်နိုင်၏။ ကောင်းကင်ကို တောင်းပန်ရမယ်။ အန်တီ ချစ်အနားသို့ သီတဂူ ရောက်သွားသည်။

× × × × × × × × × × × × × ×

## အခန်း(၂၁)

သီတဂူ တောင်းပန်ပါတယ် အန်တီချစ်၊ မိတွေးဆိုပြီး ရက်စက် တာတော့ မဟုတ်ပါဘူး။ တကယ့်ကို သဘောရိုးနဲ့ပါ။ ကောင်းကင်ကို နှိမ့်ကျတဲ့မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်စေချင်တဲ့ လက်တုန့်ပြန်မှု တွေ မဟုတ်ရပါဘူး။ မာမာ့ဘက်က ရိုးသားစွာ ရပ်တည်ပေးချင်လို့ပါ။ အန်တီချစ်က မယုံနိုင်လောက်စွာ လူလောကကြီးထဲကနေ ထွက်ခွာ သွားရပြီဖြစ်သည်။ သီတဂူကြောင့်လား။ တောင်းပန်ပါတယ်နော်။ သီတဂူ မှားသွားတာပါ။ တကယ်ဆို အန်တီချစ်ရဲ့ တောင်းဆိုမှုတွေကို သီတဂူ အလေးအနက်ထားသင့်ပါတယ်။ အန်တီချစ်ကတော့ အိပ်စက်နေသလိုပဲ အသက်ရှင်စဉ်ကနှင့်မတူအောင် ငြိမ်သက်နေသည်။

"သီတဂူ . . .နှင် တော်တော် ရက်စက်တဲ့ ကောင်မပဲ၊ ငါ့မေမေကို နှင် သတ်ပစ်လိုက်တာပဲ . . .ကြိုလ်မ"

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

"အမေ့"

"နင့်ကို သတ်ပစ်မယ်၊ ငါတို့မိသားစုကို အပြုံပြုံအကွဲကွဲဖြစ်အောင် လုပ်နေတဲ့ကောင်မ"

မမဒေဝီရောက်လာပြီး သီတာ့ရွှအား ရိုက်နှက်နေ၍ ကောင်းကင် ကြားဝင်တားဆီးလိုက်သည်။

"ဖယ်စမ်း···ကောင်းကင် ဒီဟာမ သီတာ့ရွှဘက်ကနေ နင်ကာကွယ်မနေနဲ့၊ ဒေါ်သွယ်က ပြောတယ်···မေမေ့ကိုသတ်တာ ဒီကောင်မတဲ့"

"ပြဿနာတွေကိုပိုပြီး ကြီးထွားအောင် မလုပ်ပါနဲ့ မမရာ၊ တော်ပါတော့ ကောင်းကင် တောင်းပန်ပါတယ်။ သီတာ့ရွှနဲ့ ဘာမှ မဆိုင်ပါဘူး။ မေမေနဲ့မမတို့ရဲ့ အတွက်ကြောင့်ပါ"

"ဘာ"

"ကောင်းကင် တောင်းပန်ပါတယ်၊ အတွက်တွေ မာနတွေ တစ်ကိုယ်ကောင်းဆန်မှုတွေ ရပ်ကြပါတော့"

"နင် · · ·နင် ဒီကောင်မဘက်ကပဲ ရပ်တည်နေတော့မှာလား ကောင်းကင်၊ မေမေ ဘယ်လောက်အထိ တောင်းပန်မလဲဆိုတာ



မမသိတယ်။ ဒီကောင်မက လက်မခံတာပဲဖြစ်မယ်၊ အခုမှ ရောက်လာပြီး ဗိုလ်ကျစိုးမိုးချင်နေတာ။ နင့်ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး သီတာ့ရွှ၊ နင့်ကိုလည်း သတ်မယ်"

"မမ"

"ဖယ်စမ်း"

"မမကိုယ်မမ ပြန်ကြည့်ပါဦး၊ အားအင်တွေ နည်းနေပြီလေ။ မဆင်ခြင်ရင် မမလည်း မေ့မေ့နောက် လိုက်သွားရလိမ့်မယ်နော်"

ကောင်းကင်က မမလက်ကိုဖမ်းချုပ်ပြီး နာနာကျည်းကျည်း ပြောပစ်လိုက်သည်။ မမလွန်တယ်၊ သီတာ့ရွှက အပြစ်မဲ့ပြီး အေးချမ်းသည့် မိန်းကလေးပါ။ မမဒေဝီကို ဆွဲခေါ်လာသည်။

"ဖယ်စမ်း···ကောင်းကင် မေမေ့အနားမှာ ငါ နေဦးမယ်၊ မေမေရေ ဒေဝီ ဘယ်လိုနေရစ်ရမလဲ။ ဒေဝီလည်း မေမေ့နောက်ကို လိုက်ခဲ့မှာလား"

"တော်ပါတော့ဗျာ၊ မေမေ့အတွက် ဆက်လုပ်စရာရှိတာတွေ ဆက်လုပ်ပါရစေတော့"

"သီတာ့ရွှ နင့်ကြောင့်ပဲ ငြိုလ်မ၊ နင့်ကြောင့် ငါတို့မိသားစုတွေ ဒုက္ခရောက်ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သီတဂူ ငြိမ်သက်စွာ ရပ်တည်မိသည်။ မမဒေဝီ ပြောချင်ပြော၊ ရိုက်ချင်ရိုက်ပါ။ သီတဂူကြောင့်လည်း ပါသည်၊ အန်တီချစ်ရယ် သီတဂူ မှားပါတယ်။ သီတဂူ ခေါင်းမာလို့လေ။ ဖေဖေလည်း ဝှီးချဲလ်နှင့် သီတဂူအနားသို့ ရောက်လာ၏။ ကောင်းကင်လည်း ပြန်ရောက်လာကာ အန်တီချစ်အလောင်းအား အအေးတိုက်ပို့ရန် စီစဉ်သည်။

"ချစ်သဲ…ကိုကိုခဲ့ပြောသားပဲ အတ္တတွေ၊ မာနတွေ ချပစ်လိုက်ပါတော့လို့…ကိုကိုလည်း မင်းဖြစ်ချင်တာကို ဖြစ်အောင် မစွမ်းဆောင်ပေးနိုင်ခဲ့ဘူး။ ကိုကို တောင်းပန်ပါတယ်"

အမြဲတမ်း ထင်ရာစိုင်းပြီး မာန်မာနတွေ မောက်မာလွန်းတဲ့ ချစ်ချစ်သဲကို ဦးငွေရဲ့ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပေမယ့် မိမိဇာတ်ဝင်ခန်းရောက်သည့်အချိန်တွင် ချစ်ချစ်သဲက ပမာမခန့်နှင့် မလေးမစား ပြုမူလာ၏။ သမီးရောက်၍လည်း ပိုပြီး မကျေနပ်ကာ ရန်ဆောင်လာသည်။

"အရာအားလုံး ဘာမှမတတ်နိုင်တော့လို့ပါ ချစ်သဲ"

"ဖေဖေ"

"သမီး သီတဂူ"

"သမီးကြောင့်ပါ။ အန်တီချစ်က ကောင်းကင်အတွက် တောင်း



ပန်နေတာတောင် သီတဂူက ခေါင်းမာပြီး ငြင်းပစ်လိုက်တာ။ အန်တီချစ် အရမ်းခံစားသွားရမှာပါ ဖေဖေရယ်"

"ဖြစ်ပြီးသွားပြီပဲ၊ နောက်ထပ် စိတ်သောက ထပ်ရောက်မလာအောင်တော့ အားလုံးပြုပြင်ကြရမယ်"

အန်တီချစ်အလောင်းကို ရေခဲတိုက်သို့ လာသယ်ယူတော့ မမဒေဝီ အသိမဲ့သွားအောင် ငိုကြွေးနေသည်။ သီတဂူလည်း သည်းခံပြီး ဆက်ဆံနေခဲ့လျှင် အန်တီချစ်ကျေနပ်ပြီး အသက်ရှင်နိုင်သေးပါတယ်။ ဖေဖေကတော့ ပြဿနာဆက်မရှာဖို့ မမဒေဝီအား တင်းကြပ်စွာ တားထား၍ ငြိမ်နေသည်။

"ဘယ်သူမှ ပြဿနာဆက်မရှာနဲ့တော့…အားလုံးမနစ်နာအောင် ဖေဖေ စီစဉ်ပေးမယ်။ အခုချိန်ကစပြီး တစ်လအထိ ချစ်ချစ်သဲအတွက် သည်းခံငြိမ်သက်နေပေးကြပါ"

အန်တီချစ်လည်း မရှိတော့၍ မမဒေဝီ ငြိမ်နေသည်။ ကျန်းမာရေးချို့တဲ့နေပုံရတဲ့ မမဒေဝီအတွက်လည်း စိတ်ပူနေ၏။ သီတဂူ သည်းခံမယ်၊ သီတဂူကို ရိုက်ချင်ရိုက်၊ ပြောချင်တာပြောပါနော်။ ကောင်းကင်က တစ်ယောက်ထဲပဲနေသည်။ ဦးတဂူနှင့်စကားမပြောပေ။ မာမာလည်း ငြိမ်သက်နေ၏။ အန်တီချစ် တစ်လပြည့်မှ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



ပေးမည်ဖြစ်၍ ဆူဆူပူပူမလုပ်ကြတော့ခြင်းဖြစ်သည်။

"ကောင်းကင်"

"ကျေးဇူးပြုပြီး ကိုယ့်ကိုလာပြီး မတောင်းပန်ပါနဲ့ သီတဂူ၊ မင်း အပြစ်မရှိဘူးလို့ ကိုယ်ခံယူထားတယ်"

"ကောင်းကင်က သီတဂူကို နားလည်ပေမယ့် တောင်းပန်စကားတော့ ပြောချင်တယ် နားထောင်ပြီး လက်ခံပေးပါ"

"မလိုဘူးလို့ ပြောပြီးပြီပဲ သီတဂူ၊ ကိုယ်နဲ့မင်း ဘာမှမဆိုင်တော့ဘူး။ ကိုယ်လက်ထပ်တာ မင်းကြောင့်လည်း မဟုတ်ဘူး၊ ကိုယ့်အမေသေတာလည်း မင်းနဲ့မဆိုင်ဘူး"

"ကောင်းကင်ရယ်"

သီတဂူ ဘယ်လိုမှ ထိန်းချုပ်ထားနိုင်စွမ်း မရှိတော့ဘဲ သူမအား ကျောခိုင်းရပ်နေတဲ့ ကောင်းကင်အနားတိုးကပ်သွားပြီး နောက်ဘက်မှ သိုင်းဖက်ထားလိုက်မိသည်။ ချစ်သူရယ် သီတဂူ တကယ်ပဲ နာကျင်ကြေကွဲပြီး နလုံးသားတွေ တစ်စစီပဲ့ကြွေကျမတတ်ပါပဲ။ မာမာ့ကို လက်မထပ်ပါနဲ့၊ သီတဂူ မှားပါတယ်နော်။ သီတဂူလည်း မာမာနဲ့ ကြံရာပါမဟုတ်ပါဘူး။ နိမ့်ကျတဲ့ မာမာ့ဘက်ကနေ ရပ်တည်ပေးချင်တာလေးပဲရှိတာပါ။ ကောင်းကင်က သူမလက်တွေကို ဖယ်ရှားပစ်သည်။



သူမနှင့် မျက်နှာချင်းဆိုင်လိုက်ပေမယ့် မျက်ဝန်းတွေက အေးစက်မာကျောနေ၏။ သီတဂူ ကြောက်လန့်တကြား မော့ကြည့်မိနေသည်။

"ကိုယ်နဲ့ မပတ်သက်ပါနဲ့၊ ကျေးဇူးပြုပြီး ကင်းကင်းရှင်းရှင်း နေပါ သီတဂူ"

"ကောင်းကင် . . . ဘာပဲဖြစ်ဖြစ် မာမာ့ကို လက်မထပ်ပါနဲ့တော့ ဒီကိစ္စမှာ ကောင်းကင်အပြစ်ကင်းတယ်ဆိုတာ သီတဂူ ယုံကြည်တယ်။ မာမာ့အတွက် သင့်တော်မယ့် သွေကြေး . . ."

"တော်စမ်းပါ သီတဂူ . . . ကိုယ်ငွေမပေးဘူး။ ကိုယ် ဘာဖြစ်သွားမလဲ။ မာမာ့ကိုလက်ထပ်တာ လက်မထပ်တာ ကိုယ့်ကိစ္စပါ။ ကိုယ်လည်း မူးနေတာပဲ၊ မာမာ့ကို လွန်ကျူးမိရင် လွန်ကျူးမိမှာပဲ"

"ရှင် . . . မလွန်ကျူးပါဘူး။ သီတဂူသိတာက မာမာ ကြံစည်တာပဲ"

"ဒေါ်သီတဂူ ဘယ်လိုဖြစ်ရတာလဲ၊ ခင်ဗျားပဲ ကျုပ်ကစော်ကားလို့ တာဝန်ယူပေးပါဆို"

ကိုယ်သိပါတယ် သီတဂူ။ ဒါပေမယ့်လည်း မမဒေဝီနဲ့မင်း ပဋိပက္ခဖြစ်နေမှာကို ကိုယ်တကယ်ပဲ မလိုလားလို့ပါ။ မင်းဒေါက်တာ့ကိုပဲ လက်ထပ်ပါ။ မင်းဘဝအတွက် အသင့်တော်ဆုံးပါပဲ၊ ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ မာမာ့ကို လျော်ကြေးအဖြစ် ငွေပေးလိုက်ရမှာကို လက်မခံနိုင်ပေ။ သူဘာမှ မလွန်ကျူးခဲ့ဘူးဆိုတာကိုပဲ သက်သေအထောက်အထား ရှိစေချင်သည်။ နာမည်ကပျက်နေပါပြီ။ သူ့ဂုဏ်သိက္ခာတွေ ညှိုးမှိန်ကျဆင်းနေသည်။ မာမာက ငွေလိုချင်ပေမယ့် သူနှင့်လွန်လွန်ကျူးကျူးအထိ အငြိစွန်းခဲ့ဘူးဆိုတာ ဖွင့်မပြောသေးပေ။ ငွေမရမှာစိုး၍ ဝန်မခံတာ သူသိနေသည်။

"မာမာ့ကို ငွေပေးလို့မဖြစ်ဘူး။ အဲ့ဒီလို လျော်ကြေးအဖြစ်ပေးလိုက်ရမှာ ကိုယ် မလိုလားဘူး သီတာ့။ ကိုယ့်ဘဝရဲ့ အစွန်းအထေးပဲ ဘဝတစ်သက်လုံး ဒီအမည်းစက်က ဖျက်လို့မရနိုင်ဘူးကွ"

"ကောင်းကင်ဘက်က ဖြူစင်တယ်ဆိုတာ သီတာ ယုံကြည်ပါပြီ၊ မာမာက ဝန်မခံသေးတာ ငွေကြောင့်ပါ"

"ကိုယ့်ကိစ္စမှာ မင်း ဝင်မပါလေ အကောင်းဆုံးပါပဲ သီတာ၊ တောင်းဆိုတာပါ။ အနူးအညွတ် တောင်းဆိုတာပဲ"

တစ်လပြည့်တာနဲ့ သူ ဒီကနေ မမဒေဝီကိုခေါ်ပြီး ထွက်သွားဖို့ ဆုံးဖြတ်ထားသည်။ မမဒေဝီက သီတာ့အား တစ်ခုခုဒုက္ခပေးလိုက်မှာ သူ စိုးရိမ်ပူပန်နေမိ၏။ အကာအကွယ်ပေးချင်တာပါ၊ မင်းနဲ့ လက်ထပ်ဖို့ မလုပ်ရက်တော့ဘူး။ ကိုယ့်ဘဝနဲ့မင်း မထိုက်တန်တော့ပါ



ဘူး သီတာ့ရယ်။ သူ ရှောင်ထွက်သွားဖို့ပဲ စဉ်းစားလိုက်သည်။

"ကောင်းကင်"

"မင်းက ကိုယ့်ညီမလေးပဲ ဖြစ်သင့်တယ် သီတာ၊ ကိုယ်တို့ မိသားစုကြောင့် မင်းဘဝလေး အမေးချမ်းတာပါ။ ဒေါက်တာ သက်တန့်ရောင်ရင်ခွင်ကပဲ ကိုယ့်ညီမလေး သီတာ့အတွက် အေးမြတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ပျော်ရွှင်နိုင်မှာပါ"

သူဘာမှမဖြစ်သလို ချပ်ပေါ့ပေါ့လေး ရယ်မောပြောပစ်ခဲ့သည်။ ကိုယ် ကြာကြာသည်းခံနိုင်တဲ့ အင်အားတွေမရှိတော့ဘူး သီတာ့။ မင်းကို ပွေ့ဖက်ပြီးနမ်းရှိုက်ချင်တယ်၊ အရမ်း ချစ်တယ်။ သီတာ့ကို ကိုယ်အရမ်းပဲ ချစ်မြတ်နိုးနေမိလို့ပါကွာ။ သူရှောင်ထွက်လာခဲ့သည်။ ရင်တွေနာကျင်စူးရှနေ၏။ ဖေဖေက ကိုယ်တို့မောင်နှမအတွက် အခွင့်အရေးတွေ အများကြီး ပေးမှာပါ။ ပထွေးဆိုပေမယ့် ဖခင်အရင်းလိုပဲ ဖေဖေက စောင့်ရှောက်လာခဲ့သည်။ ကိုယ်လည်း သီတာ့ဘဝလေးကို ပျော်ရွှင်အေးချမ်းစေချင်တာပါ။ သီတာ့ကို လက်ထပ်ဖို့ မကြိုးစားတော့ပေ။ ဒီကနေ ထွက်သွားဖို့ပဲ ဆုံးဖြတ်ထားသည်။ မမဒေဝီကိုလည်း ဖျောင်းဖျရမယ် ကောင်းကင် စိတ်အပူရဆုံးက မမပဲ နေမကောင်းသလိုလို ဖြူဖျော့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမဒေဝီ"

"နင် . . . နင် ကောင်းကင် ဟိုဟာမဆီက ပြန်လာတာ မဟုတ်လား။ နင် . . . နင်က ဂြိုလ်မ သီတဝ္ဂဘက်ကပဲ"

"မမ နေမကောင်းဘူးထင်တယ်၊ ဆေးခန်းသွားပြရအောင်နော်"

"မပြဘူး"

မေမေမရှိတော့ ဒေဝီ အရမ်းပဲအားငယ်နေမိသည်။ ကြောက်တယ်၊ ရင်ထဲမှာ တလှပ်လှပ်တုန်နေ၏။ မောင်လေးကောင်းကင်ကလည်း ဂြိုလ်မဘက်မှာပဲ ရပ်တည်နေ၍ စိတ်နာနေသည်။ ဒေဝီ့ကိုယ်ဝန်ပြဿနာလည်း အသိတစ်ယောက်ရဲ့ လမ်းညွှန်မှုနဲ့ ဖျက်ချီးပစ်ခဲ့၏။ ဒါပေမယ့် ဒေဝီ ကြောက်ရွံ့ထိတ်လန့်နေတာက အရက်တကွဲတွေဖြစ်လာမှာပဲ။ အခု နေလို့မကောင်းပေ။ ညဘက်တွေမှာ ချမ်းတုန်နေသည်။

"ဆေးခန်းသွားပြရအောင်ပါ မမ . . . ထပါဗျာ။ မေမေ မရှိတော့ပေမယ့် မောင်လေးရှိပါသေးတယ်"

"နင် ထွက်သွားစမ်း။ နင်က ဟိုကောင်မဘက်ကပဲ နင့်ကိုလည်း မုန်းတယ်"



"စိတ်သောကရောက်စရာတွေ မတွေးပါနဲ့တော့ မမရာ၊ ကောင်းကင်နဲ့မမ ချစ်ချစ်ခင်ခင်နဲ့ ဘဝရဲ့အေးချမ်းရာကို ရှာကြရအောင်"

ကောင်းကင် . . . မမတို့ဘဝက အရမ်းကြောက်စရာ ကောင်းလောက်အောင် ကြမ္မာဂြိုလ်ဆိုးတွေ ဝင်နှောင့်နေပြီထင်တယ်။ မမရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒုက္ခတွေကို မောင်လေးကို ဘယ်လိုရင်ဖွင့်ပြရမလဲ။ မေမေဆိုရင် မမတိုင်ပင်လို့ရတယ်။ အားလုံး သီတဝ္ဂကြောင့်ပဲ မမဘယ်တော့မှ ခွင့်မလွှတ်ဘူး။ နင်လည်း ငါတို့လိုပဲ ခံစားရမယ်။ မောင်လေးကောင်းကင်နှင့်မာမာတို့ လက်ထပ်မှာလည်း ဒေဝီ ကြောက်နေသည်။

"ကောင်းကင် . . . နင် . . . နင် သီတဝ္ဂဆိုတဲ့ကောင်မ ကျေနပ်အောင်ပဲလုပ်ပြမနေနဲ့၊ မာမာ့ကို ပိုက်ဆံပေးလိုက်ပါ လက်မထပ်နဲ့"

"မမကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ စိတ်တွေ တင်းမထားပါနဲ့ဗျာ။ ကောင်းကင် တောင်းပန်ပါတယ် လူ့ဘဝမှာ ဒေါသတွေ မာန်မာနတွေနဲ့ အသက်မရှင်ချင်ပါနဲ့။ သီတဝ္ဂကို မမုန်းပါနဲ့၊ ဖေဖေက ကောင်းကင်တို့ကို သားသမီးအရင်းတွေလို ကျွေးမွေးစောင့်ရှောက်လာခဲ့တာပါ"

"မကြားချင်ဘူး၊ ငါဘာမှ မကြားချင်ဘူး။ သီတဝ္ဂကိုခေါ်ပြီး မြှောက်စားထားတာ အမေအရင်းလို သဘောထားတာလား

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်"

"မမ . . .ထပါ ဆေးခန်းသွားပြရအောင်၊ ဒါမှမဟုတ်ရင် ဒေါက်တာသက်တန့်ကို ဖုန်းဆက်ခေါ်လိုက်မယ်"

"မခေါ်နဲ့ မမဘာမှမဖြစ်ဘူး။ ဆရာဝန်ပြစရာ မလိုပါဘူး။ နင်ပဲ..နင်ပဲ ဟို သီတာရူဆိုတဲ့ကောင်မအတွက်၊ တို့အိမ်က အလုပ်သမားကောင်မကို ငွတ်မိုတ်လက်မထပ်နဲ့"

"မမ"

"နင် သွားတော့"

မောင်လေးကောင်းကင်ကို ငွတ်အတင်းပဲ မောင်းထုတ်ပစ်သည်။ ဒေဝီ ခါးတွေကိုက်လာ၏။ ဘယ်လိုဖြစ်ရတာလဲ မေမေ ဒေဝီ ဘယ်သူ့ကို ရင်ဖွင့်ပြောပြရမလဲ။ ဆရာဝန်လည်း မပြရဲဘူး။ ဒေဝီ့ကို ကိုယ်ဝန်ဖျက်ချပေးခဲ့တဲ့ မိန်းမကြီးဆီပဲ ပြန်သွားရမယ်။ ခေါင်းတွေလည်း မူးနောက်ရီဝေနေသည်။ မေမေ့နောက်ကို ဒေဝီလိုက်ရတော့မလား။ နှာကျင်လွန်းသဖြင့် ချွေးစေးတွေပင် ထလာရ၏။ ဒေဝီအံကြိတ်ပြီး လူတွေမသိအောင် ခံစားနေရသည်။

× × × × × × × × × × × × × × ×

## အခန်း(၂၂)

သီတာရူကတော့ မမဒေဝီနှင့် သင်မြတ်အောင် နေထိုင်ဖို့ပဲ ဆုံးဖြတ်ထား၍ ဖြစ်ချင်ရာဖြစ် မမဒေဝီ သတ်ရင်လည်း သတ်ပါစေ။ အခန်းထဲဝင်သွားပြီး တောင်းပန်ဖို့ပဲ ဆုံးဖြတ်ထားသည်။ မမဒေဝီလည်း ကျန်းမာရေး မကောင်းပုံပဲ ဖြူရော်နေ၏။ အနိတ်ချစ်သေဆုံးရတာ သီတာရူ အလျော့မပေးတာလည်း အကြောင်းတစ်ခုဖြစ်နေ၍ အသက်ဆုံးရှုံးရတာဆိုပြီး မမဒေဝီကိုတော့ အနိတ်ချစ်လို အဖြစ်မခံနိုင်တော့ပေ။ မမဒေဝီကို ပြုစုဖို့ သီတာရူ ဝင်လာခဲ့သည်။

"ဟင်...မမဒေဝီ...ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား"

မမဒေဝီက ကြမ်းပြင်ပေါ်မှာ လဲကျနေသည်။ သွေးတွေက ခန္ဓာကိုယ်အောက်ပိုင်းမှာ အဝှုံးလိုက်ယိုစီးကြနေတာ တွေ့ရ၍ သီတာရူ

www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့် ပြေးပွေ့သည်။

"မမ···ဘာဖြစ်တာလဲ သွေးတွေ···စိတ်ကိုတင်းထားနော် သီတဂူ ဖုန်းဆက်လိုက်မယ်၊ ဆေးရုံကားကို အမြန်ခေါ်မှဖြစ်မယ်"

ဒေဝီ သတိလစ်မတတ်ဖြစ်နေ၍ သီတဂူကို ဘာမှမပြောနိုင်ပေ။ သွေးသွန်တာ ဒေဝီကို လုပ်ပေးလိုက်တဲ့မိန်းမကြီး ပေါ့လျော့တာ။ သွေးတွေက ဒလဟောသွန်နေသဖြင့် ဒေဝီအင်အားနည်းပြီး လှုပ်ရှား၍ပင် မရတော့။ သတိလစ်မသွားအောင်ပဲ စိတ်ကိုတင်းထားသည်။ သီတဂူကတော့ ဆေးရုံကားကို ဖုန်းဆက်ခေါ်နေ၏။ မောင်လေးကောင်းကင်ဆီလည်း ဖုန်းဆက်နေသည်။

"ကောင်းကင် အမြန်လာပါ။ မမဒေဝီ သတိလစ်နေလို့"

သီတဂူ ကျေးဇူးတင်ပါတယ်ဟာ၊ နင်လာပြီး ကူညီတာပဲ။ နင်ရောက်လာလို့ပဲ သီတဂူ။ မမဒေဝီသေမှာပဲ မှူးလိုက်တာ၊ မမဒေဝီ အမှားတွေပါပဲ။ ပြန်ပြင်ခွင့်ရှိပါတော့မှလား သီတဂူရယ်၊ ဒေဝီမျက်ဝန်းတွေထဲ အမှောင်ထုက အထပ်လိုက်ကျရောက်လာသည်။

"မမဒေဝီ···မမဒေဝီ သတိထားပါဦး"

ကောင်းကင်လည်း ရောက်လာပြီး မမဒေဝီအား ဆေးရုံပို့ဖို့ စီစဉ်သည်။ မမဒေဝီ ဘာမှမဖြစ်ပါစေနဲ့၊ အန္တရာယ်ချစ် သေဆုံးတာပင်



ရက်လည်ခွမ်းကျွေးပြီးကာစပဲ ရှိသေးသည်၊ မမဒေဝီ အချိန်မီဆေးရုံရောက်သွား၍ မမဒေဝီ့အသက်ကို ကယ်တင်နိုင်ခဲ့သည်။

"ကျေးဇူးပါပဲ သီတဂူ၊ မမအသက်ကို မင်း ကယ်တင်ပေးလိုက်တာပါ"

"သီတဂူကြောင့် မမဒေဝီ အသက်ရှင်ခွင့်ရရင်တောင် သီတဂူ ကျေနပ်ပါပြီ၊ ဘာပဲဖြစ်ဖြစ် မမဒေဝီက သီတဂူရဲ့ အစ်မပါပဲ"

မမဒေဝီအနားမှာ အချိန်ပြည့် သီတဂူ စောင့်ရှောက်ပေးနေသည်၊ သွေးသွင်းထားပေမယ့် သတိမရသေးပေ၊ မမဒေဝီရဲ့ ချစ်ခင်ကြင်နာမှုတွေကို သီတဂူရယူချင်၏။ ကောင်းကင်ကြောင့် မဟုတ်ပါဘူး။ ဖေဖေကလည်း ကိုယ့်အစ်မအရင်းတစ်ယောက်လို သဘောထားပြီး ပြုစုပေးပါတဲ့။ အန္တရာယ်ချစ်မရှိတော့သဖြင့် ဖေဖေ့မှာ တာဝန်ပိုများသွားပြီတဲ့။ သီတဂူကလည်း အားလုံးကို အဆင်ပြေအေးချမ်းချင်သည်။

"သီတဂူကတော့ မမကို အလျှော့ပေးလိုက်ဖို့ပဲ ဆုံးဖြတ်ထားပါတယ် ကောင်းကင်၊ မိသားစုဝင်တွေပဲ မမဒေဝီက အကြီးလေ"

"သီတဂူရယ်"

ကောင်းကင် စိတ်သက်သာမှုတွေတော့ရသည်။ မမကရော သီတဂူအပေါ် အမုန်းတွေအလွယ်တကူ လျော့ပါးသွားပါ့မလား။ မမဒေဝီ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဖျက်ချတာတဲ့၊ ဘာတွေလဲ ကောင်းကင် အသေးစိတ်မေးမြန်းလို့ မဖြစ်ပေ။ သီတာ့ရှုကို အားကိုးချင်၏။ ပြဿနာတွေ အမျိုးမျိုးဖြစ်နေခဲ့ရာ ကောင်းကင်စိတ်ရှုပ်ထွေးနေသည်။

"ကောင်းကင် ပြန်ပါ။ မမဒေဝီအတွက် အသက်အန္တရာယ်မရှိတော့ဘူးလေ။ ပြန်ပြီး အနားယူပါ"

"သီတာ့ရှုလည်း ပြန်လေ၊ ဒေါ်သွယ်ကို စောင့်ခိုင်းမယ်။ သူနာပြုလည်း ရှိနေတာပဲဟာ"

"သီတာ့ရှုပဲ စောင့်မယ်၊ မမဒေဝီ့ကို တောင်းပန်ချင်လို့ပါ။ မမက သီတာ့ရှုကို ထပြီး မရိုက်နိုင်ပါဘူး"

"သီတာ့ရှု"

"ဟင်"

"ကိုယ် မေးစရာရှိတယ်"

"အင်း . . . ပြောလေ"

"ဒေါက်တာနဲ့ လက်ထပ်မှာလား"

"အင်း"

"ကိုယ် . . . အဲ ထားလိုက်ပါတော့ကွာ၊ ကိုယ်ပြန်မယ်။ ကိုယ်က သီတာ့ရှုကို ဘာလုပ်ပါ ဘာမလုပ်နဲ့လို့ ပြောခွင့်မရှိဘူးလေ"



သူ့မျက်ဝန်းတွေ ရီဝေစိုစွတ်နေသည်။ ကောင်းကင်မျက်နှာက ချောင်ကျနေပြီး စိတ်ရှုပ် ညစ်နွမ်းနွမ်းနှင့် သီတာ့ရှုမြင်တွေ့ရတာ စိတ်ထိခိုက်နေရ၏။ သီတာ့ရှု ဘယ်လို ကူညီရမလဲ၊ ကောင်းကင်မှာ ပြဿနာတွေ အမျိုးမျိုးရင်ဆိုင်နေရသည်။ သီတာ့ရှုကြောင့်ပဲလား။ မာမာ့ကို ကောင်းကင် လက်မထပ်ပါနဲ့လို့ရော သီတာ့ရှု တားဆီးပိုင်ခွင့်ရှိနေရဲ့လား။ ကောင်းကင် ပြန်သွားသည်။

"အင်း . . . အင်း အန်ချင်တယ်၊ ခေါင်းတွေမူးလိုက်တာ"

"ဟင် . . . မမဒေဝီ သတိရလာပြီလား။ မမဒေဝီ"

"အင်း"

"အန်ချင်အန်လိုက်နော်၊ ခွက်ခံထားတယ်"

မမဒေဝီ သတိရနေပေမယ့် မျက်ဝန်းတွေက မှိန်းနေဆဲပင်။ မမဒေဝီကိုကြည့်ရတာ အလွန်အမင်း အိုစာနေသဖြင့် သီတာ့ရှု စိတ်မကောင်းဖြစ်ရသည်။

"ဝေ့"

"ဝေ့"

"အန်နော် . . . ဘာမှမဖြစ်တော့ဘူး။ မနက်ဖြန်ဆို မမဒေဝီ ဆေးရုံကနေ ဆင်းခွင့်ရပြီတဲ့"

www.burmeseclassic.com

www.burmeseclassic.com



သီတဂူလား။ မမမှားပါတယ်ကွယ်။ သီတဂူ ရောက်လာလို့ပဲ၊ ဒေဝီ သွေးတွေသွန်ပြီး သတိလစ်မတတ်ဖြစ်နေသည်၊ အကူအညီ တောင်းဖို့ အသံက မထွက်၊ ခန္ဓာကိုယ်က အားအင်တွေ ချိနဲ့ကာ ကြမ်းပြင်ပေါ်လဲကျနေခဲ့၏။ သီတဂူ ရောက်လာလို့ပဲ ချက်ချင်းပဲ အကူအညီပေးခဲ့သည်။ သီတဂူသာ စိတ်ကောင်းမရှိခဲ့ရင် ဒေဝီသေဆုံး တာကို စောင့်ကြည့်နေရုံပဲ ရှိတော့၏။ မမဒေဝီ မှားပါတယ်၊ သီတဂူ ချေငြ မဟုတ်ပါဘူး။ မမတို့ရဲ့ အတွာတွေကြောင့်ပါ၊ ဖေဖေကရော ဒေဝီ့အပေါ် ဘယ်လောက်အထိ တာဝန်ကြေခဲ့လဲ မေမေနဲ့ဒေဝီတို့ သုံးဖြုန်းသမျှ ဖေဖေက စီးပွားရေးတွေကို ထိန်းသိမ်းလုပ်ဆောင်ကာ ဖြေရှင်းပေးခဲ့သည်၊ သားသမီးအရင်းလို စောင့်ရှောက်လာခဲ့တာကို ဒေဝီ က ပိုပြီးစော်ကားပြောဆို၍ ကျေးဇူးကန်းခဲ့သည်။

"မမ"

"ဟင်"

"သက်သာရဲ့လား၊ သီတဂူ ဆရာဝန်ကို ခေါ်ပေးရမလား"

"ဟင့်အင်း ရပါတယ်၊ နည်းနည်းလေး မူးနေတာပါ"

"အိပ်လိုက်ဦးနော်"

သီတဂူကိုင တောင်းပန်စကားတွေ ပြောချင်ပေမယ့် ဒေဝီ



အင်အားတွေ ချိနဲ့နေဆဲပင်။ မူးလိုက်တာ သီတဂူက မမဒေဝီရဲ့ အသက်အန္တရာယ်မရှိတော့ဘူးတဲ့၊ ဒေဝီ့မျက်လုံးတွေကို အားယူပြီး ဖွင့် ကြည့်သည်။ သီတဂူမျက်နှာလေးကို တွေ့ရသည်။

"မမ"

"ဟင်"

"သက်သာလား"

"အင်း"

"အနားယူလိုက်ပါနော်"

"အင်း"

မမဒေဝီ ပြန်ပြီးအိပ်ပျော်သွားသည်။ ဖေါ်သွယ်က ညအိပ် စောင့်ပေးမည်ဆိုတာပင် သီတဂူ လက်မခံခဲ့ပေ။ သူမ စောင့်ပေးနေ၏။ နောက်နေ့မနက်မှာတော့ မမဒေဝီ ကောင်းကောင်းလေး သတိရလာ သည်။

"သီတဂူ"

"ရှင်. . .မမ"

"ကျေးဇူးတင်ပါတယ်၊ မင်းက စိတ်သဘောထားဖြူစင်တဲ့ မိန်းကလေးပါ။ မမရော မေမေရော အတွာတွေကြီးခဲ့ကြတယ်၊ ဖေဖေကို

www.burmeseclassic.com

www.burmeseclassic.com



လည်း စော်ကားခဲ့တယ်။ သီတဂူက စိတ်သဘောပြည့်ဝလို့သာပေါ့"

မမဒေဝီဆီကနေ ဒီလိုစကားမျိုးကြားရတာ သီတဂူ ပျော်ရွှင်ကျေနပ်သွားကာ မမဒေဝီလက်ကို တင်းကြပ်စွာ ဆုတ်ကိုင်ထားမိသည်။ မမဒေဝီ ဖြူဖျော့ပြီး အင်အားမဲ့နေတာကလွဲပြီး အသက်အန္တရာယ် မစိုးရိမ်ရတော့ပေ။ သီတဂူအားအပြုံးတွေနှင့် ကြည့်နေ၏။ သီတဂူ စိတ်ချမ်းသာလိုက်တာ၊ အစောကြီးထဲက မိသားစုဝင်တွေ ချစ်ချစ်ခင်ခင်နေရမှာပါ။ မမဒေဝီက တိုင်ချင်တယ်ပြောပြီး ထထိုင်သည်။

"သီတဂူ ထူပေးမှာပေါ့ မမရာ"

"ရပါတယ် မမဒေဝီ ဘာမှမဖြစ်တော့ပါဘူးကွယ်"

ဒေဝီ မှားသွားပါတယ်၊ အမြတ်မ်းအပျော်တွေနှင့် ထင်ရာစိုင်းနေတတ်သော ဒေဝီကမှ ဂုဏ်သိက္ခာမဲ့အောင် ဒေဝီကိုယ်တိုင် လုပ်ဆောင်နေခဲ့တာပဲ။ သီတဂူက အနစ်နာခံတတ်သူ၊ ဖခင်အနားမှာနေခွင့်ရဖို့ ဒေဝီတို့မိသားစုနှိပ်စက်သမျှခံခဲ့ရရှာသည်။

"မမဒေဝီ...အတိတ်က အဖြစ်အပျက်တွေကို မေ့ပစ်လိုက်ကြရအောင်နော်၊ ပြန်ပြီးမပြောကြေးပဲ။ ဖေဖေရယ် သီတဂူတို့အားလုံး မိသားစုဝင်တွေအဖြစ် ချစ်ချစ်ခင်ခင်နေကြမယ်"

"နေရမှာပေါ့ မမဒေဝီတို့မှာ ဖေဖေပဲရှိတော့တာ၊ ဖေဖေ့



ကျန်းမာရေးအတွက်ပဲ ဝိုင်းဝန်းစောင့်ရှောက်ပေးကြရမယ်"

"အမလေး...သီတဂူ ပျော်လိုက်တာ"

"သီတဂူ"

"ရှင်"

"မောင်လေးကောင်းကင်ကို ချစ်လား"

"ဟင်"

"ဖြေစမ်းပါ...မင်း နှလုံးသားတွေထဲမှာ မောင်လေးကောင်းကင်ကို နှစ်နှစ်ကာကာနဲ့ "မြတ်မြတ်နိုးနိုး ချစ်နေသေးလို့လား"

သီတဂူ တွေဝေနေသည်။ ကောင်းကင်ကို သီတဂူ အသည်းနှလုံးသားတွေနှင့် ထပ်တူထပ်မျှ ချစ်နေတာကတော့ အမှန်ပါပဲလေ။ ဒါပေမယ့် မာမာ့ဆီကနေ လုယူရမယ့် အခြေအနေမျိုးကိုတော့ မဖန်တီးလိုပေ။ ကောင်းကင်ကလည်း မာမာ့အား ငွေပေးပြီး ဖြေရှင်းမှာမဟုတ်၊ ကောင်းကင်ကို ချစ်ပါတယ်၊ ရူးရူးနှစ်နှစ်ကို ချစ်မိနေတာပါ။ မမဒေဝီရယ် သီတဂူ ငိုပစ်ချင်နေသည်။

"ဖြေလေ သီတဂူ၊ ကောင်းကင်ကို တကယ်ပဲ မာမာနဲ့ လက်ထပ်ဖို့ ခွင့်ပြုမှာလား"

"သီတဂူက လက်မထပ်ဖို့ ပြောထားပြီးပါပြီ မမဒေဝီ၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်က ငွေပေးပြီး မဖြေရှင်းနိုင်ဘူးတဲ့။ ဘယ်လိုလုပ်ရမလဲဟင် မမဒေဝီ"

"အင်းလေ...ဘယ်တတ်နိုင်မလဲ ကံပဲပေါ့။ မာမာနဲ့ယောင်းမတော်ရမယ့် ရေစက်ပါနေရင်လည်း တော်ရမှာပဲ၊ မောင်လေး ကံကြမ္မာပါပဲ"

မမဒေဝီကိုယ်တိုင်က ဒေါသတွေပြေပျောက်ပြီး ကံကြမ္မာအပေါ် ပုံချနေတာတွေ့ရတော့ သီတဂူ အံ့ဩဝမ်းသာသွားရသည်။ အံ့ဩစရာပါပဲ။ မမဒေဝီ မာန်မာနတွေမရှိတော့ပဲ မမဒေဝီ့အပြုံးတွေကပင် လန်းဆန်းရှင်းသန့်နေသည်။ ကောင်းကင်တော့ ကံဆိုးခြင်းပဲလား။ သီတဂူ အပြစ်တွေပါ။ မာမာဝန်ခံမှ ဖြစ်မည့်အခြေအနေတွင် မာမာကလည်း ငွေမရမှာစိုး၍ ကောင်းကင်နှင့်ပတ်သက်၍ ဝန်ခံမှာမဟုတ်။ ကောင်းကင်အတွက် သီတဂူ စိတ်ထိခိုက်ကြေကွဲနေသည်။

× × × × × × × × × × × × × ×

# အခန်း(၂၃)

"မင်းကို ငါ ငွေကြေးနဲ့ မရှင်းနိုင်ဘူး မာမာ၊ လက်ထပ်ယူဖို့ကလွဲပြီး တခြားနည်းလမ်းနဲ့ မဖြေရှင်းနိုင်ဘူး"

"အစ်ကိုလေး ထိခိုက်နစ်နာမှာစိုးလို့ပါ။ ငွေပဲပေးပါ။ မာမာထွက်သွားမယ်"

အစ်ကိုလေးနဲ့မာမာ ဘာမှမငြိစွန်းခဲ့ပါဘူးဟုဝန်ခံဖို့ မာမာတွန့်ဆုတ်နေသည်။ ငွေမရမှာ စိတ်ပူမိ၏။ အစ်ကိုလေးက လက်ထပ်ပြီး ငွေတွေယူမှာမဟုတ်။ မာမာတို့ရွာကိုလိုက်ပြီး ဘဝကိုရုန်းကန်မယ်တဲ့။ ဘာလုပ်ရမှာလဲ ငွေပဲယူချင်တာပါ။ စောစောထဲက မာမာငွေညှစ်ဖို့ပါ။ မမလေးသီတဂူကြောင့်...အစ်ကိုလေးအား အတင်းလက်ထပ်ယူဖို့

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုနေသည်။ အစ်ကိုလေးကိုလည်း လင်ယောကျ်ားအဖြစ် လက်မထပ်ရဲပေ။ မာမာ သေပစ်ချင်နေသည်။

"အဲ့ဒီအချိန်မှာ ငါ မူးနေခဲ့တယ်၊ နင့်အပေါ်ပြစ်မှု လွန်ကျူးခဲ့နိုင်တာပဲ။ ငါအတွက်မကြီးချင်ဘူး မာမာ၊ မိန်းကလေးတစ်ယောက်ကို စော်ကားပြီးပဲ ငွေပေးပြီးလွှတ်လိုက်တဲ့လုပ်ရပ်က ပိုပြီး ဂုဏ်သိက္ခာကျဆင်းစေတယ်လို့ ငါထင်တယ်"

ကောင်းကင်က မာမာ့ဆီမှ ဝန်ခံစကားတွေမကြားရဘဲ ငွေပေးပြီး လွှတ်လိုက်တယ်ဆိုတဲ့ သံသယမျိုး သူစိတ်မသန့်ပေ။ မာမာနှင့် မငြိစွန်းခဲ့ဘူးဆိုတာ တိကျတဲ့အဖြေလိုအပ်နေသည်။ ပတ်ဝန်းကျင်မှာ ငွေပေးပြီး ဖြေရှင်းလိုက်သည်ဆိုတဲ့ သတင်းက ပျံ့နှံ့သွားလျှင် သူ့အတွက် အရှက်သိက္ခာပိုပြီး ကျစရာဖြစ်နိုင်သည်။ သူ ထွက်သွားမယ်။ သီတဂူနှင့် ဒေါက်တာ လက်ထပ်ပါစေ။ ဖေဖေက ငွေပဲပေးလိုက်တဲ့၊ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုတွေကို ကြံ့ကြံ့ခံမယ်တဲ့။ သားဘဝကို အဓိပ္ပါယ်မဲ့စွာ နစ်မွန်းမခံပါနဲ့တဲ့။ မိသားစုဝင်တွေလည်း အဆင်ပြေနေပါမှ၊ မမလည်း စိတ်သဘောထားတွေ ပျော့ပျောင်းပြီး အမြင်မှန်တွေရလာခဲ့သည်။ မာမာ့ဘက်မှ ဘယ်လိုပဲလက်ထပ်ဖို့ကိစ္စ ငြင်းဆန်နေပါစေ ကောင်းကင်က စိတ်မလုံမိ။ မာမာ့ကို လက်ထပ်ယူပြီး သင့်တော်ရာဘဝမှာပဲ ဇွတ်မှိတ်



နေပစ်ချင်၏။ သူ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ပါဘူး။ ကံကြမ္မာကိုပဲ ပုံချလိုက်သည်။

"မင်းကိုငါ ငွေမပေးနိုင်ဘူးဆိုရင် မင်း ဘာဆက်လုပ်မလဲ မာမာ"

"ဒါဆိုရင်တော့ အစ်ကိုလေး လက်ထပ်ရမယ်၊ အစ်ကိုလေးတို့က ရက်စက်မယ်ဆိုရင်တော့ မာမာ သက်ဆိုင်ရာ တိုင်တန်းရမှာပဲ"

"ဒါဆို နင့်ကို ငါ လက်ထပ်ယူမယ် မာမာ"

မမဒေဝီခေါ်ရုံကနေ ပြန်ဆင်းလာသည်။ မာမာနှင့်လက်ထပ်ဖို့ကိစ္စ အချိန်စောင့်ဆိုင်းရတော့မည်ဖြစ်၏။ မမကိုလည်း ရုတ်တရက်အသိမပေးလိုပေ၊ သီတဂူက မမကို ပြုစုပေးနေသည်။

"ကောင်းကင်"

"ဗျာ...မမ"

"မင်း မာမာနဲ့ တကယ်ပဲ လက်ထပ်တော့မှာလား"

"အခြေအနေတွေက ဒီလိုပဲ ဖြစ်လာပြီပဲ မမ၊ အဲ့ဒီတုန်းက ကောင်းကင်က မူးနေခဲ့တာပါ။ အမှန်တရားဆိုတာ ကောင်းကင်ဘက်က ဖြူစင်ရိုးသားနေပါတယ်လို့ သတ်မှတ်လို့ရတာပဲ"

"အင်းလေး ကံကြမ္မာပဲပေါ့၊ မောင်လေးဘဝအတွက် ကောင်

www.burmeseclassic.com

www.burmeseclassic.com



လေးကိုယ်တိုင်ပဲ ဆုံးဖြတ်ပါ။ အရင်က မေမေနဲ့မမ ဝင်ဆုံးဖြတ်မိလို့ အခုလိုကြီးမားတဲ့ ဆိုးကျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရတာပါပဲလေ"

ဒေဝီကတော့ နောင်တတွေ ကြီးမားစွာရနေသည်။ မေမေနဲ့ ဒေဝီသာ အတ္တမကြီးခဲ့လျှင် အေးချမ်းတဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်ရမှာပါ။ ဖေဖေ့ဆီလည်းဝင်ပြီး ဒေဝီတောင်းပန်ခဲ့၏။ ဖေဖေ ဝမ်းသာပြီး မျက်ရည်တွေပင် ပြည့်နေသည်။

"ဖေဖေ ခွင့်လွှတ်ပါတယ်၊ ဖေဖေ့သမီးအရင်း သီတဂူထက် ဒေဝီနဲ့ဖေဖေက သားအဖအဖြစ် နှစ်တွေအများကြီးနေထိုင် လာခဲ့ကြတာပါ။ ဖေဖေနဲ့ချစ်သဲလက်ထပ်ကြတော့ သမီးဒေဝီက သုံးနှစ်သမီး အရွယ်လေးပဲရှိသေးတာလေ"

"ဒေဝီ မှားပါတယ်၊ မေမေနဲ့ဒေဝီ အတ္တတွေကြီးခဲ့မိလို့ အခုလို ဆိုးကျိုးတွေ ကြုံတွေ့ရတာပါ။ ဖေဖေ့အပေါ် ဒေဝီ ရိုင်းပျခဲ့မိတာတွေ လည်း တောင်းပန်ပါတယ်နော်"

"သမီးကြီးရယ်...ဖေဖေ ဝမ်းသာလိုက်တာ၊ အခုလို ဖေဖေ တို့ မိသားစုဝင်တွေ စည်းစည်းလုံးလုံး နေထိုင်ကြရအောင်ကွယ်"

ကောင်းကင်ကတော့ မိသားစုနှင့်ဝေးရာ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဒီမိသားစုက ကောင်းကင်နှင့်ပတ်သက်စရာ



အကြောင်း မရှိတော့ပေ။ သီတဂူက ဒေါက်တာသက်တန့်နှင့် လက်မထပ် ဖြစ်တော့၊ မမဒေဝီကလည်း နောင်တတွေနှင့်အတူ တရားမွေ့နဲ့ပဲ နေထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ ကောင်းကင်သည် ဆုံးဖြတ်ချက်တစ်ခု ကို နိုင်နိုင်မာမာဆုံးဖြတ်လိုက်၏။ မာမာ့ကိုလက်ထပ်ပြီး အဝေးကို ထွက်သွားဖို့ပင်ဖြစ်သည်။

"သီတဂူ ကိုယ် ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်လိုက်ပြီ မာမာနဲ့ လက်ထပ်ပြီး အဝေးကိုထွက်သွားမယ်။ ဒီမိသားစုဝင်အဖြစ်ကနေ အပြီး အပိုင် ထွက်လိုက်တော့မလို့လေ"

ဖေဖေ့ကိုရော မမဒေဝီ့ကိုရော သူ ကန်တော့သည်။ သီတဂူကို လည်၊ နှုတ်ဆက်၏။ မင်း တားဆီးဖို့မကြိုးစားပါနဲ့တော့ သီတဂူဟု သူပြောတော့ မျက်ရည်တွေ လိမ့်ဆင်းကျလာပြီး သူ့ကို ကျောခိုင်းထွက် ပြေးသွားသည်။

"မာမာ...တို့ သွားကြမယ်"

မေမေတစ်လပြည့် ဆွမ်းကျွေးအလှူကိုပင် ကောင်းကင် မစောင့်လိုတော့၊ ဖေဖေက တားမရ၍ မင်း အောင်မြင်ပါစေဟုပဲ ဆုပေးသည်။ ကောင်းကင်က မာမာ့ကိုခေါ်ပြီး တိုက်ထဲကအထွက် တွင် သက်ဆိုင်ရာရဲတွေ ရောက်လာကာ မာမာ့အား ဖမ်းဆီးတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မာမာဆိုတဲ့ အိမ်ဖော်မလေးက အိမ်ရှင်သူဌေးကို ဖြား ယောင်းသွေးဆောင်ပြီး ငွေညှစ်ခဲ့တာရယ်၊ လက်ဝတ်ရတနာတွေခိုးပြီး လစ်သွားတော့ လူသတ်မှုရယ်နဲ့ လိုအပ်နေတဲ့ တရားခံပြေးပါ"

"ဟင်"

မာမာဘယ်လိုမှ ဖုန်းကွယ်၍မရတော့ဘဲ ဝန်ခံလိုက်ရသည်။ နယ်ကနေ ရှောင်ပုန်းပြေးရင်း ဒီမှာ အလုပ်ဝင်နေခြင်းပင်။ မာမာ ငိုယိုပြီး သူ့ကို တောင်းပန်သည်။

"အစ်ကိုလေးမှာ ဘာအပြစ်မှမရှိပါဘူးနော်၊ မာမာက အ ကောက်ကြံတာပါ။ အစ်ကိုလေးနဲ့မာမာ လုံးဝမငြိစွန်းခဲ့ပါဘူး။ မာမာ မှားပါပြီ။ အစ်ကိုလေးနဲ့မမလေးသီတဂူ သန့်သန့်ရှင်းရှင်းလေးပဲ လက်ထပ်ကြပါနော်"

မာမာ့ကို သက်ဆိုင်ရာတွေက လက်ထိပ်ခတ်ကာ ဖမ်းဆီး ခေါ်ဆောင်သွားသည်။

"အမလေး . . . ကြောက်စရာကောင်းလိုက်တာ မောင်လေး ရယ်၊ မာမာက တော်တော် အကောက်ကြံတတ်ပြီး ရက်စက်တတ်တာပဲ"

မာမာအလုပ်ဝင်တာ သုံးလလောက်ပဲရှိသေးသည်။ ပြဿနာ



တွေက သူ့ဟာသူ ရှင်းလင်းသွား၍ ကောင်းကင်လည်း စိတ်သက်သာ ရာ ရသွားခဲ့၏။ ဖေဖေကတော့ အတိတ်ကအဖြစ်အပျက်တွေကို မေ့ပစ် လိုက်တော့တဲ့။ ဒီနေ့ကစပြီး မိသားစုဝင်တွေ ချစ်ချစ်ခင်ခင်နဲ့ ပျော်ပျော် ရွှင်ရွှင်နေထိုင်ကြဖို့ပဲ ပြောသည်။

"သား ကောင်းကင်က ဖေဖေတို့မိသားစုကို စောင့်ရှောက်ဖို့ တာဝန်တွေရှိသေးတယ်ကွယ်၊ စီးပွားရေးလုပ်ငန်းတွေကို သားပဲ ဦးစီး လုပ်ရမှာပါ"

ကောင်းကင်ကတော့ ပြဿနာတွေ ရှင်းလင်းသွားပြီဖြစ်၍ မိသားစုတာဝန်တွေကို အစွမ်းကုန်ထမ်းဆောင်ဖို့ အဆင်သင့်ဖြစ်[illegible] သည်။ သူတို့မိသားစု အေးချမ်းသွားရတာကို မေမေလည်း တွေ့[illegible]စား စေချင်လာ၏။ ဒါပေမယ့်လည်း ကံကြမ္မာပဲလေ။ မိသားစု[illegible]တာဝန်ယူ ရမည့် သူ့စိတ်တွေ ရွှင်လန်းတက်ကြွနေသည်။

"ကောင်းကင်"

"သီတဂူ"

"ကံကောင်းလို့နော်"

"ဘာကိုလဲ သီတဂူ"

"ကောင်းကင်နဲ့ သီတဂူတို့ အဝေးကြီးဝေးကြရ[illegible]လို့

www.burmeseclassic.com

www.burmeseclassic.com



လေ၊ ပျော်လိုက်တာ။ သီတာ့ အရမ်းပဲ ဝမ်းသာပျော်ရွှင်နေတယ် ကောင်းကင်ရောဟင်"

"သီတာ့ရယ်...သီတာ့ထက် အဆပေါင်းများစွာ ဝမ်းသာ ပျော်ရွှင်နေတာက ကိုယ်ပဲလေ။ သီတာ့ကို ကိုယ်ချစ်တယ်"

"ကိုယ့်ကိုရော သီတာ့ ချစ်တယ်"

"သီတာ့ရယ်"

"ကိုယ်ရယ်"

ကောင်းကင်နှင့်သီတာ့ တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ပွေ့ဖက်ထားရင်း ကြားလေသွေးရင်တောင် ဝေးမှာကြောက်သည့် အ[illegible]ား မလွှတ်တမ်း ပွေ့ဖက်ထားရင်း ကောင်းကင်ရဲ့ အနမ်းလေးတွေက သီတာ့နဖူးပြင်လေးပေါ်သို့ ဖွဖွလေးထိတွေ့ကျီစယ်နေလေသည်။

သင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com